34.

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

# မြတ်ဘုရားပွင့်တော်မူရာ

# ဗုဒ္ဓဂယာ

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

မောင်အုံ့
(မဟာဝိဇ္ဇာ-ဘုံဘေ)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

၁၃၄၃-ခုနှစ်    ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

## မြတ်ဘုရားပွင့်တော်မူရာ

# ဗုဒ္ဓဂယာ


မောင်အုံ

(မဟာဝိဇ္ဇာ-ဘုံဘော)



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

၁၃၄၃-ခုနှစ်        ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ


ပထမ အကြိမ်၊ ၁၉၇၁-ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ ၅၀၀၀
ဒုတိယအကြိမ်၊ ၁၉၇၁-ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ ၅၀၀၀

၂၄၈၆၆

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက် ဦးချစ်အောင်(၀၂၀၇)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့ က ရိုက်နှိပ်၍၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင် (မှတ်ပုံတင်အမှတ် ၀၂၅၂၇)က ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြတ်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် အကျဉ်း.... .... | ၁ |
| ၂။ | ဗုဒ္ဓဂယာ .... .... | ၃၆ |
| ၃။ | မိဂဒါဝုန် .... .... | ၆၀ |
| ၄။ | သာဝတ္ထိ(ဇေတဝန်ကျောင်းတော်ရာ) .... | ၇၆ |
| ၅။ | လုမ္ဗိနီ .... .... | ၉၀ |
| ၆။ | ကုသိနာရုံ .... .... | ၉၄ |
| ၇။ | ပတ္တနား(ပါဋလိပုတ်မြို့တော်) .... .... | ၁၀၁ |
| ၈။ | နာလန္ဒာ .... .... | ၁၀၄ |
| ၉။ | ရာဇဂြိုဟ် .... .... | ၁၁၅ |
| ၁၀။ | ကပိလဝတ်မြို့တော် .... .... | ၃၃၃ |
| ၁၁။ | သက်ဿနဂိုရ်ပြည် .... .... | ၁၃၂ |
| ၁၂။ | ဝေသာလီပြည် .... .... | ၁၃၃ |
| ၁၃။ | ကောသမ္ဗီပြည် .... .... | ၁၃၅ |
| ၁၄။ | ဆန်ချီစေတီတော် .... .... | ၁၃၇ |
| ၁၅။ | အဂ္ဂန္တာဂူနှင့် အယ်လိုရာဂူ .... .... | ၁၄၂ |
| ၁၆။ | ကနေရီဂူများ .... .... | ၁၄၃ |
| ၁၇။ | တက္ကသိုလ် .... .... | ၁၄၉ |
| ၁၈။ | အိန္ဒိယပြတိုက်အတွင်းရှိ ရုပ်ပွားတော်နှင့် နတ်ရုပ်များ | ၁၆၀ |
| ၁၉။ | အထွေထွေ သိမှတ်ဖွယ်ရာများ .... | ၁၆၈ |



ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော် (နှ-၃၈)

# မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း ( ၁ )

## မြတ်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် အကျဉ်း

သုံးလောကထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ရာတွင် ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိသည်နှင့်မခြား ဘုရားဖူးများ အာရုံပြုကာ ကုသိုလ်တရားပွားများနိုင်စေခြင်းအကျိုးငှာ မြတ်ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်ကိုအကျဉ်းမျှဖော်ပြမည် ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀-ကျော်က အိန္ဒိယပြည် မြောက်ပိုင်း ဟိမဝန္တာတောင်ခြေတွင် သကျအနွယ်(သာကီဝင်)မင်းများ အုပ်ချုပ်သော ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယပြည်တို့ ရှိခဲ့ကြသည်။ သုဒ္ဓေါဒနမင်းကြီးသည် ဒေဝဒဟတိုင်းပြည်မှ မဟာမာယာမင်းသမီးကို ရွှေလက်ဆွဲ၍ ကပိလဝတ်ရွှေနန်း သိမ်းမြန်းစိုးစံတော်မူခဲ့သည်။ မဟာမာယာဒေဝီသည် ကိုယ်ဝန် အရင့်အမာနှင့် ကပိလဝတ်မှ ဒေဝဒဟတိုင်းပြည် ဆွေတော်မျိုးတော်များထံ သွားရောက်လေရာ လမ်းခရီးတွင် လုမ္ဗိနီသာမော အင်ကြင်းတောရိပ်ညို၌ ကွန်းခိုရပ်နားခဲ့သည်။

ရာသီဥတုမှာ ကဆုန်လရာသီ။ တောင်လေသုတ်ဖြူး၊ နွေနှင့်မိုးအကူး ဖြစ်ပါသည်။

တောမီးလောင်ပြီးစ မြေပြင်ကို မိုးတပြိုက်နှစ်ပြိုက် ဆွတ်ဖျန်းထား၍ မြေသင်းနံ့က ကြိုင်လှိုင်နေသည်။

စကားပန်း၊ ရင်ခတ်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း စသော တောပန်းတောင်ပန်းတို့ကား ပင်လုံးကျွတ်ပွင့်လျက် ရှိသည်။

ပျားပိတုန်းများမှာလည်း တရှုံးရှုံးပျံဝဲကာ ဝတ်ရည်စားသုံး နေကြသည်။ ကျေးငှက်သာရကာတို့မှာလည်း သာယာစွာ ရင့်ရူတွန်ကျူးလျက် တပင်မှသည်တပင်သို့၊ တကိုင်းမှသည် တကိုင်းသို့ ခုန်ပျံဝဲကာ ပျော်မြူး နေကြသည်။ ထက်ပြူစ အကိုက်အညွန့်အဖူးများ၊ ရွက်လိပ်ပြေစ သန္တာ ညွန့်များ၊ မြစိမ်းရောင်ရွက်နုများဖြင့် စိုပြေဝေဆာလျက်ရှိသော သစ်ပင် သစ်ကိုင်းများသည် မုတ်သုံ ရာသီကို လက်ယပ် ဖိတ်ခေါ်နေကြ သယောင် လေအဝှေ့တွင် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ မဟာမာယာ ဒေဝီသည် ဤသို့သော သာယာဖွယ်အာရုံများအကြား၌ နစ်မြုပ်နေစဉ် ရုတ်တရက် ကမ္ဗလေလှုပ်ရှားလာပြီး လဲမလိုခွေယိုင်သွားသဖြင့် ခေါင်း ပေါ်ရှိ အင်ကြင်းကိုင်းကို ဖမ်းကိုင်အားပြုထားလိုက်ရသည်။ ထိုနေရာ ထိုဌာနမှာပင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားငယ်ကို ဖွားမြင် တော်မူလေသည်။

အချိန်ကား မဟာသက္ကရာဇ် ၆၈-ခုနှစ်၊ (ဘီ-စီ ၆၂၃) ကဆုန်လပြည့် သောကြာနေ့ပင် ဖြစ်သည်။

ဖွားမြင်တော်မူပြီးနောက် ဘုရားအလောင်းတော်နှင့် မယ်တော် မာယာတို့အား ကိုယ်လက်သန့်စင်စေရန်အတွက် ကောင်းကင်ယံမှ ရေပူ နှင့် ရေအေး စမ်းနှစ်သွယ် စီးဆင်းလာသည်။ ထိုရေပူရေအေး စမ်း နှစ်သွယ်သည် ပေါင်းဆုံပြီးနောက် မယ်တော်နှင့် သားတော် အပေါ် စီးဆင်းကာ နွေးထွေးစေသည်။ ထိုရေများကြောင့် မြေပြင်၌ ရေကန် ငယ်တခု ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ထိုရေကန်ငယ်ကို ဘုရားဖူးလာရောက် ကြသူများ တွေ့မြင်နိုင်ပါသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ ဒေဝဒဟတိုင်းပြည်မှ ယသော်ဓရာ (ဗိမ္ဗာဒေဝီ) ကို ရွေလက်ဆွဲ၍ ကပိလဝတ်ထီးနန်းကို စိုးစံလေသည်။

သက်တော် နှစ်ဆယ့်ကိုးနှစ်အရွယ် ရောက်သောအခါ သူအို၊သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူ၍ လောကီစည်းစိမ်ကို ရှုမုန်းကာ တောထွက် ရဟန်းပြုလိုစိတ် ဖြစ်ပေါ်ခဲ့လေသည်။ ထိုအချိန်မှာပင် ယသော်ဓရာမှ သားတော် ရာဟုလာကို ဖွားမြင်ကြောင်း သတင်းကို ကြားသိရသည်။ 'သား' ဟူသော အသိစိတ်က သိဒ္ဓတ္ထမင်းသား၏ တကိုယ်လုံးကို ချုပ်ကိုင်ဆွဲလိုက်ရာ တောထွက်ရန် မြင်နေသော ခြေလှမ်းမှာ နောက်တွန့်သွားသည်။

သံယောဇဉ်နှောင်ကြိုးကား ငင်တော့မည်။ ကြာလျှင် ခက်ချေတော့မည်။ဆိုင်းနေ၍ မဖြစ်တော့သဖြင့် ယနေ့ညပင် တောထွက်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

မိမိအကြံကို မည်သူမျှလက်မခံဟု သိထားသဖြင့် မည်သူ့ကိုမျှ ဖွင့်ဟမပြော။စက်ခန်းဆောင်သို့ စောစောဝင်ခဲ့သည်။အိပ်မပျော်သော်လည်း အိပ်ပျော်သကဲ့သို့ ဆိတ်ဆိတ်နေကာ သန်းခေါင်အချိန်ကိုစောင့်ဆိုင်းနေခဲ့သည်။ ညသန်းခေါင်းယံအချိန်ရောက်သောအခါ ရံရွေတော်များနှင့် အိပ်ဖန်စောင့်များသည် ငိုက်မျဉ်းနေကြရာမှ အိပ်မောပင် ကျနေကြလေပြီ။

နန်းမဆောင်အတွင်း မီးတိုင်များကား လင်းလျက်ရှိသည်။စက်ခန်းဆောင်၏ တံခါးဝ၌ (ဆန္နအမတ်) မောင်ဆန်တယောက် ငိုက်နေသည်။ ဘုရားအလောင်းတော်သည် မောင်ဆန်ကို အသာအယာနှိုး၍ ကဏ္ဍကမြင်းတော်ကို ကကြိုးဆင်ခဲ့ရန် အမိန့်ပေးလိုက်သည်။ မောင်ဆန် မြင်းတင်းကုပ်သို့သွားနေစဉ် ရသမျှအချိန်ကလေးအတွင်း သားတော်လေး၏ မျက်နှာကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လိုသေးသည်။ယသော်ခင်၏ စက်ရာခန်းသို့သွား၍ ကြာခြည်(ခန်းဆီး)ကို ဆွဲဖယ်လိုက်သည်။

နှမတော် ယသော်ဓရာကား စကြဝတေးမင်း မိဖုရားဖြစ်လိုသူပါတကား။

**ယခုမူ လင်စွန့်ပစ်ခံရသဖြင့် အားကိုးရာမဲ့လျက် မျက်နှာ ငယ်ရစ်ရှာတော့မည်။**

**ယသော်ခင့်ရင်ခွင်၌ အိပ်စက်နေသော သားငယ်ကလေးကို** အားရပါးရ နမ်းရှုပ် နှုတ်ဆက်လိုလှသည်။ ယခုမူ မွေးကင်းစ သားတော်လေးကို တကြိမ်မျှပင် ပွေ့ချီနမ်းရှုပ်ခြင်းမပြုနိုင်ခဲ့ပါ တကား။

စိတ်အလိုဆန္ဒကို လိုက်လျောလိုက်ပါက ယသော်ခင် နိုးလာသော် အကြံပျက်၍ ခက်ချေတော့မည်။ သား၌ဖြစ်သောအချစ်စိတ်ကို မျိုသိပ် ချိုးနှိမ်ကာ ယသော်ခင်၏ စက်ရာခန်းဝမှ ဖဲခွာခဲ့လေသည်။ လှေကားရင်း တွင် မောင်ဆန်နှင့်ကဏ္ဍကမြင်းတို့ အသင့်စောင့်နေသည်။ သန်းခေါင် ကျော်တွင် ရွှေနန်းတော်ကြီးမှ ထွက်တော်မူခဲ့ရာ မြို့တံခါးများ အဆင် သင့် ပွင့်လျက်ရှိသည်။

ညတွင်းချင်း ခရီးပြင်းနှင်ခဲ့ရာ သာကီဝင်တို့၏ပိုင်နက်ကိုကျော်လွန်၍ အနော်မာမြစ်သို့ ရောက်ခဲ့သည်။ မောင်ဆန်နှင့် ကဏ္ဍကမြင်းကို ပြန် လွှတ်၍ အနော်မာမြစ်၏သောင်ခုံတွင် ဆံတော်ပယ်၍ ရဟန်းပြုခဲ့သည်။

ထိုမှတဆင့် ခရီးဆက်ခဲ့ရာ မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ရောက်လေ သည်။ ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်သည်ကို ဗိမ္ဗိသာရမင်းကြီး မြင်တော်မူ၍ ပုဂ္ဂိုလ်ထူးအကြောင်း စုံစမ်းစေသည်။ ကပိလဝတ် ဘုရင့် သားတော် ဘုရားဖြစ်ရန် ကျင့်ကြံအားထုတ်နေကြောင်း သိရ၍ မဂဓ ထီးနန်းကို တဝက်ခွဲပေးသည်။ လက်မခံသဖြင့် ဘုရားဖြစ်က ရာဇဂြိုဟ်သို့ ပထမဦးဆုံး ကြွခဲ့ပါရန် တောင်းပန်သည်။

ဘုရားအလောင်းတော်သည် တရားကျင့်နေသော ရသေ့ သင်္ချိုင်း ကျောင်းများသို့ လှည့်လည်သွားလာ၍ ကမ္မဋ္ဌာန်းတရားအားထုတ်နည်း များကို လေ့လာဆည်းပူးခဲ့သည်။ လက်တွေ့ကျင့်သုံးခဲ့သည်။ တွေ့သမျှ ရသေ့ ဆရာကြီးများအနက် အာဠာရနှင့်ဥဒကရသေ့ကြီးတို့မှာ သမထ အကျင့်လမ်းစဉ်ကို ထိပ်ဆုံးသို့ရောက်အောင် ပြသနိုင်ကြသည်။ သို့ရာတွင်

ထိုသမထလမ်းစဉ်ဖြင့်ကိလေသာမကုန်ခန်းနိုင်၊ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်သို့ မရောက်နိုင်ဟု သိရသဖြင့် ထိုဆရာကြီးများထံမှ ဖဲခွာခဲ့သည်။

မြောက်ပိုင်းရှိ ဟိမဝန္တာတောင်ရိပ်ခိုသော ရသေ့ကျောင်းသခ်မ်းများသို့ ချဉ်းကပ်ခဲ့ပြီးနောက် ရာဇဂြိုဟ်တဝိုက် အန္ဒိလှည့်လည်ဆည်းပူးရှာဖွေခဲ့သည်။တဖန်ရာဇဂြိုဟ်မှတောင်ဘက်သို့ ဗ-ယူဇနာ(မိုင် ၄၀)ခန့် စုန်ဆင်းခဲ့ရာ ဂယာမြစ်သို့ရောက်ခဲ့သည်။ ဂယာမြစ်ကား ဖြူစင်မြင့်မြတ်လှသည်ဟု ကျော်ကြား၏။ ထိုမြစ်ရေဖြင့် ဆေးကြောပါက လူတို့၏ ဝိညာဉ်မှာကိလေသာစင်ကြယ်သည်ဟု ယူဆနေကြသည်။မြစ်ကမ်းပါးရှိ ညောင်ပိန္နဲပင်ကြီးကို ယဇ်ပူဇော်ပါက သံသရာမှလွတ်မြောက်နိုင်သည်ဟု ယူဆကာနေ့စဉ်ပူဇော်ပသနေကြသူများရှိသည်။ဘုရားအလောင်းတော်သည် ဆင်ခြင်တုံတရားလက်ကိုင်ထား၍ အသိဉာဏ်ရင့်ကျက်သူ ဖြစ်ရကား ထိုထို့ဤဤအယူဝါဒများကို လွယ်လွယ်ဖြင့် လက်မခံချေ။ဂယာကဿပရသေ့ကြီးကား ဂယာမြစ်၌ အချိန်မှန်ရေချိုး၍ မကောင်းမှုကိလေသာတွေကို ဆေးကြောမျှောချနေသည်။ ဂယာမှ တောင်ဘက်ဆက်လက်ထွက်ခွာလာရာနေရဉ္ဇရာမြစ်ညာပိုင်း၌ နဒီကဿပနှင့်ဉရုဝေလကဿပတို့ ရေငုပ် မီးလှုံ လမ်းစဉ်ကို ကျင့်သုံးနေကြသည်ဟု ဘုရားအလောင်းတော် ကြားသိရလေသည်။ သို့ရာတွင် ထိုအကျင့်လမ်းစဉ်ကို ဘုရားအလောင်းတော်က လေ့လာစုံစမ်းကျင့်သုံးပြီး၊ စွန့်ပယ်ပြီး ဖြစ်၍ ထပ်မံစုံစမ်းရန် မလိုတော့ချေ။

နေရဉ္ဇရာမြစ်သည် တောင်မှ မြောက်သို့ စီးဆင်းလျက်ရှိရာ ထိုမြစ်၏ ကမ်းနှစ်ဘက်မှာ သဲများဖြင့်ဖုံးအုပ်လျက်ရှိသည်။ထို့ကြောင့် ဤဒေသတဝိုက်ကို သဲကမ်းပါး(ဉရု=သဲ+ဝေလ=ကမ်းပါး)ဉရုဝေလဟု ခေါ်ကြသည်။ မြစ်ကမ်းနှစ်ဘက်တွင် သစ်ယာ၊ အင်ကြင်း၊ ပျဉ်းမ၊ မဲဇလီ၊ ကျွန်းပင်နှင့်မစုခေါ်သစ်မည်းဆီပင်ကြီးများပေါက်လျက်ရှိ၏။ နေရဉ္ဇရာ မြစ်ကမ်းနှစ်ဘက်ရှိ တောတန်းကို ဉရုဝေလတောတန်းဟု ခေါ်ကြသည်။ ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်၏ အရှေ့ဘက်ရှိ ဉရုဝေလ တောအုပ်အတွင်းသို့ ဝင်ခဲ့သည်။ထိုတောအုပ်၏ အရှေ့ဘက်တွင်

တောင်တန်းငယ်တခုက နေရဥ္စရာမြစ်နှင့် မျဉ်းပြိုင်တည်ရှိလျက်ရှိသည်။ ဘုရားအလောင်းတော်သည် ထိုတောင်တန်းပေါ်သို့ အနည်းငယ်မျှတက်ကြည့်ရာ တောင်ခါးပန်း၌ သဘာဝအလျှောက် ဖြစ်ပေါ်နေသည့် ကျောက်ဂူငယ်တခုကို တွေ့လေသည်။ ဂူငယ်မှာ အလျား ၁၀-တောင်ခန့်၊ အနံ ၆-တောင်ခန့်ကျယ်ဝန်း၍ ဂူငယ်ရှေ့၌ ပြန့်ပြူးသော ဥပစာမြေကွက်လပ်လည်းရှိသည်။ ဂူငယ်သို့အတက်အဆင်းလမ်းခရီးမှာ ပြေပြစ်သည်။ အနီးအနား ၄-ကောသ(၄-မိုင်) ပတ်လည်၌ လူနေအိမ်ခြေမရှိသဖြင့် လူသူအရောက်အပေါက်မရှိနိုင်။ ဂူငယ်တည်ရှိရာတောင်ခါးပန်းမှ တောင်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ၅-ကောသ (၅-မိုင်) ခန့်အကွာ၌သေနာနိဂုံးရွာကြီး ကိုတွေ့မြင်နိုင်ပါသည်။ ဆွမ်းခံကြွရန်အတွက် မနီးမဝေးဟု ဆိုနိုင်ပါသည်။ ညအချိန်များတွင် သေနာနိဂုံး၏ တောင်ဘက် တကောသ(တမိုင်)ခန့်အကွာ၌ ဥရုဝေလရသေ့ကြီး၏ မီးတင်းကုပ်မှ ယဇ်ပူဇော်သည့် မီးရောင်များ တလက်လက် ထွက်ပေါ်နေသည်ကို မြင်နိုင်ပါသည်။

ဘုရားအလောင်းတော်သည် သမထလမ်းစဉ်ကို စပ်းသပ်ကျင့်သုံးကြည့်ခဲ့ပြီးဖြစ်သည်။ ကိလေသာကုန်ခန်းခြင်းမရှိသဖြင့် ထိုလမ်းစဉ်ကို စွန့်ပယ်ခဲ့သည်။ စမ်းသပ်ကျင့်သုံးရန်အတွက် ဇမ္ဗူဒီပါ ကျွန်းတခုလုံးကျော်ကြားလှသော အကျင့်လမ်းစဉ်တခု ကျန်သေးသည်။ တပအကျင့် (တပ-ပူလောင်ခြင်း)၊ ကိလေသာတရားများ ခြောက်သွေ့ကုန်ခန်းစေရန် အပူတိုက်ခြင်း၊ ကိုယ်ကာယကိုလည်း အစာမကျွေး၊ စိတ်ကိုလည်း အစာမကျွေး၊ ပင်ပန်းချည့်နွဲ့ခြောက်ခန်းသွားအောင် မိမိကိုယ်ကိုမိမိနှိပ်စက်ညှဉ်းပန်းသောအကျင့် (အတ္တကိလမထာနုယောဂ)၊ လူသာမန်တို့မတွေးဝံ့၊ ယောကျ်ားကောင်း အာဇာနည်တို့သာ အားထုတ်နိုင်သော အကျင့် (မဟာပဓာန)၊ လွန်စွာပြုနိုင်ခဲသောအကျင့် (ဒုက္ကရစရိယာ)။ ဤအကျင့်ကိုကျင့်သုံးရန်အတွက် နေရာကောင်းရှာခဲ့ရာ ယခုမူ ဥရုဝေလတောကို တွေ့ရလေပြီ။

လူသူကင်းဆိတ်၍ ကြည်လင်သောမြစ်ရေက တသွင်သွင်စီးနေသည်။ ပျော်မွေ့ဖွယ်ရာ မြစ်ဆိပ်၊ ပြန့်ပြူးသောမြေပြင်၊ စိတ်ကြည်နူးဖွယ်ရာ စိမ်းညို့ညို့တောအုပ်၊ဆွမ်းခံရွာက မလှမ်းမကမ်း။ အစစအရာရာအဆင်ပြေပါဘိတောင်း။

လိမ္မာသောစစ်သူကြီးသည် အောင်ပွဲခံရန်အတွက် စစ်မြေပြင်ကို ရွေးချယ်တတ်ရသည်။ ဘုရားအလောင်းတော်သည် ကိလေသာရန်သူများအပေါ် အောင်ပွဲခံရန်အတွက် ဥရုဝေလတောကို အောင်မြေစစ်တလင်းအဖြစ် ရွေးချယ်လိုက်လေပြီ။

ဘုရား အလောင်းတော်သည် ဥရုဝေလ တောအုပ်၏ သဘာဝကျောက်လိုဏ်ဂူရှေ့ မြေကွက်လပ်တွင်ထိုင်လျက် ဤသို့ ဆင်ခြင်စဉ်းစားနေမိသည်။

''ကိလေသာအညစ်အကြေးအညှီအဟောက်များသည် စိတ်၌မှီတွယ်ကပ်ငြိနေကြသည်။စိတ်ကိုမီးတောက်လာသည်အထိ အပူတိုက်ပေးပါက ကိလေသာအညစ်အကြေးအညှီအဟောက်များလောင်ကျွမ်း ကုန်ခန်းသွားမည်။စိတ်ကိုမီးတောက်လာအောင်၊ပူလောင်လာအောင် အဘယ်ကဲ့သို့ပြုရမည်နည်း။လောကဥပမာအားဖြင့် ရေထဲ၌စိမ်ထားသော သစ်တုံးအစိုနှစ်တုံးကိုပွတ်တိုက်ခြင်းဖြင့် ထိုသစ်တုံးမှ မီးထွက်မလာနိုင်။ တဖန် ရေထဲမှ ဆယ်တင်ထားသော်လည်း အစိုဓာတ်မကုန်သေးပဲ ပွတ်တိုက်ပါက ထိုသစ်တုံးမှ မီးထွက်မလာနိုင်။ ရေစင်အောင် နေသွေ့သွေ့လှန်းပြီး သစ်တုံးအခြောက်နှစ်တုံးကို အားကောင်းမောင်းသန် ယောကျ်ားတဦးက ဇွဲလုံ့လကြီးစွာ ခွန်အားစိုက်ထုတ်ပွတ်တိုက်ပါက သစ်တုံးမှ မီးထွက်လာနိုင်သည်။ ကာမဂုဏ်စည်းစိမ်ခံစားနေကြသူများကား ရေအိုင်အတွင်း မြုပ်နေသော သစ်တုံးကြီးနှင့် တူသည်။ လူ့အသွင်ကိုစွန့်၍ ရဟန်းပြုခဲ့ငြားသော်လည်း

အချို့ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို တောင့်တလျက်၊ တွယ်တာလျက်ရှိသည်။ အစား၌ တွယ်တာခြင်း၊အဝတ်၌ တွယ်တာခြင်း၊ ကျောင်း အဆောက်အအုံ၌ တွယ်တာခြင်း၊ ဒါယကာ ဒါယိကာမ၌ တွယ်တာခြင်း၊ ထိုပုဂ္ဂိုလ်များသည် ရေမှ ဆယ်တင်ထားသော်လည်း အစိုဓာတ်မကုန်သေးသော သစ်တုံးနှင့်တူ၏။ ဘုရားအလောင်းတော်သည်ကား ကာမဂုဏ်မှ ဝေးစွာရှောင်ကြဉ်ခဲ့ပြီ။ ကာမဂုဏ်ကို လိုလားတောင့်တမှု၊ကပ်ငြိမှုလည်းမရှိ။ သွေ့သွေ့ခြောက်နေသော သစ်တုံးကြီးနှင့်တူ၏။ အားစိုက်၍ ပွတ်တိုက်လိုက်ပါက မကြာမီ မီးထွက်လာမည်။စိတ်မှထွက်ပေါ်လာသောမီးဖြင့် ကိလေသာတွေကို လောင်ကျွမ်းရှို့လိုက်တော့မည်။ စိတ်ကိုစိတ်ဖြင့် ဖိနှိပ်ပွတ်တိုက်တော့မည်။ ဒုက္ကရစရိယာအကျင့်ကို နောက်မဆုတ်တမ်း ကျင့်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်သည်''။

## အပ္ပါဏကစျာန် = အသက်ရှူထိန်းချုပ်မှု

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ဥရုဝေလတောအုပ်အနီး သဘာဝလိုဏ်ဂူငယ်၌ ခြောက်နှစ်ပတ်လုံး ကျင့်တော်မူသည်။ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့သည်လည်း ဘုရားအလောင်းတော် ဘုရားဖြစ်ပါကတရားဦးနာကြားလိုသဖြင့် ရေပူရေချမ်းကမ်းလှမ်း၍ ပြုစုလုပ်ကျွေးနေကြသည်။ တနေ့သောအခါ ဘုရားဖြစ်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် စောင့်စားနေကြသည်။

ရှေးဦးစွာ ဘုရားအလောင်းတော်သည် အသက်ရှူထိန်းချုပ်သည့် အပ္ပါဏကစျာန်ကို ကျင့်သုံးလေသည်။ အသက်ကိုဝအောင် ရှူသွင်းပြီးနောက် ထွက်သက်လေများ ပြန်၍မထွက်နိုင်စေရန် လျှာဖျားကို ခေါက်

လိပ်၍ အာခေါင်အတွင်း ထိုးသွင်းပိတ်ဆို့လိုက်သည်။ ထို့နောက် အံကို ကြိတ်၍ မိမိစိတ်ကို မိမိစိတ်ဖြင့် ဖိနှိပ်ဖျစ်ညှစ်ပူလောင်စေသည်။ ပင်ပန်း ပူလောင်လှသဖြင့် ချိုင်း(ဂျိုင်း)ကြားမှ ချွေးဒီးဒီးကျလေသည်။ ချည့်နဲ့ သူတဦးကို လူသန်ကြီးတဦးက ခေါင်းနှင့်ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင် ဖိနှိပ် ထားဘိသကဲ့သို့ လွန်စွာပူလောင်လျက် လက်ကတီး(ချိုင်း) ကြားမှ ချွေးယိုလာလေသည်။ ဘုရားအလောင်းတော်၏ စိတ်ဓာတ်သည် တွန့် ဆုတ်မှုမရှိပဲ စိတ်အားထက်သန်လျက် ရှိသည်။ သတိ မေ့လျော့ခြင်း လည်း မရှိ။ သို့ရာတွင် အပြင်းအထန် အားထုတ်မှုကြောင့် ကိုယ်စိတ် နှစ်ပါး ငြိမ်းချမ်းမှုမရှိ။ ပူလောင်လျက်ရှိ၏။

တဖန် အားထုတ်မှုကို အရှိန်တိုးမြှင့်၍ ရှေးနည်းအတူ ထွက်သက် ဝင်သက်ကို ထိန်းချုပ်ပြန်၏။ အသက်ကို ဝအောင်ရှူသွင်းပြီးလျှင် လျှာ ဖျားကို အာခေါင်ရင်းသို့ ခေါက်လိပ်သွင်းလျက် နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်မှ လေပြန်မထွက်စေရန် ပိတ်ဆို့လိုက်သည်။ လေတို့သည် နားပေါက်မှ တိုးထွက်ကြ ရာပန်းပဲဖိုမှ ဖားဖိုကြီးကဲ့သို့ လေထွက်သံများ ဆူညံစွာ ကြားနေရလေသည်။ ဘုရားအလောင်းတော်၏ စိတ်ဓာတ် ကား တွန့်ဆုတ်မှုမရှိ။ စိတ်အားထက်သန်လျက်ရှိ၏။ သတိမေ့လျော့ခြင်း မရှိ။ ပြင်းထန်စွာ အားထုတ်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှု မရှိပဲ ပူလောင်လျက်ရှိ၏။

တဖန် အားထုတ်မှုကိုမြှင့်တင်၍ ရှေးနည်းအတူ ထွက်သက် ဝင်သက် ကို ထိန်းချုပ်ပြန်၏။ အသက်ကိုဝအောင် ရှူသွင်းပြီးလျှင် လျှာဖျားကို လည်ချောင်းအထိ ခေါက်လိပ်သွင်းလျက် ပိတ်ဆို့လိုက်ရာ လေတို့သည် ပါးစပ်ပေါက်၊ နှာခေါင်းပေါက်၊ နားပေါက်တို့မှ မထွက်နိုင်တော့ချေ။ ထိုအခါ လေတို့သည် ထွက်ပေါက်မရသဖြင့် ငယ်ထိပ်ကို တက်ဆောင့် လေသည်။ သံချွန်ဖြင့် ဦးခေါင်းကို ထိုးဆွမွှေဘိသကဲ့သို့ ဖြစ်၏။ သို့သော် ဝီရိယဓာတ်ကား လျော့မသွားချေ။ နောက်မတွန့်ချေ။ သတိလစ် မေ့မျောခြင်းလည်းမရှိ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှု မရှိပဲ ပူလောင် လျက်ရှိ၏။ တဖန် ဤနည်းအတိုင်း အရှိန်တိုးမြှင့် အားထုတ်ပြန်ရာ

မခံသာအောင် ခေါင်းကိုက်ဝေဒနာ ဖြစ်ပေါ်လာ၏။ အင်အားကောင်းသော လူတယောက်က သားရေလွန်ကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်ဖျစ်ညှစ်ထားသလားဟု ထင်ရလောက်အောင် ခေါင်းကိုက်ဝေဒနာ ခံစားရ၏။

တဖန် ထပ်ဆင့်တိုးမြှင့်၍ အားထုတ်သောအခါ ထွက်ပေါက်မရသော လေတို့သည် ဝမ်းခေါင်းအတွင်း၌ တိုးဝှေ့နေကြသည်။ နွားသတ်သမားသည် နွားသတ်ဓားမြှောင်ထက်ထက်ဖြင့် ဝမ်းဗိုက်ကိုထိုးမွှေနေဘိသည့်အလား အူပြတ်မတတ် နာကျင်မှု ခံစားရ၏။

တဖန် ထပ်ဆင့်တိုးမြှင့်၍ အားထုတ်ပြန်သောအခါ တကိုယ်လုံးချစ်ချစ်တောက် ပူလောင်လာသည်။ အားကောင်း မောင်းသန် လူနှစ်ဦးက ချုပ်ကိုင်၍ မီးကျီးတွင်းပေါ်၌ လှည့်ပတ်ကင်နေသကဲ့သို့ ပြင်းထန်စွာ ပူလောင်မှုဝေဒနာ ခံစားရ၏။ သို့ရာတွင် ဝီရိယဓာတ်ကား လျော့မသွားချေ။ စိတ်ဓာတ်တွန့်ဆုတ်မှုမရှိ၊ ဒုက္ခဝေဒနာကို မခံနိုင်၍ သတိလစ် မေ့မျောခြင်းလည်းမရှိ၊ ပြင်းထန်စွာ အားထုတ်ခြင်းကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုမရှိ။ ပူလောင်လျက်ရှိ၏။ ဤမျှ ပူလောင်သော (တပ)အကျင့်ကို ကျင့်လျက်ရှိသော်လည်း ကိလေသာ ကုန်ခန်းလျော့နည်းမှုမရှိသည်ကို တွေ့နေရလေသည်။ စိတ်ကို စိတ်ဖြင့် ဖိနှိပ် ဖျစ်ညှစ်သော်လည်း ကိလေသာ အညစ်အကြေးကား လျော့နည်းမသွားချေ။

ဘုရားအလောင်းတော်ကို ကြည့်၍ နတ်အချို့က ''ရဟန်းဂေါတမ သေပြီ''ဟု ဆိုကြ၏။

အချို့သော နတ်တို့က ''ရဟန်းဂေါတမ မသေသေး၊ သေငယ်ဇောဖြင့် မျောနေခြင်း၊ အသက်ငင်နေခြင်း''ဟု ဆိုကြ၏။

အချို့သော နတ်များက ''ရဟန်းဂေါတမသည် မသေသေး၊ အသက်ငင်နေခြင်းလည်းမဟုတ်၊ ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်နေပြီ။ ရဟန္တာတို့ ဝင်စားသည့် သမာပတ်ကို ဝင်စားနေခြင်း ဖြစ်သည်''ဟု ဆိုကြ၏။

တဖန် အစာအာဟာရ ဖြတ်တောက်၍ ကိုယ်ခန္ဓာ ညှိုးပိန်ခြောက်သွေ့ ပူလောင်စေရန် ကျင့်သုံးပြန်၏။ အစာအာဟာရကို လုံးဝ ဖြတ်တောက်မည်ဟု ကြံရွယ်သောအခါ နတ်များက မွေးညှင်းပေါက်မှ နတ်သြဇာ သွင်းမည်ဟု ဆိုကြသည်။ နတ်သြဇာ သွတ်သွင်းခြင်းကို လက်ခံလိုက်ပါက အစာတော်ခံမှုသည် အဓိပ္ပာယ်မရှိ၊ ဘုတပါးကို လှည့်စားရာရောက်တော့မည်။ သို့ဖြစ်၍ နတ်များလာရောက်ပြီး နတ်သြဇာ မသွင်းစေရန် အစာ လုံးဝ ဖြတ်တောက်မှုမပြုပဲ အနည်းငယ်မျှသော အစာကိုမူ နေ့စဉ်ခြိုးခြံစွာ စားသုံးလေသည်။ တလက်ဆွန့်မျှသော ပဲနောက်ပြုတ်ရည်၊ ပဲစင်းငုံ၊ သို့မဟုတ် ကုလားပဲပြုတ်ရည်ကို နေ့စဉ် စားသုံးလေသည်။ အစာအာဟာရ ချို့တဲ့မှုကြောင့် တဖြည်းဖြည်းကြုံလှီလာ၏။ ခန္ဓာကိုယ်မှာ အရိုးပေါ် အရေတင်လျက် အကြောပြိုင်းပြိုင်း ထနေ၏။ အရိုးအဆစ်တို့သည် ဖုထစ်ငေါ်ထွက်နေ၏။ တင်ပါးခွက်မှာ အသားလုံးဝမရှိ၊ ကုလားအုတ်ခြေရာကဲ့သို့ ရှုံ့ခွက်နေ၏။ ကျောရိုးအဆစ်များမှာ ပုတီးစေ့များကဲ့သို့ အဖုအထစ် ဖြစ်လျက်ရှိ၏။ နံရိုးများမှာ ဇရပ်အို ဇရပ်ပျက်တခု၌ ဖရိုဖရဲ ပြိုကျနေသော အခြင်(ဒိုင်းမြှား)တို့နှင့်တူနေ၏။ မျက်လုံးများမှာ နက်ရှိုင်းသော ရေတွင်းအလဲရှိရေကို ငုံ့ကြည့်ရသကဲ့သို့ မျက်တွင်းနက်၍ နိမ့်ချိုင့်ခွက်ဝင်နေ၏။ ဦးခေါင်းတော်မှာ ဗူးခါးသီး မနုမရင့်ကို နေလှန်းထားသကဲ့သို့ ရှုံ့ခွက်ပိန်ချိုင့်နေ၏။ အသားအရေ နည်းပါးမှုကြောင့် ဝမ်းဗိုက်ကိုကိုင်လိုက်လျှင် ကျောရိုးများကို ကိုင်မိ၏။ ကျောရိုးကို ကိုင်လိုက်လျှင် ဝမ်းဗိုက်ကို ကိုင်မိ၏။ ကျင်ကြီး ကျင်ငယ်စွန့်ရန် အားယူ၍ထလိုက်ပါက နေရာတွင်ပင် မှောက်လျက် လဲလေသည်။ အာဟာရဓာတ် ချို့တဲ့မှုကြောင့် မွေးညှင်းများ အမြစ်ဆွေး၍ ကျွတ်ထွက်ကုန်၏။ ယခင်က ရွှေရောင်ဝင်းနေသော ဘုရားအလောင်းတော်မှာ ယခုအခါ ငါးကျည်း ငါးခူရောင် နီကြန်ကြန်၊ သို့မဟုတ် ကြမ်းပိုးကျောကုန်းကဲ့သို့ ညစ်ပုပ်ပုပ်အရောင် ထွက်နေ၏။

ဤသို့ အစာတော်ခံသောအကျင့်၊ အသက်ရှူ ထိန်းချုပ်သောအကျင့် စသော ပြင်းစွာပူလောင်သည့် (မဟာတပ)အကျင့်ကို ခြောက်နှစ်

ပတ်လုံး ကျင့်သုံးငြားသော်လည်း ပြင်းထန်ထက်မြက်သည့် ဒုက္ခဝေဒနာကိုသာ ခံစားခဲ့ရသည်။ ငြိမ်းချမ်းခြင်း၊လွတ်မြောက်ခြင်း၊ ကိလေသာကုန်ခန်းခြင်းတို့၏ အရိပ်နိမိတ်ကိုမျှ မတွေ့ရချေ။ အတိတ်ကာလက ရဟန်း ပုဏ္ဏားတို့သည် တပအကျင့်ကိုကျင့်၍ ပြင်းထန်ထက်မြက်ခါးစပ်သော ဆင်းရဲဒုက္ခကို ခံစားခဲ့ကြရာ ဤအတိုင်းအတာထက် မပိုလွန်နိုင်ချေ။ ဘုရားအလောင်းတော်နှင့် တန်းတူညီမျှသာ ဒုက္ခ ခံစားခဲ့ကြရပေမည်။ နောင် အနာဂတ်ကာလ၌လည်း အလားတူသာလျှင် ဖြစ်ပေမည်။မည်သူမျှ ဘုရားအလောင်းတော်ထက်ပို၍ တပအကျင့်ကို ကျင့်နိုင်ကြမည်မဟုတ်၊ထို့ထက်ပို၍ ဒုက္ခခံကြရမည်မဟုတ်ဟု ဘုရားအလောင်းတော်အနေဖြင့် ရဲရဲတောက် ကြေငြာနိုင်သည်အထိ ကျင့်သုံးပြခဲ့လေပြီ။ ထို့ကြောင့် ဤလမ်းစဉ်သည် လူသာမန်တို့၏ အသိဉာဏ်ထက် လွန်မြတ်သော အရိယမဂ်ဉာဏ်ကို ရနိုင်မည့် လမ်းစဉ်မဟုတ်ဟု စိတ်ဒုန်းဒုန်းချဆုံးဖြတ်၍ စွန့်လွှတ်လိုက်လေသည်။

အခြား လမ်းစဉ်တခုကို ရှာကြံရာ ငယ်စဉ်က ဖခမည်းတော် လယ်ထွန်နေစဉ် ဇမ္ဗုသပြေပင်အရိပ်၌ အာနာပါန (ထွက်သက်ဝင်သက်) ဈာန် ဝင်စားခဲ့ခြင်းကို ပြန်လည်သတိရ၏။

> ထိုဈာန်မှာ သိမ်မွေ့၍ ချမ်းသာသည်။ ကာမဂုဏ်နှင့် မပတ်သက်သော ထိုဈာန်ချမ်းသာကို ကြောက်ရန်မလိုဟု ထင်သည်။ သုခရရန် ဒုက္ခဖြင့် အရင်းတည်ရမည်ဟု ယူဆသောအစွဲကို ပယ်စွန့်၍ယခုတဖန် သုခကိုအရင်းတည်၍ထိုထက်မြင့်မြတ်သော သုခကို အရယူနိုင်သည်ဟူသော လမ်းစဉ်ကို စမ်းသပ်ကျင့်သုံးဦးမည်။ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုကို အခြေတည်၍ ပထမဈာန်ချမ်းသာကို အရယူမည်။ ပထမဈာန်ချမ်းသာကို အခြေခံပြု၍ ဒုတိယ, တတိယ, စတုတ္ထဈာန်ချမ်းသာ စသည်ဖြင့် ချမ်းသာအဆင့်ဆင့်ကို ရယူမည်။သို့ရာတွင် ဤကြုံလှီအားနည်းချည့်နဲ့သော ကိုယ်ကာယဖြင့် အာနာပါနဈာန်ချမ်းသာမျှကိုပင်

**မရနိုင်။ ခန္ဓာကိုယ်အင်အား ဖြည့်တင်းရန်အတွက် ထမင်းနှင့် ဂျုံမှုန့်ကို စားသုံးမှီဝဲရန် ဆုံးဖြတ်လိုက်သည်။**

ထိုအခါ တရားဦးနာယူရန် မျှော်လင့်စောင့်စား၍ အလုပ်အကျွေး ပြုနေကြသော ပဉ္စဝဂ္ဂီငါးဦးတို့သည် ''ရဟန်းဂေါတမကား ကမ္မဋ္ဌာန်း လုပ်ငန်းခွင်မှ ထွက်လိုက်လေပြီ၊ တပည့်ပရိသတ်များပြားအောင် ရပ် တကာ ရွာတကာ လှည့်လည်နေပြီ၊ ဘုန်းကြီးအောင်ကြိုးပမ်းနေပြီ''ဟု ကဲ့ရဲ့စကား ဆိုကုန်လျက်ဘုရားအလောင်းတော်ထံပါးမှဖဲ့ခွာခဲ့ကြသည်။

ဘုရားအလောင်းတော်သည် အနီးအပါးရှိ ရွာများသို့ လှည့်လည် ဆွမ်းခံ၍ အင်အားဖြည့်တင်းလျက် ရှိသည်။ အသားအရေ ပြည့်ဖြိုး၍ ပျောက်ကွယ်နေသော လက္ခဏာ ကြီး ငယ် တို့ ပြန်လည်ပေါ်ထွန်း ထင်ရှားလာလေသည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း တော်သည် နံနက်စောစော ဥရုဝေလတောအုပ်မှ သေနာနိဂုံးရွာကြီး ဆီသို့ ကြွလာခဲ့သည်။ ဆွမ်းခံဝင်ရန် အချိန်စောသေးသဖြင့် ရွာဦးရွာ ထိပ်ရှိ ညောင်ပိန္နဲပင်ကြီးအရင်း၌ ထိုင်လျက် ဈာန်ဝင်စားနေလေသည်။ ဘုရားအလောင်းတော်၏ အသားအရေမှာ ဝင်းဝါလျက် ထွက်ပြူစ နေရောင်ခြည်ထိုးဟပ်မှုကြောင့်တလက်လက်တဖျတ်ဖျတ်တောက်ပလျက် အတိုင်းမသိရှုချင့်ဖွယ်ရာ တင့်တယ်လှပပေသည်။ ထိုအချိန်တွင် သေနာ နိဂုံးရွာကြီးအတွင်းမှ သုဇာတာအမည်ရှိ သဌေးသမီးသည် ညောင်ပင် စောင့်နတ်အား နှစ်စဉ်ပေးဆက်မြဲ ဃနာနို့ဆွမ်း ဆက်ကပ်လာသည်။ ဘုရားအလောင်းတော်ကို ညောင်စောင့်နတ်အမှတ်ဖြင့် ဝမ်းသာအားရ ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်းကပ်လှူထားခဲ့သည်။ဘုရားအလောင်းတော် သည် ရွှေခွက်ကိုယူ၍ အရှေ့ဘက်ဆီသို့ ထွက်ခွာလာသည်။ မနီးမဝေးရှိ နေရဉ္ဇရာမြစ်သို့ ရောက်သောအခါ ရှေးဦးစွာ ရေသပ္ပာယ် (ရေချိုး) တော်မူလေသည်။ ရေသပ္ပာယ်ပြီးနောက် မြစ်ကမ်းအနီး သစ်ပင်ရိပ် မှာပင် ဃနာနို့ဆွမ်းကို လေးဆယ့်ကိုးလုတ် မယုတ်လွှေးလွှေး ဘုဉ်းပေး တော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် နေရဉ္ဇရာမြစ်အတွင်း ဆင်း၍

''ဘုရားဖြစ်ရန်ကေန်မှန်ပါက ဤရွှေခွက်သည် မြစ်ညာသို့ ဆန်တက်ပါ စေသား''ဟု အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကိုမျှောလိုက်ရာ ရွှေခွက်သည် မြစ်ညာသို့ဆန်တက်သွားပြီးမှ ရေအောက်သို့ နစ်မြုပ်သွားသည်။

ဆွမ်းဘုဉ်းပေးသည့်နေရာမှ တောင်ဘက် မှနီးမဝေးတွင် ဥရုဝေလ ကဿပရသေ့ကြီး၏ ကျောင်းသင်္ခမ်း ရှိလေသည်။ ထိုကျောင်းသင်္ခမ်း အနီးရှိ ဥရုဝေလတောအုပ်မှာပင် ဘုရားအလောင်းတော်နေခိုခဲ့သည်။

ညနေချမ်းအချိန်တွင် အနောက်ဘက်ဆီရှိ ဗောဓိမဏ္ဍိုင်သို့ ကြွလာ တော်မူသည်။လမ်းခရီးတွင် မြက်ရိတ်သမား သုဒ္ဓိယနှင့်တွေ့၍ သုဒ္ဓိယက မြက်ရှစ်ဆုပ်ကို လှူလိုက်သည်။ မဟာဗောဓိပင်သို့ ရောက်သောအခါ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းလိုက်သည်။ ဗောဓိပင်၏ အရှေ့ဘက်၌ ရတနာ ပလ္လင်ပေါ်ထွန်းလာ၍ ထိုပလ္လင်ထက်၌ အရှေ့ဘက်သို့မျက်နှာမူ၍ ထက် ဝယ်ဖွဲ့ခွေ(တင်ပျဉ်ခွေ) ထိုင်နေပြီးလျှင် ''ဘုရားမဖြစ်မခြင်း ထိုင်ရာမှ မထပြီ''ဟု အဓိဋ္ဌာန်ပြုလိုက်သည်။ နေမဝင်မီ မာရ်နတ်သား(ဒေဝပုတ္တ မာရ်)ကို အောင်တော်မူသည်။ (ည ၁၀-နာရီ မထိုးမီ) ညဦးယံ၌ ရှေးရှေးဘဝတို့ကို ပြန်လည်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၊ သန်းခေါင်ယံအချိန်၌ အနီးအဝေး၊ အကြီးအသေး အရာ ခပ်သိမ်းကို ထိုးဖောက်မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ (နံနက် ၄-နာရီ) မိုးသောက်ယံ၌ ကိလေသာအာသဝေါတရားတို့ကို ကုန်းခန်းစေသော အာသဝက္ခယဉာဏ်တော်ကို ရရှိတော်မူ၏။ အာသဝက္ခယဉာဏ်တော်ကို ရရှိသည်နှင့် တပြိုင်နက် အရာခပ်သိမ်းကို သိစွမ်းနိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကိုလည်း ရတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူ သည်။

## သတ္တဋ္ဌာန စံနေတော်မူပုံ

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဖော်ပြ ပါ ဋ္ဌာန ၇-ဋ္ဌာနတို့၌ ၇-ရက်စီ စံနေတော်မူသည်။

**၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ဌာန။** ။ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေလျက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ချမ်းသာကို ခံစားတော်မူသည်။ (ပလ္လင်္ကသတ္တာဟ)

**၂။ အနိမိသဌာန။** ။ဗောဓိပင်၏ အရှေ့မြောက်ထောင့်၌ ရပ်လျက် ဗောဓိပင်နှင့် ပလ္လင်တော်ကို မျက်တောင်မခတ်ပဲ ခုနစ်ရက်တိုင်တိုင် ရှုစားတော်မူသည်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ဖြည့်ကျင့်ပြီးမှ ခဲတောင့်ခဲယဉ်းရရှိခဲ့သည့် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့သော ထူးမြတ်သည့်နေရာကို စူးစိုက်ကြည့်တော်မူသည်။ (နိမိသ=မျက်တောင်ခတ်ခြင်း၊အနိမိသ=မျက်တောင်မခတ်) (အနိမိသသတ္တာဟ)

**၃။ ရတနာစင်္ကြံဌာန။** ။ပလ္လင်တော်နှင့် အနိမိသ ဌာန အကြား၌ အရှေ့အနောက်ရတနာစင်္ကြံတော်ဖန်ဆင်း၍ ခုနစ်ရက်တိုင်တိုင် စင်္ကြံကြွတော်မူသည်။မြတ်စွာဘုရားသည် ပလ္လင်တော်ကို ခုနစ်ရက်တိုင်တိုင် စိုက်ကြည့်နေရာ နတ်ဗြဟ္မာတို့က မြတ်စွာဘုရားသည် ပလ္လင်တော်၌ တွယ်တာမှုကိလေသာရှိ၏ဟု အထင်မှားကြကုန်၏။ ထိုအထင်မှားမှုကို ပယ်ဖျက်ရန် ကောင်းကင်၌ ရတနာစင်္ကြံဖန်ဆင်း၍ စင်္ကြံကြွတော်မူသည်။ (စင်္ကမသတ္တာဟ)

**၄။ ရတနာဃရဌာန။** ။မဟာဗောဓိပင်၏ အနောက်မြောက် အရပ် နတ်တို့ ဖန်ဆင်း အပ်သော ရတနာဃရ (ရွှေအိမ်)တွင် ခုနစ်ရက်တိုင်တိုင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၍ အဘိဓမ္မာ ခုနစ်ကျမ်းကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူ၏။ အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်တော်မူရာ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်သောအခါ မြတ်စွာဘုရားသခင်ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်ပေါ်ထွက်ကွန့်မြူး၍ အဆုံးမရှိသောအနန္တအာကာသကြီးထဲသို့ ပျံ့နှံ့သွားရာ ယနေ့ အထိ ထိုရောင်ခြည်တော်များသည်

**အာကာသအတွင်း၌ ရွှေသို့ဆက်လက် ပြေးသွားနေကြဆဲဖြစ်လေသည်။ (ရတနာဃရသတ္တာဟ)**

**၅။ အဇပါလနိဂြောဓဌာန။** ။ထို့နောက် မဟာဗောဓိပင် အရှေ့တည့်တည့်အနိမိသဌာန၏တောင်ဘက်တွင်ရှိသော ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် တရားတော်ကို ဆင်ခြင်သုံးသပ်ခြင်း၊ အရဟတ္တဖိုလ်ချမ်းသာကိုခံစားခြင်းတို့ကို ပြုတော်မူ၏။ (အဇ=ဆိတ်+ပါလ=ထိန်းကျောင်း+နိဂြောဓ=ညောင်ပင်)(အဇပါလသတ္တာဟ)

**၆။ မုစလိန္ဒဌာန။** ။ထို့နောက် မဟာဗောဓိပင်၏အရှေ့တောင်ဘက် မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်အရင်း၌ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ်ဝင်စားတော်မူ၏။ ထိုအချိန်တွင် ခုနစ်ရက်တိုင်တိုင် မိုးစွေ၍ လေအေးများတိုက်ခတ်သဖြင့် မုစလိန္ဒ နဂါးမင်းသည် မြတ်စွာဘုရားရှင်ကို ခုနစ်ပတ်ရစ်ခွေ၍ အပေါ်မှ ပါးပျဉ်းအုပ်မိုးလျက် ပူဇော်သည်။ (မုစလိန္ဒ=ကျည်းပင်)(မုစလိန္ဒသတ္တာဟ)

**၇။ ရာဇာယတနဌာန။** ။ထို့နောက် မဟာဗောဓိပင်၏ တောင်ဘက်ရှိ လင်းလွန်းပင် ရင်း၌ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ် ဝင်စားတော်မူ၏။ (ရာဇာယတန=လင်းလွန်းပင်)(ရာဇာယတနသတ္တာဟ)

## တပုဿနှင့် ဘလ္လိကညီနောင်

ဤသို့အားဖြင့် ခုနစ်ရက်ခုနစ်လီ(သတ္တသတ္တာဟ) ၄၉-ရက်တိုင်တိုင် ခုနစ်ဌာနတို့၌ စံနေတော်မူ၏။ ထိုအချိန်အတောအတွင်း၌ ဆွမ်းဘုဉ်းပေးမှု၊ ရေသောက်သုံးမှု၊ ကျင်ကြီးကျင်ငယ်စွန့်မှု လုံးဝမရှိချေ။ ၄၉-ရက်ပြည့်မြောက်သောနေ့၌ ဥက္ကလာပဇနပုဒ်(မြန်မာနိုင်ငံ)မှတပုဿဘလ္လိကအမည်ရှိသော လှည်းကုန်သည်ညီနောင်တို့သည် မဟာဗောဓိညောင်ပင်၏အနီးသို့ ရောက်ရှိလာကြကုန်၏။အတိတ်ဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူး

သောနတ်များ နှိုးဆော်တိုက်တွန်းမှုကြောင့် တပုဿနှင့်ဘလ္လိကတို့သည် လင်းလွန်းပင်အရင်း၌ မြတ်စွာဘုရားရှင်အား ပျားမုန့်ဆုပ် (ပေါက်ပေါက်ဆုပ်) နှင့် မုန့်ညက်ဆုပ်(အနုဆုပ်) တို့ကို ဦးဦးဖျားဖျားဆက်ကပ်လှူဒါန်းကြကုန်၏။ ဆွမ်းဦး လှူဒါန်းကြကုန်၏။

ထိုအချိန်အခါက တပုဿနှင့် ဘလ္လိကတို့သည်—

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"—

ဟူ၍သာ မြတ်စွာဘုရားထံ၌ သရဏဂုံနှစ်ပါးသာ ခံယူခဲ့ရကုန်၏။ ရဟန်းသံဃာ မပေါ်ပေါက်သေးသဖြင့် 'သံဃံ သရဏံ ဂစ္ဆာမိ' ဟုမဆိုခဲ့ရချေ။ တပုဿဘလ္လိကညီနောင်တို့သည် မြတ်စွာဘုရားချီးမြှင့်တော်မူလိုက်သော ဆံတော်မြတ်ရှစ်ဆူတို့ကိုမြန်မာနိုင်ငံသို့ပင့်ဆောင်ခဲ့ကြ၍စေတီတည်ထားကိုးကွယ်ကြသည်။ ယခု ကျွန်ုပ်တို့ဖူးတွေ့နေရသော ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တပုဿနှင့်ဘလ္လိကတို့ ပင့်ဆောင်ခဲ့သော ဆံတော်မြတ်များဌာပနာထားလေသည်။ တပုဿနှင့်ဘလ္လိကတို့ တည်ဆောက်ခဲ့သောမြို့မှာ ဥက္ကလာမြို့၏အရှေ့ဘက် ပဲခူးရိုးမတောင်ခြေတောအတွင်း၌ တည်ရှိ၍ တဗူးစာဗောဟု အမည်တွင်ကြောင်း ရှေးလူကြီးများ ပြောဆိုသည်ကို မှတ်သားရဖူးပါသည်။

## ဗာရာဏသီ မိဂဒါဝုန်နှင့် ဓမ္မစကြာတရားဦး

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့အား တရားဟောပြခြွေချွတ်ရန်အတွက် မဟာဗောဓိမှ ဗာရာဏသီမြို့အနီးရှိမိဂဒါဝုန်တောသို့ကြွတော်မူ၏။ မဟာဗောဓိမှ မိဂဒါဝုန်တောသို့ ၁ဂယူဇနာ (၁၂၈-မိုင်ခန့်) ဝေးကွာသည်။ (မိဂဒါဝုန် = မိဂဒါယ = မိဂ = သမင်+ဒါယ = တော = သမင်တို့ကို ဘေးမဲ့ပေးရာတော)။

ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တောသို့ ရောက်တော်မူသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားကို သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ဟု မသိကြကုန်။ ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်၍ ဘုန်းကြီးအောင်၊ တပည့်

ပရိသတ်များအောင်လှည့်လည်နေသော ရဟန်းကြီးဂေါတမအား ခရီး ဦးကြိုမပြုစတမ်းဟု အချင်းချင်းကတိထားကြကုန်၏။ သို့ရာတွင် မြတ်စွာ ဘုရားကိုယ်တိုင် အနီးသို့ရောက်တော်မူလာသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ သည် ကတိမတည်နိုင်ကြပဲ နေရာမှထ၍ ခရီးဦးကြိုဆိုကြကုန်၏။

ဝါဆိုလပြည့်နေ့ညနေချမ်းတွင် အနောက်အရပ်၌နေလုံးကြီးတခြမ်း နစ်မြုပ်ဝင်နေ၍ အရှေ့အရပ်၌ လပြည့်ဝန်းကြီးတခြမ်း ထွက်ပြူစအချိန် ၌ မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူ၏။ တရားအဆုံး၌ ပဉ္စဝဂ္ဂီငါးဦးအနက် အရှင် ကောဏ္ဍညသည် သောတာပန်တည်လေ၏။ ထို့နောက် နေ့စဉ်ရက်ဆက် တရားဟောတော်မူရာ ပဉ္စဝဂ္ဂီငါးဦးတို့ တရက်တပါးကျ သောတာပန် တည်လေသည်။ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့တွင် အနတ္တလက္ခဏ သုတ္တန် တရားတော်ကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။

## ဝေဠုဝန်ကျောင်းတော်

ပထမဝါကို မိဂဒါဝုန် တော၌ ဝါကပ်တော်မူ၏။ ဝါတွင်း၌ ဗာရာဏသီမြို့မှ ယသသူဌေးသားအမှူးပြုသော သူဌေးသား ၅၅-ဦးတို့ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။ ဝါကျွတ်သော အခါ ရဟန္တာအရှင်မြတ်တို့ကို အနယ်နယ် အရပ်ရပ်သို့ သာသနာပြု စေလွှတ်တော်မူ၍ မြတ်စွာဘုရား သခင်သည် ဂယာသို့ ကြွပြီးလျှင် ဥရုဝေလကဿပညီနောင်တို့ကို အကျွတ်တရား ရစေသည်။ ဥရုဝေလ ကဿပ အမှူးပြုသော ရဟန္တာတထောင် ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ ကြွ တော်မူသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရအား 'ဘုရားဖြစ်က ပထမဦးဆုံး ကြွခဲ့မည်' ဟု ပေးထားသော ကတိကို ပြေလည်စေရန် ကြွတော်မူခဲ့သည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကြွလာပြီကြားရ၍ အခမ်း အနားဖြင့် ဆီးကြိုသည်။ တရားတော်ကိုနာရ၍ သောတာပန်တည်ပြီး သော ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်မြို့ အထွက်ရှိ ဝေဠုဝန်ဥယျာဉ်

တော်ကို မြတ်စွာဘုရားအား ရေစက်သွန်းချ လှူဒါန်းလေသည်။ ထို့ကြောင့် ဝေဠုဝန်ကျောင်းတော်ကား ဇမ္ဗူဒိပ်တွင် ပထမဦးဆုံး ကျောင်းတော်ရာ သာသနာ့မြေဖြစ်သည်ဟု ဆိုရပေမည်။

## မြတ်စွာဘုရား၏ ဝါတော်စဉ်

၁။ ပထမဝါ = လူသိပတနမိဂဒါဝုန်တော (ဗာရာဏသီ)
၂။ ဒုတိယဝါမှစတုတ္ထဝါ = ဝေဠုဝန်ကျောင်းတော် (ရာဇဂြိုဟ်)
၃။ ပဉ္စမဝါ = မဟာဝုန်ကျောင်း (ဝေသာလီ)
၄။ ဆဋ္ဌမဝါ = မကုလတောင် (ဘဂ္ဂတိုင်း)
၅။ သတ္တမဝါ = တာဝတိံသာနတ်ပြည် (အဘိဓမ္မာတရားတော်ကို ဟောတော်မူသည်)
၆။ အဋ္ဌမဝါ = ပဲစင်းငုံတော (သုံသုမာရဂိရိမြို့၊ဘဂ္ဂတိုင်း)
၇။ နဝမဝါ = ဃောသိတာရုံကျောင်း (ကောသမ္ဗီပြည်)
၈။ ဒသမဝါ = ပါလိလေယျကတော (သံဃာအုပ်စုနှစ်စုကွဲသဖြင့်ပလလိတောသို့ကြွတော်မူသည်)
၉။ ၁၁-ဝါ = နာဠပုဏ္ဏားရွာ (ရာဇဂြိုဟ်)
၁၀။ ၁၂-ဝါ = ဝေရဉ္ဇာမြို့ (မိုးခေါင်၍ အာဟာရရေစာ ခေါင်းပါးသဖြင့် မုယော ဆန်ကြမ်းကို တစ်ဝါတွင်းလုံး ဘုဉ်းပေး သုံးဆောင်တော်မူရသည်)
၁၁။ ၁၃-ဝါ = စာလိယတောင် (စေတီတိုင်း)
၁၂။ ၁၄-ဝါ = ဇေတဝန်ကျောင်းတော် (သာဝတ္ထိပြည်)
၁၃။ ၁၅-ဝါ = နိဂြောဓာရုံကျောင်း (ကပိလဝတ်ပြည်)
၁၄။ ၁၆-ဝါ = အာဠဝီပြည် (အာဠဝကဘီလူးကို ချွတ်တော်မူသည်)

၁၅။ ၁၇-ဝါ -ရာဇဂြိုဟ်ပြည်
၁၆။ ၁၈-ဝါနှင့်၁၉-ဝါ -စာလီယတောင်(စေတိတိုင်း)
၁၇။ ၂၀-ဝါ -ရာဇဂြိုဟ်ပြည်
၁၈။ ၂၁-ဝါမှ၄၄-ဝါထိ -ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း (သာဝတ္ထိပြည်)
၁၉။ ၄၅-ဝါ -ဝေဠုဝရွာ(ဝေသာလီပြည်)

## ပရိနိဗ္ဗာန်စံတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားရှင်သည် ၄၅-ဝါကာလပတ်လုံး ကျွတ်ထိုက်သော(ဝေနေယျ) သတ္တဝါတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူရန် ကုသိနာရုံပြည်သို့ ကြွတော်မူလာ၏။မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အဖိတ်နေ့ညနေတွင် ကုသိနာရုံမြို့၏ အရှေ့ဘက် ၆ မိုင် (၃-ဂါဝုတ်)ခန့်အကွာ ပါဝါမြို့သို့ ရောက်တော်မူ၏။ပါဝါမြို့တွင် စုန္ဒအမည်ရှိ ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်၌ တညမျှ ကွန်းခိုနားနေတော်မူ၏။စုန္ဒသူကြွယ်သည် မြတ်စွာဘုရားရှင်အား ဖူးမြော်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား နောက်နေ့အတွက် ဆွမ်းဘုဉ်းပေးရန်ပင့်သည်။စုန္ဒသည် မြတ်စွာဘုရားအား ဆွမ်းကပ်ရန် ညဦးကပင် အလွန်နူးညံ့သော ဝက်ပျို့သားဟင်းကို စီမံထား၏။နံနက်မိုးသောက်အခါ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းဘုဉ်းပေးပင့်၏။ မြတ်စွာဘုရားရှင်သည် ဝက်ပျို့သားဟင်းကို ရဟန်းသံဃာများအား မကပ်စေရ၊အခြားဆွမ်းဟင်းများကိုသာ ကပ်လှူစေ၏။ မြတ်စွာဘုရား ဘုဉ်းပေး၍ ပိုလျှံသော ဝက်ပျို့သားဟင်းကို မည်သူမျှစားခွင့်မပြုပဲ ကျင်းတူး၍ မြှုပ်စေ၏။ အကြောင်းမူ ထိုဝက်ပျို့သားဟင်းကို နတ်ဗြဟ္မာတို့ နတ်သြဇာ စုပေါင်းထည့်ထားသဖြင့် မြတ်စွာဘုရားမှတပါး အခြား မည်သည့်သတ္တဝါမျှ အစာကြေညက်စေနိုင်မည် မဟုတ်သောကြောင့်ပင်တည်း။

ဆွမ်းဘုဉ်းပေးပြီးနောက် စုန္ဒအားတရားဟောကြားတော်မူ၍ ကုသိနာရုံပြည်သို့ ကြွချီတော်မူ၏။ မကြာမီပင် မြတ်စွာဘုရားသည်ဝမ်းတော်လား၍ ဝမ်းသွေးသွန်တော်မူ၏။ လမ်းခရီးတွင် တခုသောချောင်းငယ်အနီးသို့ရောက်သောအခါ သစ်ပင်တပင်အရိပ်၌ နှစ်ထပ်သင်္ကန်းကြီးကိုလေးခေါက်ခေါက်ခင်းစေ၍ ထိုင်တော်မူ၏။ အရှင်အာနန္ဒာကို ချောင်းငယ်သို့သွား၍ သောက်ရေခပ်စေရာ ချောင်းငယ်ကို လှည်းအစီး ၅၀၀ ဖြတ်မောင်းသွားသည်မှာမကြာသေးသဖြင့် ရေမှုန်းနောက်နေကြောင်း ရှေ့မလှမ်းမကမ်းတွင်ကကုဓာမြစ်ရှိ၍ ထိုကကုဓာမြစ်သို့ရောက်မှရေကြည်တော်သုံးပါရန် အရှင်အာနန္ဒာက ပြန်လည်လျှောက်ထား၏။ သုံးကြိမ်တိုင်တိုင် ထပ်မံခိုင်းတော်မူသဖြင့် အရှင်အာနန္ဒာသည် ချောင်းငယ်အတွင်းသို့ဆင်း၍ ရေခပ်ရာ ချောင်းငယ်ရေသည် နောက်ကျုနေရာမှ အရှင်အာနန္ဒာရောက်လာသောအခါ အလိုအလျောက် ကြည်လင်သွား၏။ အရှင်အာနန္ဒာသည် အံ့ဩဝမ်းသာခြင်းဖြင့် ရေခပ်၍ မြတ်စွာဘုရားအား ရေကြည်တော်ဆက်ကပ်၏။ မြတ်စွာဘုရားသည် ရေကြည်တော် သုံးဆောင်ပြီးနောက် သစ်ပင်ရင်း၌ နားနေတော် မူစဉ် မလ္လမင်းသား ပုက္ကုသရောက်လာ၍ ထိုမင်းသားအားတရားဟောတော်မူသည်။ ပုက္ကုသမင်းသားသည် မြတ်စွာဘုရားရှင်အား ရွှေအဆင်းရှိသော ဝတ်စုံတစုံကို ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ကကုဓာမြစ်သို့ ခရီးဆက်လက်ကြွတော်မူ၏။ ကကုဓာမြစ်သို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတို့နှင့် အတူတကွ မြစ်အတွင်းသက်ဆင်း၍ ရေသပ္ပာယ် (ရေချိုး)တော်မူ၏။ ထို့နောက် ကကုဓာမြစ်မှတက်၍ အနီးရှိသရက်ဥယျာဉ်အတွင်း၌ ခေတ္တလဲလျောင်းနေတော်မူ၏။ ထိုအချိန်တွင် စုန္ဒသူကြွယ်၏ ဆွမ်းအကျိုးအာနိသင်ကို ဟောကြားတော်မူ၏။

စုန္ဒသူကြွယ် ကပ်လှူသောဆွမ်းမှာ မြတ်စွာဘုရားရှင်အတွက် နောက်ဆုံးပင်ဖြစ်လေသည်။ ဘုရားဖြစ်တော်မူသည့်နေ့၌ ကပ်လှူသော သုဇာတာသဌေးသမီး၏ ပထမဦးဆုံးဆွမ်းနှင့် ပရိနိဗ္ဗာန်

စံတော်မူမည့်နေ့၌ ကပ်လှူသော စုန္ဒသူကြွယ်၏ နောက်ဆုံးဆွမ်းသည် တူမျှသော တန်ခိုးအာနိသင်ရှိသည်။ သုဇာတာ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် အမြတ်ဆုံးသဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏။ စုန္ဒ၏ဆွမ်းကိုဘုဉ်းပေးပြီးနောက်ပရိနိဗ္ဗာန်စံဝင်တော်မူ၏၊ ဆွမ်းလှူသူနှစ်ဦးမှာ တူမျှသောကုသိုလ်၊တူမျှသောကောင်းကျိုးကို ရကြသည်။ သုဇာတာ ကပ်လှူသောဆွမ်းကို ဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် ၄၉-ရက်တိုင် နောက်ထပ်ဆွမ်း မဘုဉ်းပေးပဲ နေတော်မူခဲ့သည်။ ယခု စုန္ဒသူကြွယ် ကပ်လှူသော ဆွမ်းကို ဘုဉ်းပေးရသောကြောင့်သာ မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည်သို့ ၆-မိုင်ခရီးကို ကြွတော်မူနိုင်ခြင်းဖြစ်သည်။ ဝမ်းတော်လားခြင်းမှာစုန္ဒ၏ဝက်ပျံသားဟင်းကြောင့်မဟုတ်ချေ။ ဘုရားအလောင်းတော်နုစဉ်အခါက ဆေးသမားဘဝ၌ ဆေးဖိုးဝါးခ မပေးလိုသော သဌေးသားတဦးကို ဝမ်းလားဆေး တိုက်ကျွေးခဲ့ဖူးသည်။ထိုအကုသိုလ်ကံ အကြွင်းအကျန်က နောက်ဆုံးဘဝတွင် အကျိုးပေး၍ ဝေဒနာတော်ဆိုက်ခြင်းဖြစ်လေသည်။ စုန္ဒ၏ဆွမ်းကို မဘုဉ်းပေးသော်လည်း ထိုအချိန်ကျလျှင် ဝမ်းတော်လားမည်ဖြစ်သည်။ ထိုအခါ အင်အား ကုန်ခန်းအားပြတ်သွားနိုင်သည်။ ယခုမူ စုန္ဒ၏ဆွမ်းကြောင့် ကုသိနာရုံ အရောက် ကြွတော်မူနိုင်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် ပါဝါနှင့် ကုသိနာရုံအကြား ၂၅-ကြိမ် ရပ်နားတော်မူရ၏။

ထို့နောက်ခရီးဆက်လက်ကြွတော်မူရာ ဟိရညဝတီမြစ်ကို ဖြတ်ကူးတော်မူ၍ ကုသိနာရုံမြို့အဝင်လမ်းကွေ့ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူ၏။ ထိုဥယျာဉ်၌ အင်ကြင်းပင်ပျိုနှစ်စုံ၏ အကြားတွင် ညောင်စောင်းတော်ကို မြောက်အရပ်သို့ ဦးခေါင်းလှည့်ကာ နေရာခင်းစေ၏။ မြတ်စွာဘုရားရှင်သည် ညောင်စောင်းပေါ်၌ လကျာနံတောင်းဖြင့် လဲလျောင်းတော်မူ၏။ထိုအခါ ခေါင်းရင်းနှင့်ခြေရင်းရှိ

အင်ကြင်းပင်ပျိုအစုံတို့သည် အခါမဲ့ပွင့်သောပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကုန်၍ မြတ်စွာဘုရားရှင်ကိုယ်တော်ထက်သို့ ပန်းပွင့်များ မပြတ်မစဲကြဲဖြန့်လေ၏။ မန္ဒာရဝမည်သော နတ်ပန်းတို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ နတ်ပြည်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ နတ်တို့သည် မြတ်စွာဘုရားရှင်အား နတ်ပန်းနံ့သာတို့ဖြင့်ပူဇော်၍ နတ်သီချင်း၊ နတ်တူရိယာတို့ကို သီဆိုတီးမှုတ်ကြကုန်၏။

အချို့သော နတ်တို့သည် ကောင်းကင်ယံ၌ လူးလိမ့်ငိုကြွေးလျက်နေကြကုန်၏။ "မြတ်စွာဘုရားသခင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ လောက၌ မျက်စိအလင်းသည် အလွန်လျင်မြန်စွာ ကွယ်ပလိမ့်မည်တကား" ဟုဆို၍ ဆံပင်ကိုဖြန့်၊ လက်မောင်းကိုမြှောက်ပြီး ငိုကြွေးကြကုန်၏။ ပစ်လဲ၍ လူးလိမ့်ငိုကြွေးကြကုန်၏။

အရှင်အာနန္ဒာသည်—

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကမူ ဝါကျွတ်သော အခါ ဘုရားဖူးရောက်လာကြကုန်သော ရဟန်းကောင်း ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့် ရခဲ့ပါ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ဘုရားဖူး ရဟန်းတော်များ လာရောက်ကြတော့မည် မဟုတ်သဖြင့် အဘယ်နေရာ အဘယ် ဌာန၌ ရဟန်းကောင်း ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့် ရနိုင်ပါမည်နည်း။ ဖူးမြော်ခွင့်ရနိုင်တော့မည်မဟုတ်ပါဘုရား"

ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ငါဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက်၌ အောက်ဖော်ပြပါ ဌာန လေးဌာနသို့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ဒါယကာများနှင့် ဥပါသိကာ ဒါယိကာမများ ဘုရားဖူးလာရောက်ကြမည့်အကြောင်း ဟောကြားတော်မူခဲ့၏။

## ဗုဒ္ဓဘာသာဝင်တို့ လှည့်လည်ဘုရားဖူးရန်ဌာနများ

စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။ ကတမာနိ စတ္တာရိ—

(က) "ဣဓ တထာဂတော ဇာတော"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ၊

(ခ) "ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ၊

(ဂ) "ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ"န္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ၊

(ဃ) "ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ၊

ဣမာနိ ခေါ အာနန္ဒ စတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။

အာဂမိဿန္တိ ခေါ အာနန္ဒ သဒ္ဓါ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော—

(က) ဣဓ တထာဂတော ဇာတောတိပိ၊

(ခ) ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိပိ၊

(ဂ) ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတန္တိပိ၊

(ဃ) ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတောတိပိ။

ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တီတိ။

## သံဝေဇနီယဌာန(၄)ဌာန

ချစ်သားအာနန္ဒာ၊ ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်းသား တဦးအတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သော ဌာန လေးဌာနတို့ရှိကုန်၏။ အဘယ်လေးဌာနတို့နည်း ဟူမူကား—

(က) ဤလုမ္ဗိနီသာမော အင်ကြင်းတောကား "မြတ်စွာဘုရား ဖွားမြင်တော်မူရာဌာနပါတကား" ဟူ၍ သဒ္ဓါတရားရှိသော အမျိုးကောင်းသား တဦးအတွက် သွားရောက် ဖူးမြော် သံဝေဂယူသင့်သော ဌာနတခုဖြစ်၏။

(ခ) ဤဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်ကား "မြတ်စွာဘုရားသည် အတုမဲ့သော၊ မဖောက်မပြန် မှန်ကန်သော ကိုယ်ပိုင် (သဗ္ဗညုတ)ဉာဏ်တော်ကို ရတော်မူရာ ဌာနပါတကား" ဟူ၍ သဒ္ဓါတရားရှိသော အမျိုးကောင်းသားတဦးအတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သော ဌာနတခုဖြစ်၏။

(ဂ) ဤ မိဂဒါဝုန်တောကား "မြတ်စွာဘုရားသည် အတုမဲ့ ဓမ္မစကြာတရားဦးကို ဖော်ကျူးမြွက်ဟရာဌာနပါတကား" ဟူ၍ သဒ္ဓါတရားရှိသောအမျိုးကောင်းသား တဦးအတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သော ဌာနတခုဖြစ်၏။

(ဃ) ဤမလ္လမင်းတို့၏ ကုသိနာရုံ အင်ကြင်းရဂုံကား "မြတ်စွာ ဘုရားသည် နိဗ္ဗာန်နန်းသို့ခိုဝင်စံမြန်းလျက် ဝိပါက်ကမ္မဇရုပ်တို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ ဌာနပါတကား" ဟူ၍ သဒ္ဓါတရား ရှိသော အမျိုးကောင်းသား တဦးအတွက် သွားရောက် ဖူးမြော် သံဝေဂယူသင့်သော ဌာနတခုဖြစ်၏။

ချစ်သားအာနန္ဒာ၊ဤလေးဌာနတို့ကား သဒ္ဓါတရားရှိသော အမျိုးကောင်းသားတဦးအတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သော ဌာနတို့ ဖြစ်ကုန်၏။

ချစ်သားအနန္ဒာ၊ နောင်အခါ၌ သဒ္ဓါ တရား ရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့။

(၁) မြတ်စွာဘုရား ဖွားတော်မူရာ **လုမ္ဗိနီဥယျာဉ်။**

(၂) သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူရာ **ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်။**

(၃) ပဉ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦးဓမ္မစက် ဟောမြွက်ရာ **မိဂဒါဝုန်။**

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လမင်းတို့၏ **ကုသိနာရုံ အင်ကြင်းရဂုံ။**

ချစ်သား အာနန္ဒာ၊အကြင်လူတို့သည် ဘုရားဖူးခရီး လှည့်လည်မှုကို ပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ်ပျက်စီးသေလွန်ပြီးနောက် ဤနတ်ရွာသုဂတိသို့ရောက်ကြကုန်လတ္တံ့။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည်ကို ဆင်ခြင်စဉ်းစားမိသော အရှင်အာနန္ဒာသည် တွေးမိတိုင်း ဝမ်းနည်းကြေကွဲလျက် စိတ်မထိန်းနိုင်ဖြစ်လာသည်။ရင်တွင်း၌ ကတုန်ကယင်ဖြစ်လာပြီး သောကမီးဆူဝေလာသည်။ မျက်ရည်များ ရစ်ဝဲလာ၍ ဖိုလှိုက်ဖိုလှိုက်ဖြစ်လာသည်။ ကြာလျှင်ငိုရှိုက်သံထွက်လာတော့မည်။ငိုရှိုက်သံကို မြတ်စွာဘုရား ကြားသွားပါက အလွန်မသင့်လျော်။ ဆက်လက်ပြီး ဟန်ဆောင်ထိန်းချုပ်မျိုသိပ်နေရန်လည်း မတတ်နိုင်။ တနေရာ လွတ်ရာကျွတ်ရာ သွား၍

အားရပါးရငိုချလိုက်ရပါလျှင် သက်သာလိမ့်မည်ထင်သည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအပါးတော်မှဖဲခွာ၍ ကျောင်းခန်းအတွင်း ဝင်ခဲ့သည်။ ကျောင်းခန်းအတွင်းတံခါးတိုင်ကိုမှီပြီး အသံထွက်ငိုကြွေးလိုက်သည်။

"မြတ်စွာဘုရားရှင်သာဆက်လက်ရှိနေပါက ငါ့အား ဆက်လက်နည်းပေးလမ်းညွှန်ပြုပေလိမ့်မည်။ ယခုမူ မကြာခင်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မည်။ ငါကား ရဟန္တာ မဖြစ်သေး။ ရဟန္တာဖြစ်အောင် ဆက်လက်အားထုတ်ရဦးမှာပါတကား"။

ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူသဖြင့် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ သောကငြိမ်းရန် သင်္ခါရတရားတို့၏ ပြိုကွဲပျက်စီးခြင်းသဘောကို ဆင်ခြင်ရန် တရားဟောတော်မူသည်။

ထို့နောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏အမိန့်တော်အရ ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လမင်းတို့၏ အစည်းအဝေးသို့ ကြွရောက်တော်မူပြီး "ယနေ့ည သန်းလွဲ ပစ္ဆိမယာမ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည်ဖြစ်ကြောင်းနှင့် နောက်ဆုံးဖူးမြော်ခြင်းအဖြစ် လာရောက်ဖူးမြော်ကြရန်" ပြောကြားလေသည်။ ထိုစကားကို ကြားရ၍ မင်းမိဖုရား၊ မင်းသား၊ မင်းသမီးများသည် ဆံပင်ဖြန့်ကြဲ ငိုပွဲဆင်ကြကုန်၏။ ကိုယ်ကိုပစ်လှဲ၍ လူးလှိမ့်ငိုကြွေးကြကုန်၏။

မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်လာရောက်ကြကုန်သော မလ္လမင်းပရိသတ်မှာ အလွန်များပြားသဖြင့် တဦးစီ ဖူးမြော်ခွင့်ပေးနေပါက တညလုံးမိုးလင်းအထိပြီးနိုင်မည်မဟုတ်၊ ထို့ကြောင့်အရှင်အာနန္ဒာသည် အမျိုးအနွယ်တူရာ ဆွေမျိုးစုအလိုက် ဘုရားဖူးခွင့်ပြု၏။ မြတ်စွာဘုရားသည် မလ္လမင်းတို့အား တရားဟောတော်မူသည်။ ပထမယာမ် (ည ၁၀ နာရီခန့်)တွင် ပရိသတ်ရှင်းသွားလေပြီ။

ထို့နောက် သန်းခေါင် (မဇ္ဈိမ)ယာမ်၌ သုဘဒ္ဒပရိဗိုဇ်အား တရားဟော ခြွေချွတ်တော် မူရာ အရဟတ္တဖိုလ်ဆိုက်၍ ရဟန္တာ အဖြစ်သို့

ရောက်လေသည်။ ထိုသုဘဒ္ဒရဟန်းသည် မြတ်စွာဘုရားလက်ထက်တော်၌ နောက်ဆုံးရဟန္တာတပါးအဖြစ် ထင်ရှားလေသည်။

ပစ္ဆိမယံ(သန်းလွဲ)၌ ရဟန်းပရိသတ်အား တရားဟောပြတော်မူ၍ နောက်ဆုံးသြဝါဒ(အပ္ပမာဒတရား)ကို မိန့်မှာတော်မူခဲ့၏။ ထို့နောက် မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ မြတ်စွာဘုရားရှင်သည် ဝိပါက်ကမ္မဇရုပ်မျှ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၍ ဒုက္ခဘဝသိမ်း ချုပ်ငြိမ်းတော်မူသည်။

## တေဇောဓာတ် လောင်ကျွမ်းခြင်း

မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်ကို အင်ကြင်းဥယျာဉ်အတွင်း၌ပင်လျှင် ခြောက်ရက်တိုင်တိုင် ပန်း နံ့သာ တူရိယာတို့ဖြင့် ပူဇော်ကြကုန်၏။ ခုနစ်ရက်မြောက်သောနေ့၌ ဥတုဇရုပ်ကလာပ်ကို မြို့၏တောင်ဘက်လမ်းဖြင့် သယ်ဆောင်ပြီး မြို့၏တောင်အရပ်၌ မီးသင်္ဂြိုဟ်ရန် ဆုံးဖြတ်၍ မလ္လမင်း ရှစ်ဦးတို့ ချီမ,ကုန်၏။ နတ်များမကျေနပ်၍ ကြွစေခြင်းငှာ မတတ်နိုင်ကုန်။ အရှင်အနုရုဒ္ဓါမထေရ်အား မေးလျှောက်ရာ နတ်တို့၏အလိုဆန္ဒမှာ ဥတုဇရုပ်ကလာပ်တော်ကို ကုသိနာရုံမြို့၏ မြောက်ဘက်လမ်းမှ သယ်ဆောင်၍ မြောက်ဘက်တံခါးမှ မြို့တွင်း သွင်းပြီးလျှင် မြို့လယ်လမ်းအတိုင်း အရှေ့တံခါးသို့ထွက်၍ မြို့၏အရှေ့ မကုဋဗန္ဓနစေတီဌာန၌ မီးသင်္ဂြိုဟ်လိုကြကြောင်း မိန့်ကြားတော်မူ၏။

နတ်တို့၏ အလိုဆန္ဒအတိုင်းပင် ဥတုဇ ရုပ်ကလာပ်တော်ကို သယ်ဆောင်၍ မကုဋဗန္ဓနစေတီဌာန၌ ထားကုန်၏။

## ဓာတ်တော်ဝေခန်း

မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်ကို တေဇောဓာတ်(မီး) လောင်ကျွမ်းရာ ခုနစ်ရက်ကြာသောအခါ ကောင်းကင်မှ ရေလုံးများ စီးဆင်းလာ၍မီးငြိမ်းလေ၏။ မြတ်စွာဘုရား၏အရိုးတော်၊ အသားအရေ၊

**အသေ့းတော်တို့သည် အောက်ပါအတိုင်း ဓာတ်တော်သုံးမျိုးဖြစ်၍ ကြွင်းကျန်ခဲ့လေသည်။**

| **အရွယ်ပမာဏ** | **အရောင်** | **အခြင်** |
|---|---|---|
| ၁။ မုံညင်းစေ့ | မြတ်လေးပန်းငုံ | ၆-ပြည် |
| ၂။ ဆန်ကျိုး | ပုလဲအဆင်း | ၅-ပြည် |
| ၃။ ပဲနောက်စေ့ | ရွှေအဆင်း | ၅-ပြည် |

ထို့ပြင် မပြိုမကွဲပဲ မူလအတိုင်းတည်သော အသမ္ဘိန္နဓာတ်တော်များမှာ စွယ်တော် ၄-ဆူ၊ ညှပ်ရိုးတော် ၂-ဆူ၊ နဖူးသင်းကျစ်တော် ၁-ဆူတို့ ဖြစ်ကြသည်။မလ္လမင်းတို့သည် ဓာတ်တော်များကို မြို့လယ်ရှိမင်းကွန်းသို့ ပင့်ဆောင်၍ ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပသည်။ထိုအခါ မြတ်စွာဘုရားရှင်၏ဓာတ်တော်ကို ဝေစုရလိုသဖြင့် အောက်ဖော်ပြပါ ခုနစ်ပြည်ထောင်မင်းတို့သည် စစ်အင်္ဂါခင်းကျင်း၍ ကုသိနာရုံမြို့ကို ဝန်းရံကုန်၏။

| | |
|---|---|
| ၁။ ရာဇဂြိုဟ်ပြည် | အဇာတသတ်မင်း |
| ၂။ ဝေသာလီပြည် | လိစ္ဆဝီမင်းများ |
| ၃။ ကပိလဝတ်ပြည် | သာကီဝင်မင်းများ |
| ၄။ အလ္လကပ္ပပြည် | ဗုလိမင်းများ |
| ၅။ ရာမဂ္ဂါမ | ကောလိယမင်းများ |
| ၆။ ဝေဌဒီပကတိုင်း | အုပ်ချုပ်သောပုဏ္ဏား |
| ၇။ ပါဝါပြည် | မလ္လမင်းများ |

ကုသိနာရုံပြည် မလ္လာမင်းတို့သည်လည်း မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်တို့ကို လုံးဝမပေးနိုင်ကြောင်း ပြန်ကြား၍ စစ်တိုက်ရန် ပြင်ဆင်ကြကုန်၏။ ထိုအချိန်တွင် ဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီး၏

**ဖြန့်ဖြေမှုကြောင့် ရှစ်ပြည်ထောင်မင်းတို့သည် ဓာတ်တော်များကို ရှစ်ပုံပုံ၍ အညီအမျှ ခွဲဝေယူကြရန် သဘောတူညီကြလေသည်။**

ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်ဝေငှရန် ရွှေတလားယူဖွင့်၍ ရှစ်ပြည်ထောင်မင်းတို့ မြတ်စွာဘုရား၏ ဓာတ်တော်များကို ကြည့်ပြီး မျက်ရည်တွေတွေစီးဆင်းကာ ငိုကြွေးနေကြစဉ် လက်ယာအထက် စွယ်တော်ကိုဆံပင်ကြား၌၊ လက်ယာအောက်စွယ်တော်ကို ခြေပေါ်၌၊ လက်ဝဲစွယ်တော်နှစ်ဆူကို ပုဆိုးကြား၌ ဝှက်ထားလေသည်။ လက်ယာအထက်စွယ်တော်ကို တာဝတိံသာနတ်ပြည်သို့ သိကြားမင်းပင့်ဆောင်၍ စူဠာမဏိစေတီ၌ဌာပနာထားလေသည်။ လက်ယာအောက်စွယ်တော်ကိုနဂါးမင်းတို့ပင့်ဆောင်၍ နဂါးပြည်၌စေတီတည်ထားကိုးကွယ်ကြလေသည်။ လက်ဝဲအထက်စွယ်တော်ကို ရဟန္တာအရှင်တို့ ဂန္ဓာရတိုင်းသို့ ပင့်ဆောင်သွား၍ ယခုအခါ တရုတ်ပြည်သို့ ရောက်ရှိ အပူဇော်ခံလျက်ရှိသည်။ လက်ဝဲအောက်စွယ်တော်ကို ရဟန္တာအရှင်ခေမာသည် ကလိင်္ဂတိုင်းသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ရာ ယခုအခါ သီဟိုဠ်ကျွန်းသို့ ရောက်ရှိအပူဇော်ခံလျက် ရှိသည်။

ဒေါဏ ပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်နှစ်ပြည်စီ အညီအမျှဝေပေးပြီးနောက် မိမိဝှက်ထားသောနေရာ၌ စွယ်တော်များကိုရှာဖွေရာ မတွေ့သဖြင့် ဓာတ်တော်ခြင်သော ပြည်တောင်းကိုသာ ယူဆောင်၍ စေတီတည်ထား ကိုးကွယ်ရလေသည်။

ပိပ္ပလိနတိုင်းမှ မောရိယ မင်းတို့သည်လည်း ဓာတ်တော်ဝေစုရရန် အမြန်လာရောက်ကြသော်လည်း နောက်ကျနေသဖြင့် တေဇောဓာတ်လောင်ရာအရပ်မှ မီးသွေးများကို ယူဆောင်သွား၍ စေတီတည်ထား ကိုးကွယ်ကြရကုန်၏။

## ပထမသင်္ဂါယနာတင်ခြင်း

ဓာတ်တော်ဝေပွဲ ပြီးသောအခါ သံဃာ့ဥသျှောင် မဟာထေရ်ကြီးများစည်းဝေး၍ ဓမ္မဝိနယကို သင်္ဂါယနာတင်ရန် ဆုံးဖြတ်တော်မူကြ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်မင်း၏ အစောင့်အရှောက်၊ အထောက်အပံ့ကို ခံယူ၍ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်နံရံ စရည်းပင် ရောက်ရာ လိုဏ်ဂူ၌ ပထမသင်္ဂါယနာတင်ပွဲကို အရှင်မဟာကဿပထေရ် ကြီးမှူးသော ရဟန္တာ ၅၀၀-တို့သည် ၇-လတိုင်တိုင်ကျင်းပဆောင်ရွက် တော်မူကြသည်။ အရှင်မဟာကဿပထေရ်က မေး၍ ဝိနည်းပိဋကကို အရှင်ဥပါလိ၊သုတ္တန်နှင့်အဘိဓမ္မာပိဋကကိုအရှင်အာနန္ဒာတို့ကရှင်းလင်း ဖြေဆိုတော်မူကြသည်။ဘုရားဟောတရားများကို ကျက်မှတ်၍ လွယ်ကူ စေရန် နီးစပ်ရာ၊သဘောတူရာ စုပေါင်း၍ ပိဋကသုံးပုံ၊ နိကာယ်ငါးရပ် စသည်ဖြင့်စနစ်တကျစီစဉ်တော်မူခဲ့ကြသည်။ ဘုရားဟောတရားတော်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမပြုပဲ မူရင်းအတိုင်းသာလျှင် ထားတော်မူကြသည်။ အရှင်မဟာကဿပထေရ်နှင့် အဇာတသတ်မင်း ကြီးတို့ တိုင်ပင်ညှိနှိုင်း၍ ဘိုးတော် အဥ္စနမင်း ထားခဲ့သော မဟာ သက္ကရာဇ် ၁၄၈-ကိုချေ၍ ၁-ခုကြွင်းပြုပြီးလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော နှစ်မှစ၍ သာသနာတော်နှစ်နှင့် ကောဇာနှစ်ကိုညှိနှိုင်း၍ ၁-နှစ်ဟု စတင်ရေတွက်စေသည်။

## ဓာတ်တော်များ ဝှက်ထားခြင်း

အရှင်မဟာကဿပမထေရ်ကြီးသည် “အဇာတသတ်မင်း၏ နောက်၌ ပေါ်ပေါက်လာမည့် ဘုရင်များသည် သာသနာတော်ကို နှောင့်ယှက် ဖျက်ဆီးကြလတ္တံ့၊ဓာတ်တော် မွေတော်တို့ကိုလည်း ဖျက်ဆီးကြလတ္တံ့၊ ဓာတ်တော်များကို လျှို့ဝှက်သိမ်းဆည်းထားခဲ့၍ အသောကမင်းတရား သည် ထုတ်ယူပင့်ဆောင်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံး ပျံ့နှံ့အောင် ဆောင်ရွက်လတ္တံ့” ဟု မြင်တော်မူ၏။ ထို့ကြောင့် အရှင်မဟာကဿပ ထေရ်သည် အဇာတသတ်မင်းကြီးကို လျှို့ဝှက်ဓာတ်တော်တိုက်ကြီးတခု ဆောက်လုပ်စေသည်။

အဇာတသတ်မင်းကြီးသည် ရာဇဂြိုဟ်မြို့၏ အရှေ့တောင်ထောင့်၌ အတောင်ရှစ်ဆယ်နက်သော တွင်းကြီးကိုတူးစေ၏။ထိုတွင်းမှ ရရှိသော

**မြေများကို အုတ်ပြုလုပ်၍ မဟာသာဝကကြီးတို့၏ စေတီအဆူဆူကို တည်ထားလေသည်။ ဓာတ်တော် လှူဝှက်မြှုပ်နှံရာဟု မသိစေပဲ** မဟာသာဝကကြီးများ၏ စေတီတော်များ တည်ထားပြုလုပ်သည်ဟု ပြည်သူတို့အား အသိပေးထားလေသည်။

အရှင်မဟာကဿပမထေရ်သည်ကုသိနာရုံပြည်၊ပါဝါပြည်စသည်တို့မှ ဓာတ်တော်မွေတော်များကိုယူဆောင်၍ အဇာတသတ်မင်းကြီးအား ပေးအပ်ပြီးလျှင် လှူဝှက် မြှုပ်နှံ ဌာပနာစေသည်။ ထိုဓာတ်တော် မြှုပ်နှံရာအရပ်၌ ကျောက်စေတီငယ်တဆူကို အထိမ်းအမှတ်အဖြစ် တည်ထားခဲ့လေသည်။သာသနာတော်နှစ် ၂၁၈-ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး နန်းတက်တော်မူသောအခါ ထိုဓာတ်တော်များကို တူးဖော်ယူ၍ စေတီတော်ပေါင်း ၈၄၀၀၀- တည်ထားရာ၌ ဌာပနာတော်မူခဲ့သည်။

## ဒုတိယသင်္ဂါယနာတင်ခြင်း

သာသနာတော်အနှစ် ၁၀၀-ပြည့်သောအခါ ဝေသာလီပြည်တွင် ဝဇ္ဇီပုတ္တကရဟန်းတို့သည် ဝိနည်းတရားတော်ကို မိမိတို့စိတ်ကြိုက်ပြင်ဆင်ဖြည့်စွက်ကြကုန်၏။ ထိုသို့ ပြင်ဆင်ဖြည့်စွက်မှုကို တားဆီးကာကွယ်ရန်အတွက် အရှင်မဟာယသအမှူးပြုသော ရဟန္တာ ၇၀၀-တို့သည်ဝေသာလီပြည်၊ ဝါလိကာရုံကျောင်း၌ ဒုတိယအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

## တတိယသင်္ဂါယနာတင်ခြင်း

သာသနာတော်နှစ် ၂၁၈-ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်ကို ကြည်ညို၍ အတိုင်းမသိလှူဒါန်းထောက်ပံ့ရာ ပစ္စည်းလာဘ်လာဘကို တပ်မက်သော တိတ္ထိတက္ကတွန်းတို့သည် မိမိဘာသာသက်နိုးဝတ်၍ ရဟန်းယောင်ဆောင်ကြကုန်၏။ ရဟန်းကောင်းတို့နှင့် ရောနှောနေထိုင်ကြကုန်၏။သာသနာတော်နှစ် ၂၃၅-ခုနှစ်တွင် ရဟန်းတု ရဟန်းယောင်များကို ဘုရင့်အာဏာဖြင့် လူထွက်စေသည်။ အရှင်မဟာ

မောဂ္ဂလိပုတ္တတိဿအမှူးပြုသော ရဟန္တာမထေရ် ၁၀၀၀-တို့သည် ပါဋလိပုတ်ပြည် (ပတ္တနား) အသောကာရုံကျောင်းတော်၌ တတိယသင်္ဂါယနာ တင်တော်မူခဲ့ကြလေသည်။

## ဘုရားဖူးရန်ဌာနများ

ဗုဒ္ဓဂယာသို့ဝင်တို့သည် မဟာဗောဓိပင်ရှိရာနေရာတော်၌ မြတ်စွာဘုရား ပွင့်တော်မူခဲ့သော အထက်ဖော်ပြပါ ဌာနလေးဌာနသို့ကား မလွဲမသွေ ဘုရားဖူးသွားရောက်သင့်ပေသည်။ ထို့ပြင် မြတ်စွာဘုရား ကြွမြင့်စွာ သီတင်းသုံးခဲ့သော နေရာဌာနများနှင့် သင်္ဂါယနာတင်ခဲ့သော နေရာဌာနများသို့လည်း အချိန်ရ၍ ခရီးလမ်းပန်း အဆင်ပြေပါက သွားရောက်ဖူးမြော်သင့်ပါသည်။ ၎င်းတို့မှာ—

**၁။ ရာဇဂြိုဟ်။** ။မြတ်စွာဘုရားရှင် ၅-ဝါ သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ကြီး ၁၈-ရပ်နှင့် ပထမသင်္ဂါယနာ တင်ရာဌာန။

**၂။ နာလန္ဒာ။** ။မြတ်စွာဘုရား ကြိမ်ဖန်များစွာ ကြွရောက်တော်မူခဲ့ဖူး၍ အရှင်သာရိပုတ္တရာ ဖွားမြင်ရာအရပ်၌ တည်ဆောက်ထားသော နာလန္ဒာ တက္ကသိုလ်ကျောင်းတော်ရာ။

**၃။ ပတ္တနား။** ။မြို့သစ်တည် အခမ်းအနားသို့ မြတ်စွာဘုရား ကြွရောက်ချီးမြှင့်တော်မူခဲ့သော ပတ္တနား(ပါဋလိပုတ်) မြို့နှင့် တတိယသင်္ဂါယနာတင်ရာ အသောကကျောင်းတော်ရာ။

**၄။ ဝေသာလီ။** ။မြတ်စွာဘုရားရှင် ကြိမ်ဖန်များစွာ သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ရာနှင့် ဒုတိယသင်္ဂါယနာ တင်ရာဌာန။

**၅။ သာဝတ္ထိ။** ။မြတ်စွာဘုရားရှင် ၂၅-ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သော ဇေတဝန် ကျောင်းတော်ရာ။

၆။ **ကပိလဝတ်။** ။ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ၁၃-နှစ်တိုင်တိုင် နန်းစံခဲ့သော မြို့တော်ဟောင်းနှင့် (နီပေါနိုင်ငံ) မြတ်စွာဘုရားရှင် ၁၅-ဝါမြောက်၌ ဝါကပ်တော်မူခဲ့သည်။

၇။ **သင်္ကဿနဂိုရ်။** ။မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်ကြွမြန်းတော်မူသောအခါ စောင်းတန်းလှေကားဦးတည်ရာဌာန။

၈။ **ကောသမ္ဗီ။** ။မြတ်စွာဘုရား နဝမဝါ ကပ်တော်မူရာဌာန။

ယို့ထက်ပိုမို၍ အချိန်နှင့် ငွေကြေး တတ်နိုင်သူများကမူ မြတ်စွာဘုရားနှင့် တိုက်ရိုက်ဆက်စပ်မှု မရှိသော်လည်း ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းနှင့် အနုပညာယဉ်ကျေးမှု လေ့လာရန်အတွက် အောက်ဖော်ပြပါ ဌာနများသို့လည်း သွားရောက်လေ့ရှိကြသည်။

၁။ **ဆန့်ချိစေတီတော်။** ။အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်တွေ့ရှိရသောစေတီကြီး။

၂။ **အဂျန္တာဂူ။** ။ကျောက်တောင်ကို ထွင်းယုထားသော ကမ္ဘာ့အံ့ဩဖွယ် လိုဏ်ဂူများနှင့် ရုပ်တုတော်များ။

၃။ **အယ်လိုရာဂူ။** ။ကျောက်ထွင်းဂူနှင့် ရုပ်တုတော်များ။

၄။ **ဗရာဗရ်ဂူ။** ။ဘာနေမိဂူ၊ ကာလိဂူ စသည်။

၅။ **ဂန္ဓာရတိုင်း။** ။တက္ကသိုလ်မြို့တော်ဟောင်း(ပါကစ္စတန်နိုင်ငံ)။

အထက်ဖော်ပြပါ ဌာနများအနက် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ အများဆုံး သွားရောက်လေ့ရှိသော ဌာနများမှာ—

၁။ ဗုဒ္ဓဂယာ၊

၂။ မိဂဒါဝုန် (ဗာရာဏသီ)၊

၃။ သာဝတ္ထိ၊

၄။ လုမ္ဗိနီ (နီပေါနိုင်ငံ)၊

၅။ ကုသိနာရုံ၊

၆။ ပဋ္ဌနား၊

၇။ နာလန္ဒာ၊

၈။ ရာဇဂြိုဟ်တို့ ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းမှာ ဗုဒ္ဓနှင့်စပ်ဆိုင်သောနေရာဌာနများပေါ်၌ အခြားဘာသာဝင်များက အဆောက်အအုံများ ဆောက်လုပ်ထား သဖြင့် ဘုရားဖူးရန် နေရာဌာနများစွာမရှိတော့ချေ။ သွားရောက်လို ပါက ပဋ္ဌနားမြို့၏ တဘက်ကမ်း၌ တည်ရှိသဖြင့် ပဋ္ဌနားမှတဆင့် သွားနိုင်ပါသည်။ ၁၉၈၂-ခုနှစ်တွင် ဂင်္ဂါမြစ်ကူးတံတားကြီး ပြီးစီး တော့မည် ဖြစ်၍ သွားရန် ပိုမိုလွယ်ကူမည် ဖြစ်ပါသည်။ ကပိလဝတ္ထု မြို့တော်ဟောင်းမှာ နီပေါနိုင်ငံအတွင်း၌တည်ရှိ၍ လုမ္ဗိနီနှင့် ၁၀-မိုင် ခန့်သာဝေးကွာသဖြင့် လုမ္ဗိနီမှတဆင့်ဆက်လက်သွားနိုင်ပါသည်။ သို့ရာ တွင် ကပိလဝတ္ထုမြို့တော်ဟောင်းမှာ ရာဇဝင်သမိုင်းအထောက်အထား အတွက်သာ တန်ဖိုးရှိ၍ ဘုရားဖူးသက်သက် သွားရောက်လိုသူများ အနေဖြင့် သွားလေ့သွားထ မရှိကြချေ။

သင်္ကဿနဂိုရ်မှာ အခြားသောနေရာများနှင့် နီးစပ်မှုမရှိပဲ တဌာန တည်း သီးခြားတည်ရှိ၍ သွားရေးလာရေး မလွယ်ကူသည့်အပြင် တောပိုင်းကျသဖြင့် မြန်မာဘုရားဖူးအနည်းစုသာ သွားလေ့ရှိကြသည်။

ကောသမ္ဗီမှာ ယခုခေတ်အခေါ် အလ္လာဟာဗဒ်မြို့၌ တည်ရှိ၍ ဗာရာ ဏသီမှတဆင့် နေ့ချင်းပြန် သွားရောက်နိုင်သည်။

ဆန်ချီစေတီတော်နှင့် အဂျန္တာဂူ အစရှိသော လိုဏ်ဂူများမှာ ဗိသု ကာဆိုင်ရာ အနုပညာဝါသနာပါသူများသာ သွားရောက်လေ့လာ ကြပါသည်။ ဘုရားဖူးရန် သက်သက်အတွက် ဆိုပါမူ မြတ်စွာဘုရား ဟောတော်မူသည့် သံဝေဇနီယဌာန လေးဌာနနှင့် ထိုလေးဌာနသို့ သွား ရောက်ရာ လမ်းခရီးတွင် တည်ရှိသော သာဝတ္ထိ၊ ပဋ္ဌနား၊ ရာဇဂြိုဟ် နှင့် နာလန္ဒာတက္ကသိုလ် ကျောင်းတော်ရာများသို့ သွားရောက်ဖူးမြော် ရလျှင် မြန်မာဘုရားဖူးများအတွက် လုံလောက်ပြီဟု ဆိုနိုင်ပါသည်။

## အခန်း (၂)

## အိန္ဒိယနိုင်ငံ သမိုင်းဝင် စေတီတော်နှင့် ကျောင်းတော်ရာများ

# ဗုဒ္ဓဂယာ

**တည်နေရာ**

ဂယာမြို့အနီး၌ တည်ရှိမှုကို အစွဲပြု၍ ဗုဒ္ဓဂယာဟု အမည်တွင်သည်။ ဂယာမြို့သည်လည်းဂယာမြစ်ကိုအစွဲပြု၍ဖြစ်ပေါ်လာ၏။ဟိန္ဒူပြာဟ္မဏတို့၏ အယူဝါဒ၌ ဂယာမြစ်သည် အလွန်မြင့်မြတ်၏။ ထိုမြစ်ရေဖြင့်ဆေးကြော(ရေချိုး)ပါက မကောင်းမှုအကုသိုလ်ကံများစင်ကြယ်သည်ဟု ယူဆကြသည်။ ဂယာမြို့နှင့် ဗုဒ္ဓဂယာသည် ၇-မိုင် (၁၂-ကီလိုမီတာ) ကွာဝေးသည်။ ဂယာမြို့သည် ဒိစတြိတ်မြို့ကြီးဖြစ်၍ ဗိဟာပြည်နယ်အတွင်း၌ တည်ရှိသည်။ ရှေးခေတ်က မဂဓတိုင်းဟုခေါ်၍ ယခုအခါ ဝိဟာရ (=ဗိဟာ) ခေါ် ဘုန်းကြီးကျောင်းများ လွန်စွာပေါ်များသဖြင့် ဗိဟာပြည်နယ်ဟုခေါ်ကြသည်။ဗိဟာပြည်နယ်၏မြို့တော်မှာ ပတ္တနား (ပါဋလိပုတ်) မြို့ ဖြစ်သည်။

**လမ်းပန်းဆက်သွယ်မှု**

ကလကတ္တားမြို့မှ ဂယာမြို့သို့ မီးရထားခရီး ၄၅၈-ကီလိုမီတာ ကွာဝေး၍ ကလကတ္တားမှ ည ၈-နာရီရထားကို စီးနင်းလိုက်ပါလာပါက ဂယာမြို့သို့ နံနက် ၄-နာရီအချိန်တွင် ရောက်နိုင်သည်။ သို့မဟုတ် ကလကတ္တားမှ ကားလမ်းခရီးဖြင့် လာပါက ၄၈၀-ကီလိုမီတာ ကွာဝေး၍ ၈-နာရီ၊ ၁၀-နာရီခန့်ကြာသည်။ ထို့ထက်ပို၍အမြန်ကြိုက်ပါက ကလကတ္တားမြို့မှ ပတ္တနားမြို့သို့ လေယာဉ်ဖြင့်သွား၍ ပတ္တနားမှ ၁၂၀-ကီလိုမီတာကွာဝေးသော ဗုဒ္ဓဂယာသို့ တက္ကဆီကားဖြင့် သွားနိုင်ပါသည်။

## ဖူးမြော်လေ့လာရန်ဌာနများ

**၁။ မဟာဗောဓိစေတီတော်။** ။သီရိဓမ္မာသောက မင်းကြီး စတင် တည်ထားကိုးကွယ်ခဲ့၍ ဗုဒ္ဓဘာသာဝင်တို့ ဆက်လက်ပြုပြင်ခဲ့သည်။လက်ရှိစေတီတော်မှာ အေဒီ ၇-ရာစုက တရုတ်ရဟန်းတော် ဟူယင်ဆန် ဖူးတွေ့ခဲ့ရသည့် ပုံအတိုင်း ဖြစ်သည်။

**၂။ ဗောဓိပင်။** ။မူလ မဟာဗောဓိပင်ကို အစားထိုး စိုက်ပျိုးထားသည်။စေတီတော်၏အနောက်ဘက်၌ တည်ရှိသည်။

**၃။ အပရာဇိတပလ္လင်။** ။ဝဇီရာသနဟုလည်းခေါ်သည်။စေတီတော်နှင့် ဗောဓိပင်အကြား၌ တည်ရှိသည်။ ထိုပလ္လင်ပေါ်၌ ထိုင်တော်မူလျက် မြတ်စွာဘုရားသည် မာရ်နတ်သားကို အောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

**၄။ သတ္တဌာန။** ။ခုနစ်ဌာန။

(က) ဗောဓိပင်နှင့် ပလ္လင်တော်။
(ခ) အနိမိသ စေတီတော်။
(ဂ) ရတနာစင်္ကြံတော်(စင်္ကြံနန်း)။
(ဃ) ရတနာဃရ(ရွှေအိမ်)။
(င) အဇပါလနိဂြောဓ(ဆိတ်ကျောင်းညောင်ပင်)။
(စ) မုစလိန္ဒအိုင်(ကျည်းပင်အိုင်)။
(ဆ) ရာဇာယတန(လင်းလွန်းပင်)။

**၅။ ကျောက်လက်ရန်း။** ။စေတီတော်ပတ်လည်၌ ရှိသည်။

**၆။ စေတီငယ်များ။** ။စေတီတော်ဝင်းအတွင်း အနှံ့အပြားရှိသည်။

**၇။ ပဥ္စပဏ္ဏဝဘုရားကျောင်း။** ။စေတီတော်၏ အရှေ့ဘက် အဝင်ဗယ်ဘက်၌ ရှိသည်။ ဗောဓိသတ္တဘုရားလောင်းရုပ်တုများ ရှိသည်။

၈။ **သပေါဝ်စိ။** ။မဟန်ခေါ် ဟိန္ဒူဘုန်းကြီးသင်္ချိုင်း၊ ပဥ္စပဏ္ဍဝဘုရားကျောင်းနှင့် ကပ်လျက်ရှိသည်။

၉။ **ဘုန်းကြီးကျောင်းအုတ်ခုံ။** ။စေတီတော်၏ အနောက်တောင်ထောင့်၌ ရှိသည်။ သီဟိုဠ် ဘုရင် မေဃဝဏ္ဏ ဆောက်လုပ်လှူဒါန်းခဲ့သည်။

၁၀။ မင်းတုန်းမင်းဇရပ်။

၁၁။ မဟန့်၏ နန်းတော်။

၁၂။ နေရဉ္ဇရာမြစ်။

၁၃။ သုဇာတာ အိမ်နေရာ။

၁၄။ သုဇာတာ ဃနာနို့ဆွမ်းကပ်သည့် နေရာ။

၁၅။ ဘုရားအလောင်းတော် ဆွမ်းဘုဉ်းပေးသည့်နေရာ။

၁၆။ ရွှေခွက်မျှောသည့် နေရာ။

၁၇။ ဉရုဝေလရွာ ကျောင်းသင်္ခမ်း။

၁၈။ ဒုဂ္ဂေဏ္ဍရစရိယာကျင့်ရာဂူ။

## ၁။ မဟာဗောဓိစေတီတော်

ဤမဟာဗောဓိစေတီတော်ကိုအစွဲပြု၍ ဤဒေသတစ်ဝိုက်ကို ဗုဒ္ဓဂယာဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ဘုရားဖူးများနှင့် လေ့လာသူပညာရှင်များသည် ဤစေတီတော်ကို တကြိမ်ဖူးမြင်လိုက်ရပါက စိတ်ထဲ၌ စွဲငြိသွား၏။ ဖူးမြော်၍မဝ၊ အကြိမ်ကြိမ်လာရောက်ဖူးမြော်ကြည့်ရှုလိုကြသည်။ ရန်သူတို့ အကြိမ်ကြိမ် ဖြိုဖျက်သော်လည်း မပြိုပျက်ပဲ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်သော စေတီတော်ကြီး။ ထည်ဝါ ခန့်ညားလှသည့် အပြင် အနုပညာလက်ရာလည်း မြောက်လှပေသည်။ ဤပုံစံကို မည်မျှ လူကြိုက်များသနည်း။ အိန္ဒိယနိုင်ငံအနှံ့အပြား၌မဟာဗောဓိစေတီပုံ အရွယ်အမျိုးမျိုးတည်ကြသည်။ အေဒီ ၁၃-ရာစုနှစ်က မြန်မာနိုင်ငံ ပုဂံပြည်၌ပင်လျှင်

မဟာဗောဓိပုံတော် စေတီ တည်ခဲ့ကြသည်။ ယခုလည်း ဤပုံတော်ကို အတုယူ တည်ကြဆဲပင်။ သို့သော်လည်း မူလမဟာဗောဓိစေတီကဲ့သို့ ကျောက်တုံးတို့ဖြင့် မတည်ဆောက်နိုင်ကြ၊ဆင်တူယိုးမှားမျှသာ လုပ်နိုင်ကြ၍ မူလပုံတော်နှင့် တထပ်တည်း တူပါသည်ဟု ဆိုရလောက်အောင် မည်သူမျှ မပြုလုပ်နိုင်ကြသေးချေ။

စေတီတော်မှာ လေးထောင့်ပုံဖြစ်၍ အထက်ဘက်သို့ တဖြည်းဖြည်း ရှူးသွားသည်။စေတီတော်၏လည်ပင်း (ဖောင်းရစ်)ကို ပွတ်လုံးပုံ ဖော်ထားသည်။ ထို့နောက် ပင်နီယံတီးကြီးအထက်၌ ခတ်တော်ကြုတ်ပုံ၊ ထိပ်ဆုံးတွင် ကျောက်သားဖြင့်ထုလုပ်ထားသော လင်ဗန်းထီးတင်ထားသည်။စေတီတော်ကြီး၏ ပထမပစ္စယာထောင့်လေးထောင့်၌ တည်ထားသော စေတီရန်လေးဆူမှာလည်း စေတီတော်ကြီးနှင့် တပုံစံတည်း ဖြစ်သည်။ကုလားကျောင်းကန်ပုံပထမပစ္စယာထည့်ထားသဖြင့် စေတီတော်ကြီးမှာ ရှည်မျောမျော မဖြစ်တော့ပဲ အချိုးအစား ကျစေပါသည်။

စေတီတော်ကြီး၏ ဘေးပတ်လည် လိုဏ်ငယ်များ၌ ဗုဒ္ဓရုပ်တုနှင့် ဗောဓိသတ္တရုပ်တုများ ရှိသည်။ကာဠီဒေဝီအစရှိသော ဟိန္ဒူနတ်ရုပ်များကိုလည်း ကြိုးကြားကြိုးကြားတွေ့ရသည်။ဟိန္ဒူဘာသာဝင် ဘုရင်များ အုပ်စိုးစဉ်က ထားရှိခဲ့ခြင်း ဖြစ်နိုင်စရာရှိသည်။ သို့မဟုတ် မဟာယာန ဗုဒ္ဓဘာသာဝင်များ ထုလုပ်ကိုးကွယ်ခဲ့ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ စေတီတော်ကြီး၌ လိုဏ်ကြီး ၂-ဆင့်ရှိ၍ စေတီတော်၏အလယ်ဗဟိုအထိ တည်ရှိသည်။ အရှေ့ဘက်မှ ဝင်ရသည်။ အောက်ထပ် လိုဏ်အဝင်အဝ၌ တောင်ဘက်နှင့်မြောက်ဘက်နံရံတွင် အပေါ်ထပ်သို့တက်သောလှေကား ၂-စင်းရှိသည်။လိုဏ်၏တဝက်လောက်၌အဖွင့်အပိတ်တံခါးကြီးရှိသည်။ လိုဏ်၏အတွင်းထပ်မှာ ခန့်မှန်းချေ ပေ၂ဝ-ပတ်လည်ခန့် ရှိပါသည်။ ပလ္လင်တော်မှာ တောင်မြောက်အလျား လိုဏ် အပြည့်တည်ရှိ၍ ၄-ပေခန့် မြင့်သည်။ ပလ္လင်တော်ပေါ်၌ ဉာဏ်တော် ၁ဝ-ပေခန့် ရှိသည့် တင်ပျဉ်ခွေ ရုပ်ပွားတော် ရှိပါသည်။

ရုပ်ပွားတော်၏ ရှေ့တည့်တည့် ၁၀-ပေခန့် အကွာ၌ သျှိဝလိင်ကြီး တခု တည်ရှိခဲ့ဖူးသည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးသောအခါ ဗုဒ္ဓဘာသာဝင်နိုင်ငံများ၏ တောင်းဆိုချက်အရ ထိုသျှိဝလိင်ကြီးကို ဖယ်ရှားခဲ့သည်။ သို့ရာတွင် ထိုသျှိဝလိင်ကြီး တည်နေရာ ကျောက်ငုတ်ကို ဟိန္ဒူဘာသာဝင်တို့ နေ့စဉ်လာရောက်ပူဇော်နေကြသည်။ သျှိဝလိင်များ ထောင်သောင်းချီရှိပါလျက် ထိုငုတ်တိုနေရာကိုမှ ဇွဲနဘဲကြီးစွာ လာရောက်ပူဇော်ကြသော ဟိန္ဒူဘုန်းကြီးများ၏ စိတ်ဓာတ်မှာ အံ့ဩစရာဖြစ်သည်။ မဟာဗောဓိစေတီတော်ကို ဗုဒ္ဓဘာသာဝင်တို့နှင့် ဟိန္ဒူဘာသာဝင်တို့ အတူတကွပိုင်ဆိုင်ကြသတဲ့။ အကြောင်းမှာ မြတ်ဗုဒ္ဓသည် ဗိဿနိုး၏ အဝတာရ(ကိုယ်ပွား)တခုဖြစ်သည်ဟု သူတို့ကဆို ကြသည်။ ထို့ကြောင့် မဟာဗောဓိစေတီတော်အုပ်ချုပ်ရေးအဖွဲ့၌ ဟိန္ဒူဘုန်းကြီး မဟန့်ကို ထည့်သွင်းထားရသည်။ နံနက်ခင်း ဘုရားရှိခိုးချိန်တွင် ဗုဒ္ဓဘာသာဝင်တို့က ဩကာသဖြင့် ကန်တော့ပန်းဆင်နေချိန်တွင် ဟိန္ဒူဘုန်းကြီးများကလည်း ဥုံဟရိဟရိ မန္တန်ရွတ်၍ ပူဇော်နေကြသည်။ ဘုရားဖူးပြီးနောက် ပြန်ထွက်လာသောအခါ ဂဲယာရိုလှေကားတခုခုဖြင့် အပေါ်ထပ်သို့ တက်နိုင်ပါသည်။ အပေါ်ထပ်(ပထမပစ္စယာ)မှာ ၁၀ ပေခန့် ကျယ်ပါသည်။ အရှေ့ဘက်မျက်နှာတွင် လိုဏ်ဂူတခုရှိ၍ အတွင်း၌ မင်းရုပ်တော် ဗောဓိသတ္တရုပ်ပွားတခု ရှိပါသည်။

စေတီတော်ကြီးမှာဖိနပ်တော် ၄၈-ပေ၊ ဉာဏ်တော်အမြင့် ၁၇၀-ပေ ရှိပါသည်။ မိုးရာသီ၌ နေရဉ္ဇရာမြစ်မှ ရေလွှမ်းမိုးမည်စိုးသဖြင့် မြေဖို့၍ ကာရံထားသော ဇေတီတော်တံတိုင်းပတ်လည်ရှိ မြေမျက်နှာပြင်သည် စေတီငုပ်ပြင်ထက် ၁၅-ပေခန့် မြင့်တက်လျက် ရှိပါသည်။

## ၂။ ဗောဓိပင်

မြတ်စွာဘုရားသည် ဗောဓိပင်ကို နောက်မှီပြု၍ ဗောဓိပင်ရင်းရှိ ပလ္လင်တော်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကြောင်း ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဗောဓိပင်သည် ဗုဒ္ဓဘာသာဝင်တို့ ရှိခိုးပူဇော်

ရမည့် စေတီ ၄-မျိုးအနက် ပရိဘောဂစေတီတော် ဖြစ်ပါသည်။ မူလ မဟာဗောဓိပင်မှာ သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်ကပင် ဖျက်ဆီးခြင်းခံခဲ့ရသည်။ သီရိဓမ္မာသောကမင်းကြီးသည် အချိန်ရှိသရွေ့ ဗောဓိပင်ကို သွားရောက်ဖူးမြော် ကြည်ညိုလေ့ရှိသည်။ မနာလိုမရှုစိမ့်သော မိဖုရားသည် ဘုရင်ကြီးမရှိခိုက် ခုတ်လှဲပစ်လိုက်သည်။ သီရိဓမ္မာသောကမင်းကြီးသည် ဗောဓိပင်၏ အမြစ်အငုတ်ကို နွားနို့ဖြင့်လောင်း၍ သစ္စာဓိဋ္ဌာန်ပြုရာ ဗောဓိပင်၏အမြစ်မှ အညွန့်ထွက်လာပြီး ဗောဓိပင်ကြီး အဖြစ် တည်ရှိခဲ့သည်။ သမိုင်းမှတ်တမ်းများအရ ဘင်္ဂါနိုင်ငံမှ ဟိန္ဒူဘုရင် သသံကသည် ဗောဓိပင်ကို ခုတ်လှဲပစ်လိုက်သည်။ သို့ရာတွင် ဗောဓိပင်၏ အမြစ်ငုတ်မှ တဖန် အညွန့်ထွက်လာခဲ့သည်။ ခရစ်နှစ် ၁၈၇၀-ပြည့်နှစ်၌ ကျောက်စာမင်းကြီးကံနင်ဟန်သည် ဗောဓိပင်အိုကြီး လဲသွားသဖြင့် ထိုအပင်ကြီးမှမျိုးစေ့ဖြင့် ပျိုးယူထားသော အပင်ငယ်ကို အစားထိုး စိုက်ပျိုးခဲ့သည်။ စေတီတော်၏ မြောက်ဘက် ပေ ၂၅၀-အကွာရှိ ညောင်ပင်မှာ ဟိန္ဒူဘာသာဝင်တို့ ကွယ်လွန်သော မိဘ ဘိုးဘွားများ(ပေတ)အား ထမင်းဆုပ်(ပိဏ္ဍ)ဖြင့် ကျွေးမွေးရာဌာန ဖြစ်သည်။

## ၃။ အပရာဇိတပလ္လင်

မဟာယာန ဗုဒ္ဓဘာသာဝင်တို့က ဝဇီရာသနဟု ခေါ်ကြသည်။ (ဝဇီရ=စိန်+အာသန=နေရာ)။လက်ရှိတွေ့ရသော ပလ္လင်မှာ ကျောက်တုံးဖြင့် ထုထား၍ အလျား ၇-ပေခွဲ×အနံ ၄-ပေ ၁၀-လက်မ၊အမြင့် ၃-ပေရှိ၍ ဗောဓိပင်နှင့် စေတီအကြား ခုံမြင့်ပေါ်၌ ရှိသည်။

## ၄။ သတ္တဋ္ဌာန

(က) ဗောဓိပင် (အမှတ်စဉ် ၂-၌ပြပြီး)။
(ခ) အနိမိသ စေတီ။

ဤ စေတီတော်နေရာ၌ မြတ်စွာဘုရားရှင်သည် ရပ်တော်မူလျက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ခုနစ်ရက်ပတ်လုံးတစိမ့်စိမ့်ရှုစားတော်မူသည်။

စေတီတော်၏ အရှေ့မြောက်ထောင့် ကုန်းမြင့်ပေါ်၌ တည်ရှိသည်။ ဉာဏ်တော် ၅၅-ပေ ရှိသည်။ အရှေ့ဘက်တွင် လိုဏ်မုခ်ရှိ၍ အထဲ၌ ဘုရားလောင်းရုပ်တု ရှိသည်။

(ဂ) ရတနာစင်္ကြံတော်

စေတီတော်ကြီးမြောက်ဘက်၌ အရှေ့အနောက် အလျား ၆၀-ပေ၊ အနံ ၄-ပေ၊ အမြင့် ၃-ပေရှိသော စင်္ကြံလမ်းတခုကို ရတနာစင်္ကြံ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည်။ယင်းအုတ်ခုံပေါ်၌ ခြေတော်ရာ အဖြစ် ကြာပွင့် ၁၉-ပွင့် ထုလုပ်ထားသည်။ စင်္ကြံ၏ မြောက်ဘက်၌ ကပ်လျက် အရှေ့အနောက်တန်းလျက်ရှိသော တိုင်ငုတ်များမှာ ယခင်က စင်္ကြံတော်အမိုး၏ တိုင်ငုတ်များ ဖြစ်ကြသည်။

(ဃ) ရတနာဃရရွှေအိမ်

စေတီတော်ကြီး၏ အနောက်ယွန်းယွန်း၌ ပေ ၃၀၀-ခန့် ကွာဝေးသည်။အမိုးမရှိ၊အုတ်နံရံမျှသာကျန်ရှိသောအုတ်တိုက်ငယ်တခုဖြစ်သည်။ ၁၄ပေ×၁၁ပေ ကျယ်သည်။ အဝင်တံခါးပေါက်သည် မြောက်ဘက်၌ ရှိသည်။ အထဲ၌ ဗောဓိသတ္တရုပ်တု ရှိသည်။

(င) အဇပါလနိဂြောဓ
ဆိတ်ကျောင်းညောင်ပင်

ယခုအခါ ဆိတ်ကျောင်းညောင်ပင် မရှိတော့ချေ။ထိုနေရာ အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်တခု ရှိခဲ့သည်။ ကျောက်တိုင်မှာ ကျိုးနေသဖြင့် ၁၂-ပေခန့်သာ မြင့်တော့သည်။ စေတီတော်ကြီး၏ အရှေ့မုခ်ဘည့်တည့် ပေ ၂၀၀-ခန့် အကွာ၌ တည်ရှိသည်။ အရှေ့မုခ် လှေကားအဆင်း အသယ်တည့်တည့်၌ တည်ရှိသည်။အချို့က နေရဉ္ဇရာမြစ် အရှေ့ဘက်ကမ်းရှိ ဟိန္ဒူဘုရား ကျောင်းဝိုင်းကို ဆိတ်ကျောင်းညောင်ပင်နေရာဟု ဆိုကြသည်။

(စ) မုစလိန္ဒအိုင်

ကျည်းပင်ကို မုစလိန္ဒဟု ခေါ်သည်။ မဟာဗောဓိ စေတီတော်၏ တောင်ဘက် ၁-မိုင်ခန့်အကွာ၌ရှိသော ရေကန်ငယ်ကို မုစလိန္ဒအိုင်ဟု ဆိုကြသည်။ ထိုအိုင်ကို ပတ်ဝန်းကျင်လူထုက မုစရိန်ဟုခေါ်နေကြခြင်းကို အစွဲပြု၍ မုစလိန္ဒအိုင်ဖြစ်သည်ဟု ဆိုကြသည်။သို့ရာတွင် အတည်မပြုနိုင်သေးချေ။ စေတီတော်ကြီး၏ အရှေ့တောင်ထောင့် တံတိုင်း အပြင်ဘက်၌ရှိသော ရေကန်ငယ်မှာ ရှေးခေတ်က အနီးအနားရှိ ရဟန်းတော်များသုံးစွဲရန် တူးဖော်ထားသော ချိုးရေကန်ဟုဆိုကြသည်။ သို့ရာတွင် အချို့က ထိုရေကန်ငယ်ကိုပင် မုစလိန္ဒအိုင်ဟု ဆိုကြသည်။

(ဆ) ရာဇာယတန

လင်းလွန်းပင်ကို ရာဇာယတနဟု ခေါ်သည်။ လင်းလွန်းပင်ရိပ်၌ မြတ်စွာဘုရားရှင်သည် သတ္တမခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားတော်မူသည်။ ၄၉-ရက်မြောက်သောနေ့၌ မြန်မာနိုင်ငံ ဥက္ကလာပမြို့မှ လှည်းကုန်သည် တပုဿနှင့် ဘလ္လိကတို့ ပေါက်ပေါက်ဆုပ်နှင့် အနုဆုပ်များ လှူဒါန်းဆက်ကပ်သော နေရာဖြစ်သည်။ ထိုနေရာတွင် အထိမ်းအမှတ်အဖြစ် အုတ်တိုက်ငယ်တခု တည်ရှိသည်။ အုတ်ခုံ ၄-ပေခန့်မြင့်၍ အုတ်နံရံမှာ ၃-ပေခန့် မြင့်သည်။၅-ပေခန့် ကျယ်ဝန်း၍ အမိုးမရှိချေ။ ထိုအုတ်တိုက်ငယ်၏ အရှေ့ဘက်၌ကပ်လျက် လင်းလွန်းပင်တပင်ကို မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီးလှအောင် စိုက်ပျိုးထားခဲ့သည်ကို တွေ့ရပါသည်။

## ၅။ ကျောက်လက်ရန်းများ

စေတီတော် ရင်ပြင်ပတ်လည်ကို ကျောက်လက်ရန်းများဖြင့် ကာရံထား၏။ကျောက်လက်ရန်းကို သဲကျောက်ဖြင့်ထုလုပ်ထား၍ အသောကမင်းကြီး၏ ကောင်းမှုတော်ဟု ဆိုကြသည်။ အချို့ကလည်း အသောကခေတ်ထက် အနည်းငယ် နောက်ကျသော သုင်ခေတ် လက်ရာများဟု ဆိုကြသည်။ကြာပွင့်များနှင့် ငါးရာငါးဆယ်ဇာတ်တော်များကို ထုလုပ်

ထားသည်။ ကောင်းမှုရှင်အမည်ကို ပြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည်။ အသောကမင်းကြီး၏ ကောင်းမှုတော် ကျောက်လက်ရန်းကို နှောင်းခေတ် ကုသိုလ်ရှင်တို့က အစားထိုး လှူခဲ့ပုံရသည်။

ကျောက်လက်ရန်းတိုင်များမှာ ၈-ပေမြင့်၍ ဘောင်တန်းလေးတန်း ပါရှိသည်။ စေတီတော်၏ တောင်ဘက်နှင့် အနောက်ဘက်တွင် ကောင်းမွန်စွာရှိ၍ မြောက်ဘက်နှင့် အရှေ့ဘက်မှာ မကျန်သလောက် ပျက်စီးနေပြီ ဖြစ်သည်။ ယခုအခါ ကျောက်လက်ရန်းအချို့ကို ပြတိုက်အတွင်း ရွှေ့ပြောင်းထားသည်။ အသောကမင်းလက်ရာမှာ ချောမွတ်ပြောင်လက်နေ၍ အစားထိုးထားသော လက်ရာမှာ ကြမ်းသည်။

## ၆။ စေတီငယ်များ

မဟာဗောဓိစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ဓာတ်တော်ကြုတ်ပုံ စေတီငယ်များစွာကို တွေ့နိုင်ပါသည်။ ကျောက်နက်ဖြင့် ထုလုပ်ထား၍ ချောမွတ် ပြောင်လက်နေသည်။ ဘုရားဖူး လာရောက်ကြသူများသည် ဘုရားဒကာ ခံယူလိုကြသဖြင့် ကုသိုလ်ပြုခဲ့ပုံ ရပါသည်။ အချို့သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များသည် ရောဂါဝေဒနာ ပျောက်ကင်းရန် အဓိဋ္ဌာန်ပြု၍ ကျောက်စေတီငယ်များလှူဒါန်းခဲ့ကြသည်ဟု ဆိုပါသည်။ သို့ရာတွင် အရှေ့တောင်ထောင့်ရှိ ကျောက်စေတီ ခပ်ကြီးကြီး ၂-ဆူမှာ ရဟန္တာခေါက်တော် ဌာပနာသည့် စေတီများ ဖြစ်နိုင်ပါသည်။

## ၇။ ပဉ္စပဏ္ဍဝဘုရားကျောင်း

ရင်ပြင်တော်ပေါ်၌ စေတီတော်ကြီးနှင့် ကပ်လျက် အရှေ့တောင်ထောင့်ရှိ အရှေ့အနောက် ဆောက်ထားသော ဘုရားကျောင်းကို ပဉ္စပဏ္ဍဝ ဘုရားကျောင်းဟု ခေါ်ကြသည်။ အကန့် ၂-ကန့် ခွဲထား၍ အတွင်း၌ ဗောဓိသတ္တ(ဘုရားလောင်း)နတ်ရုပ်များရှိသည်။မဟာယာန ဗုဒ္ဓဘာသာဝင်တို့ တည်ဆောက်ထားခဲ့ဟန် တူပါသည်။ မဟာဘာရတ ကျမ်း၌ပါရှိသော ပဏ္ဍဝမင်းသား ၅-ဦး (ပဉ္စပဏ္ဍဝ)အမည်ကို အနီး

**အနားရှိ ဟိန္ဒူဘာသာဝင်တို့က လွဲမှား၍ အမည်ပေးခဲ့ဟန်တူပါသည်။ စေတီတော်ကြီး၏အလှကိုဖျက်ဆီးနေသဖြင့် ရွှေ့ပြောင်းပေးလိုက်ပါက ဗုဒ္ဓဘာသာဝင်များက အမှန်ပင်ကျေးဇူးတင်ကြမည် ဖြစ်ပါသည်။**

## ၈။ သမာဓိ

ပဉ္စပဏ္ဍဝ ဘုရားကျောင်းနှင့် ကပ်လျက် တည်ရှိသည်။ မဟာဗောဓိ စေတီတော်ကြီးကို အပိုင်စီး အုပ်ချုပ်နေသော ဟိန္ဒူဘုန်းကြီး မဟန့် အဆက်အနွယ်မှ ဒုတိယ မဟန့်(ကျိုက်တညဂီးရ်)၏ သင်္ချိုင်းဖြစ်သည်။ သမာဓိအဓိပ္ပာယ်မှာ ဟိန္ဒူအယူဝါဒအရ လူ၏ဝိညာဉ်သည် ဗြဟ္မခေတ်ကြီး(ဗြဟ္မဝိညာဉ်တော်)အတွင်း နစ်မြုပ်ပေါင်းစပ် ရောနှောသွားခြင်း ဖြစ်သည်။ အာရုံငါးပါးကို လုံးဝမသိတော့ပဲ ဗြဟ္မာတခုတည်းကိုသာ သိနေခြင်းကို သမာဓိဟုခေါ်သည်။ ဟိန္ဒူဘုန်းကြီးနှင့် ဂျိန်းဘုန်းကြီး များသည် အသက်ရှူအောင့်ထားခြင်းကို တဖြည်းဖြည်း လေ့ကျင့်ယူသည်။ တမိနစ်အသက်အောင့်ရာမှ တနာရီ၊တနာရီအသက်အောင့်ရာမှ တရက်၊ တရက်မှ ခုနစ်ရက် စသည်ဖြင့် တဖြည်းဖြည်း ကြာရှည်စွာ အသက်အောင့်နိုင်လာသည်။ ခုနစ်ရက်ကြာအောင် နေနိုင်သောအခါ မြေတွင်းအောင်းကြသည်။အသက်ရှူရပ်နေသဖြင့် နှလုံးခုန်ခြင်းမှာဆရာဝန် နားကြပ်ဖြင့် နားထောင်စမ်းသပ်၍မျှ မရလောက်အောင် ညင်သာနေသည်။အချို့က နှလုံးသွေးရပ်နေသည်ဟု ဆိုကြသည်။ပြန်မထွက်တော့ပဲ အပြီးအစီး ဘဝကူးလိုသောအခါ ၄-ပေပတ်လည်ခန့်ကျယ်၍ လူတရပ်လွတ်လောက်သော အုတ်ဂူတခုပြုလုပ်စေ၏။ အုတ်ဂူအတွင်း၌ဘုန်းကြီး ဝင်ရောက်ထိုင်နေသောအခါ ဂူကို အလုံပိတ်ရသည်။ တလ၊ သို့မဟုတ် နှစ်လခန့်ကြာသောအခါ ဂူထိပ်မှအပေါက်ငယ်တခုဖောက်၍ ဆားများ အပြည့်လောင်းထည့်ပြီးပြန်ပိတ်လိုက်သည်။အချို့မှာ မသေမီ ကသာမဓိဝင်ခြင်း မဟုတ်ပဲ သေပြီးမှ အထက်ပါနည်းအတိုင်း ဂူသွင်းကြရသည်။ အမှန်စင်စစ်သမာဓိဆိုသည်မှာဟိန္ဒူဘုန်းကြီးများ၏သင်္ချိုင်းဖြစ်သည်။

## ၉။ ဘုန်းကြီးကျောင်းအုတ်ခုံ

**စေတီတော်ကြီး၏အနောက်တောင်ထောင့်၌ ရှိသည်။ အပေါ်ပိုင်း** လုံးဝမရှိတော့ပဲ အုတ်ခုံမျှသာကြွင်းကျန်သည်။ အေဒီ ၃-ရာစုက သီဟိုဠ်ဘုရင် မေဃဝဏ္ဏမင်း၏ ကောင်းမှုတော် ဖြစ်သည်။ ရှေးခေတ်က ဤ စေတီတော်ကြီး ပတ်လည်တွင် ဘုန်းကြီးကျောင်းတိုက်ကြီးများ တည်ရှိခဲ့၍ သံဃာတော်တသောင်းကျော် သီတင်းသုံးခဲ့သည်။

## ၁၀။ မင်းတုန်းမင်းဇရပ်တော်

မြန်မာနှစ် ၁၂၃၄-ခုနှစ်တွင် မင်းတုန်းမင်းကြီးဆောက်လုပ်လှူဒါန်းခဲ့သည်။ စေတီတော်ကြီး၏အနောက်ဘက်ရှိဇရပ်မှာ သီပေါမင်းကောင်းမှုဖြစ်သည်။ အင်္ဂလိပ်လက်ထက်က အနာဂါရိကဓမ္မပါလသည် ဟိန္ဒူဘုန်းကြီးမဟန့်နှင့်တရားတွေ့ရာ၌ ဤဇရပ်ပေါ်၌ တည်းခိုနေထိုင်ခဲ့၍ စေတီတော်ကြီးကို စောင့်ရှောက်ခဲ့ရသည်။ ယခုအခါ ဇရပ်ကြီးမှာ ပြိုပျက်နေ၍ သက်ဆိုင်ရာက ဖယ်ရှားလိုက်သဖြင့် မြေကွက်မျှသာ ကျန်တော့သည်။

ဤဇရပ်အပြင် မဟန့်နန်းတော်၏တောင်ဘက် ပေ ၆၀၀-ခန့်အကွာ၌ မင်းတုန်းမင်း၏ ဇရပ်ကြီးတဆောင် ရှိသေးသည်။ နှစ်ထပ်တိုက်ကြီးဖြစ်သည်။ ယခုအခါ မဟန့်က ထိုဇရပ်ကြီးကိုဖြိုဖျက်၍ မူလအုတ်ခုံပေါ်တွင် ပထပ်တိုက်အသစ်တလုံးဆောက်လုပ်ထားသည်။ ထိုကွင်းကြီးတခုလုံးကိုလည်း မဟန့်က အုတ်တံတိုင်းအသစ်ခတ်၍ သူပိုင်ခြံဝင်း အတွင်း သွတ်သွင်းလိုက်သည်။ ဇရပ်ကြီး၏နံဘေးတွင် ကျောက်စာတိုက်နှစ်ခုရှိသည်။ ကျောက်စာတိုက်များမှာ မြန်မာဆန်ဆန် စေတီပုံ အုတ်ပြာသာဒ်ငယ်များဖြစ်ကြသည်။ ဘကြီးတော်မင်းတရား၏ ကောင်းမှုတော်စာရင်း ရေးထိုးထားသော ကျောက်စာကို ထုချေဖျက်ဆီး၍ လက်စတုံးလိုက်သည်။ မင်းတုန်းမင်းကြီး၏ ကျောက်စာကိုမူ တဖြည်းဖြည်းဖျက်ဆီးရန် စာကြောင်းများကို ပွတ်တိုက် ဖျက်ဆီးထားသည်။ ယခုအတိုင်း အစောင့်အရှောက်ကင်းမဲ့နေပါက မကြာမီ မြန်မာ့သမိုင်းဆိုင်ရာ အဖိုးတန်ပစ္စည်းတခု ပျောက်ဆုံးရတော့မည်။

## ၁၁။ မဟန့် နန်းတော်

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့တောင်ဘက် ကိုက် ၁၀၀-ခန့် အကွာတွင် ဟိန္ဒူဘုန်းကြီးမဟန့်၏ နန်းတော်ကြီးရှိသည်။ မြင့်မားသော အုတ်တံတိုင်းကြီးမှာ တောင်မြောက် ကိုက် ၆၀၀-ခန့်၊ အရှေ့အနောက် ကိုက် ၁၀၀-ခန့်ရှိသည်။ နေရဉ္ဇရာမြစ်နှင့် မော်တော်ကားလမ်းကြား၌ တည်ရှိသည်။ နှစ်ထပ်တိုက်တန်းလျားရှည်ကြီးကို အုတ်တံတိုင်း အတွင်းဘက် ပတ်လည်၌ ဆောက်လုပ်ထားသည်။ ရဲတိုက်ကြီးတခုနှင့် အသွင်တူသည်။ အတွင်း၌ မဟန့်ပိုင်နွားများနှင့် ဆင်များရှိသည်။ ရှေးခေတ်က ဗုဒ္ဓဂယာအနီးရှိ မြေယာများအားလုံးကို မဟန့်ပိုင်သဖြင့် လယ်လုပ်သားများက မဟန့်ကို ရိုသေခန့်ညားကြရသည်။ တနှစ်တကြိမ်ဆင်စီး၍ အခမ်းအနားဖြင့်လှည့်လည်သောအခါ လူထုတရပ်လုံးက ပျပ်ဝပ်ရိုသေကြသည်။ ယခုအခါ မြေပိုင်ရှင်စနစ် ဖျက်သိမ်းလိုက်သဖြင့် မဟန့်ကြီး ဆင်စီး၍ လှည့်လည်သော်လည်း ပျပ်ဝပ်ရိုသေမည့်သူ နည်းပါးသွားသည်။ ထို့ကြောင့် အခမ်းအနားဖြင့် လှည့်လည်ပွဲများကို မပြုလုပ်တော့ဟု သိရသည်။

ယခင်က မဟန့်သည် မဟာဗောဓိစေတီတော်ကြီးနှင့်တကွ ပတ်ဝန်းကျင်မြေအားလုံးကို ပိုင်ဆိုင်ခဲ့သည်။ စေတီတော်ကြီးအား လှူဒါန်းသမျှ မဟန့်လက်တွင်းသို့ ရောက်ခဲ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀-လောက်က မဟန့်(မဟန္တ-ကြီးမြတ်သူ)ခေါ် ဟိန္ဒူ ဘုန်းကြီးတပါးသည် မဟာဗောဓိစေတီတော်ကြီး အနီးအပါးသို့ ရောက်လာခဲ့သည်။ စေတီတော်ကြီးအနီးရှိ အရိပ်အာဝါသ ကောင်းသော တောအုပ် အတွင်း နေထိုင်ခဲ့ရာ ပတ်ဝန်းကျင်လူထုက ဆည်းကပ်ကိုးကွယ်ကြသည်။ ဗိဟာနယ်ရှိ ဘုရင်များက မဟန့်အား ထိုနယ်မြေ အုပ်ချုပ်ခွင့်ပေးခဲ့သည်။ အင်္ဂလိပ်အစိုးရကလည်း ဆက်လက်ခွင့်ပြုထားရာ ထိုအချိန်က မဟန့်သည် ဗိဟာနယ်၏ ဒုတိယအကြီးဆုံး မြေပိုင်ရှင် ဖြစ်သည်။ မဟန့်၏နန်းတော်၌ ဟိန္ဒူဘုန်းကြီး တရာကျော်ရှိသည်။

## ၁၂။ နေရဥ္စရာမြစ်

ဤဒေသရှိကုလားများက လီလာဂျန် (သို့) ဖလဂူမြစ်ဟု ခေါ်ကြသည်။ မဟာဗောဓိစေတီတော်၏ အရှေ့ဘက် ကိုက် ၃၀၀-ခန့်အကွာ၌ တောင်မှ မြောက်သို့ စီးဆင်းလျက်ရှိသည်။ အလယ်၌ သောင်ထွန်းနေသဖြင့် အရှေ့အနောက် မိုင်ဝက်ခန့်ကျယ်သည်။ မိုးရာသီတွင် ကမ်းလုံးပြည့် စီးဆင်း၍ နွေနှင့်ဆောင်းတွင် ခြေကျင်းဝတ်မျှသာရေစီးသည်။ မြစ်ပြင်တခုလုံး ရွှံ့နွံမရှိပဲ သဲပြင်ဖြန့်ခင်းထားသဖြင့် ရေမှာကြည်လင်လျက်ရှိသည်။ နေရဥ္စရာမြစ်သည် ဂယာမြို့အနီးသို့ ရောက်သောအခါ မိုဟာနီမြစ်နှင့် ပေါင်းဆုံ၍ ဂင်္ဂါမြစ်အတွင်းသို့ စီးဝင်သည်။

(နေရဥ္စရာ - နီလ - ပြာသော + ဇလ - ရေ)

## ၁၃။ သုဇာတာအိမ်နေရာ


မဟာဗောဓိစေတီတော်ကြီး၏ မြောက်ဘက် ၂-ဖာလုံခန့် အကွာမှ နေရဥ္စရာမြစ် အရှေ့ဘက်ကမ်းသို့ဖြတ်ကူး၍ အရှေ့ဘက်သို့ မိုင်ဝက်ခန့် သွားလျှင် ဘကရောရွာဦး၌ အုတ်ပုံကြီးတခုကို တွေ့ရသည်။ ယင်းအုတ်ပုံကြီးကို သုဇာတာအိမ်နေရာဟု ဆိုကြသည်။ ထိုရွာမှအရှေ့ဘက်သို့ မိုင်ဝက်ခန့် ဆက်သွားလျှင် လယ်ကွက်များ အကြား၌ ဟိန္ဒူဘုရားကျောင်းတခု ရှိသည်။ ထိုဘုရားကျောင်းကို သုဇာတာအိမ်နေရာဟု အချို့က ဆိုကြသည်။ အချို့က ထိုဟိန္ဒူကျောင်းနေရာကို (အဇပါလနိဂြောဓ) ဆိတ်ကျောင်းညောင်ပင် နေရာဟု ဆိုကြသည်။

## ၁၄။ သုဇာတာ ဃနာနို့ဆွမ်း ကပ်သည့်နေရာ


အထက်ဖော်ပြပါဟိန္ဒူဘုရားကျောင်း၏အရှေ့မြောက်ဘက်ရှိအုတ်ပုံကို သုဇာတာဃနာနို့ဆွမ်းကပ်သည့်နေရာဟုဆိုကြသည်။ တဖန် အချို့က ဟိန္ဒူဘုရားကျောင်းအနောက်ဘက် ကိုက် ၅၀-အကွာရှိ ညောင်ပင်အိုကြီးနေရာကို သုဇာတာဃနာနို့ဆွမ်းကပ်သည့်နေရာဟု ဆိုကြပြန်သည်။



ဥရုဝေလတောသွင် (၆) နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူစဉ်



ဗောဓိပင်နှင့် ရွှေပလ္လင် (ပထမသတ္တာဟ) (နှ–၄၀)




အနိမိသ စေတီတော် (ဒုတိယသတ္တာဟ) (နှ–၄၁)




ရတနာစင်္ကြံကျော် (တတိယသတ္တာဟ) (-၄၂)



ရတနာဃရ ရွှေအိမ်တော် (စတုတ္ထသတ္တာဟ) (နှ-၄၂)



အဇပါလညောင်ပင် (ပဉ္စမသတ္တာဟ)
ပုံ၏ ညာဘက်အစွန် အနိမိသစေတီတော်အုတ်ခုံ တည့်တည့်ရှိ
ကျောက်တိုင်ငုတ် (နှ-၄၂)




မုစလိန္ဒအိုင် (ဆဋ္ဌသတ္တာဟ) (နှ-၄၃)



ရာဇာယတနလင်းလွှန်းပင် (သတ္တမသတ္တာဟ) (နှ-၄၃)



သုဇာတာအိမ်နေရာ (ပုံ၏ညာဘက်ရွာထိပ်၌ ရှိသည်။) (နှ-၄၈)



သုဇာတာ ဃနာ၁နို့ ဆွမ်းကပ်သည့်နေရာ (နှ-၄၇)




ဃနာ၁နို့ ဆွမ်းဘုဉ်းပေးသည့်နေရာ (နှ-၄၉)



နေရဉ္ဇရာမြစ် ရွှေခွက်မျှောသည့်နေရာနောက်ခံတောင်ကုန်းတွင်
ဒုက္ကရစရိယာ လိုဏ်ဂူရှိသည် (နှ-၄၉)




ဥရုဝေလ ကဿပရသေ့ကြီး၏ ကျောင်းသင်္ခမ်း (နှ-၄၉)



ဒုက္ကရစရိယာကျင့်သည့် လိုဏ်ဂူ (နှ-၅၀)



ဟိန္ဒူရာဟန်းမင်းကြီး မဟာန်၏ နန်းတော်ကြီး (နှ-၄၇)



မင်းတုန်းမင်းဇရပ် (နှ–၄၆)



အသောကကျောက်စာတိုင် အကျိုးအပဲ့များ (နှ–၆၆)

## ၁၅။ ဘုရားအလောင်း ဆွမ်းဘုဉ်းပေးသည့်နေရာ

သုဇာတာ အိမ်နေရာမှ အရှေ့ဘက်သို့ မြောင်းငယ်တခုကို ဖြတ်၍ ဂိုက် ၂၀၀-ခန့် သွားမိသောအခါ ဥန္နပင်တပင်၏ အရင်း၌ အုတ်ကျိုး အုတ်ပဲ့များ တွေ့ရသည်။ ထိုနေရာမှာ ဘုရားအလောင်းတော် ၄၉-လုတ် မယုတ်လျှော့ ဆွမ်းဘုဉ်းပေးတော်မူခဲ့သော နေရာဖြစ်သည်။

## ၁၆။ ရွှေခွက်မျှောရာဌာန

ဆွမ်းဘုဉ်းပေးသော နေရာမှ အရှေ့ဘက် ဂိုက် ၁၀၀-အကွာတွင် နေရဥ္စရာမြစ် စီးဆင်းနေသည်။ ထိုအနီးရှိ နေရဥ္စရာမြစ်အတွင်းမှာပင် ဘုရားအလောင်းတော်သည် ဆွမ်းမဘုဉ်းပေးမီ ရေသုံးသပ် (ရေချိုး) တော်မူခဲ့သည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ရွှေခွက်ကို ''ဘုရားဖြစ်မည် ကေန်မှန်ပါက ရေဆန်ပါစေသား'' ဟု အဓိဋ္ဌာန်ပြု၍ မျှောခဲ့သည်။ ရွှေခွက်သည်ရေစီးကိုဆန်တက်သွားပြီးနောက် အောက်သို့နစ်မြုပ်လျက် မြင်းမိုရ်တောင်ခြေရှိ ကာလနဂါး၏ခေါင်းရင်း၌ ရှေးဘုရားရှင် ၃-ဆူ တို့၏ ရွှေခွက် ၃-လုံးအောက်မှာဝင်၍ ထပ်နေလေသည်။ ရွှေခွက်ချင်း ထိသည့် အသံကို ကြားရ၍ ကာလနဂါးသည် အိပ်ရာမှ နိုးလာပြီး ''လူ့ပြည်မှာ ဘုရား ခဏခဏ ပွင့်နိုင်ရန်ကော'' ဟု ညည်းတွားသတဲ့။

## ၁၇။ ဥရုဝေလ ရသေ့ကျောင်းသခ်မ်း

ဘုရားအလောင်းတော်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဥရုဝေလ ရသေ့ကြီး၏ ကျောင်းသခ်မ်းအနီး၌ နေခို(နေ့သန့်စင်)ခဲ့သည်။ ဘုရားဖြစ်တော်မူပြီးနောက် ပထမဝါသီတင်းကျွတ်သောအခါ မြတ်စွာဘုရား ကိုယ်တော့်တိုင်ကြွ၍ ဥရုဝေလရသေ့ကြီးအား ခြွေချွတ်တော်မူခဲ့သည်။

ဥရုဝေလရသေ့ကြီး၏ တပည့်များသည် အပြစ်တခုပြုမိတိုင်း ကုစား သည့်အနေဖြင့် သဲတပြည်တပြည် ဒဏ်ထမ်းရသည်။ သယ်ယူပုံကြရသည်။ သခ်မ်းကျောင်း မြောက်ဘက်တွင် သဲပုံတန်းကြီးကို တွေ့နိုင်ပါသည်။ ရသေ့ကြီး မီးပူဇော်သော မီးတင်းကုပ်၌ အဆိပ်ပြင်းသော နဂါးကြီး

**တကောင်ရှိသည်။ မြတ်စွာဘုရားရှင်သည် ဥရုဝေလရသေ့ကြီးထံ တည တည်းခိုခွင့်တောင်းရာ မီးတင်းကုပ်အတွင်း၌ တည်းခိုခွင့်ပြုသည်။ ဘုရား** နှင့် နဂါး တညလုံး တန်ခိုးပြိုင်ကြရာ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် နဂါးမင်းအဆိပ်ကင်းမဲ့၍ သပိတ်အတွင်း ထည့်သွင်းယူဆောင်ပြခဲ့သည်။ ထို့ပြင် ရသေ့ ၅၀၀-တို့ ရေချိုးပြီးနောက် မီးလှုံရန်အတွက် ထင်းခွဲခြင်း၊ မီးညှိခြင်း၊ မီးငြိမ်းခြင်းတို့ကို တန်ခိုးတော်ဖြင့် ကူညီဖန်တီးပေးတော်မူခဲ့သည်။ ယခုအခါ မီးတင်းကုပ်နေရာ၌ နဂါးရုပ်တခု ရှိသည်။

## ၁ဂ။ ဒုက္ကရစရိယာကျင့်ရာဂူ

ဗုဒ္ဓဂယာမှ ဂယာမြို့သို့သွားသော ကားလမ်း (ဟောင်း) အတိုင်း ဆိုက်ကား၊ သို့မဟုတ် မြင်းလှည်းဖြင့် ၄-မိုင်ခန့်သွားရသည်။ ထိုနေရာတွင် ဆိုက်ကားနှင့်မြင်းလှည်းများကို စောင့်ဆိုင်းစေ၍ နေရဥ္စရာမြစ်ကို ဖြတ်သွားရသည်။ အရှေ့စူးစူး ၃-မိုင်ခန့် အကွာ၌ တောင်တန်းတခုကို လှမ်းမြင်ရသည်။ လယ်ကွင်းများကို ဖြတ်သန်း၍ ကျေးရွာနှစ်ရွာကို ကျော်လွန်သောအခါ တောင်ခြေသို့ ရောက်ရှိသည်။ တောင်ခြေ၌ မဲဇလီပင်များ၊ သန်းပင်၊ ဒဟတ်ပင်များဖြင့် အုပ်ဆိုင်းနေသော တောတန်းကလေးရှိသည်။ တောင်ပေါ်သို့ ပေ ၁၀၀၀-ခန့် တက်သွားသောအခါ တောင်ခါးပန်းတွင် ဒုက္ကရစရိယာကျင့်ရာ ဂူငယ်ကို တွေ့ရသည်။ ဤဒေသရှိ လူများက "ဒုင်္ဂေစရီ"ဟု ခေါ်ကြသည်။ ဂူ၏ အရှေ့ဘက်မျက်နှာစာတွင် တိဘက်ဘုန်းကြီး သုံးလေးပါး အမြဲသီတင်းသုံးလျက်ရှိသည်။ ဂူဝမှာ ကျဉ်းမြောင်းသဖြင့် ဂူအတွင်း၌ မှောင်နေသည်။ အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်နှင့် ဗောဓိသတ္တရုပ်၊ မဟာပိန္နဲရုပ်များရှိသည်။ ထိုဂူငယ်ကို ဒုင်္ဂေစရီဟု ခေါ်ကြသည်။

## ဗုဒ္ဓဂယာသမိုင်း

ဘုရားမပွင့်မီက ဤဒေသတဝိုက်ကို ဥရုဝေလာဟု ခေါ်ကြသည်။ မဟာဗောဓိပင်သည်လည်း ဥရုဝေလာ၌ အပါအဝင်ဖြစ်သည်။ မြတ်စွာဘုရားသည် မဟာဗောဓိပင်ရင်း၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်

မူခဲ့ခြင်းကြောင့် ဤဌာနသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးမြတ်ဆုံး ဖြစ်သည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့သည် ဤ ပလ္လင်တော် နေရာ၌သာ ပွင့်တော်မူကြသကဲ့သို့ နောင်လာမည့် အရိမေတ္တေယျဘုရားရှင်သည်လည်း ဤပလ္လင်တော်နေရာ၌သာပွင့်တော် မူလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဤဌာနကို ဗုဒ္ဓဘာသာဝင်တို့ မြတ်နိုး ကြသည်မှာ အံ့ဩဖွယ်ရာ မရှိချေ။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်သို့ တဖန် ကြွရောက်တော်မူကြောင်းကို ပါဠိတော်များ၌ မဖော်ပြသော် လည်း အမှန်စင်စစ် အောင်မြေဖြစ်သော ဤဌာနသို့ အခေါက်ခေါက် ကြွရောက်တော်မူလိမ့်မည်ဟု ယုံကြည်ရသည်။ ဘုရားဖူး သွားရောက်သင့် သော ဌာနတခုအဖြစ် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြားတော်မူခဲ့သည် ကို ထောက်ရှုပါက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အလေးထား တော်မူကြောင်း ထင်ရှားပေသည်။ မဟာဗောဓိသို့ သီရိဓမ္မာ သောက မင်းကြီး ဘုရားဖူးသွားရောက်ကြောင်းကို ဆန်ချီစေတီတော်၏ တုရိုဏ် တိုင်၌ ကမ္ပည်းရေးထိုးထားသည်။

မဟာဗောဓိစေတီတော်ကြီးကို အသောကမင်းတရားကြီး ဆောက် လုပ်ခဲ့သည်။ ထို့နောက် ဗုဒ္ဓဘာသာဘုရင် အဆက်ဆက်တို့က ပြုပြင် ထိန်းသိမ်းခဲ့ကြသည်။ ဟိန္ဒူဘုရင် သသံကကဲ့သို့သော ရန်သူဘုရင်များ၏ ဖျက်ဆီးခြင်းကို အကြိမ်ကြိမ်ခံခဲ့ရသည်။

အေဒီ-၄၀၉၊ ဖာဟိယန်၏ မှတ်တမ်း၌—

'မဟာဗောဓိစေတီတော်ကြီး အနီး၌ ကျောင်းတိုက်ကြီး သုံးတိုက် ရှိသည်။ အနီးရှိရွာများမှ ထောက်ပံ့သဖြင့် ရဟန်းတော်များမှာ ဆွမ်း၊ ကွမ်း ချို့ငဲ့ခြင်းမရှိ' ဟု ဖော်ပြထားသည်။

အေဒီ-၆၃၇၊ ဟူယင်ဆန်၏ မှတ်တမ်း၌—

'မဟာဗောဓိစေတီတော်မှာ ဉာဏ်တော် ပေ ၁၇၀-ခန့်မြင့်၍ ဖိနပ် တော်မှာ ခြေလှမ်း ၂၀-ခန့်ရှိသည်။ ပတ်လည်လိုဏ်ငယ်များ၌ ရွှေချထား

သော ဓာတ်တော် ၅၅၀-ရုပ်တုများ ရှိသည်။ လိုဏ်အဝင်ဝ ဗယ်ဘက်တွင် အဝလောကိတေ့ရှရရုပ်တု၊ ညာဘက်၌ မေတ္တေယျဘုရားလောင်း ရုပ်တုများ ရှိသည်။ အရုပ်များမှာ ၁၀-ပေမြင့်၍ ငွေဖြင့် ပြုလုပ်ထားသည်။ အသောက မင်းတရားကြီး တည်ဆောက်စဉ်က ဤစေတီတော်မှာ ခပ်ငယ်ငယ် ဖြစ်သည်။ နောင်တွင် ဗြာဟ္မဏ ပုဏ္ဏားကြီးတဦးကမှမ်းမံ၍ ထပ်မံတည်ထားသည်။ ဗြာဟ္မဏပုဏ္ဏားကြီးသည် မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ချေ။ ဟိမဝန္တာတောင်ပေါ်ရှိ မဟာဒေဝ နတ်မင်းကို သွားရောက်ပူဇော်ရာ မဟာဒေဝ (သျှိဝ) ၏ ညွှန်ကြားချက်အရ ဗုဒ္ဓဘာသာသို့ ကူးပြောင်း၍ ဤစေတီကြီးကို ပြုပြင်တည်ဆောက်သည်' ဟု ဖော်ပြထား၏။

မဟာန့်၏ကျောက်စာ၌ အေဒီ- ၉၄၈-ခုနှစ်၌ အမရကောသကျမ်းကို ရေးသားသော အမရဒေဝဆရာက ဤစေတီတော်ကို တည်ဆောက်ခဲ့သည်ဟု ဖော်ပြထားသည်။ ထိုကျောက်စာမှာ ဗိရှဏုကိုးကွယ်သည့် ဟိန္ဒူဘုန်းကြီးတပါးက ရေးထိုးခဲ့ခြင်းဖြစ်၍ မဟာန့်က စေတီတော်ကြီးကို သူပိုင်သင့်ကြောင်း အထောက်အထားပြခြင်းဖြစ်သည်။ အမှန်စင်စစ် ဤစေတီတော်ကြီးကို ဗုဒ္ဓ ဘာသာဝင်များကသာ ဆက်လက် ပြုပြင်ထိန်းသိမ်းခဲ့ကြ၍ မဟာမေဒင်ဘာသာဝင်များ သိမ်းပိုက်သည့် အေဒီ-၁၂-ရာစုထိ မြန်မာ၊ယိုးဒယား၊သီဟိုဠ်နှင့် အိန္ဒိယဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ အေဒီ ၃၃၀-တွင် သီဟိုဠ် ဘုရင် မေဃဝဏ္ဏသည် မဂဓတိုင်းဘုရင် သမုဒြဂုတ္တထံ ခွင့်ပန်၍ စေတီတော်၏ အနောက်တောင်ထောင့်တွင် ဘုန်းကြီးကျောင်းတဆောင် ဆောက်ခဲ့သည်။ ဖာဟိယန်မှတ်တမ်း၌ပါသော ဘုန်းကြီးကျောင်း ၃-ကျောင်းမှာ မေဃဝဏ္ဏဘုရင်၏ ကျောင်းလည်း ပါဝင်စရာရှိသည်။

မြန်မာနိုင်ငံမှ အေဒီ၁၀၇၉-၌တကြိမ်၊အေဒီ၁၂၉၈-၌တကြိမ် မဟာဗောဓိစေတီတော်ကို ပြုပြင်မွမ်းမံခဲ့ကြောင်း မှတ်တမ်းရှိသည်။ အေဒီ ၁၁၀၀-နှင့် ၁၂၀၀-အကြားတွင် ဓမ္မရက္ခိတအမည်ရှိ ရဟန်းတော်တပါးက မဟာဗောဓိကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဗိဟာနယ် ဂျာနိဗိဃာအရပ်၌ တွေ့ရသော အေဒီ ၁၂၀၂-ခု ရေးထိုးသည့်

ကျောက်စာအရ ဝဇီရာသန ပလ္လင်တော်အတွက် ကျေးရွာ တရွာကို မင်္ဂလသာမိ မထေရ်လက်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အေဒီ ၁၂-ရာစုတွင် မဂဓတိုင်း(ဗိဟာ)ကို မွတ်စလင်များသိမ်းပိုက်သောအခါ ဗုဒ္ဓဂယာရှိ ရဟန်းတော်များသတ်ဖြတ်ခံရ၍ ကျောင်းကန်ဘုရားများ ဖျက်ဆီးလုယက်ခြင်း ခံကြရသည်။ အိန္ဒိယနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့သည်။ သီဟိုဠ်၊ ယိုးဒယား၊ မြန်မာနိုင်ငံစသော နိုင်ငံခြားဘုရားဖူးများလည်း မလာဝံ့တော့ချေ။ ဗုဒ္ဓဂယာ၌ စေတီတော်ကြီးသာလျှင် လွယ်လွယ်နှင့်ဖျက်မရသဖြင့် ချန်ထား၍ အခြားသော ဘာသာရေးအဆောက်အအုံများမှာမူ ကြေမွ၍ ပြားပြားဝပ်သွားလေသည်။

အေဒီ ၁၅၉၀-ခန့်တွင် ဂိုစိန်ဃောမဏ္ဍီဂိးရ်အမည်ရှိ ဟိန္ဒူဘုန်းကြီး (သညာသီ)တပါး ဗုဒ္ဓဂယာသို့ ရောက်လာသည်။သူသည် စေတီတော်အနီးရှိ တောအုပ်ကို နှစ်ခြိုက်သဖြင့် ကျောင်းယဲဆောက်ကာ အခြေချလေသည်။ မကြာမီ ကိုးကွယ်သူ များပြားလာသည်။သူကား ပထမဦးဆုံး မဟန့်ဖြစ်သည်။

၁၉၄၇-ခုနှစ်ကရှိသော မဟန့်မှာ ဃမဏ္ဍီဂိးရ်ဖြစ်သည်။

မဟန့်လာလ်ဂီးရ် လက်ထက်၌ ဒေလီမြို့ရှိ မွတ်စလင်ဘုရင်ကြီးက မတ်စတိပူရ်ရွာနှင့် တရာဒိဟ်ရွာကို မဟန့်အား ပိုင်စားပေးခဲ့သည်။သို့ရာတွင် စေတီတော်ကြီးကို အကြောင်းပြု၍ ဖြစ်ပေါ် တည်ရှိနေသော ဗုဒ္ဓဂယာရွာကိုမူ မဟန့်အား မပေးခဲ့ချေ။ ဗုဒ္ဓဂယာရွာသည် ဋိကာရီ စော်ဘွားပိုင်နယ်ဖြစ်သည်။ ခရစ်နှစ် ၁၈၁၁-ခုနှစ်တွင် မြန်မာနိုင်ငံမှ ဘိုးတော်ဘုရားသည် သံတမန်များစေလွှတ်၍ မဟာဗောဓိ စေတီတော်နှင့် သတ္တဋ္ဌာနကို ရှာဖွေစေသည်။

ထိုအချိန်တွင် နီပေါနိုင်ငံမှ မဟာယာနရဟန်းတပါးသည် ဗုဒ္ဓဂယာသို့ ကြွလာ၍ မဟန့် ကျောင်းအနီးမှာပင် တည်းခိုခဲ့သည်။ ဟိန္ဒူဘုန်းကြီးတပါးကိုပင် ဗုဒ္ဓဂယာသို့ ကူးပြောင်းစေခဲ့သည်။ ခရစ်နှစ် ၁၈၁၂-ခုနှစ်တွင် ဗိသုကာဆရာကြီး ဒေါက်တာဘူချနန် ဟမိလ်တန်

သည် ပျက်စီးယိုယွင်းနေသော မဟာဗောဓိစေတီတော်ကို တွေ့ခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။ ထိုအချိန်ထိ မဟန့်သည် မဟာဗောဓိစေတီတော်ကြီးကို စိတ်ဝင်စားမှု မရှိသေးချေ။ ခရစ်နှစ် ၁၈၃၃-ခုနှစ်တွင် မြန်မာနိုင်ငံမှ မင်းကြီးမဟာစည်သူနှင့်အဖွဲ့ ဘုရားဖူးရောက်ရှိသည်။ မြန်မာဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတချပ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ကျောက်စာမှာ အောက်ပါအတိုင်းဖြစ်သည်။

> ဤစေတီကား သာသနာနှစ် ၂၁၈-နှစ်၌ သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း ၈၄၀၀၀-အနက် တဆူဖြစ်သည်။ မဇ္ဈိမပါဠိ ခေါ် နိုးသနာဆွမ်းကို ဘုဉ်းပေးသည့်နေရာ ဖြစ်သည်။ ကာလကြာမြင့်သောအခါ ပြိုပျက်သဖြင့် နာယကမဟာထေရ်ဘုန်းကြီးက ပြင်ဆင်ခဲ့သည်။တဖန် ပျက်စီးသဖြင့် သတိုးမင်းက ပြုပြင်ခဲ့သည်။ထို့နောက် ပျက်စီးပြန်၍ ဆင်ဖြူသခင် တရားမင်းကြီးသည် ဆရာဖြစ်သော သီရိဓမ္မာရာဇဂုရုကို စေလွှတ်ပြင်ဆင်စေခဲ့သည်။ထို့နောက် သီရိကဿပက ဆက်လက်ကြီးကြပ်ပြုပြင်သည်။ ထို့နောက် ဝရဒါသီနာယကထေရ်က ဆက်လက်ပြုပြင်သည်။ လုပ်ငန်းမပြီးနိုင်သဖြင့် ပြူတသိန်းမင်းသားနှင့် ညီတော် ပြူသခင်အမက်ကြီး ရာဇတို့ကို စေလွှတ် လုပ်ဆောင်စေသည်။ သက္ကရာဇ် ၆၆၇-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်၊ သောကြာနေ့တွင် ပြီးစီးသည်။

ခရစ်နှစ် ၁၈၇၄-ခုနှစ်တွင် မင်းတုန်းမင်းကြီးသည်အိန္ဒိယဘုရင်ခံထံ အဖိုးတန်လက်ဆောင်ပဏ္ဏာများဖြင့် သံတမန်အဖွဲ့ကို စေလွှတ်၍ မဟာဗောဓိတံတိုင်းစသည်ပြင်ဆင်ခွင့်ပြုရန်နှင့်နှစ်စဉ်ဘုရားဖူးများလာရောက်မှုကို ခွင့်ပြုရန် စာချွန်တော်ပို့ခဲ့သည်။

ဘုရင်၏ ဆန္ဒတော်ကို ဂယာဒိစတြိတ်တရားသူကြီးက မဟန့်ထံ အကြောင်းကြားသည်။ မဟန့်က မဟာဗောဓိတံတိုင်း ပြင်ဆင်နိုင်ကြောင်းနှင့် ဘုရားဖူးစေလွှတ်နိုင်ကြောင်း စာပြန်ခဲ့သည်။ ဘုရင့်တမန်

တော်များသည်မဟာဗောဓိစေတီတော်အားဖူးမြော်၍ ထိုခေတ်ရှုပီးငွေ ၆-သန်းဖိုး ရွှေငွေ ရတနာများ လှူဒါန်းခဲ့ကြသည်။ ထိုလှူဖွယ်ပစ္စည်း များကို ပရိဘောဂအဆောင်တွင် သိမ်းဆည်းထားရန် မှာကြားခဲ့သော် လည်း မဟန့်သည် မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။

(ယခုရှိသော မင်းတုန်းမင်း ကျောက်စာတိုက်နံဘေးရှိ အုတ်တိုက် ကြီးမှာ ထိုအလှူငွေများဖြင့် ဆောက်လုပ်ထားသော ပရိဘောဂ အဆောင်ကြီးဖြစ်သည်ဟု ယူဆရပေသည်။)

ခရစ်နှစ် ၁၈၇၅-ခုနှစ်တွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယ ဘုရင်ခံမှတဆင့် အောက်ပါအချက်များကို တောင်းဆိုခဲ့သည်။

၁။ မဟာရံတံတိုင်း ပြင်ဆင်ခွင့်ပြုရန်၊

၂။ မဟာဗောဓိစေတီတော်ကြီးကို ပြင်ခွင့်ပြုရန်၊

၃။ မဟာဗောဓိညောင်ပင်ကို ညောင်ထောက်ခွင့်ပြုရန်၊

၄။ မဟာရံတံတိုင်းအတွင်းရှိ အပျက်အစီးအားလုံး ပြင်ခွင့်ပြုရန်၊

၅။ ရဟန်းတော် (၂၀) သီတင်းသုံးနိုင်မည့် ကျောင်းတဆောင် ဆောက်ခွင့်ပြုရန် (ရဟန်းတော်များမှာ ဗောဓိပင်အား ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်ရန်ဖြစ်သည်။)

၆။ ထိုဘုန်းကြီးကျောင်းကို အုတ်တံတိုင်းကာခွင့်ပြုရန်၊

၇။ ဘုန်းကြီးကျောင်းအစောင့် ငှားထားခွင့်ပြုရန်၊

၈။ လှူဖွယ်ပစ္စည်းများ သိမ်းထားရန် ပရိဘောဂ အဆောင်တခု လုပ်ခွင့်ပြုရန်၊

မဟန့်သည် ထိုတောင်းဆိုချက်အားလုံးကိုလိုက်လျောခဲ့သည်။ဘုရား ဝင်းအတွင်းရှိ ဟိန္ဒူနတ်ရုပ်များကို ဖယ်ရှားဖျက်ဆီးခြင်းမပြုရဟု စည်း ကမ်းချက်တချက်သာ သတ်မှတ်သည်။ မင်းတုန်းမင်းကြီးသည် သိန်း ပေါင်းများစွာ အကုန်အကျခံ၍ ပြုပြင်ခဲ့သည်။စေတီတော်၏အနောက်

ဘက် ဂိုက် (၇၀) ခန့်အကွာတွင် ကျောင်းးတဆောင်ဆောက်ခဲ့သည်။ စေတီတော်ကြီးပြင်ဆင်ရာ၌ ကျောက်စာဝန် ဆာအလက်ဇန္ဒာကန်နင်ဟန် နှင့် ဒေါက်တာရာဇင်ဒြလာလ်မိတြတို့ကို အိန္ဒိယအစိုးရက ကူညီကြီးကြပ် စေသည်။ ၁၀-နှစ်နီးပါးကြာ၍ ၁၈၈၅-ခုနှစ်တွင် အင်္ဂလိပ် မြန်မာ စစ်ဖြစ်သဖြင့် မြန်မာသံတမန်များ ပြည်တော်ပြန်ခဲ့ရသည်။ မဟာဗောဓိ စေတီတော်ကြီးကို အိန္ဒိယအစိုးရက ဆက်လက် တာဝန်ယူ၍ ပြုပြင် ထိန်းသိမ်းခဲ့သည်။ ယနေ့ဖူးတွေ့ရသော စေတီတော်ကြီးမှာ မင်းတုန်း မင်းကြီး ပြုပြင်မွမ်းမံထားသည့်အတိုင်း ဖြစ်သည်။

ခရစ်နှစ် ၁၈၈၉-ခုနှစ် ဂျူလိုင်လ ၂၅-ရက်နေ့တွင် ဂယာဒိစတြိတ် တရားသူကြီးက မစ္စတာမက်ဒေါ့ကို စေတီတော် စောင့်ထိန်းသူအဖြစ် ခန့်အပ်သည်။ စေတီတော်မဟာရံတံတိုင်းအတွင်းမှ ရှေးဟောင်းပစ္စည်း တစုံတခုကိုမျှ ယူခွင့်မပြုရန် အမိန့်ထုတ်သည်။ အနီးအနားရှိ ကျေးရွာ လူထုသည် ဘုရားခေါင်းကျိုးများကို ဂျုံကြိတ်ရန် ကျောက်တုံးအဖြစ် အသုံးပြုကြသည်။ အချို့သော ကမ္ဘာလှည့် ခရီးသည် များကလည်း ရှေးဟောင်းပစ္စည်းများ ယူသွားလေ့ရှိကြသည်။

ဗုဒ္ဓဂယာ မဟာဗောဓိစေတီကို ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်းသို့ ပြန်ရောက်အောင် အစဦးဆုံး ကြိုးပမ်းသူမှာ "အာရှအလင်းရောင်" **(The light of asia)** ကဗျာကို ရေးသားသော အင်္ဂလိပ်စာရေး ဆရာကြီး ဆာအက်ဒွင်အာနိုးလ် ဖြစ်ပါသည်။ သူသည် အိန္ဒိယအစိုးရနှင့် ဗြိတိသျှအစိုးရထံသို့ မဟာဗောဓိစေတီတော်ကို ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်းအပ်နှံပါရန် မေတ္တာရပ်ခံစာ ရေးသားခဲ့သည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံများသို့လည်း မဟာဗောဓိစေတီကိုတောင်းဆိုကြရန် လှုံ့ဆော်စာ များ ပေးပို့ခဲ့သည်။ သို့ရာတွင် အရာမထင်ခဲ့ချေ။ ၁၈၉၁-ခုနှစ် ဇန်နဝါရီ လ ၂၁-ရက်နေ့တွင် သီဟိုဠ်သား အနာဂါရိကဓမ္မပါလသည် မဟာ ဗောဓိစေတီတော်သို့ ဘုရားဖူးရောက်လာသည်။ အနီးတဝိုက်တွင် ဗုဒ္ဓ ရုပ်ပွားတော်ခေါင်းကျိုးများ ဖရိုဖရဲကြဲနေသည်ကိုတွေ့ရသည်။ မဟန့်၏ နန်းတော်အဝင်ဝဆင်ဝင်အောက်တွင် ဗုဒ္ဓရုပ်ပွားတော်များ ပစ်စလက်

ခတ် ချထားသည်ကိုတွေ့ရသည်။ အနာဂါရိကဓမ္မပါလသည် ထိုအခြေ အနေကိုအားလုံးသုံးသပ်၍ ဤစေတီတော်ကြီးကိုစောင့်ရှောက်နိုင်မည့် ဗုဒ္ဓဘာသာရဟန်းတော်များ ရောက်မလာမခြင်း စေတီတော်အနားမှ မခွာတော့ဟု ဆုံးဖြတ်ချက်ချလိုက်သည်။စေတီတော်ကြီးကို ဗုဒ္ဓဘာသာဝင်များလက်ထဲမရောက်ရောက်အောင် ဆောင်ရွက်ရန်အတွက် သူ့ဘဝကို စွန့်လိုက်လေသည်။ သူ၏ကြိုးပမ်းလှုံ့ဆော်ချက်ကြောင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများ ထကြွနိုးကြားလာ၍ မဟာဗောဓိအုပ်ချုပ်ရေး၌ ပါဝင်ခွင့်ရရှိလာသည်။ ဗာရာဏသီ မိဂဒါဝုန်၌ မူလဂန္ဓကုဋီ ဆောက်နိုင်ခဲ့သည်။ အနာဂါရိကဓမ္မပါလသည် ဤအောင်မြင်ချက်များကိုကြည့်၍ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝကူးနိုင်ခဲ့သည်။

အနာဂါရိကဓမ္မပါလသည် သီဟိုဠ်ကျွန်းသို့ ပြန်၍ ၁၈၉၁-ခုနှစ်၊ မေလ ၃၁-ရက်နေ့တွင် လူတု အစည်းအဝေးပွဲခေါ်ပြီး မဟာဗောဓိအသင်းကြီးကို ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဝိဇ္ဇောဒယကျောင်းတိုက်နာယကဆရာတော် သိရိသုမင်္ဂလကိုတင်မြှောက်၍ အတွင်းရေးမှူးအဖြစ် အနာဂါရိကဓမ္မပါလကို တင်မြှောက်သည်။ ဓမ္မပါလသည် သီဟိုဠ်ရဟန်းတော် ၄-ပါးကိုပင့်၍ ၁၈၉၁-ခုနှစ်၊ဂျူလိုင်လတွင် ဗုဒ္ဓဂယာသို့ပြန်ခဲ့သည်။ ထိုအချိန်က မဟန့်ဖြစ်သော ဟေမနာရာယန်ဂီးရ်သည် စိတ်ထားသဘောထားကောင်း၍ ကြင်နာမှုအပြည့်အဝဖြင့် ဓမ္မပါလကိုကူညီသည်။ကျောင်းဆောက်ရန်မြေကွက်တခုပေးသည်။ကံဆိုးချင်တော့ သဘောကောင်းသည့် မဟန့်မှာ ကွယ်လွန်၍ ၁၈၉၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ကရိရှနားဒယာလ်ဂီးရ်က မဟန့်ရာထူးဆက်ခံသည်။ မဟန့်အသစ်သည် ဓမ္မပါလအပေါ် ရန်လိုလျက်ရှိသည်။

၁၈၉၃-ခုနှစ်၊ချီကာဂိုမြို့တွင်ကျင်းပသည့်ဘာသာပေါင်းစုံကွန်ဖရင့်မှ ပြန်လာသော ဓမ္မပါလအား ဂျပန်ပြည်မှ အလွန်သပ္ပာယ်သော ဗုဒ္ဓရုပ်ပွားတော်တဆူကို မဟာဗောဓိစေတီတော်လိုဏ်ဂူအတွင်း၌ ထားပေးပါရန် အပ်နှံလိုက်သည်။ ၁၈၉၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅-ရက်နေ့တွင် ဓမ္မပါလနှင့်အဖွဲ့သည် ဂျပန်ဗုဒ္ဓရုပ်ပွားတော်ကို စေတီအပေါ်ထပ်လိုဏ်သို့ ပင့်ဆောင်ခဲ့သည်။ဘုရားပူဇော်ရန်နှင့် ကမ္မဋ္ဌာန်းထိုင်ရန် စီစဉ်

ထားသည်။ထိုအချိန်တွင် မဟန့်၏အမှုထမ်းများ လာရောက်၍ ရုပ်ပွားတော်ကို ဖယ်ရှားထုတ်ပစ်သည်။ဘုရားဖူးများကိုလည်း အကြမ်းပတမ်းဆွဲထုတ်သည်။ဤအမှုသည် တရားရုံးတွင် နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ရသည်။ အောက်ရုံးတွင် ဓမ္မပါလက နိုင်သည်။ တဖန် ကလကတ္တားဟိုက်ကုတ်၌အယူခံရာ မဟန့်က နိုင်သည်။မဟာဗောဓိပြဿနာကို အိန္ဒိယသတင်းစာများနှင့် မြန်မာသတင်းစာများက ဗုဒ္ဓဘာသာဝင်တို့ဘက်က ထောက်ခံအားပေး ရေးသားကြသည်။ပရိဗီကောင်စီသို့ အယူခံတက်ရန်မှာလည်း ဓမ္မပါလမှာ ငွေကြေးမပြည့်စုံချေ။ အိန္ဒိယအစိုးရသည်လည်း ဗုဒ္ဓဘာသာဝင်တို့ကို ဖေးမလေ့ရှိပါသည်။ သို့ရာတွင် ၁၉၀၂-ခုနှစ်တွင် ဂျပန်ဘုန်းကြီး အိုကာကုရရောက်လာပြီး မဟန့်ထံမှ မဟာယာနကျောင်းဆောက်ရန် မြေကွက်တောင်းခံသည်။ ထိုအခါ အိန္ဒိယ အစိုးရသည် ဗုဒ္ဓဘာသာဝင်များ ဂျပန်နှင့် ပူးပေါင်းသွားမည်ကို စိုးရိမ်လာသည်။ ဗုဒ္ဓဘာသာဝင်များအပေါ် အိန္ဒိယအစိုးရ၏ သဘောထားပြောင်းလဲမှုကို အခွင့်ကောင်းယူ၍ မဟန့်သည် ၁၉၀၆-ခုနှစ်တွင် ဓမ္မပါလကို မင်းတုန်းမင်းဇရပ်မှ မောင်းထုတ်လေသည်။ ထိုအချိန်က မဟန့်သည် ပဒေသရာဇ် မဟာရာဇာ နယ်ပိုင်ရှင်ကြီးဖြစ်၍ အယူသည်း ဟိန္ဒူလူထုကြီး၏ ထောက်ခံအားပေးမှုကိုလည်း ခံယူရရှိနေသည်။ ဓမ္မပါလကား အထီးကျန်။ တယောက်တည်း။ နိုင်ငံခြားသားညွှံ့သည်။ နေစရာမရှိ၊ စားစရာမရှိ။ သို့ရာတွင် သူသည် အရှုံးမပေး။ ရည်ရွယ်ချက်မှ တပြားသားမှမလျှော့။တိုက်ပွဲပြင်းထန်လာလေ သူ့ဆုံးဖြတ်ချက်က ပို၍ခိုင်မာလာလေ ဖြစ်သည်။တရားရုံးတော်၌ရှုံးသောအခါ ဓမ္မပါလသည် လူထုနည်းကို အသုံးပြုသည်။ သတင်းစာများမှ လှုံ့ဆော်သည်။လက်ကမ်းစာရွက်များ ဝေငှသည်။ ဟိန္ဒူဘာသာဝင် လူထုကြီးသည် အမှန်ကို သိမြင်လာသည်။ မဟာဗောဓိသည် ဗုဒ္ဓဘာသာဝင်များအတွက်သာဟု နားလည်လာကြသည်။

ဤပြဿနာသည် အိန္ဒိယနိုင်ငံ ကွန်ဂရက်ပါတီတွင် ပြဿနာဖြစ်လာသည်။ ဟိန္ဒူမဟာဆဘ္ဘအသင်းကြီး၌ ဆွေးနွေးလာရသည်။ နေရှင်နယ်ကွန်ဂရက်သည် ဒေါက်တာရာဇင်္ဒြပရာဆတ်ကို ဥက္ကဋ္ဌခန့်၍ စုံစမ်း

ရေးကော်မတီ ဖွဲ့ပေးသည်။ ကော်မတီက မဟာဗောဓိစေတီတော်ကို ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ပူးတွဲကော်မတီက အုပ်ချုပ်ရန် အစီရင်ခံသည်။ ဟိန္ဒူ မဟာဆဘအသင်းကြီးကလည်း ဘိုင်ပရာမာနန္ဒကို ဥက္ကဋ္ဌခန့်၍ စုံစမ်းရေးကော်မတီ ဖွဲ့ပေးသည်။ ထိုကော်မတီကလည်း အလားတူ အကြံပြုတင်ပြသည်။ ထို အသင်းအဖွဲ့ကြီးများ ဆုံးဖြတ်ချက်ဖြင့် မေတ္တာရပ်ခံသော်လည်း မဟန့်က ခေါင်းမာနေသဖြင့် အကြောင်းမထူးချေ။

တဖန် မဟာဗောဓိအသင်းကြီးသည် ဗီဟာပြည်နယ် ဥပဒေပြုလွှတ်တော်သို့ ချဉ်းကပ်ဘောင်းပန်သည်။ ထိုအချိန်က အာဏာရ ကွန်ဂရက်ပါတီသည် ဥပဒေကြမ်း ရေးဆွဲနေစဉ် အစိုးရ အပြောင်းအလဲဖြစ်သွား၍ မအောင်မြင်ခဲ့ချေ။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရပြီးသော အခါတွင်မူ ဗီဟာပြည်နယ် ဂယာဒိဝတြိုတ်တရားသူကြီးကို ဥက္ကဋ္ဌအဖြစ် ပါဝင်စေလျက် ဟိန္ဒူဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များ ပူးတွဲပါဝင်သော မဟာဗောဓိ စေတီတော် အုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်းအုပ်ချုပ်စေသည်။ ဗုဒ္ဓဘာသာဝင်များ လက်တွင်းသို့ တဝက်သာ ရောက်သေး၍ အပြည့်အဝ ဗိမံအုပ်ချုပ်ခွင့် မရသေးချေ။ အနာဂါရိက ဓမ္မပါလ၏ မျှော်မှန်းချက်ကား တနေ့သောအခါ အပြည့်အဝ အကောင်အထည် ပေါ်လာပေလိမ့်မည်။

## အခန်း (၃)

# မိဂဒါဝုန်

### တည်နေရာ

ဗာရာဏသီမြို့မှ ၆-မိုင်ခန့် ကွာဝေးသည်။ ဗာရာဏသီမြို့သည် ဂယာမြို့မှ ၁၅၅-ကီလိုမီတာ ကွာဝေးသည်။ ကလကတ္တားမှ ၆၇၈-ကီလိုမီတာ ဝေးသည်။လုမ္ဗိနီနှင့် ၃၁၂-ကီလိုမီတာ၊ သာဝတ္ထိပြည်နှင့် ၃၃၁-ကီလိုမီတာ ကွာဝေးသည်။ ဂင်္ဂါမြစ်ကမ်း၌ တည်ရှိ၍ ဟိန္ဒူဘာသာဝင်များအတွက် အထွတ်အမြတ်ထားသော မြို့တခု ဖြစ်သည်။ ''ရှေးသရောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုလတ်သော်''ဟူသော စကားကို မြန်မာကလေးတိုင်း ကြားဖူးနေသဖြင့် 'မင်းမသိ ဗြဟ္မဒတ်၊ တိုင်းမသိ ဗာရာဏသီ'ဟု ဆိုစမှတ်ပြုကြသည်။ ဥတ္တရပြဒေသ့ပြည်နယ်အကျင်း၌ တည်ရှိသည်။

### လမ်းပန်းဆက်သွယ်မှု

ကလကတ္တားမှ ဗာရာဏသီသို့ တိုက်ရိုက် ရထား၊ ကား၊ လေယာဉ်တို့ဖြင့် လာနိုင်သည်။သို့မဟုတ် ပတ္တနားနှင့် ဂယာမြို့များမှတဆင့်လည်း ကား၊ ရထားတို့ဖြင့် လာနိုင်သည်။ အချို့သော ဘုရားဖူးများသည် ဗာရာဏသီကို ဗဟိုထား၍ အရှေ့ဘက်ရှိ ဗုဒ္ဓဂယာ၊ရာဇဂြိုဟ်၊နာလန္ဒနှင့် ပတ္တနားမြို့များသို့ သွားရောက်ကြသည်။တဖန် ဗာရာဏသီ၌ နားနေပြီးလျှင် အနောက်ဘက်ရှိ ကုသိနာရုံ၊ သာဝတ္ထိ၊ လုမ္ဗိနီဌာနများသို့ သွားရောက် ဖူးမြော်လေ့ရှိကြသည်။

### ဖူးမြော်လေ့လာရန် ဌာနများ

၁။ ဓမေ္မက်ခတ္တီစေတီ၊
၂။ ပြတိုက်၊

**၃။ ကျောင်းတော်ရာ အမှတ် ၆၊**

**၄။ နန္ဒိယ ကျောင်းတော်ရာ၊**

၅။ ကျောက်စေတီငယ်၊

၆။ အသောက ကျောက်စာတိုင်၊

၇။ ဓမ္မရာဇိက စေတီတော်

၈။ ကုမာရဒေဝီ ကျောင်းတော်ရာ၊

၉။ ဓမ္မေခ စေတီ၊

၁၀။ မူလ ဂန္ဓကုဋိဝိဟာရ

## ၁။ ချောက်ခဏ္ဍီစေတီ

ဗာရာဏသီမြို့မှ မိဂဒါဝုန်သို့သွားသောအခါ ရောက်ခါနီး လမ်း၏ ဗယ်ဘက်တွင်တွေ့ရသော စေတီကြီး ဖြစ်သည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားရန်အတွက် ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောသို့ ကြွတော်မူလာသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားရှင်အား ရှေးဦးကြိုဆို၍ ပထမဆုံးတွေ့ဆုံသည့်နေရာအဖြစ် အထိမ်းအမှတ်ပြုလုပ် တည်ထားခြင်းဖြစ်သည်။ မူလ ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်သည်။

စေတီပျက် အုတ်ပုံကြီးပေါ်၌ ရှစ်မြှောင့်မျှော်စင်တခုရှိသည်။ မျှော်စင်ထိပ်အထိ ၈၄-ပေမြင့်သည်။ ထိုမျှော်စင်ကို ခရစ်နှစ် ၁၅၈၈-ခုနှစ်က အက္ကဘာဘုရင်ကြီး တည်ဆောက်ခဲ့သည်။ သူ၏ခမည်းတော် ဟွန်မယွန်သည် စစ်ရှုံး၍ ထွက်ပြေးပုန်းအောင်းရစဉ်က ဤနေရာသို့ရောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့ကြောင်းကို မျှော်စင် အဝင်အဝ ကျောက်ပြားတချပ်၌ ပါရှင်းဘာသာဖြင့် ရေးထိုးထားသည်။

## ၂။ ပြတိုက်

ချောက်ခင်္ကြိုစေတီကို လွန်သောအခါ လမ်း၏ အရှေ့ဘက်တွင် ကျောက်စာဌာန ပြတိုက် ရှိသည်။ ပြတိုက်ကို အလယ်ပိုင်း၊ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းဟူ၍ သုံးပိုင်းခွဲ လေ့လာနိုင်သည်။

အလယ်ပိုင်း၌ ပထမဦးစွာ အသောကကျောက်စာတိုင်ကြီး၏ခေါင်းပိုင်းကို တွေ့မြင်နိုင်ပါသည်။ အရုပ်လေးမျက်နှာသို့ လှည့်နေသော ခြင်္သေ့လေးစီးနှင့် ထိုခြင်္သေ့လေးစီး၏ လက်အောက်၌ ဓမ္မစကြာဘီး ရှိသည်။ ဓမ္မစကြာဘီးမှာ အကန့်(တောက်)ပေါင်း ၂၄-ခု ရှိသည်။ ပဋ္ဌာန်း ၂၄-ပစ္စည်း အထိမ်းအမှတ်ဖြစ်သည်။ ခြင်္သေ့လေးစီးမှာ ဟိန်းဟောက်ခြင်း(သီဟနာဒ)ကို ဆိုလိုသည်။ ဓမ္မစကြာတရား ဟောတော်မူခြင်းကို ခြင်္သေ့ဟောက်ခြင်းဖြင့် တင်စားထားသည်။ မိဂဒါဝုန်၌ ဓမ္မစကြာတရားဟောကြားသည့် နေရာအထိမ်းအမှတ်အဖြစ်စိုက်ထူထားသော ကျောက်တိုင်ကြီးမှ ကျိုးကျနေသော ခေါင်းပိုင်းကို ပြတိုက်အတွင်း သိမ်းဆည်း၍ ပြထားခြင်းဖြစ်သည်။

အသောကကျောက်စာတိုင် ခေါင်းပိုင်းများကို နွားလားဥသဘရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ ဆင်ရုပ်တို့တွင် တခုခုဖြင့် ထုလုပ်လေ့ရှိသည်။ မြတ်စွာဘုရားအလောင်းတော်သည်နွားလားဥသဘဖြင့်အမှတ်သင်္ကေတပြုအပ်သော ရာသီ၌ ဖွားတော်မူခြင်းကြောင့် ဖွားတော်မူခြင်းကို နွားလားဥသဘရုပ်ဖြင့်အထိမ်းအမှတ်ပြုသည်။ကဏ္ဍကမြင်းတော်ကိုစီး၍ တောထွက်ခဲ့သဖြင့် တောထွက်ခြင်း အထိမ်းအမှတ်ဖြစ် မြင်းရုပ်ကို ထုလုပ်ခြင်း ဖြစ်သည်။ ဘုရားလောင်း ပဋိသန္ဓေနေစဉ်က မယ်တော်မာယာ၏ ဝမ်းဗိုက်ကို ဆင်ဖြူတော်ငယ်ကလေးက ဖောက်ဝင်လာဟန် အိမ်မက်မက်ခဲ့သည့်အထိမ်းအမှတ်အဖြစ်ဖြင့် ဆင်ရုပ်ကို ထုလုပ်ထားရှိခဲ့သည်။အချို့က ဟိမဝန္တာတောအတွင်းရှိ အနောတတ္တအိုင်ကြီး၏ အရပ်လေးမျက်နှာ၌ ဆင်၊မြင်း၊နွားလားဥသဘနှင့် ခြင်္သေ့ရုပ်များ တည်ရှိနေဟန်ကို အတုယူ၍ ကျောက်တိုင်ခေါင်းဖျားကို အရုပ်လေးမျိုးဖြင့် ထုလုပ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ယုတ္တိ မရှိနိုင်လုံချေ။

ထိုကျောက်စာတိုင် ခေါင်းပိုင်း၏ နောက်၌ သဲကျောက်အနီဖြင့် ထုလုပ်ထားသည့် မတ်ရပ်တော်ပုံ ဘုရားလောင်းရုပ်ပုံများကို တွေ့မြင်ရသည်။ ဤကျောက်တုံးမှာ အာဂရာနှင့်ဒေလီခံတပ်ရှိ ကျောက်တုံးနီများနှင့် တူညီသည်။ ရုပ်တုတော်၏နောက်ကျော၌ 'ဤရုပ်တုတော်ကို မုတြ အရပ်၌ ထုလုပ်၍ ကနိရှကနန်းတက်၍ ၃-နှစ်အကြာတွင် ဗလ အမည်ရှိ ရဟန်းတော်က မိဂဒါဝုန်သို့ သယ်ယူစိုက်ထူခဲ့ကြောင်း' ရေးထိုးထားသည်။ ထိုရုပ်တုတော်၏ မြောက်ဘက်၌ နံရံတွင် ထောင်ထားသော ကျောက်ပြားဝိုင်းကြီးမှာ ယခင်က ရုပ်တုတော်ကြီး၏အပေါ်၌ ထားရှိသည့် ကျောက်ထီးကြီးဖြစ်သည်။

ထို့ပြင် ပြတိုက်၏အလယ်ပိုင်း၌ အေဒီ ၄-ရာစု၊ ၅-ရာစုက ထုလုပ်ခဲ့သော ဓမ္မစကြာတရားဟောတော်မူနေဟန်ရုပ်ပွားတော်တဆူကို ဖူးတွေ့ရသည်။ လက်ရာပြောင်မြောက်စွာ ထုလုပ်ထားသည်။ အောက်ခြေတွင် ပဉ္စဝဂ္ဂီငါးဦးပုံတော်ကို တွေ့ရသည်။ ပလ္လင်၏အလယ်လောက်၌ သမင်နှစ်ကောင် ခြံရံထားသော ဓမ္မစကြာစက်ဝိုင်းပုံ ပါရှိသည်။ညာဘက်တွင် ကလေးငယ်နှင့် အမျိုးသမီးပုံမှာ အလှူရှင်ဟု ထင်မြင်ယူဆရသည်။

ပြတိုက်၏ညာဘက်ပိုင်းသို့ ဆက်လက်သွားလျှင် ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်ကို ထုလုပ်ထားသော ရုပ်တုများကို တွေ့ရပေမည်။မယ်တော်မာယာ အိပ်မက်ခန်း၊ ဘုရားလောင်း ဖွားတော်မူခန်း၊ ရေချိုးတော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံတော်ပယ်ခန်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ဓမ္မစကြာတရား ဟောတော်မူခန်းများကို စုပေါင်းသရုပ်ဖော် ထုလုပ်ထားသည်။ ထို့ပြင် မှန်သေတ္တာအတွင်း၌ ဘုရားခေါင်းတော်(မဏိတော်)များကို ပြသထားသည်။

ပြတိုက်၏ တောင်ဘက်ပိုင်းသို့ ရောက်သောအခါ ကြီးမားသော ကရိရှနားရုပ်တုကြီးကို တွေ့ရသည်။ ဂေါဝဒ္ဓနတောင်ကို လက်ဝါးဖြင့် မ,ချီထားပုံဖြစ်သည်။ ဤရုပ်တုမှာ မိဂဒါဝုန်နှင့် ပတ်သက်ခြင်းမရှိ။ အာရာအမည်ရှိသော အရပ်ဒေသမှ သယ်ယူ၍ ပြတိုက်၌ ထားရှိခြင်းဖြစ်သည်။ထို့နောက် ညာဘက်သို့လှည့်လည်ကြည့်ရှုလျှင် ဗောဓိသတ္တရုပ်

တုများ၊နတ်သမီးရုပ်တုများကို တွေ့ရသည်။တောင်ဘက်နံရံတွင် တံဆိပ် အမျိုးမျိုးနှင့် အိုးအမျိုးမျိုးကိုတွေ့ရသည်။ အိုးတခုအတွင်း ကြွေစေ့ များ တွေ့ရသည်။ကြွေစေ့ကို ငွေကြေးအဖြစ်သုံးစွဲခဲ့ခြင်းကို ဖော်ပြနေ သည်။ အလယ်ရှိ မှန်သေတ္တာထဲတွင် ကျောက်ဖြူဖြင့် ထုလုပ်ထားသော အဝလောကိတေဿရ ဘုရားလောင်းရုပ်တုရှိသည်။ ၃–လက်မခန့်အရွယ် ရှိသည်။

ပြတိုက်၏ အနောက်ဘက်ထိပ်နံရံတွင် အလွန်ကြီးမားသော သျှိဝ ရုပ်တုကြီးကို တွေ့ရသည်။ခက်ရင်းသုံးခွဖြင့် ဘီလူးတကောင်ကိုထိုးသတ် နေပုံဖြစ်သည်။ဤရုပ်တုက မဂဓဒါဝုန်တွင် ဗုဒ္ဓဝါဒအပေါ် ဟိန္ဒူဝါဒက ကျူးကျော်လွှမ်းမိုးလာကြောင်း ဖော်ပြနေသည်။

ညာဘက်နံရံတွင် ကုမာရဒေဝီ၏ကျောက်စာကို တွေ့ရသည်။ကုမာရ ဒေဝီသည် မဂဓဒါဝုန်၏ နောက်ဆုံး ကျောင်းဒါယိကာမ ဖြစ်သည်။

ပြတိုက်၏ မြောက်ဘက်အပိုင်းတွင်မူ ရုပ်တုတော်အကျိုးအပဲ့များ။ အခန်း၏ဗယ်ဘက်ထောင့်၌ထားသော မြေအိုးကြီးတလုံးမှာ ရှေးခေတ် ဘုန်းကြီးကျောင်းများတွင် ဆန်ထည့်ထားသော အိုးကြီးဖြစ်သည်။ ရှေးခေတ်အုတ်ချပ်ကြီးများ၊ ကျောက်စေတီငယ်များ၊ ရုပ်တုတော်ငယ် များစွာကို ဖူးတွေ့ရပေသည်။

## ၃။ ကျောင်းတော်ရာ အမှတ်–၆

ပြတိုက်မှ ထွက်လာပြီးနောက် မဂဓဒါဝုန်အာရာမ်တွင်းသို့ ဝင်သွား လျှင် ရှေးဦးစွာ ကျောင်းတော်ရာ အမှတ်၆–ကို တွေ့ရသည်။အုတ်မြစ် မျှသာ ကြွင်းကျန်သည်။ ၁၀၇-ပေကျယ်၍ အခန်းပေါင်း ၂၈–ခန်း တွေ့ရသည်။ ကျောင်းတော်မှာ ရန်သူတို့ မီးရှို့ဖျက်ဆီးခံရကြောင်း ထင်ရှားသည်။ တူးဖော် ရှာဖွေစဉ်က ထမင်းချိုးများ တွေ့ရသည်။ အလယ်၌ ရေတွင်းဟောင်းတခု တွေ့ရသည်။



ဓမ္မေခစေတီတော်ကို အသောကကျောက်စာတိုင်ဘက်မှ
ဖူးမြင်ရပုံ (နှ-၆၈)



**အသောကကျောက်စာတိုင်ထိပ်ရှိ**
ခြင်္သေ့လေးစီး (မိဂဒါဝုန်ပြတိုက်) (နှ-၆၂)

## ၄။ နန္ဒိယကျောင်းတော်ရာ (မူလဂန္ဓကုဋိ)

မိဂဒါဝုန်အာရာမ်အတွင်း အရှေ့ အနောက် ပေ နှစ်ရာကျော်ခန့် ရှိသော ကျောင်းတော်ရာကြီးကိုတွေ့ရသည်။နံရံမှာ ၁၀-ပေခန့်ထူသဖြင့် အဆောက်အအုံ မည်မျှမြင့်မည်ကို ခန့်မှန်း၍သာ ကြည့်သင့်သည်။ အောက်ခြေတွင် ကျောက်တုံးကြီးများစီထား၍ အပေါ်၌ အုတ်စီထားသည်။မူလက ဤကျောင်းတော်ကြီးကို ကျောက်တုံးဖြင့်တည်ဆောက်၍ ထပ်မံပြုပြင်သူများက အုတ်ဖြင့်တည်ဆောက်ခဲ့သည်ဟု ယူဆရပေသည်။ ကျောင်းတော်၏ အရှေ့ဘက်ထိပ်၌ ရဟန္တာမာတ်တော်များ ဌာပနာထားသည့် စေတီငယ်များရှိသည်။ဤကျောင်းတော်ရာအလယ်လောက်၌ ပလ္လင်ကြီးတခုကို တွေ့နိုင်သည်။ ဤ ပလ္လင်ကြီးပေါ်တွင် သက်တော် ထင်ရှား မြတ်စွာဘုရား၏ အရွယ်တော်ပမာဏရှိသော ကြေးဆင်းတု တော်ကြီးတဆူ ရှိကြောင်းကို ဟူယင်ဆန်က မှတ်တမ်းတင်ခဲ့သည်။ မြတ်စွာဘုရားရှင် မိဂဒါဝုန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က နေ့စဉ် ဤပလ္လင်တော်ပေါ်၌နေ၍ တရားဟောကြားတော်မူခဲ့၏။

မြန်မာဆရာတော်ကြီးများက အစဉ်အလာအရ ဤကျောင်းတော်ရာကို နန္ဒိယကျောင်းတော်ရာဟု ခေါ်ကြသည်။မြတ်စွာဘုရား လက်ထက်တော်က နန္ဒိယသူဌေး တည်ဆောက်ခဲ့သည်။နန္ဒိယသူဌေး မသေမီကပင် နတ်ပြည်၌ ဘုံဗိမာန်ကြီးတင်ပေါက်လျက်ရှိသည်။မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ဖြစ်၍ မူလဂန္ဓကုဋိဟုလည်း ခေါ်ကြသည်။မြတ်စွာဘုရားရှင် ပထမဝါကပ်ခဲ့သော ကျောင်းတော်ကြီးဖြစ်၏။

## ၅။ ကျောက်စေတီငယ်

နန္ဒိယကျောင်းတော်ရာ၏ အနောက်ဘက်ထိပ်၌ အုတ်တိုက် အခန်းကျဉ်းတခု အတွင်းဝယ် ကျောက်စေတီငယ်တဆူကို ကျောက်လက်ရန်းများကာရံလျက် တွေ့ရသည်။ကျောက်လက်ရန်းမှာ ချောမွတ်နေသဖြင့် အသောကခေတ် လက်ရာဟု ဆုံးဖြတ်ကြသည်။

ဤစေတီငယ်မှာ တောင်ဘက်ရှိ ဓမ္မရာဇိကစေတီတော်ကြီး၏ အစိတ်အပိုင်းဖြစ်သည်ဟု ဆိုကြသည်။ အချို့က စေတီရန်တဆူဟု ဆိုကြသည်။ ကျောက်လက်ရန်းများမှာ မူလက ရှိမည် မဟုတ်။ အခြား တနေရာရှိ အသောကကျောက်လက်ရန်းများကို ရွှေ့ယူခဲ့၍ ဤစေတီငယ်ကို ကာရံထားပုံရသည်။ ဤကျောက်စေတီငယ်မှာ လုံးဝန်း၍ ရှည်မျောမျောဖြစ်သည်။ သျှိဝလိင်အဖြစ် ပြောင်းလဲရန် ဤဒေသရှိဟိန္ဒူများက ရည်ရွယ်၍ ကျောက်လက်ရန်းများ ကာရံခဲ့ခြင်း ဖြစ်နိုင်သည်။

## ၆။ အသောကကျောက်စာတိုင်

နန္ဒိယကျောင်းတော်ရာ၏ အနောက်ဘက်သို့ ဆင်းသက်သွားလျှင် လှန်ပယ်ရစ်အပိုင်းနှင့် သံတိုင်များကာရံထားသော အသောကကျောက်စာတိုင်ကို တွေ့နိုင်ပါသည်။ ဤကျောက်တိုင်သည် ဓမ္မစကြာ တရားဦး ဟောရာဌာနကိုညွှန်ပြခြင်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကျောက်တိုင်ပေါ်၌မူ ဤ အကြောင်း အရာများ ရေးထိုးထားခြင်း မရှိပါ။ လုမ္ဗိနီရှိ ကျောက်စာတိုင်၌ ဘုရားအလောင်း ဖွားရာဒေသဖြစ်ကြောင်း ရေးထိုးထားသည်။ အချို့က နန္ဒိယကျောင်းတော်ရာ အတွင်းရှိ ပလ္လင်ကြီးကို ဓမ္မစကြာ ဟောတော်မူရာဌာနဟု ဆိုကြသည်။ အချို့က ဓမ္မခစေတီ၊ အချို့က ဓမ္မရာဇိကစေတီတော်ကို ဓမ္မစကြာဟောရာဌာန ဖြစ်သည်ဟု ဆိုကြသည်။ ယခုတွေ့နေရသော ကျောက်စာတိုင်မှာ ရှစ်ပေမျှသာဖြစ်၍ အပေါ်ပိုင်းမှာ တနေရာ၌ နစ်မြုပ်ပျောက်ကွယ်လျက် ရှိသည်။ ထိုကျောက်တိုင် အပိုင်းအစကိုပြန်တွေ့ပါက၊ စာလည်းရေးထိုးထားပါက ယနေ့ဖြစ်ခဲ့သော ပဟေဠိမရေရာမှုများ ပပျောက်သွားပေမည်။ မူလ [illegible]က ကျောက်စာတိုင်မှာ အမြင့်ပေ ၇၀-ရှိသည်။ ယခုတွေ့ရသော ကျောက်တိုင်ငုတ်မှာ [illegible]ပိုင်းနှင့်တူညီစွာ ချောမွတ်ပြောင်လက်နေသည်။ ဟူယင်ဆန်၏ မှတ်တမ်း၌လည်း ကျောင်းတော်ကြီး၏ အနောက်တောင်ဘက်တွင် ပေ ၇၀-အမြင့်ရှိ အသောက ကျောက်စာတိုင်ရှိကြောင်း၊ ကျောက်စိမ်းတုံးကဲ့သို့ ပြောင်လက် တောက်ပနေကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ယခုလက်ရှိ ကျောက်စာတိုင်ငုတ်၌ တွေ့ရ

**သော အောက်ဖော်ပြပါ ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် စာများကိုမူ ဟူယင်ဆန်မှတ်တမ်း၌ မတွေ့ရပေ။**

ဒေဝါနံပိယတိဿမင်းကြီးက 'သံဃာတော်ကိုမခွဲရ၊ သံဃာကွဲအောင်ပြုသော ရဟန်းနှင့်မိန်းမတို့ကို ပိတ်ဖြူလဲပေးပြီး ကျောင်းကန်အတွင်းမှ နှင်ထုတ်မည်'ဟု မိန့်ကြားသည်။ ဤအမိန့်တော်ကို ရဟန်းသံဃာနှင့် ရဟန်းမိန်းမ သံဃာတို့၏ အလယ်၌ ဖတ်ပြကြေငြာစေ၏။

မိုဟာမက်ဆိုရီ၏ စစ်တပ်များ ရောက်လာသောအခါ အသောက ကျောက်စာတိုင်ကြီးကို ချိုးဖွဲ့၍ မြေမှာမြှုပ်နှံလိုက်ကြသည်။ ကံကောင်းထောက်မယဖြင့် ကျောက်စာတိုင်၏ ခေါင်းပိုင်းသည် ၎င်းတို့၏ တူအောက်မရောက်ပဲ မပျက်မစီးမြေမြှုပ်နေသဖြင့် ယခုအခါ ပြတိုက်အတွင်း၌ တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

## ၇။ ဓမ္မရာဇိကစေတီတော်

အသောကကျောက်စာတိုင်၏ တောင်ဘက်၊ နန္ဒိယကျောင်းတော်ဆာ၏ အနောက် တောင်ဘက်တွင် စက်ဝိုင်းပုံ စေတီငုတ်တခု တွေ့ရသည်။ စေတီငုတ်၏ ပတ်လည်၌ ကျူးကဲ့သို့ အုတ်မြောင်းငယ် တခုက ရစ်ပတ်လျက်ရှိသည်။ ဤစေတီတော်သည်လည်း အရှေ့ဘက်ရှိ ဓမ္မေခစေတီတော်၏ ဉာဏ်တော်လောက် မြင့်မည်ဟု ခန့်မှန်းရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀-ခန့်က ဤစေတီတော်မှာ ဓမ္မေခစေတီတော် ကဲ့သို့ပင် ရှိနေခဲ့သည်။ အေဒီ ၅-ရာစုတွင် ဖာဟီယန်က ဓမ္မရာဇိက စေတီတော် အကြောင်း မှတ်တမ်းတင်ခဲ့သေးသည်။ ၁၇၉၄-ခုနှစ်တွင် ဗာရာဏသီ မဟာရာဇာစေတမင်း၏ အမတ်ကြီးဖြစ်သော ဂျဂတ်ဆင်းသည် မြို့တော် အတွင်း၌ ဂျဂတ်ဂျူနှင့်ရပ်ကွက် တည်ဆောက်ရန်အတွက် အုတ်ခဲများ ရှာဖွေခဲ့သည်။ သူသည် ဓမ္မရာဇိက စေတီတော်မှ ကျောက်ခဲများနှင့် အုတ်ခဲများကို ဖြိုဖျက်ယူငင် အသုံးပြုလေသည်။ ၎င်းပနာတိုက်အတွင်းမှ ကျောက်ဖြူကြုတ်ငယ် တခု ရရှိသည်။ ကြုတ်အတွင်း၌ တွေ့ရသော ပြာများကို ဟိန္ဒူထုံးစံအတိုင်း ဂင်္ဂါမြစ်အတွင်းသို့ သွန်ချလိုက်သည်။

**အမှန်မှာ ဓာတ်တော်ကြုတ် ဖြစ်စရာရှိသည်။ ဤစေတီတော်အတွင်းမှပင် ထိရပါလနှင့် ဝသန္တပါလတို့၏ ကမ္ပည်းစာများကို တွေ့ရသည်။**

## ၈။ ကုမာရဒေဝီကျောင်းတော်ရာ

နန္ဒိယကျောင်းတော်ရာကို ဖြတ်ကျော်သွားလျှင် ဓမ္မစကြာဇိနဝိဟာရ ခေါ်သော ကုမာရဒေဝီကျောင်းတော်ရာကို တွေ့ရသည်။ ကျောက်စာ အရ ကနောဇဘုရင်၏ မိဖုရား ကုမာရဒေဝီသည် ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း ကနောဇဘုရင်ကြီးဂေါဝိန္ဒစန္ဒြမှာမူ ဟိန္ဒူဘာသာဝင် ဖြစ်သည်။ ကျောင်းတော်ကို အေဒီ ၁၁၃၆-ခုနှစ်က တည်ဆောက်ခဲ့၍ အေဒီ ၁၁၉၄-ခုနှစ်တွင် ဖျက်ဆီးခြင်း ခံရသည်။ ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်သော အိန္ဒိယဘုရင်များ အနက် ကုမာရဒေဝီကား နောက်ဆုံးဖြစ်သည်။

## ၉။ ဓမ္မေခစေတီတော်

ဓမ္မေခဟူသောအမည်မှာ ဓမ္မိက၊သို့မဟုတ် ဓမ္မမုခဟူသော ပါဠိပုဒ်မှ မွေးဖွားလာသည်ဟု ယူဆရသည်။ (ဓမ္မိက = တရားနှင့် ညီသော၊ ဓမ္မမုခ = တရားတည်းဟူသော နှုတ်ခံတွင်း)။

မေတ္တေယျ ဘုရားအလောင်းတော်အား ဗျာဒိတ်ပေးသောနေရာဟု လည်းဆိုကြသည်။ မြန်မာဆရာတော်ကြီးများကမူ ဓမ္မေခစေတီတော်မှာ အနတ္တလက္ခဏသုတ် ဟောကြားရာဌာနဖြစ်၍ ဓမ္မရာဇိကစေတီတော်မှာ ဓမ္မစကြာသုတ်တော်ကို ဟောကြားရာဌာန ဖြစ်သည်ဟု ဆိုကြသည်။ စေတီတော်မှာ ညက်ဟောင် ၁၀၄-ပေမြင့်၍ တမိုင်ပတ်လည်မှကောင်းစွာ မြင်နိုင်ပါသည်။ စေတီတော်ပတ်လည်ရှိ ပန်းခက်များမှာ ဆွာဆထိက ခေါ်သော ကြာပုံများကို လုပ်ထားခြင်းဖြစ်သည်။ ကြာပန်းကုံးများ ကို အပေါ်နှင့်အောက်မှ ခြံရံထွင်းထုထားသည်။ စေတီတော်၏ အရပ် လေးမျက်နှာ၌ လိုဏ်မုခ်ငယ်လေးခု ရှိသည်။ထိုလိုဏ်များအတွင်း၌ ရှေး ခေတ်က ရွှေဆင်းတုများရှိခဲ့ကြောင်းကို ဟူယင်ဆန်က ဖော်ပြခဲ့သည်။

သို့ရာတွင် ထိုရွှေဆင်းတုတော်များမှာ အကြမ်းဖက်ကျူးကျော်သူများ အတွက် အကောင်းဆုံး သုံးရပစ္စည်းများ ဖြစ်လေသည်။ သို့ရာတွင် ဤစေတီတော်ကြီးကို ဖြိုချဖျက်ဆီးခြင်း မပြုခဲ့ကြသည့်အတွက် ၎င်းတို့အား ကျေးဇူးတင်ကြရပေသည်။ ဓမ္မေခစေတီတော်ကြီး၏ အရှေ့မြောက်ဘက်၌ မြေအောက် လိုဏ်ဂူကြီးတခု ရှိသည်။ ရှေးခေတ်က ရဟန္တာမထေရ်များ သီတင်းသုံးသည့်နေရာဟု ဆိုကြသည်။

## ဟူယင်ဆန်၏မှတ်တမ်း

ဤ မိဂဒါဝုန်အကြောင်းကို ၇—ရာစုက ဟူယင်ဆန်၏ မှတ်တမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"ဝရဏာမြစ်၏ အရှေ့မြောက် ၁၀—လီ အကွာ၌ မိဂဒါဝုန် သံဃာရာမ (ကျောင်းတိုက်)ရှိသည်။ ကျောင်းတိုက်ကြီးကို အုတ်တံတိုင်းများ ကာရံလျက် အပိုင်း ရှစ်ပိုင်း ခွဲခြားထားသည်။ အထပ်များစွာရှိသော စုလစ်မွန်းချွန် ပြာသာဒ်များ၊ လသာဆောင်များမှာ ဗိသုကာလက်ရာ ပြောင်မြောက်လှသည်။ ကျောင်းတိုက်အတွင်း၌ ဟီနယာနဂိုဏ်းဖြစ်သော သမ္မိတိယဂိုဏ်းဝင် သံဃာ ၁၅၀၀-ခန့်ရှိသည်။ အုတ်တံတိုင်းကြီး၏အတွင်း၌ ပေ ၂၀၀—ခန့် မြင့်သည့် ကျောင်းကြီး ရှိသည်။ ကျောင်းကြီးကို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ လှေကားမှာလည်း ကျောက်လှေကား ဖြစ်သည်။ ပြာသာဒ်နှင့် လိုဏ်ဂူငယ်များမှာ အုတ်ဖြင့် ပြုလုပ်ထားသည်။ ကျောင်းကြီး၏ အလယ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပမာဏအတိုင်း ကြေးရုပ်တုတော်ကြီးတဆူ ရှိသည်။

"ကျောင်းတော်ကြီးနံဘေး၌ စေတီတော်တဆူ ရှိသည်။ ထိုစေတီမှာ ပဉ္စဝဂ္ဂီငါးဦးတို့က မြတ်စွာဘုရားကို မြတ်နိုးပူဇော်သည့် ဌာနဖြစ်သည်။ ဤစေတီတော်၏ နံဘေး၌ ပစ္စေကဗုဒ္ဓါ ၅၀၀-တို့ ကပြိုင်နက် ပရိနိဗ္ဗာန်ပြုရာဌာန အထိမ်းအမှတ် စေတီကဆူပါသည်။ ထို့ပြင် ရှေးဘုရားသုံးဆူတို့၏ ထိုင်တော်မူရာ၊ စင်္ကြံကြွတော်မူရာဌာန အထိမ်းအမှတ် စေတီတော်သုံးဆူ ရှိသည်။

"ထို စေတီကော်သုံးဆူ၏ အဆုံး၌ရှိသော စေတီတော်တဆူမှာ အရိမေတ္တေယျဘုရားအလောင်း ဗျာဒိတ်ခံယူရာဌာန အထိမ်းအမှတ်ဖြစ်သည်။ ထိုစေတီတော်၏ အနောက်ဘက်ရှိ စေတီတော်မှာ ဂေါတမဘုရားအလောင်းဗျာဒိတ်ခံယူရာဌာနအထိမ်းအမှတ်ဖြစ်သည်။ထိုနေရာမှ တောင်ဘက် မနီးမဝေး၌ ဘုရားလေးဆူတို့၏ စင်္ကြံကြွသော စင်္ကြံလမ်း တခုရှိသည်။ ၄-ပေမြင့်၍ ခြေလှမ်း ၅၀-ခန့် အလျားရှိသည်။ထိုစင်္ကြံ တော်အထက်၌ စင်္ကြံကြွနေဟန် ရုပ်တုတော်ကြီးတဆူမှာ လှန်စွာ အသက်ဝင်လှပေသည်။

"သံဃာရာမ(ကျောင်းကိုက်ကြီး)မှ အနောက်တောင်ဘက် ၃-လီခန့်အကွာတွင် ပေ ၃၀၀-မြင့်သော စေတီတော်ကြီးတဆူ ရှိသည်။ ၎င်းမှာ ဥရုဝေလကဿပ ဦးတို့က မြတ်စွာဘုရားအား ရှေးဦးကြိုဆိုသည့် ဌာနဖြစ်သည်"။

## ၁၀။ ပူလဂန္ဓကုဋိဝိဟာရ

မိဂဒါဝုန်အာရာမ်၏ အရှေ့ဘက်ထိပ်၌ရှိသော အဆောက်အအုံပင် ဖြစ်သည်။ အနာဂါရိကဓမ္မပါလ ဦးစီးသော မဟာဗောဓိအသင်းက ၁၉၃၁-ခုနှစ်က တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံမှ အလှူငွေများစွာ ပါဝင်ခဲ့သည်ကို တွေ့ရသည်။ အဝင်ဝတွင် အလှူရှင်စာရင်းကို တွေ့ရသည်။ ရုလင်မှန်းချုံ အထွက်တင်ထားသော ပြာသာဒ်ဆောင်ကြီးမှာ ပေ ၁၁၀-မြင့်သည်။ တောင်မြောက် အလျားလိုက် တည်ရှိ၍ တောင်ဘက်မှ ဝင်ရသည်။မြောက်ဘက်ထိပ်၌ ဗုဒ္ဓရုပ်ပွားတော်နှင့် ဓာတ်တော်တိုက်ရှိသည်။ ဓာတ်တော်ကြုတ်ကို မြန်မာနိုင်ငံမှ ဒေါ်ဂွမ်းက လှူထားသည်။ ကျောင်းတော် နှစ်ပတ်လည် အထိမ်းအမှတ်နေ့ဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့တွင် ဓာတ်တော်ဖွင့်ပွဲ ပြုလုပ်သည်။

## မိဂဒါဝုန်သမိုင်း

ဘုရားဖူး ပုဂ္ဂိုလ်တဦးအနေဖြင့် သုံးနာရီခန့် လှည့်လည်ဘုရားဖူးပြီး ပါက အိမ်သို့ပြန်၍ တစိမ့်စိမ့် ပြန်လည်အောက်မေ့ပြီး ကြည်ညိုသဒ္ဓါ

ပွားများနေပေလိမ့်မည်။ သို့ရာတွင် ဤအခြေအနေသို့ရောက်အောင် လွန်ခဲ့သော နှစ်ပေါင်း ၉၀ ခန့်က အနာဂါရိကဓမ္မပါလ မည်သို့မည်ပုံ ကြိုးပမ်းခဲ့ရပုံကို သိရှိရပါက ထိုပုဂ္ဂိုလ်ကြီးအပေါ် အတိုင်းမသိ ကျေးဇူးတင်မိပေလိမ့်မည်။

၁၈၉၁ ခုနှစ်တွင် မိဂဒါဝုန်သို့ အနာဂါရိက ဓမ္မပါလ ရောက်လာသောအခါ ဤဒေသမှာ သစ်ပင်ကြီးများဖုံးအုပ်လျက်ရှိသည့် ဝက်မွေးသူများ၏ ဝက်ထိန်းကျောင်းရာ ဝက်စာကျက်တခု ဖြစ်လျက်ရှိသည်။ ရွံ့ရှာဖွယ်အညစ်အကြေးများဖြင့် ဖုံးအုပ်နေသည်။ ဘာသာခြားများကို မဆိုထားဘိ၊ ဗုဒ္ဓဘာသာဝင်များကိုယ်တိုင်ကလည်း ထိန်းသိမ်း စောင့်ရှောက်ရကောင်းမှန်း မသိကြချေ။ ထို့ကြောင့် ဓမ္မပါလသည် ထိုမြေကွက်ကိုဝယ်ရန် ဆုံးဖြတ်လိုက်သည်။ ယခု ကျောင်းတော်ဆောက်လုပ်ထားသော မြေကွက်ကို ဓမ္မပါလ၏ မိခင်ကြီး မလ္လိကာ ဟေဝါဝိ ကာရနေလမာတေနိ၏ အလှူငွေဖြင့် ပထမဦးဆုံး ဝယ်ယူခဲ့သည်။ ဒုတိယ မြေကွက်ကိုမူ ကွန်လွန်သူ ဘိန်ဂရာဇာ၏ အလှူငွေဖြင့် ဝယ်ယူသည်။ ပထမဦးစွာ ဓမ္မပါလသည် ပတ်ဝန်းကျင်လူထုကို ခေတ်ပညာသင်ပေးရန် အမေရိကန်ပါရဂူတဦးကို ငှား၍ စိုက်ပျိုးရေး သင်တန်းကျောင်း တခု ဖွင့်သည်။ အသေးစားအိမ်တွင်းစက်မှုလုပ်ငန်းတေင်ရန် ကြိုးပမ်းသည်။ သို့ရာတွင် တိုင်းရင်းသားအယူသည်းသူများ၏ နှောင့်ယှက်မှုကြောင့် စီမံကိန်း မအောင်မြင်ခဲ့ချေ။

မိဂဒါဝုန်ဟူသောအမည်မှာ မိဂဒါယမှပြောင်းရွေ့လာသောစကား ဖြစ်သည်။ (မိဂ = သမင်၊ ဒါယ - တော) သမင်တို့ကို ဘေးမဲ့ပေးရာ တော။ နိဂြောဓသမင်မင်း ဇာတ်တော်၌ လာရှိသည့်အတိုင်း ဘုရားအလောင်းတော် ရွှေသမင်မင်းကို အကြောင်းပြု၍ ဗာရာဏသီမင်းက သမင်တို့အား ဘေးမဲ့ပေးခဲ့သည်။ ဝန (တော)ကို မြန်မာစကား ပြောင်းလဲသောအခါ (ဝုန်)ဟု ဖြစ်လာသည်။ မိဂဒါယဝနမှ မိဂဒါဝုန် ဟု ဖြစ်လာသည်။ တဖန် အချို့က ဆာရနတ်ဟုခေါ်ကြသည်။ သာရင်္ဂ နာထမှ သာရနတ် - ဆာရနတ် ဖြစ်လာသည်(သာရင်္ဂ - သမင် + နာထ =

ကိုးကွယ်အားထားရာ) သမင်တို့၏ ကိုးကွယ်အားထားရာ၊ ဘေးကင်းရာ တောဟု ဆိုလိုသည်။ ဤအမည်နှင့်အတူတွဲ၍ ဣသိပတနဟု ပါဠိစာပေတို့၌ ဖော်ပြထားသည်။ (ဣသိ=ရသေ့+ပတန=နေရာ=ကျရောက်ရာ) ရသေ့သူတော်ကောင်းတို့ ပျော်မွေ့ရာတောဟု ဆိုလိုသည်။ ဤအဓိပ္ပာယ်ကို ပေါ်လွင်စေရန် ယခုအခါ တိရစ္ဆာန်ဥယျာဉ်တခုဖန်တီး၍ ဘေးမဲ့သမင်များ မွေးမြူထားသည်။

မိဂဒါဝုန်မှာ မြတ်စွာဘုရားပထမဝါကပ်တော်မူသည်။ ပဉ္စဝဂ္ဂီငါးဦးတို့ ရဟန္တာဖြစ်တော်မူသည်။ ယသသူဌေးသားနှင့် သူငယ်ချင်း ၅၄-ဦးတို့ ပထမ ဝါတွင်းမှာပင် ရဟန္တာဖြစ်တော်မူကြသည်။ ပထမ ဝါမှာပင် စုစုပေါင်း ရဟန္တာ ၆၀-ဖြစ်၍ ဝါကျွတ်သောအခါ နယ်လေးရပ်သို့ သာသနာပြုလှည့်လည်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် မိဂဒါဝုန်သို့ နောက်ထပ် ၇-ကြိမ်ခန့် ကြွတော်မူခဲ့သည်။ မိဂဒါဝုန်၌ဟောကြားသော သုတ္တန်တရားတော်များမှာ—

၁။ မေဃိယသုတ် (မဇ္ဈိမနိကာယ်)
၂။ အနတ္တလက္ခဏသုတ် ( ။ )
၃။ ပဉ္စသုတ် (သံယုတ္တနိကာယ်)
၄။ ပါသသုတ် ( ။ )
၅။ မဟာဒိန္နသုတ် ( ။ )
၆။ အာဒိတ္တပရိယာယသုတ် (မဇ္ဈိမနိကာယ်)
၇။ သစ္စဝိဘင်္ဂသုတ် ( ။ )
၈။ ရထကာရသုတ် (အင်္ဂုတ္တရနိကာယ်)
၉။ သမယသုတ် ( ။ )
၁၀။ ကဋုဝိယသုတ် ( ။ )
၁၁။ မေတ္တေယျပဉှာ (ပါရာယနဝဂ်) တို့ဖြစ်သည်။

မိဂဒါဝုန်၌ မြတ်စွာဘုရားလက်ထက်တော်အခါက နန္ဒိယသင်္ဌေးက ကျောင်းတော် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အသောကမင်းတရားကြီး ခေတ်၌မူ မိဂဒါဝုန်သည် ဗုဒ္ဓတရားတော်ဖြန့်ချီရာ ဗဟိုဌာနတခု ဖြစ်လာလေပြီ။ သို့ရာတွင် မိဂဒါဝုန်အရပ်၌ အသောကမင်းတရားကြီး၏ အလှူတော်စာရင်းနှင့် စပ်လျဉ်း၍ ကျောက်စာအထောက်အထား တစုံတခုမျှ မတွေ့ရသေးချေ။

အေဒီ ၅-ရာစုတွင် တရုတ်ရဟန်းတော်ဖာဟိယန်ကမိဂဒါဝုန်၌ရဟန်း ကျောင်းများ စည်ကားနေပုံကို မှတ်တမ်းတင်ခဲ့သည်။ တဖန် အေဒီ ၇-ရာစုတွင် တရုတ်ရဟန်းတော်ဟူယင်ဆန်ကလည်း အလားတူမှတ်တမ်း တင်ခဲ့သည်ကိုရှေး၌ဖော်ပြပြီးလေပြီ။ အေဒီ ၆-ရာစုအတွင်းက ဟန်းလူမျိုး စစ်ဗိုလ်ချုပ် မိဟိရကုလသည် ဤဒေသကို ကျူးကျော်ရောက်ရှိ ဖျက်ဆီးခဲ့ကြောင်း ရာဇဝင်၌ပြဆိုထားသော်လည်း ဟူယင်ဆန်၏မှတ်တမ်း၌ ယိုအကြောင်းကိုလုံးဝဖော်ပြမထားချေ။ အကြောင်းမှာ မိဟိရကုလ၏ ဖျက်ဆီးမှုများကို ဟူယင်ဆန်ရောက်ချိန်၌ ပြင်ဆင်ပြီးဖြစ်နေရှိသည်။

ထို့နောက် မိဂဒါဝုန်သည် အရှိန်မပျက် ဆက်လက်စည်ကားနေခဲ့ပုံ ရသည်။ အေဒီ ၁၀၂၆-ကွင် ဘင်္ဂေါလ်ဘုရင် မဟီပါလ၏လက်ထက်တွင် ထိရပါလနှင့် ဝသန္တပါလညီနောင်နှစ်ပါးတို့က ကျောင်းဟောင်းပြုပြင် ခဲ့ကြောင်းကို ဗုဒ္ဓရုပ်ပွားတော် စမ္မဏ်၌ ကမ္ပည်း ရေးထိုးထားသည်။ အေဒီ ၁၁၃၆-တွင် ကုမာရဒေဝီက ကျောင်းဆောင်တခု ဆောက်လုပ် လှူဒါန်းခဲ့သည်။ ထိုအချိန်တွင် မိဂဒါဝုန်တဝိုက်၌ ဟိန္ဒူဘုရားကျောင်း များ လွှမ်းမိုးလာသည်။ ၁၁-ရာစုတွင် စူလတန် မာမွတ်ဂဇနဝီ၏ တိုက်ခိုက်ဖျက်ဆီးခြင်းကို ခံရသည်။ တဖန် အေဒီ ၁၁၉၄-ခုနှစ်တွင် မာမွတ်ဂိုရီ၏ စစ်ဗိုလ်ချုပ်ကြီးဖြစ်သော ကုတ်ဘုတ်ဒိန်သည် ကျူးကျော် တိုက်ခိုက်၍ ကျောင်းကန်ဘုရားများကို ဖြိုဖျက်ခဲ့သည်။ ရဟန်းတော် အများစုအသတ်ခံကြရ၍အချို့မှာတိဘက်သို့ထွက်ပြေးကြသည်။ ဤတွင် မိဂဒါဝုန်၏ တောက်ပြောင်သောသမိုင်းကဏ္ဍကား ပြီးဆုံးခဲ့လေသည်။

နှစ်ပေါင်း ရှစ်ရာခန့်ကြာအောင် မိဂဒါဝုန်ကို မေ့ခဲ့ကြလေသည်။ တဖြည်းဖြည်းမြေဇာများဖုံးအုပ်၍ မြက်သစ်ပင်ငယ်များ၊ သစ်ပင်ကြီးများ ပေါက်ရောက်လာရာ တောအတိ ဖြစ်ခဲ့လေသည်။ ပတ်ဝန်းကျင်လူထုအနေဖြင့် ဓမ္မေခစေတီတော်ကြီးနှင့် ဓမ္မရာဇိက စေတီတော်ကြီးအကြောင်းကို လုံးဝမသိကြတော့ချေ။ စိတ်ဝင်စားမှုလည်း မရှိကြတော့ချေ။

ရာဇဝင်ဘီးသည် တပတ်လည်ခဲ့လေပြီ။ အဖိုးတန် ရတနာများကို ဖျက်ဆီးဖြုန်းတီးခဲ့သော အောင်နိုင်သူများအပေါ် ထပ်ဆင့်အောင်နိုင်သူ ပေါ်ပေါက်ခဲ့လေပြီ။ ၎င်းတို့မှာ အနောက်တိုင်းမှရောက်လာကြ၍ မိမိတို့အောင်နိုင်သော တိုင်းပြည်၏ အတိတ်သမိုင်းနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ကြသည်။ ကျောက်စာဌာနဖွင့်လှစ်၍ ရှာဖွေစုဆောင်းသည်။ ၁၈၁၅-ခုနှစ်တွင် ကာနယ်မက်ကင်ဇီက ဤဒေသကို တူးဖော်ခဲ့သည်။ ၁၈၃၄-ခုနှစ်တွင် ဆာအလက်ဇန္ဒာကာနင်ဟန်က စနစ်တကျတူးဖော်ခဲ့သည်။ ယင်းအချိန်တွင် ဗာရာဏသီမြို့ပေါ်၌ ဘုရင်မကောလိပ်ကျောင်းကြီး၊ ဝရုဏာမြစ်ကိုဖြတ်ကူးမည့် ဒွန်ကန်တံတားနှင့် ဘူတာရုံကြီး တည်ဆောက်ရာ၌ ဤမိဂဒါဝုန်မှ ကျောက်တုံးနှင့်အုတ်ချပ်များကို ယူဆောင်အသုံးပြုခဲ့ကြသည်၊ ဒွန်ကန်တံတားအောက်၌ ရုပ်ပွားတော်၄၈-ဆူထက်မနည်း ပါဝင်ခဲ့သည်ဟု ဆိုကြသည်။

၁၈၅၁-ခုနှစ်၌ မေဂျာဘိတိုးက ဆက်လက်တူးဖော်ခဲ့၏။ သို့ရာတွင် မိဂဒါဝုန်ကို ကမ္ဘာက အာရုံစိုက်လာအောင် ပြုလုပ်သူမှာ ဓမ္မပါလဖြစ်သည်။ရဟန်းတော်များ အမြဲတမ်းနေထိုင် သီတင်းသုံးနိုင်အောင် ကြံဆောင်ခဲ့သည်။အနှစ်၈၀၀-ကျော်ရပ်စဲနေသော မိဂဒါဝုန်ဗုဒ္ဓသာသနာတော်သည် ပြန်လည်အသက်ဝင်လာခဲ့သည်။မူလဂန္ဓကုဋိဝိဟာရကို ယူပီဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ၁၉၂၂-ခုနှစ်တွင်အုတ်မြစ်ချခဲ့သည်။ ၁၉၃၁-ခုနှစ်တွင် ကျောင်းတော်ကြီးပြီးစီးသည်။မဟာဗောဓိ အသင်း

သည် ဗုဒ္ဓစာပေများကို ထုတ်ဝေခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ တည်ဆောက်ခြင်း စသည်ဖြင့် သာသနာပြု လုပ်ငန်းများ ချဲ့ထွင်လာနိုင်သည်။ ယခုအခါ အနာဂါရိကဓမ္မပါလ တည်ထောင်ခဲ့သော မဟာဗောဓိအသင်းကြီးသည် အရှိန်အဟုန်ဖြင့် အိန္ဒိယပြည်ကြီး၌ ဗုဒ္ဓသာသနာရောင်ဝါ ထွန်းတောက်စေရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့နိုင်ပါသည်။

## အခန်း (၄)

# သာဝတ္ထိ

### တည်နေရာ

သက္ကတအသံထွက်ဖြင့် ဆရာဗစတီဟုခေါ်၍ ယခုခေတ် အခေါ်အားဖြင့် 'ဆာဟေ့မဟေ့' ဖြစ်သည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က ကောသလတိုင်း ပသေနဒီကောသလမင်းကြီး၏ ထီးနန်းစိုက်ရာ ရွှေမြို့တော် ဖြစ်သည်။ ထိုစဉ်က လူဦးရေ ၅ သန်းကျော်ရှိသော မြို့တော်ကြီးဖြစ်သည်။ အစိရဝတီမြစ်ကမ်းပါး၌ တည်ရှိသည်။ သာဝတ္ထိမြို့တော်၏ အရှေ့ဘက်တွင် ဝိသာခါ ကျောင်းအစ်မကြီး၏ ပုဗ္ဗာရုံကျောင်းတော်၊ တောင်ဘက်တွင် ရာဇကာရုံ ကျောင်းတော်နှင့် ဇေတဝန် ကျောင်းတော်တို့ ရှိသည်။ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရားရှင် ၂၄-ဝါတိုင်တိုင် ဝါကပ်တော်မူခဲ့ကြောင်း ရှေးပိုင်း၌ ဖော်ပြပြီး ဖြစ်ပါသည်။ သာဝတ္ထိ မြို့တော်ဟောင်းသည် ဗာလ်ရာမ်ပူရ်မြို့မှ ခုနစ်မိုင်ဝေးသည်။

ဗာလ်ရာမ်ပူရ်မြို့သည် ယူပီနယ် ဂုန္ဒာဒီစတြိတ်၌ တည်ရှိသည်။ ဗာလ်ရာမ်ပူရ်မြို့သည် ဇမိန္ဒါရီအမည်ရှိသော မဟာရာဇာ စော်ဘွားကြီး ထီးနန်းစိုက်ရာ ဌာနဖြစ်သည်။ ထိုစော်ဘွားကြီးသည် တချိန်က ယူပီနယ်တွင် တန်ခိုးအကြီးဆုံး ပဒေသရာဇ် မြေပိုင်ရှင်ကြီးဖြစ်၍ တနှစ်လျှင် မြေငှားခ ရူပီး သိန်း ၄၀ အထိ ရရှိသည်။ ဗာလ်ရာမ်ပူရ်မြို့တွင် မဟာရာဇာ စော်ဘွားကြီးထံမှ အလှူခံရရှိသော မြေကွက်ပေါ်တွင် ဆရာတော် ဦးအာစရ ဆောက်လုပ်ခဲ့သော မြန်မာ ဘုန်းကြီးကျောင်း နှစ်ထပ်တိုက်ကြီးတလုံး ရှိသည်။

### လမ်းပန်းဆက်သွယ်မှု

ဗာရာဏသီမြို့မှ ဂေါရက္ခပူရ်သို့ မီးရထားစီးပြီးလျှင် တဖန် ဂေါရက္ခပူရ်မြို့တွင် မီးရထားပြောင်းစီး၍ ဗာလ်ရာမ်ပူရ်မြို့သို့ သွားနိုင်သည်။

**ဗာလ်ရာမ်ပူရ်မြို့မှ သာဝတ္ထိမြို့တော်ဟောင်းသို့ အငှားကား၊ ဆိုက်ကား၊ မြင်းလှည်းတို့ဖြင့် သွားနိုင်ပါသည်။ သို့မဟုတ် ဗာရာဏသီမြို့မှ သာဝတ္ထိ အရောက် ကားငှား၍သွားလျှင် ကီလိုမီတာ ၃၃၁-ကွာဝေးသည်။**

## ဖူးမြော်ကြည့်ရှုရန် ဌာနများ

၁။ သာဝတ္ထိ မြို့တော်ဟောင်း။

၂။ ပုဗ္ဗာရုံ ကျောင်းတော်ရာ။

၃။ ရာဇိကာရုံ ကျောင်းတော်ရာ။

၄။ ဇေတဝန် ကျောင်းတော်ရာ။

၅။ အာနန္ဒာ ဗောဓိ။

၆။ ယမကပြာဋိဟာ ပြတော်မူသည့် ဌာန (ကဏ္ဍမ္ဗ သရက်ဖြူပင်)

၇။ ဒေဝဒတ်နှင့် စိဉ္စမာဏ မြေမျိုသည့်နေရာ။

## ၁။ သာဝတ္ထိမြို့တော်ဟောင်း

သာဝတ္ထိ မြို့တော်ဟောင်းသို့ တောင်ဘက် တံခါးမှ ဝင်ရသည်။ မြို့တော်ဟောင်းမှာ သစ်ပင်ငယ်များ၊ ချုံဖုတ်များဖြင့် ဖုံးအုပ်နေသည်။ အခြားသော သစ်ပင်များထက် အနည်းငယ် မြင့်မားနေသော သစ်ပင် ချုံတန်းကြီးကိုကြည့်၍ မြို့ရိုးတည်နေပုံကို သိနိုင်ပါသည်။ မြို့ကွက် အကျယ် ကေ ၄၀၀-ခန့်ရှိသည်။ မြို့တော်ဟောင်းကို **'မဟေ့'** ဟုခေါ်၍ ဇေတဝန်ကျောင်းတော်ရာကို **'ဆာဟေ့'** ဟု ခေါ်သည်။

မြို့တော် တောင်ဘက်တံခါး အဝင်ဝမှာပင် ဂျိန်းဘုရားကျောင်း အုတ်တိုက်ပျက်တခု ရှိ၏။ ထို့ပြင် ကတ်ကျိကုဋိနှင့်ပတ်ကိကုဋိခေါ်သော တိုက်ပျက်ကြီးနှစ်ခု ရှိသည်။ တခုမှာ မလ္လိကာမိဖုရားကြီး နေထိုင်သော နန်းမဆောင်ဖြစ်၍ တခုမှာ ကောသလမင်းကြီးစံပျော်ရာ နန်းတော်ဟု ဆိုကြသည်။

## ၂။ ပုဗ္ဗာရုံကျောင်းတော်ရာ

ပုဗ္ဗာရုံကျောင်းတော်သည် သာဝတ္ထိမြို့တော်၏အရှေ့ဘက်၌ တည်ရှိသည်။ထိုကျောင်းတော်ကို ဝိသာခါကျောင်းအစ်မကြီးက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လှူဒါန်းခြင်း အကြောင်းမှာ တနေ့သောအခါ ဝိသာခါသည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားအားဖူးမြော်ရန်သွားသည်။ကျောင်းတော်သို့ရောက်သောအခါ မလ္လိကာတန်ဆာကို ချွတ်၍ ကျွန်မအား အပ်နှံထား၍ တရားနာယူလေသည်။ တရားနာပြီး ပြန်လာသောအခါ ကျွန်မသည် မလ္လိကာ တန်ဆာကို မေ့ထားခဲ့သည်။ ထိုအခါ အရှင်အာနန္ဒာ မထေရ်က ကောက်ယူသိမ်းဆည်းထားခဲ့သည်။ ဝိသာခါသည် အရှင်အာနန္ဒာထံမှ မလ္လိကာတန်ဆာကို ပြန်လည်ရရှိသောအခါ ပြန်လည်ဝတ်လိုစိတ်မရှိတော့သဖြင့် ကျောင်းဆောက်လှူဒါန်းရန်အတွက် မလ္လိကာတန်ဆာကိုရောင်းချသည်။ သာဝတ္ထိမြို့တော်၌ ဝယ်ယူနိုင်မည့်သူ မပေါ်ထွက်သဖြင့် မိမိဘာသာ တန်ဖိုးဖြတ်၍ ၉-ကုဋေဖြင့် ဝယ်ယူသည်။ ထို ၉-ကုဋေဖြင့် ကျောင်းဆောက်လုပ်လှူရာ ပုဗ္ဗာရုံကျောင်းတော် (ပုဗ္ဗ-အရှေ့)ဟု အမည်တွင်သည်။ ယခုအခါ အစိရဝတီမြစ်ရေ တိုက်စားသဖြင့် ပုဗ္ဗာရုံကျောင်းတော်မှာ သဲသောင်များ ဖုံးနေလေပြီ။

ထိုအစိရဝတီမြစ်သည်ကား ဘုရားရှင်လက်ထက်တော်က ပဋာစာရီသမီးနှင့် သားကြီး ရေမျော၍ သားငယ် စွန်ချီခံရသော နေရာဖြစ်သည်။ထို့ပြင် သာကီဝင်တမျိုးလုံးကိုသတ်ဖြတ်၍ပြန်လာသောဝိဍူဍဘမင်းသားနှင့် စစ်တပ်ကြီးကို ညဉ့်အခါ စခန်းချ အိပ်စက်နားနေစဉ် ရေလွှမ်းမိုး နစ်မြုပ်သုတ်သင်ခဲ့သည်။ အစိရဝတီမြစ်ကို ထိုဒေသရှိ လူများက 'ရာမဟ' ဟု ခေါ်ကြသည်။

## ၃။ ရာဇကာရုံကျောင်းတော်ရာ

ရာဇကာရုံ (ရာဇကာရာမ) ကျောင်းတော်ကို ပသေနဒီမင်းကြီးက ဆောက်လုပ်လှူဒါန်းခဲ့သည်။တိတ္ထိတက္ကတွန်းတို့သည် ဇေတဝန်ကျောင်း

**တော်နှင့် သာဝတ္ထိမြို့တို့အကြားတွင် ဇေတဝန် ကျောင်းတော်အဝကို ပိတ်၍ တက္ကတွန်း ကျောင်းတိုက်ကြီး ဆောက်လုပ်ကြသည်။ တိတ္ထိ** တက္ကတွန်းတို့မှာ ကိုယ်တုံးလုံးအကျင့်ကို ကျင့်ကြသဖြင့် ဇေတဝန် ကျောင်းတော်သို့ ဘုရားဖူး တရားနာ လာလိုသော အမျိုးကောင်း သမီးများ မျက်စိရှက်၍ မလာဝံ့ မသွားဝံ့ ဖြစ်ကြရသည်။ မြတ်စွာ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်အဝ၌ တိတ္ထိတက္ကတွန်းကျောင်း ဆောက်လုပ်ခွင့် မပြုပါရန် ပသေနဒီ ကောသလမင်းကြီးထံ အရှင် အာနန္ဒာကို စေလွှတ်၍ မေတ္တာရပ်ခံစေသည်။ တိတ္ထိတက္ကတွန်းတို့က သိန်းနှင့်ချီ၍ လာဘ်ထိုးထားသဖြင့် ကောသလမင်းကြီးသည် အတွေ့ မခံချေ။ တဖန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်တို့ကို စေလွှတ်၍ မေတ္တာရပ်ခံစေရာ ဘုရင်ကြီးသည် အတွေ့မခံပဲ ခရီးထွက် သွားပြီဟု လျှောက်ထားစေသည်။ နောက်ဆုံးအကြိမ်တွင် မြတ်စွာ ဘုရားရှင်ကိုယ်တိုင် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ မဟာသာဝကကြီး များနှင့် ဇေတဝန် ကျောင်းတော်ရှိ သံဃာကုန် တန်းစီကြွ၍ နန်းတော် တံခါးဝ၌ ရပ်တော်မူသည်။ ထိုအခါ ကောသလမင်းကြီးသည် မနေသာ တော့ပဲ ထွက်လာ၍ မြတ်စွာဘုရားရှင်အား ဖူးမြော်ကန်တော့သည်။ မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီးအား သူတော်ကောင်း ရသေ့ ရဟန်းများထံမှ လာဘ်စား၍ အဂတိလိုက် တရားဆုံးဖြတ် သဖြင့် တိုင်းပြည် ပျက်စီးခဲ့ဖူးကြောင်း ဘရုဇာတ်တော်ကို ဟော ကြားတော်မူသည်။ ကောသလမင်းကြီးသည် ဘဏ္ဍာတိုက်မှ ငွေတော်ဖြင့် တိတ္ထိတက္ကတွန်းတို့ထံမှ ထိုမြေကွက်ကို ဝယ်ယူ၍ ဘိက္ခုနီမတို့အတွက် ကျောင်းဆောက် လှူဒါန်းလေသည်။

ယခုအခါ ထို ကျောင်းတော်ရာမှာ မြေအောက်တွင် နစ်မြုပ်နေ၍ ရှာဖွေတူးဖော်ခြင်း မပြုရသေးချေ။ သာဝတ္ထိမြို့တော်နှင့် ဇေတဝန် ကျောင်းတော်အကြား တနေရာတွင် ကေန်အမှန် ရှိရပေမည်။

## ၄။ ဇေတဝန် ကျောင်းတော်ရာ

မင်္ဂလသုတ် သင်ဖူးသော မြန်မာဗုဒ္ဓဘာသာများသည် အောက်ဖော်ပြပါ စကားရပ်ကို ကျက်မှတ်ကြဖူးပေမည်။

"သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ"။

"သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဌေး၏။ အာရာမေ၊ နှလုံးမွေလျော်ပျော်ဖွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။"

ဇေတဝန်ဆိုသည်မှာ (ဇေတဝန - ဇေတ - မင်းသား၏အမည်။ ဝန - ဥယျာဉ်ပန်းခြံ) ဇေတမင်းသားပိုင်သော ဥယျာဉ်ဟု ဆိုလိုသည်။ သာဝတ္ထိမြို့တော်၏ တောင်ဘက် တဖာလုံခန့် အကွာတွင် ဇေတမင်းသားပိုင်သော (ဧက-၃၀) ဥယျာဉ်ကြီး ရှိသည်။ အနာထပိဏ်သဌေးသည် ထိုဥယျာဉ် မြေကွက်၌ မြတ်စွာဘုရားရှင်အတွက် ကျောင်းဆောက် လှူဒါန်းရန် သဘောကျ နှစ်ခြိုက်လျက်ရှိသည်။ ထို့ကြောင့် ဇေတမင်းသားထံ မကြာခဏသွား၍ ဥယျာဉ်ရောင်းချပါရန် တောင်းပန်သည်။ ဇေတမင်းသားသည် အကြိမ်ကြိမ် ငြင်းပယ်သော်လည်း အနာထပိဏ် သဌေးကား အားမလျော့ပဲ မကြာခဏ လာရောက်ပြောကြားနေသည်။ 'ဘယ်လောက်ပေးရ ပေးရ ပေးမည်၊ ကိုက်ဈေးဆိုပါ၊ တန်ဖိုးဖြတ်ပါ'စသည်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် တွေ့တိုင်းပြောနေသည်။ ကြာသော် ဇေတမင်းသားသည် စိတ်မရှည်နိုင်တော့သဖြင့် "ကျွန်ုပ်၏ ဥယျာဉ်ကို ဝယ်လိုပါက ဥယျာဉ်အပြည့် ရွှေခွက် (ရွှေပေါ်။) ခင်းရမည်"ဟု ဆိုလိုက်သည်။ အနာထပိဏ် သဌေးသည် ... တိုက်မှထုတ်၍ ဥယျာဉ်အပြည့် ရွှေခွက်များ ခင်းလိုက်သည်။ ဇေတမင်းသားက ဥယျာဉ်၏ တန်ဖိုးကိုသာ ပြောခြင်းဖြစ်၍ ရောင်းမည်ဟု ပြောခြင်းမဟုတ်ကြောင်း၊ မရောင်းနိုင်ကြောင်း ငြင်းပယ်သည်။ ပိုင်ရှင်က တန်ဖိုးဖြတ်၍ ဈေးဆိုသည်။ ဝယ်သူက ထိုတန်ဖိုးကို ပေးချေသည်။ ဝယ်သူ ရထိုက်မရထိုက် တရားရုံးတော်၌ တရားစွဲရာ ဇေတမင်းသား ရှုံးသည်။ နောက်ဆုံးတွင် ဇေတမင်းသားကိုယ်တိုင်က



သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရာ (နှ-၇၀)



မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋီကျောင်းတော်ရာ (နှ-၇၁)



တန့်ခိုးပြာဋိဟာ ပြတော်မူရာစေတီတော် (နှ-၇၃)



ဒေဝဒတ်မြေမျိုခံရသည့် ရေကန် (နှ-၇၆)

စေတနာ သဒ္ဓါတရားပေါက်လာသဖြင့် မြေတဝက်ကိုသာ ရွှေခွက်ခင်းစေသည်။ ကျန်တဝက်ကို ဇေတမင်းသားက လှူသည်။ထိုမြေတဝက်၏ တန်ဖိုးသည် ထိုခေတ် ရွှေဒင်္ဂါး ၁၈-ကုဋေ ဖြစ်သည်။ အနာထပိဏ် သဋ္ဌေးသည် ၁၈-ကုဋေဖြင့် မြေဝယ်၍ ၁၈-ကုဋေဖိုး ကျောင်းဆောက်သည်။ အနာထပိဏ်သဋ္ဌေး ဆောက်လုပ်သော ဂန္ဓကုဋီ ကျောင်းတော်မှာ ဘုံခုနစ်ဆင့်၊ အထပ် ခုနစ်ထပ် ရှိသည်။

ဇေတဝန်ကျောင်းတော်အတွင်း၌ မြတ်စွာဘုရား သီတင်းသုံးသော ကျောင်းတော်ကြီး လေးဆောင်ရှိသည်။

(က) ဂန္ဓကုဋီ (နံ့သာကျောင်းတော်)

(ခ) ကရေရိကုဋီ (ရေခံတက်ပင်ရှိသော ကျောင်းတော်)

(ဂ) သလလာဂါရကုဋီ (သလာကုဋီ ကျောင်းတော်)

(ဃ) ကောသမ္ဗကကုဋီ (ကြို့ပင်ရှိသော ကျောင်းတော်)

ဂန္ဓကုဋီ၏ရှေ့၌ သံဃာစည်းဝေးရာမဏ္ဍပ် (ဥပဋ္ဌာနသာလာ) ရှိသည်။

မူလကျောင်းတော်များ၏ အစအနကို အုတ်မြစ်မျှပင် မတွေ့ရသေးချေ။ မူလကျောင်းတော်များ၏ အပေါ်၌ ထပ်ဆင့်ဆောက်လုပ်ခဲ့ကြရာ ယခု တွေ့မြင်နေရသော အုတ်မြစ်များမှာ အေဒီ ၅-ရာစုမှ ၁၂-ရာစု အတွင်း ဆောက်လုပ်ခဲ့သော အဆောက်အအုံများ ဖြစ်သည်။ဂန္ဓကုဋီ ကျောင်းတော်၌ မြတ်စွာဘုရားကျိန်းစက်တော်မူသော ညောင်စောင်းတော် နေရာသည် အလျား ၂၇-တောင်နှင့် အနံ ၁၇-တောင်ရှိသည်။

## ၅။ အာနန္ဒာဗောဓိ

ဤဗောဓိပင်ကြီးသည် မြတ်စွာဘုရားလက်ထက်တော်အခါက အရှင်အာနန္ဒာ၏ အစီ အစဉ်ဖြင့် စိုက်ပျိုးခဲ့သော ဗောဓိပင်ကြီး ဖြစ်၍

နှစ်ပေါင်း ၂၅၀၀-ကျော်လေပြီ။ အာနန္ဒာဗောဓိ ဖြစ်ပေါ်လာပုံမှာ ဤသို့တည်း။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ဝါတွင်း (၃) လ မျှသာ သီတင်းသုံးတော်မူ၍ ဝါကျွတ်သောအခါ (၉) လတို့ပတ်လုံး မဇ္ဈိမဒေသတိုင်းပြည်အသီးသီး၊ မြို့ရွာအသီးသီးသို့ ဒေသစာရီလှည့်လည် ကြွချီတော်မူသည်။ သာဝတ္ထိ မြို့သူမြို့သားတို့သည် ဇေတဝန် ကျောင်း တော်သို့လာသောအခါ မြတ်စွာဘုရားအားလှူဒါန်းပူဇော်ရန်ပန်းနံ့သာ များကို ယူဆောင်လာလေ့ရှိ၏။ မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော် မူချိန်၌ မြတ်စွာဘုရားကိုမဖူးတွေ့ရသဖြင့်ပူဇော်ရန်ယူဆောင်လာခဲ့သော ပန်းနံ့သာတို့ကို ဇေတဝန်ကျောင်းတော်အဝ၌ စွန့်ပစ်ခဲ့ကြကုန်၏။ ထို အကြောင်းကို အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထား လေရာ မြတ်စွာဘုရားကိုယ်စား ဗောဓိပင်ကို ပူဇော်ကြရန် မြတ်စွာ ဘုရားရှင်က ခွင့်ပြုတော်မူသည်။ အရှင်အာနန္ဒာသည် ဗုဒ္ဓဂယာ မဟာ ဗောဓိပင်မှဗောဓိမျိုးစေ့ကိုယူဆောင်ပေးပါရန် အရှင်မဟာမောဂ္ဂလာန် အား လျှောက်ထား၏။ အရှင်မဟာမောဂ္ဂလာန်သည် အဘိညာဉ်တန်ခိုး ဖြင့် ဗုဒ္ဓဂယာသို့ကြွတော်မူ၍ မဟာဗောဓိပင်မှမျိုးစေ့ကို အရှင်အာနန္ဒာ အား ယူဆောင်ပေးတော်မူ၏။ အရှင်အာနန္ဒာသည် ဗောဓိမျိုးစေ့ကို စိုက်ပျိုးရန် ကောသလမင်းကြီးလက်သို့ အပ်၏။ ''ဘုရင့်မျိုးနွယ် မည် သည် အစဉ်အဆက် အရှည်တည်တံ့ရန်ခက်၏။ ကုန်သည်မျိုးနွယ်ကား အရှည်တည်တံ့နိုင်၍ ဗောဓိပင်ကို အစဉ်အဆက် စောင့်ရှောက်ကြရန် ဖြစ်နိုင်၏'' ဟု ကြံရွယ်၍၊ ကောသလမင်းကြီးသည် ဗောဓိမျိုးစေ့ကို အနာထပိဏ်သဌေးကြီး၏ လက်သို့ အပ်နှင်း၏။ အနာထပိဏ်သဌေးကြီး သည် ဇေတဝန်ကျောင်းပေါက်ဝ၌ ဗောဓိမျိုးစေ့ကို စိုက်ပျိုးလေသည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် စိုက်ပျိုးသောကြောင့် အာနန္ဒာဗောဓိဟု ခေါ်၏။ ထိုအခါမှစ၍ မြတ်စွာဘုရား ကိုယ်စား (ပရိဘောဂစေတီ) အား ပူဇော်ခြင်းအမှု ပြုကြလေသည်။

## ၆။ ယမကပါဠိဟာရိယာပြရာ ကဏ္ဍမ္ဗသရက်ဖြူပင် (တန်ခိုးပြဥ္စိဟာ ပြရာဌာန)

မြတ်စွာဘုရားရှင် (၆)ဝါမြောက်၌ ရာဇဂြိုဟ်ပြည် ရာဇဂြိုဟ်သဌေး သည် တသိန်းတန်သောစန္ဒကူးသားကို သပိတ်ပွတ်၍ အတောင်(၆၀)ရှိ သော ဝါးလုံးတိုင်ထိပ်တွင် ချိတ်ဆွဲထားလျက် ''လောကတွင် ရဟန္တာ ရှိသည်ဟု ဆိုပါက ကောင်းကင်မှ ပျံ၍ ထိုသပိတ်ကိုယူပါ။ သား မယား၊ ပစ္စည်းဥစ္စာနှင့်တကွ ကျွန်ခံမည်''ဟု ကြေငြာသည်။ ထိုအခါ နိဂဏ္ဌနာဋပုတ္တသည် တပည့်များနှင့် ကြိုတင်စည်းဝါးရိုက်၍ ရာဇဂြိုဟ် သဌေးအိမ်သို့ ကြွသွားသည်။ ရဟန္တာအစစ်ဖြစ်ကြောင်း၊ ပျံပြရန် ရှက်စနိုးကြောင်း၊ သပိတ်ကို မိမိအားလှူသင့်ကြောင်း ပြောလေသည်။ ရာဇဂြိုဟ်သဌေးက အလျှော့မပေးသဖြင့် မိမိ၏ တပည့်များဘက်သို့ လှည့်ကာ''ကိုင်း-ဒီတခါတော့ တပည့်တို့ရေ၊ဒီသဌေးမိုက်ယုံကြည်သွား အောင် ငါ့ရဲ့လျှို့ဝှက်တန်ခိုးဣဒ္ဓိပါဒ်တွေကို ထုတ်ဖော်ပြရတော့မည်''ဟု ပြောဆို၍ ကောင်းကင်သို့ ပျံတက်တော့မည့်ဟန်ဖြင့် လက်နှစ်ဘက်ကို မြှောက်၊ ခြေတဘက်ကိုမြှောက်၍ ခုန်ပေါက်လိုက်သည်။ထိုအခါ တပည့် များက ကြိုတင်အချက်ပေးထားသည့်အတိုင်း ဆရာကို ခြေရော်လက်ပါ ဝိုင်းဆွဲထားပြီးလျှင် တန်ခိုးမပြရန် တောင်းပန်ကြသည်။ ထိုအခါ နိဂဏ္ဌနာဋပုတ္တက မိမိတပည့်တွေကတားသဖြင့်တန်ခိုးပြခွင့်မရကြောင်း၊ သို့ဖြစ်၍ စန္ဒကူးသပိတ်ကိုဖြုတ်၍ လှူလိုက်ရန် ပြောကြားသည်။သို့သော် လည်း ရာဇဂြိုဟ်သဌေးက လက်မခံသဖြင့် လက်လျှော့၍ ပြန်ကြရသည်။

ထိုအခါတွင် မြတ်စွာဘုရား၏တပည့်သားဖြစ်သော အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်သည် ကောင်းကင်သို့ ပျံတက်၍ တန်ခိုးပြသည်။ ရာဇဂြိုဟ်သဌေးလည်း ဗုဒ္ဓဘာသာကို အသက်ပေး၍ဆည်းကပ်ကိုးကွယ် လေတော့သည်။

ထိုအခါ တိတ္ထိများက ကဲ့ရဲ့ကြသည်။''အဖိုးမတန်တဲ့ စန္ဒကူးသပိတ် ရဖို့အတွက် အဖိုးတန်တဲ့ ဈာန်တရားကို ပြသင့်သလား''ဟု ပြောဆို

ကဲ့ရဲ့ကြသည်။ ထိုအချိန်မှစ၍ ရဟန်းတော်များသည် တန်ခိုးပြာဋိဟာ မပြုရဟု သိက္ခာပုဒ်ပညတ်၍ တားဆီး ပိတ်ပင်တော်မူခဲ့သည်။ ထိုသို့ တန်ခိုးမပြုရန် သိက္ခာပုဒ်ပညတ်ကြောင်း ကြားသိသော တိတ္ထိတို့သည် ရဟန်းတော်များအား လူစည်စည်ရှိတိုင်း တန်ခိုးပြိုင်ရန် စိန်ခေါ်ကြတော့သည်။ ရဟန်းတော်များသည် မြတ်စွာဘုရား၏ အာဏာတော်ကို မလွန်ဆန်ဝံ့ကြ၍ တန်ခိုးပြိုင်မည်ဟုမဆိုကြချေ။ ထိုအခါ တိတ္ထိများသည် အတင့်ရဲသည်ထက်ရဲကာ ရဟန်းဂေါတမနှင့်တန်ခိုးပြိုင်မည်ဟု ကြေငြာကြလေသည်။ မြတ်စွာဘုရားသည် လာမည့် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာပြတော်မူမည်ဟု မိန့်တော်မူ၍ ရာဇဂြိုဟ်မှ သာဝတ္ထိမြို့သို့ ဒေသစာရီကြွတော်မူလေသည်။ တိတ္ထိတို့သည် မြတ်စွာဘုရားနောက်တော်မှ မလှမ်းမကမ်းလိုက်ကြ၍ ရဟန်းဂေါတမ တန်ခိုးမပြိုင်ဝံ့၍ ထွက်ပြေးမည်စိုးသောကြောင့် ထက်ကြပ်မကွာ လိုက်နေရသည်ဟု လူတွေ့တိုင်း ဝါဒဖြန့်ကြသည်။ တိတ္ထိ ၆-ဦးအနက် ပူရဏကဿပသည် သာဝတ္ထိမြို့သို့ရောက်သောအခါ မိမိတို့၏တပည့်ဒကာများထံမှ အလှူငွေတသိန်းခန့်ရ၍ မဏ္ဍပ် အကြီး အကျယ် ဆောက်လုပ်၍ ခမ်းခမ်းနားနား ပြင်ဆင်ထားလေသည်။

တန်ခိုးပြိုင်မည့်နေ့တွင် မိုးသက်မုန်တိုင်းကျ၍ မဏ္ဍပ်ကြီး တခုလုံး ပွင့်ပါးပျက်စီးလေသည်။ ခေါင်းဆောင် ဆရာကြီး ပူရဏကဿပမှာ မြူမှုန့်၊ ဖုံမှုန့် အလိမ်းလိမ်းပေကျံ၍ မိုးပေါက်မိုးဖွားများကြောင့် ဖြူ၊ နီ ကွက်ကျား တစ္ဆေ မြေဘုတ်ဘီလူး ပမာ ရုပ်ပျက် ဆင်းပျက် ဖြစ်ကာ ရှက်စဖွယ် အခြေအနေဆိုးနှင့် ကြုံရသည်။ ပူရဏကဿပသည် လူမြင်မခံရဲ၍ ယွက်ပြေးရာ လမ်းရိုးတွင် တပည့်သာဝက လယ်သမားတဦးထံမှ ကြိုးတချောင်းနှင့် အိုးတလုံးကိုတောင်းပြီး အိုးတွင် သဲအပြည့် ထည့်ကာ လည်ပင်းကိုကြိုးတပ်၊ သဲအိုးချိတ်၍မြစ်ထဲခုန်ချကာ ဘဝဇာတ် သိမ်းခဲ့ရသည်။

တိတ္ထိတို့က တန်ခိုးပြိုင်ရန် မဏ္ဍပ်ကနား ကြီးကျယ်ခမ်းနားစွာ စီမံ ဆောက်လုပ်ကြသောအခါ မြတ်စွာဘုရားရှင်အတွက် ကောသလမင်း ကြီး၊ အနာထပိဏ်၊ ဝိသာခါ စသည့် ဒါယကာ-ဒါယိကာမများကလည်း

မည်သည့်နေရာ၌ မဏ္ဍပ်ဆောက်ပေးရမည်ကို မေးလျှောက်ကြသည်။ မြတ်စွာဘုရားရှင်က မဏ္ဍပ်ဆောက်ရန်မလို၊ သရက်ပင်ရင်း၌ တန်ခိုးပြတော်မူမည်ဟု မိန့်ကြားတော်မူသည်။ တိတ္ထိတို့သည် သေသောက်ကြူးလူမိုက်တို့ကို ငွေပေး၍ သာဝတ္ထိမြို့ပတ်ဝန်းကျင်ရှိ သရက်ပင်မှန်သမျှကို ခုတ်လှဲစေ၏။ တန်ခိုးပြာဋိဟာပြတော်မူမည့်နေ့တွင်ဘုရင့်ဥယျာဉ်တော်မှ အချိန်အခါမဲ့ သရက်သီးကြီးတလုံးမှည့်နေသည်ကို ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်က တွေ့ရှိဆွတ်ခူး၍ ဘုရင်အား ဆက်သရန် ယူဆောင်လာ၏။ လမ်းခရီး၌ မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရ၍ ဥယျာဉ်စောင့်သည် မြတ်စွာဘုရားအား လှူဒါန်းလေသည်။ မြတ်စွာဘုရားသည် ထိုနေရာမှာပင် သရက်သီးမှည့်ကို ဘုဉ်းပေးသုံးဆောင်တော်မူ၍ အစေ့ကို ဥယျာဉ်စောင့်အား စိုက်ပျိုးစေ၏။ မြတ်စွာဘုရားသည် ထိုသရက်စေ့ပေါ်၌ လက်ဆေးချတော်မူရာ ထွန်တုံးပမာဏရှိ အညှောင့်ထွက်ပေါ်လာလေသည်။ ချက်ချင်းပင် ထိုသရက်ပင်သည်ကြီးထွားလာ၍ ပွင့်ခြင်းသီးခြင်း ဖြစ်လာသည်။ သရက်သီးမှည့်များ ကြွေကျလေရာ ကလေးသူငယ်များနှင့် သေသောက်ကြူးများသည် ကောက်ယူစားသောက်လေသည်။ တိတ္ထိတို့သည် ထိုသရက်ပင်ကိုခုတ်လှဲရန် လာကြသောအခါ သေသောက်ကြူးတို့က သရက်စေ့ဖြင့် ပစ်ခတ်လွှတ်ကြသည်။ ထိုသရက်ပင်ကို ကဏ္ဍမည်သော ဥယျာဉ်စောင့် စိုက်ပျိုးသောကြောင့် ကဏ္ဍမ္ဗ သရက်ဖြူပင်ဟု ခေါ်ကြသည်။

မြတ်စွာဘုရားရှင်သည် သရက်ဖြူပင်ရင်း၌ ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ တန်ခိုးပြာဋိဟာ ပြတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်သို့ (၂-လှမ်း=၃-ဖဝါးဖြင့်) ကြွတော်မူ၏။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထိုင်နေတော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထားပြီး အဘိဓမ္မာ တရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူ၏။

ထိုနေရာ၌သိရိမ္မာသောကမင်းကြီးက စေတီတည်ထားခဲ့လေသည်။ ယခုအခါ စေတီတော်မှာ ပြိုပျက်နေသည်။ ဗာလ်ရာမ်ပူရ်မှ ဇေတဝန်ကျောင်းတော်သို့လာသောအခါ လမ်း၏ လက်ဝဲဘက်နံဘေး၌ တောင်ကုန်းယောင်ယောင် မြင့်မောက်သောအုတ်ပုံကိုတွေ့မြင်ရသည်။ ထိုကုန်းသည် တန်ခိုးပြာဋိဟာပြတော်မူသည့် သရက်ဖြူပင် နေရာဖြစ်သည်။

ဂျိန်းဘာသာဝင်များကလည်း ထိုတောင်ကုန်းမှာ ဂျိန်းဘာသာဝင် ဘုရင်ကြီးတပါးသည် နေ့စဉ် ရေကန်တခုကျ တူးဖော် လူဒါန်းရာ ပေါက်တူး၌ ကပ်နေသော မြေမှုန့်များကို ခွာချစုပုံထားသော နေရာဟု ဆိုကြသည်။

## ၇။ ဒေဝဒတ်နှင့် စိဉ္စမာဏ မြေမျိုသည့်နေရာ

တန်ခိုးပြာဋိဟာပြရာ စေတီတော်၏အနီး ကားလမ်းမှ ပေ ၂၀၀-ခန့် အကွာတွင် ရေကန်တခုရှိသည်။ ထိုရေကန်ကမ်းစပ်၌ ဒေဝဒတ် မြေမျိုခံရသည်။ ထိုရေကန်နှင့် မလှမ်းမကမ်း ဇေတဝန်ကျောင်းတော်နှင့် နှစ်ဖာလုံအကွာတွင် စိဉ္စမာဏ မြေမျိုခံရသော နေရာရှိသည်။ ရေတွင်းပျက်ကြီးနှင့် အလားတူသည်။

## သာဝတ္ထိပြည်သမိုင်း

မြတ်စွာဘုရားရှင်လက်ထက်တော်က အိန္ဒိယနိုင်ငံတွင် မဂဓတိုင်းနှင့် ကောသလတိုင်းတို့သည် စစ်အင်အားအကြီးဆုံး၊ နယ်ပယ်အကျယ်ဆုံး နိုင်ငံကြီးနှစ်ခုတို့ ဖြစ်ကြသည်။ ကောသလတိုင်းမှ ပသေနဒီကောသလမင်းနှင့် မဂဓတိုင်းမှ ဗိမ္ဗိသာရမင်းတို့သည် တက္ကသိုလ် ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်ဘက်များဖြစ်ကြသည်။ ကောသလမင်းကြီး၏ နှမတော် ဝေဒေဟီမင်းသမီးကို ဗိမ္ဗိသာရမင်းကြီးက တောင်ညာစံ ဒေဝီမိဖုရားကြီး တင်မြှောက်တော်မူသည်။ ထိုအချိန်က သာဝတ္ထိမြို့၌ လူဦးရေ ၅-သန်းကျော်ရှိသည်။

ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များအား အမြဲ ဆွမ်းဝတ် တည်ထားတော်မူသည်။ ရဟန်းသံဃာများသည် ဘုရင့်နန်းတော်၌ ဆွမ်းဘုဉ်းပေးခြင်း မပြုကြပဲ ဆွမ်းကိုယူ၍ ဝိသာခါ၊ အနာထပိဏ်တို့၏အိမ်သို့ သွားရောက် ဆွမ်းဘုန်းပေးကြသည်။ အကျိုးအကြောင်း စုံစမ်းသောအခါ နန်းတော်၌ ရဟန်းသံဃာနှင့် အကျွမ်းဝင်သူ မရှိ၍ ဖြစ်ကြောင်း သိရသည်။ ကောသလမင်းကြီးသည် ရဟန်းသံဃာတော်များနှင့် ဆွေမျိုးတော်စပ်လိုသဖြင့် မြတ်စွာဘုရား၏ ဆွေတော် မျိုးတော် သာကီဝင်မင်းတို့ထံ သမီးကညာ တောင်းခံလေသည်။ မာန်မာနကြီးသော သာကီဝင်မင်းတို့သည် ကျွန်မ သမီးတယောက်ကို မင်းသမီးအဖြစ် လှည့်ဖြားဆက်သလေသည်။ ကောသလမင်းကြီးသည် ထိုမင်းသမီးကို မိဖုရားမြှောက်ရာ ဝိဋူဋဘ(ဝိဋူဍဘ) အမည်ရှိ သားတော်တပါး ဖွားမြင်လေသည်။ သာကီဝင် မင်းမျိုးတို့သည် ဝိဋူဋဘကို ကျွန်မသားဟု အရှက်ခွဲကြသည်။ စစ်သူကြီး ဒီဃကာရာယနသည် ကောသလမင်းကြီးကို နန်းချ၍ ဝိဋူဋဘကို နန်းတင်ခဲ့သည်။ ဝိဋူဋဘသည် သာကီဝင်တို့ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်လေရာ ထွက်ပြေးနိုင်သူ အနည်းအကျဉ်းမျှသာ အသက်ရှင်သည်။ ဝိဋူဋဘသည် သာကီဝင် အမျိုးအနွယ်တခုလုံးကို စိတ်တိုင်းကျ သတ်ဖြတ်ပြီးနောက် သာဝတ္ထိ မြို့တော်အနီးသို့ ရောက်သောအခါ အစိရဝတီမြစ် သောင်ခုံ၌ ယာယီတဲနန်း ဆောက်လုပ်၍ တည်ခို၍မျှ နားနေသည်။ ညအချိန်တွင် မမျှော်လင့်ပဲ မြစ်ညာ၌ မိုးရွာ၍ တောင်ကျရေများ ရုတ်တရက် စီးဆင်းလာသည်။ သောင်ခုံပေါ်၌ရှိသော ဘုရင်နှင့် စစ်တပ်ကြီးသည် အစိရဝတီ မြစ်ရေအဟုန်၌ မျောပါ၍ အသက် ဆုံးရှုံးကြရသည်။

ထို့နောက် သာဝတ္ထိပြည်ကို အုပ်ချုပ်သော ဘုရင်သည် ဂျိန်းဘာသာဝင်ဖြစ်၍ ဗုဒ္ဓဘာသာကို ချီးမြှင့်ထောက်ပံ့ခြင်း မပြုတော့ချေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ခေတ်တော် ဝေသော

အခါ ကောသလတိုင်း သာဝတ္ထိမြို့မှ ဘုရင်သည် ခါတ်ဝေစု တောင်းခံခြင်း မရှိချေ။

ထို့နောက် သာဝတ္ထိပြည်၏ အကြောင်းကို မှတ်တမ်းမတွေ့ရချေ။

**ဖာဟိယန်မှတ်တမ်း**

အေဒီ၂၅-ရာစုနှစ်က တရုတ်ရဟန်းတော် ဖာဟိယန်က အောက်ပါ အတိုင်း မှတ်တမ်းတင်ခဲ့သည်။

> သာဝတ္ထိမြို့မှာ အိမ်ခြေ ၂၀၀-ခန့်သာရှိသည်။ သာဝတ္ထိမြို့ တောင်ဘက်တံခါးမှ အထွက်လမ်းမကြီး၏ အရှေ့ဘက် ခြေလှမ်း ၂၀၀-ခန့် အကွာတွင် ဇေတဝန် ကျောင်းတော်ကြီး ရှိသည်။ ကျောင်းတော် အဝင်ဝမုခ်သည် အရှေ့ဘက်၌ ရှိပါသည်။ ကျောင်းတော်၏ အရှေ့ဘက်မုခ်၌ ကျောက်တိုင် နှစ်တိုင် ရှိသည်။ လက်ဝဲဘက် ကျောက်တိုင်ထိပ်တွင် ဓမ္မစကြာပုံနှင့် လက်ယာဘက် ကျောက်တိုင်ထိပ်နားတွင် နွားလားဥသဘရုပ်တု လုပ်ထားသည်။ တထာဂတဟု ခေါ်သော ကျောင်းတော် (=ဂန္ဓကုဋိ)မှာ ဘုံခုနစ်ဆင့် (ခုနစ်ထပ်)ရှိသည်။ နိုင်ငံအသီး သီးမှ ဘုရင်များနှင့် ပုဒ္ဓဘာသာဝင် လူထုသည် ထိုကျောင်း တော်ကို နှစ်စဉ် ပူဇော်ပွဲပြုလုပ်ကြသည်။ မြတ်စွာဘုရား သီတင်း သုံးရာဌာနကို ဗိတာန် မျက်နှာကြက်များ၊ တံခွန် ကုက္ကား မုလေးပွားများ၊ ပန်းနံ့သာမျိုးစုံတို့ဖြင့် အမြဲ ပူဇော်နေကြ သည်။ ဆီမီးတိုင်များ၊ အမွှေးတိုင်များဖြင့် အမြဲမပြတ် ပူဇော်နေကြရာ တခုသော ညဉ့်၌ ကြွက်တကောင်က အမွှေး တိုင်ကို ကိုက်ချီပြေး၍ ကြမ်းခင်းကို မီးစွဲလောင်ရာမှ ဘုရား ကျောင်းတော်ကြီးတခုလုံး ပြာကျလေသည်။ ထိုနေရာတွင် ကျောင်းတော်အသစ် အဇားထိုး ဆောက်လုပ်ကြသည်။

## ဟူယင်ဆန် မှတ်တမ်း

အေဒီ ၇-ရာစုက တရုတ်ရဟန်းတော် ဟူယင်ဆန်သည် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

> သာဝတ္ထိမြို့တော်ကြီးမှာပြောင်းခင်းများဖြင့်ပြည့်နေလေပြီ။ မြို့ရိုးတံတိုင်းကြီးမှာ တချို့တဝက် ပြိုပျက်နေသည်။ လူအနည်းငယ်ခန့် နေထိုင်သည်ကို တွေ့ရသည်။ ကျောင်းတိုက် အပျက်ကြီးများကို တွေ့ရ၍ သမ္မိတိယဂိုဏ်းဝင် ရဟန်းအချို့ တွေ့ရသည်။ နတ်ဘုရားကျောင်း ၁၀၀-ခန့် တွေ့ရသည်။ ဇေတဝန်ကျောင်းတော်၏ အရှေ့မြောက်ထောင့်၌ ပုတိဂတ္တတိဿ ရဟန်းအား မြတ်စွာဘုရားရှင် သူနာပြုစုသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်တဆူရှိသည်။ ဇေတဝန်ကျောင်းတော်၏ အရှေ့ဘက် ခြေလှမ်း ၁၀၀-ခန့်အကွာတွင် ဒေဝဒတ်မြေမျိုခံရသော တွင်းကြီးတခု ရှိသည်။

အေဒီ ၇-ရာစု နောက်ပိုင်းတွင် သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်းတော်တို့၏ အကြောင်းကို မှတ်တမ်းများမတွေ့ရတော့ချေ။ ၁၂-ရာစုတွင် အခြားသော ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများနည်းတူ ဖျက်ဆီးခြင်း ခံခဲ့ရသည်ဟု ယူဆရပေသည်။

## အခန်း ( ၅ )

# လုမ္ဗိနီ

### တည်နေရာ

လုမ္ဗိနီဥယျာဉ်သည် နီပေါနိုင်ငံ အတွင်း၌ တည်ရှိသည်။ အိန္ဒိယ နယ်စပ်မှ ခြောက်မိုင်ခန့် ကွာဝေးသည်။

### လမ်းပန်းဆက်သွယ်မှု

ခတ္တမန္ဒူမြို့မှ လေယာဉ်ဖြင့် လုမ္ဗိနီလေယာဉ်ကွင်းသို့ လေယာဉ်ဖြင့် လာနိုင်ပါသည်။ အိန္ဒိယနယ်စပ် နောင်ဂါးဘူတာမှ မော်တော်ကား ဖြင့် မိုင် ၂၀-ခန့်သွားလျှင်လည်း ဖြစ်နိုင်ပါသည်။ထိုလမ်းခရီးမှာ ယခု အခါ အသွားအလာ နည်းပါးလှသည်။ နောက်ထပ် အသစ်ဖောက် လုပ်ထားသော လမ်းမကြီးမှာ အိန္ဒိယနိုင်ငံ ဂေါရက္ခပူရ်မြို့မှ နီပေါ နယ်စပ် နောင်တာနဝဆိုနောလီသို့၊ ဆိုနောလီမှ တဆင့် လုမ္ဗိနီသို့ ၁၅-ကီလိုမီတာမျှ မော်တော်ကားဖြင့် သွားရပါသည်။ ဆိုနောလီ၌ နယ်ခြားအစောင့်များ၊ လူဝင်လူထွက် ကြီးကြပ်ရေး အမှုထမ်းများ၊ အကောက်ခွန်အမှုထမ်းများ၊ ငွေလဲလှယ်ရန်ဘဏ်တိုက်များ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ရှိပါသည်။

### ဖူးမြော် လေ့လာရန် ဌာနများ

၁။ အသောက ကျောက်တိုင်။

၂။ မယ်တော်မာယာ ဖွားခန်း ကျောက်ရုပ်။

၃။ စေတီငယ်များ။

၄။ ရေကန်ငယ်။

လုမ္ဗိနီဒေသကို တိုင်းရင်းသားများက 'ရူမိဒေယီ'ဟုခေါ်ကြသည်။ အေဒီ ၁၈၉၆-ခုနှစ်တွင် အိန္ဒိယကျောက်စာဌာနက ပြန်လည်တူးဖော်သည်။ လယ်ကွင်းအလယ်ခေါင်၌ သစ်ပင်ငယ်များ ဖုံးအုပ်လျက် ရှိသည်ကို နီပေါအစိုးရက ရှင်းလင်းထားသည်။

## ၁။ အသောက ကျောက်တိုင်

မြတ်စွာဘုရား ဖွားမြင်တော်မူသည့်နေရာကိုမှတ်သား၍ အသောကမင်းကြီးစိုက်ထူခဲ့သော ကျောက်စာတိုင်ဖြစ်သည်။ အသောကမင်းကြီး နန်းစံ အနှစ် ၂၀-တွင် စိုက်ထူခဲ့သည်။ လက်ရှိကျောက်တိုင်မှာ ကျိုးနေ၍ ၁၀-ပေခန့်မြင့်သည်။ အချင်း ၇-ပေ ၃-လက်မရှိသည်။ ကျောက်တိုင်၌ အက်ကြောင်းကြီးတခု တွေ့ရသည်။ မိုးကြိုးဒဏ်ကြောင့်သော်လည်းကောင်း၊ ရန်သူတို့ ဖျက်ဆီးမှုကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ထိုကျောက်တိုင်ကြီးကို ပျံလွန်တော်မူသော မြန်မာဆရာတော် ဦးစန္ဒမုနိအရှင်မြတ်က သံပြားဖြင့်ပတ်၍ သံတိုင်များကာရံထားခဲ့သည်။ မူလက ဤကျောက်တိုင်သည် ပေ ၇၀-ခန့် မြင့်သည်။ ကျောက်တိုင်ထိပ်၌ မြင်းရုပ်ရှိမည်ဟု ခန့်မှန်းရသည်။ သို့ရာတွင် ယခုအထိ ရှာဖွေ၍ မတွေ့သေးပါ။

ထိုကျောက်တိုင်ပေါ်၌ စာငါးကြောင်း ရေးထိုးထားသည်။ စာအဓိပ္ပာယ်မှာ— 'ဒေဝါနံပိယတိဿမင်းကြီးသည် နန်းစံ အနှစ်၂၀-တွင် ဤဒေသသို့ ဘုရားဖူးရောက်ခဲ့သည်။ မြတ်စွာဘုရား ဖွားတော်မူရာဌာန အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက်ထူခဲ့သည်။ လုမ္ဗိနီရွာကို အခွန်တော် လွတ်ငြိမ်းခွင့်ပြုလိုက်သည်'ဟု ရေးထိုးထားသည်။ ထို ကျောက်တိုင်ရှိ အက္ခရာများမှာ ဗြဟ္မီအက္ခရာဖြစ်သည်။ အသောကမင်းကြီးသည် အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ကျောက်စာများကို ခရောရှတီအက္ခရာဖြင့် (ဗယ်ဘက်မှ ညာဘက်သို့) ရေးထိုးခဲ့သည်။

## ၂။ မယ်တော်မာယာ သားဖွားခန်း ကျောက်ရုပ်

အသောကကျောက်တိုင်၏ အရှေ့ဘက်၌ အုတ်ခုံမြင့် တခု ရှိသည်။ အုတ်ခုံပေါ်၌ အုတ်တိုက်ငယ်လေးတခု ရှိသည်။ ယင်းအုတ်တိုက်ငယ် အတွင်း၌ မယ်တော်မာယာသားဖွားခန်း ထုလုပ်ထားသော ကျောက် ရုပ်တခု ရှိသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကိုကိုင်လျက်၊ ဘုရားအလောင်း မင်းသားငယ်သည် မယ်တော်ဘေး၌ မတ်တတ်ရပ် လျက် ရှိသည်။ ထိုကျောက်ရုပ်ကို ဖျက်ဆီးထားကြသဖြင့် တခြမ်းမျှ သာ ကျန်ရှိတော့သည်။ ထိုဒေသရှိ လူများက နတ်သမီးရုပ် အဖြစ် ကြက်သွေး၊ ဆိတ်သွေးများ သုတ်လိမ်း၍ ပူဇော်ပသ နေခဲ့ကြသည်။ ကျောက်စာဌာနက အသောကမင်းကြီး၏ ကျောက်တိုင်ကို တွေ့ပြီး နောက် ယင်းရုပ်တုကို မယ်တော်မာယာရုပ်တုဖြစ်ကြောင်း ဖော်ထုတ် ကြေငြာခဲ့သည်။

## ၃။ စေတီငယ်များ

မယ်တော်မာယာရုပ်တုရှိသော အဆောက်အအုံ၏ အနောက်ဘက် တွင်လည်းကောင်း၊ မြောက်ဘက်တွင်လည်းကောင်း စေတီငယ်အုတ်ခုံ များကို ဘုရားအလောင်းတော် ဖွားတော်မူပြီးလျှင်ပြီးချင်း မြောက် အရပ်သို့ ခြေခုနစ်လှမ်း ကြွသွားသည့် အထိမ်းအမှတ်အဖြစ် တည်ထား သော စေတီငယ်များဖြစ်သည်ဟု ဆိုကြသည်။ ယခုအခါ စေတီအုတ်ခုံ ၄-ခုသာ တွေ့ရှိရသည်။

## ၄။ ရေကန်ငယ်

မယ်တော်မာယာရုပ်တုရှိသော အဆောက်အအုံ၏ တောင်ဘက်တွင် လေးထောင့် အုတ်ရေကန်ငယ် တခု ရှိသည်။ ဘုရား အလောင်းတော် ဖွားမြင်သောအခါ ကောင်းကင်ယံမှ ရေပူနှင့် ရေအေး စမ်းနှစ်သွယ် စီးဆင်းလာပြီး မယ်တော်နှင့် သားတော်ကို ရေသပ္ပာယ်၍ သန့်ရှင်း စင်ကြယ် နွေးထွေးစေခဲ့သည်။ ထိုရေများ စီးဆင်း ကျလာမှုကြောင့် ရေကန်ငယ်တခု ဖြစ်ခဲ့ရသည်ဟု ဆိုကြသည်။

## လုမ္ဗိနီသမိုင်း

လုမ္ဗိနီ ဥယျာဉ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က အင်ကြင်းပင်တို့ဖြင့် ဝေဆာနေခဲ့သည်။ သုဒ္ဓေါဒနမင်းကြီး၏ ကပိလဝတ် နေပြည်တော်နှင့်အဥ္စနမင်းကြီး၏ဒေဝဒဟနေပြည်တော် နှစ်ခုအကြား၌ တည်ရှိခဲ့သည်။ ဘုရားအလောင်းတော် မွေးဖွားရာဌာန ဖြစ်ခြင်းကြောင့် လုမ္ဗိနီဥယျာဉ်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် မွန်မြတ်သော ဌာနတခု ဖြစ်ခဲ့သည်။ မြတ်စွာဘုရားသခင်သည် ဤလုမ္ဗိနီဥယျာဉ်သို့ ဒေသစာရီ ကြွချီတော်မူခဲ့ကြောင်းကို ပါဠိစာပေများ၌ မှတ်တမ်းတင်ထားခြင်း မတွေ့ရှိရချေ။ သို့ရာတွင် ဘုရားဖူးသွားရောက်ရန်နှင့် သံဝေဂယူရန် ဌာနတခုအဖြစ် မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

ဤလုမ္ဗိနီဌာန၌ အသောကမင်းကြီးသည် ကျောင်းဆောက်လှူဒါန်း ခဲ့သည်ဟု ဆိုသော်လည်း ကျောင်းနေရာကို ရှာ၍မတွေ့သေးပါ။ ယခု တွေ့ရသော အဆောက်အအုံအုတ်ခုံများမှာ အသောကခေတ်နောက်ပိုင်း မှ ဆောက်လုပ်ထားသော အဆောက်အအုံများဖြစ်သည်။ ကပိလဝတ် နေပြည်တော် ပိပရာဝအရပ်(ပိပ္ပလိဝန)၌ ၁၈၉၈-ခုနှစ်က ဓာတ်တော် များ တွေ့ကြရသည်။ ဓာတ်တော်ကြုတ် အဖုံးရှိ အက္ခရာများမှာ အသောကခေတ်ထက် နောက်ကျသည်။

တရုတ်ရဟန်းတော် ဖာဟိယန်သည် လုမ္ဗိနီအကြောင်းကို မှတ်တမ်း မတင်ခဲ့ချေ။ တရုတ်ရဟန်းတော် ဟူယင်ဆန်သည် အသောက ကျောက် တိုင်နှင့် စေတီများအကြောင်း၊ ရေကန်ငယ်အကြောင်း မှတ်တမ်းတင် ခဲ့သည်။

# အခန်း ( ၆ )

# ကုသိနာရုံ

## တည်နေရာ

ကုသိနာရုံသည် ဘုရားရှင် လက်ထက်တော်၌ မလ္လမင်းတို့၏ မင်းနေပြည် ဖြစ်ခဲ့သည်။ ယခုအခါ ကုရိနာဂါရ် အမည်ရှိသော ရွာငယ်ကလေးတခုသာ ရှိသည်။ ကဆီယာအမည်ရှိသောမြို့နှင့် ၅-ကီလိုမီတာ အကွာ၌ ရှိသည်။ အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဒေဝရီယား ဒိစတြိတ်အတွင်း၌ တည်ရှိသည်။

## လမ်းပန်းဆက်သွယ်မှု

ဗာရာဏသီမြို့မှ ဂေါရက္ခပူရ်မြို့သို့ မီးရထားဖြင့် လည်းကောင်း၊ ဘတ်စ်ကားဖြင့်လည်းကောင်းသွား၍ ဂေါရက္ခပူရ်မှတဆင့်ကုသိနာရုံသို့ ဘတ်စ်ကား၊သို့မဟုတ် အငှားကားတို့ဖြင့်သွားနိုင်ပါသည်။ဂေါရက္ခပူရ်မြို့မှ ကုသိနာရုံသို့ ၅၃-ကီလိုမီတာ ကွာဝေးသည်။ တနည်းအားဖြင့် ပတ္တနားမြို့မှ ဝေသာလီသို့၊ ဝေသာလီမှ ကုသိနာရုံသို့ ကားဖြင့် သွားနိုင်ပါသည်။

## ဖူးမြော် လေ့လာရန် ဌာနများ

၁။ ဘုရားကျောင်းတော်။

၂။ မဟာပရိနိဗ္ဗာန စေတီတော်။

၃။ ကျောင်းတော်ရာ အုတ်ခုံများ။

၄။ အင်္ဂါရစေတီ(မ-ကု-ဋ-ဗ-ဏ-[မကုဋဗန္ဓစေတီ])။

၅။ မြတ်စွာဘုရား ရေသပ္ပာယ်တော်မူရာဌာန။

## ၁။ ဘုရားကျောင်းတော်

**ဘုရားကျောင်းတော်သည် မဟာပရိနိဗ္ဗာနစေတီ၏ ဘေး၌ ရှိသည်။** အတွင်းရှိ ရုပ်ပွားတော်မှာ ခြေဖဝါးတော်မှ ဥဿျောင်တော်အထိ ပေ ၂၀-ရှိသည်။ မြောက်ဘက်သို့ ဦးခေါင်းတော်ပြု၍ အနောက်သို့ မျက်နှာမူကာ လျောင်းတော်မူပုံ ဖြစ်သည်။ ပခုံးတော် ၅ ပေ ၆ လက်မ ရှိ၏။ ညောင်စောင်းတော်မှာ ၂၃-ပေ ၉ လက်မ× ၂-ပေ ၁-လက်မရှိ၏။ ရုပ်ပွားတော်ကို သဲကျောက်ဖြင့် ထုလုပ်ထားသည်။ ၁၈၃၃-ခုနှစ်က ရုပ်ပွားတော်ကို တပိုင်းတစစီ တွေ့ရှိရသဖြင့် ပြန်လည်၍ ဆက်စပ်မွမ်းမံထားပြီး ညောင်စောင်းတော်၌ ဆရာဇီဝကပုံ၊ အရှင်အာနန္ဒာ၏ပုံ၊ သုဘဒ္ဒရဟန်းပုံ၊ သိကြားမင်းပုံ၊ မာရ်နတ်မင်းပုံတို့ကို ထုလုပ်ထားသည်။ ရုပ်ပွားတော်၏ ကောင်းမှုရှင်ကို မည်သူဖြစ်သည်ဟု မသိရပါ။ တွေ့ရှိရသောကျောက်စာအရ ဤရုပ်ပွားတော်သည် မဟာဝိဟာရ ကျောင်း၌နေသော ဟရိဗလ ရဟန်းတော်၏ ကောင်းမှုဖြစ်သည်။ ဤ ရုပ်ပွားတော်ကို မထုရာပြည်သား ဒိနာဆိုသူက ထုလုပ်သည်ဟု သိရပါသည်။ အက္ခရာနှင့် စာရေးသားဟန်အရ အေဒီ ၅-ရာစုက ဖြစ်သည်ဟု ယူဆရသည်။ ဘုရား ကျောင်း တော် မှာ ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားခြင်းဖြစ်၍ ခန့်ညား ထည်ဝါမှု မရှိချေ။

## ၂။ မဟာပရိနိဗ္ဗာန စေတီတော်

ဤစေတီတော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာနေရာ၌ တည်ထားခြင်း ဖြစ်သည်။ စေတီဒါယကာကို မည်သူဟူ၍ မသိရချေ။ အဆင့်ဆင့် ထပ်ကာထပ်ကာ တည်ဆောက်ခဲ့ကြသည်။ အေဒီ ၅-ရာစုက တကြိမ် ပြင်ဆင်ခဲ့ကြသည်။ ကျောက်စာဌာနက တူးဖော်သောအခါ စေတီအတွင်းမှ ကြေးအိုးကြီးတလုံး တွေ့ရှိရသည်။ ထို ကြေးအိုးကြီး အတွင်း၌ အဖိုးတန်ပစ္စည်း များစွာပါဝင်သည်။ ၎င်းတို့အနက် အရေးကြီးသော အဖိုးတန်ဆုံး ပစ္စည်းတခုမှာ ကြေးပုရပိုက်တဆူ ဖြစ်သည်။ ထို့ပြင် ကုမာရဂုတ္တ(၄၁၃-၄၅၅)ခေတ်က ဒင်္ဂါး ၆-ပြား တွေ့ရသည်။ ကြေးပြားပေါ်၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို သက္ကတ


ဘာသာဖြင့် ရေးထိုးထားသည်။ အဆုံး၌ 'ဤကား ဟရိဗလသာမိ၏ ကောင်းမှုဖြစ်သည်။ ဤ ကြေးပြားကို ပရိနိဗ္ဗာန စေတီအတွင်း၌ ဌာပနာခဲ့သည်'ဟု ရေးထိုးထားသည်။စေတီတော် ဒါယကာ ဟရိဗလ နှင့် ရုပ်ပွားတော် ဒါကကာ ဟရိဗလတို့သည် တဦးတည်းပင် ဖြစ်သည်ဟု ယူဆရပါသည်။တရုတ်ရဟန်းတော် ဟူယင်ဆန်သည် ဤစေတီတော်ကို ဖူးခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။

စေတီတော်ကြီးကို ကျောက်စာဌာနက ထွင်းဖောက် ရှာဖွေပြီး နောက် ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဟသ်ာတမြို့သား ဦးဖိုးကျားက ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သည်။ ဉာဏ်တော်အမြင့် ၁၆၇ ပေ ရှိသည်။ ထိုခေတ်က ရူပီးငွေ ၁၇၀၀၀ ကုန်ကျသည်။ ၁၉၂၇ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။ ထီးတော်အတွက် ရူပီးငွေ ၁၁၁၀၀ ကုန်ကျသည်။ထီးတော်ကို နေရောင်ဟပ်သောအခါ ရွှေရောင် တလက် လက် တောက်ပလျက်ရှိသည်ကို ဖူးတွေ့နိုင်ပါသည်။

သို့ရာတွင် လွန်ခဲ့သည့် ၁၅-နှစ်ခန့်က လျှပ်စစ်မီး လျှပ်သဖြင့် ဖောင်းရစ်မှ ၈၍ ပြိုကျပျက်စီးခဲ့သည်။ အတွင်းရှိ ရွှေဆင်းတုတော် အစရှိသော အဖိုးတန် ဌာပနာပစ္စည်းများ မပျောက်ပျက်စေရန် မြန်မာဆရာတော် ဦးစန္ဒမုနိက စောင့်ရှောက်ထားသည်။ အိန္ဒိယ ကျောက်စာဌာနက စေတီတော်ကို ပြန်လည် တည်ဆောက်လျက် ရှိပါသည်။

## ၃။ ကျောင်းတော်ရာအုတ်ခုံများ


မဟာပရိနိဗ္ဗာန စေတီတော်၏ အနောက်ဘက်၌ ကျောင်းတော်ရာ ဟောင်း အုတ်ခုံများ ဖွေ့ရှိရသည်။ စေတီတော်၏ တောင်ဘက်တွင် ရဟန္တာ ဓာတ်တော်ဌာပနာသည့် စေတီယ်များ တွေ့ရပါသည်။ စေတီတော်၏ မြောက်ဘက်တွင်လည်း ကျောင်းတော်ရာများ တွေ့ရသည်။အနောက်ဘက်ရှိ ကျောင်းတော်ရာများအနက် ကျောင်းတော်ရာ တခုတွင် အလယ်၌ ရေတွင်းတခုရှိသည်။ ထိုရေတွင်းမှ ရေကို ဂျပန်၊ ယိုးဒယား စသော နိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များက ဆေးဘက်ဝင် သည်ဟု ယူဆ၍ ခပ်ယူသွားလေ့ ရှိကြသည်။ ကျောင်းတော်ရာ အုတ်ခုံ




လုမ္ဗိနီ မယ်တော်မာယာ ကျောင်းဆောင်၊
ရေကန်ငယ်နှင့် ကျောက်စာတိုင် (နှ-၉၁)



မယ်တော်မာယာ သားဖွားခန်း (နှ-၉၂)



ဖွားတော်မူပြီးစ ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွသည့်
အထိမ်းအမှတ်စေတီများ (နှ-၉၂)



ကုသိနာရုံ ရုပ်ပွားတော်ကြီး တန်ဆောင်းနှင့်
မဟာပရိနိဗ္ဗာန်စေတီတော် (နှ-၉၅)

များတေး၌ တွေ့ရှိရသော စာတမ်းများအရ ''မဟာပရိနိဗ္ဗာနဝိဟာရ၊ သီရိဝိရှနဒီပဝိဟာရ၊ ဘဒ္ဒန္တသုဝီရဝိဟာရ'' စသည်ဖြင့် အမည်ပေးထားကြောင်း တွေ့ရှိရသည်။

## ၄။ အင်္ဂါရစေတီ(မကုဋဗန္ဓစေတီ)

မဟာပရိနိဗ္ဗာနစေတီတော်မှ အရှေ့ဘက်၆-ဖာလုံအကွာ၌ မကုဋဗန္ဓစေတီတော်တည်ရှိသည်။ မလ္လမင်းတို့ ဦးသျှောင်ထုံးသည့်နေရာ၌ စေတီတည်ခြင်းဖြစ်၍မကုဋဗန္ဓဟုခေါ်သည်။ (မကုဋ=ဦးသျှောင်+ဗန္ဓ=ထုံးဖွဲ့ခြင်း)မြတ်စွာဘုရားအလောင်းတော်ကို တေဇောဓာတ် လောင်ကျွမ်းသည့်နေရာ၌ မီးသွေးများကျန်ရစ်သည်။ ထိုမီးသွေးများကို ဌာပနာ၍ စေတီတည်သောကြောင့် အင်္ဂါရ(မီးသွေး)စေတီဟု ခေါ်သည်။ ထိုဒေသရှိ တိုင်းရင်းသားများက ရာမ်ဘာရ်ဟု ခေါ်ကြသည်။ ရာမမင်းသားသည် သီတာဒေဝီကိုစွန့်ပစ်ခဲ့သော နေရာဖြစ်၍ ရာမ်ဘာရ်ဟုခေါ်ခြင်းဖြစ်သည်။တေဇောဓာတ်လောင်၍ ကျန်ရစ်သော မီးသွေးများကို သီတာဒေဝီသားဖွားပြီးနောက် မီးလှူံသောမီးဖိုမှ ကျန်ရစ်သည့်မီးသွေးများဟု ပြောဆိုကြသည်။ဗုဒ္ဓဘာသာဆိုင်ရာ အထွတ်အမြတ် ထားသည့်နေရာတိုင်းကို အခြားဘာသာများက အမည်အမျိုးမျိုးဖြင့်ပြောင်းလဲ၍ခေါ်ဝေါ်နေကြသည်။

ဤစေတီတော်ကို သိုက်တူးသူများက ဖြိုဖျက် တူးဆွထားသည်။ အသောကမင်းတရားကြီး တည်ဆောက်ခဲ့သည်ဟုယူဆရသည်။ ဤစေတီတော်အပေါ်၌ ညောင်ပင်ကြီးတပင် ပေါက်လျက်ရှိသည်။ သာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တီပွဲတော်မတိုင်မီက တရုတ်ဘုန်းကြီးတပါးသည် ညောင်ပင်ပေါ်၌ အိပ်ရာပြုလုပ်၍ နေထိုင်ရာ ၁၀-နှစ် ကျော်ကျော်ကြာလေသည်။ ၂၅၀၀-ပွဲတော် ရောက်သောအခါ ယင်း တရုတ်ဘုန်းကြီးကို အိန္ဒိယအစိုးရ ကျောက်စာဌာနက ကျောင်းဆောက်လုပ်ပေး၍ ဖယ်ရှားစေသည်။ ညောင်ပင်ခုတ်ပယ်ပြီးနောက် နောက်ထပ်သစ်ပင်၊ မြက်ပင် မပေါက်စေရန် အင်္ဂတေများ ဖို့ထားသည်။

## ၅။ မြတ်စွာဘုရား ရေသပ္ပာယ်တော်မူရာဌာန

မကုဋဗန္ဓစေတီတော်မှ မဟာပရိနိဗ္ဗာနစေတီတော်သို့ ပြန်လာသော အခါ ကားလမ်းကွေ့တွင် အုတ်တိုက်ငယ်တခု ရှိသည်။ ထိုအုတ်တိုက် အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်တဆူ ရှိသည်။ ရုပ်ပွားတော်မှာ အေဒီ ၁-ရာစု ကနိရှကခေတ် လက်ရာဖြစ်သည်။ ဉာဏ်တော် ၅-ပေ၊ ၆-လက်မ ရှိ၍ မျာနမုဒြာ ခေါ် ဈာန်ဝင်စားဟန် ထုလုပ်ထားသည်။ ထိုနေရာမှာ မြတ်စွာဘုရား သခင် ပရိနိဗ္ဗာန် စံတော်မူမည့် နေ့၌ ပါဝါပြည်မှ ကုသိနာရုံ မလ္လမင်းတို့၏ အင်ကြင်းရုံသို့ ကြွတော်မူလာသောအခါ ရေသပ္ပာယ်(ရေချိုး)တော်မူရာဌာန ဖြစ်သည်ဟု မြန်မာဆရာတော်ကြီး များက အမိန့်ရှိကြသည်။

### ကုသိနာရုံသမိုင်း

ကုသိနာရုံမှာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူရာဌာန ဖြစ် သည်။ မြောက်ဘက်သို့ ဦးခေါင်းတော်လှည့်၍ အနောက်ဘက်သို့ မျက်နှာမူကာ ထုလုပ်ထားသော လျောင်းတော်မူပုံများကို ကုသိနာရုံ ပုံတော်ဟု ခေါ်ကြသည်။ ကုသိနာရုံ၌ အသောကမင်းကြီး၏ ကျောက် တိုင်များကို ရှာဖွေမတွေ့ရသေးချေ။ သို့ရာတွင် အသောက ကျောက် တိုင်များ ရှိကြောင်းကို တရုတ်ရဟန်းတော် ဟူယင်ဆန်က မှတ်တမ်း တင်ခဲ့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာမီ မလ္လနိုင်ငံကို အဇာတသတ်မင်းကသိမ်းပိုက်၍ မဂဓတိုင်းအတွင်းသို့သွတ်သွင်းခဲ့သည်။

အေဒီ ၅-ရာစုက တရုတ်ရဟန်းတော် ဖာဟိယန်က ပျက်စီးနေသော ဘုန်းကြီးကျောင်းများ တွေ့ရှိရကြောင်း မှတ်တမ်းတင်ခဲ့သည်။ထို့ပြင် အေဒီ ၅-ရာစုတွင် ဟရိဗလသာမိက စေတီတော်တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းတွေ့ရှိသည်။

၁၇၅၂-ခုနှစ်၌ ကျောက်စာဌာနက စတင်တူးဖော်သည်။ ဘုန်းကြီးကျောင်းများအတွင်း၌ မီးလောင်ထားသောပစ္စည်းများနှင့် လူရိုးများတွေ့ရှိရသည်ကိုထောက်ထား၍ ရန်သူများကရဟန်းတော်များကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်လိုက်ကြောင်း အထောက်အထားဖြစ်သည်။ ဤအဖြစ်ဆိုးမှာ ၁၂-ရာစုအတွင်းက အိန္ဒိယတနိုင်ငံလုံး ဗုဒ္ဓဘာသာရဟန်းတော်များ ညီတူညီမျှခံစားခဲ့ရခြင်းပေတည်း။ တူးဖော်ခြင်းမပြုမီက ထိုဒေသကို သစ်ပင်ချုံနွယ်များ ဖုံးအုပ်လျက်ရှိသည်။

ဤကုသိနာရုံဌာနကို ပထမဦးဆုံးစောင့်ရှောက်ခဲ့သူမှာ အိန္ဒိယတိုင်းရင်းသား ဘုန်းတော်ကြီး မဟာဝီရဖြစ်သည်။ မဟာဝီရသည် ၁၇၅၇-ခုနှစ် ဗြိတိသျှတို့ကို ပုန်ကန်သော သူပုန်ဗိုလ်ကြီးကွန်ဝါးဆိုင်း၏ဆွေမျိုးဖြစ်၍ ပုန်ကန်မှု၌ပါဝင်ခဲ့သည်။ ကွန်ဝါးဆိုင်း ကျဆုံးသွားသောအခါ မဟာဝီရသည် ကြေးစားနပန်းသမားအဖြစ်အသက်မွေးနေထိုင်ခဲ့သည်။ ထိုမှတဖန် သီဟိုဠ်ကျွန်းသို့ရောက်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီးလျှင် ရဟန်းခံခဲ့သည်။ ရဟန်းခံပြီးနောက် ကုသိနာရုံသို့ လာရောက်နေထိုင်၍ သာသနာပြုရန် ကြိုးပမ်းခဲ့သည်။ အိန္ဒိယနိုင်ငံသား ရခိုင်လူမျိုး သဌေးကြီး ခီဇာရီဆိုသူက ဘုရားကျောင်းတော်၏ မြောက်ဘက်တွင် မြေကွက်တခုဝယ်ယူ၍ ဇရပ်ဆောက်လုပ် လှူဒါန်းခဲ့သည်။ ရခိုင်ပြည်မှ ရခိုင်အမျိုးသား ဆရာတော်ဦးစန္ဒြမုနိသည် အိန္ဒိယနိုင်ငံ၌သက္ကတဘာသာနှင့် ဟိန္ဒူဘာသာကိုသင်ယူသည်။ ဆရာတော်သည် သာသနာပြု စိတ်ဓာတ်ပြင်းထန်သဖြင့် အနာဂါရိကဓမ္မပါလနှင့်တွဲဖက်၍ သာသနာပြုလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ဦးစန္ဒြမုနိသည်ကုသိနာရုံ၌ ရဟန်းတော်မဟာဝီရနှင့်တွဲဖက်၍ ခီဇာရီ၏ ဇရပ်ဆောက်လုပ်မှုကို ကူညီဆောင်ရွက် ခဲ့သည်။ မဟာဝီရ ကွယ်လွန်သောအခါ ဦးစန္ဒြမုနိက ဆက်လက် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ဦးစန္ဒြမုနိသည်ဘာသာရေးပွဲတော်များကိုကျင်းပပြုလုပ်၍တိုင်းရင်းသားတို့ကို ဗုဒ္ဓဘာသာဘက်သို့ ဆွဲဆောင်ခဲ့သည်။ မြတ်စွာဘုရား ဖွားတော်မူသောနေ့ဝိသာခါပွဲတော်ကို တလတိတိကျင်းပ၍ တိုင်းရင်းသား

ထောင်ပေါင်းများစွာကို ကုသိနာခြုံသို့ ဘုရားဖူးလာရန် သွေးဆောင်ခဲ့၏။ထို့ပြင်ဦးစန္ဒမုနိသည်မူလတန်းကျောင်းတခုကိုတည်ထောင်ခဲ့သည်။

ယခုအခါ ဦးစန္ဒမုနိ၏ သာသနာပြုမှုကြောင့် အိန္ဒိယတိုင်းရင်းသား ငါးသိန်းခန့် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။အိန္ဒိယနိုင်ငံ တရားဝန်ကြီးချုပ် ဒေါက်တာအမ်ဘေဒကာသည် ဦးစန္ဒမုနိ၏အထံ၌ သရဏဂုံနှင့် ငါးပါးသီလကို ခံယူဆောက်တည်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်း ခဲ့သည်။ ဒေါက်တာအမ်ဘေဒကာ၏နောက်လိုက်များဖြစ်ကြသော ဇာတ်နိမ့် လူငါးသိန်းခန့် တပြိုင်နက်တည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ ဦးစန္ဒမုနိ ရဟန်းခံပေးခဲ့သော အိန္ဒိနိုင်ငံသားနှင့် နီပေါနိုင်ငံသား ရဟန်းတော်ပေါင်း ၅၀- ကျော်ရှိပေသည်။ နာမည်ကျော်ကြားသော စာရေးဆရာ ရာဟုလာသံကစ္စည်းသည် ဦးစန္ဒမုနိထံ၌ တပည့်ခံ၍ ရဟန်းပြုခဲ့သည်။

**ဟူယင်ဆန်၏ မှတ်တမ်း**

ကုသိနာခြုံအကြောင်းကို ဖာဟီယန်က မှတ်တမ်းမတင်ခဲ့ချေ။ဟူယင်ဆန်ကမူ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့၏။

> ''ကုသိနာခြုံမြို့မှာ ပျက်စီးနေသည်။ မြို့ရိုးမှာ စက်ဝိုင်းပုံဖြစ်သည်။ ပရိနိဗ္ဗာန်စံတော်မူသည့် အနေအထားဖြင့် ထုလုပ်ထားသော ကုသိနာခြုံ ရုပ်ပွားတော်ကြီးသည် မြောက်ဘက်သို့ခေါင်းပြုလျက် ကျိန်းစက်တော်မူသကဲ့သို့ လဲလျောင်းနေသည်။ ရုပ်ပွားတော်ကြီးသည် အုတ်ကျောင်းတော်အတွင်း၌ တည်ရှိသည်။ အုတ်ကျောင်းနံဘေး၌ အသောကမင်းကြီး တည်ထားသော စေတီတော်မှာ ပေ ၂၀၀-ခန့်မြင့်သည်။ထို့ပြင် မြတ်စွာဘုရားပရိနိဗ္ဗာန်စံသည့်နေရာကိုညွှန်ပြသည့် အသောကကျောက်တိုင်ကြီးလည်းရှိသည်။ ကုသိနာခြုံမြို့၏ မြောက်ဘက်တွင် မြစ်တဘက်ကမ်း၌ ခြေလှမ်း ၃၀၀-ခန့်သွားလျှင် တေဇောဓာတ်လောင်ကျွမ်းရာ စေတီတော်ကို တွေ့ရသည်။ ထိုနေရာတဝိုက်ရှိမြေမှာ မီးသွေးများနှင့် ရောနှောနေသဖြင့် မည်းညစ်ညစ်အရောင်ရှိသည်။''

အခန်း (၇)

# ပဋ္ဌနား

## ပါဋ္ဌလိပုတ်မြို့တော်

ပဋ္ဌနားမြို့သည် ဗိဟာပြည်နယ်၏ မြို့တော် ဖြစ်သည်။ မြတ်စွာဘုရားရှင် လက်ထက်တော် အခါက မဂဓ တိုင်းကြီးသခင် ဘုရင်အဇာတသတ် မင်းသည် ဝိဒေဟတိုင်း လိစ္ဆဝီမင်းတို့ကို တိုက်ခိုက်၍ ဝေသာလီပြည်ကို သိမ်းယူရန်အတွက် ဂင်္ဂါမြစ်ကမ်းရှိ ပါဋ္ဌလိရွာကို ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့သည်။ မြို့တည်စဉ်က မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အခမ်းအနား ဖွင့်ပွဲတွင် ဆွမ်း အနုမောဒနာတရား ဟောကြားခဲ့သည်။ ပါဋ္ဌလိပုတ်မြို့တော်သည် ဇမ္ဗူဒိပ်ကျွန်းတွင် အကြီးအကျယ်ဆုံး ဖြစ်လိမ့်မည်။ ရေ၊ မီးနှင့် အချင်းချင်းကွဲပြားမှု သုံးမျိုးကြောင့် မြို့ပျက်မည်ဟု ဗျာဒိတ်တော်ထားခဲ့သည်။ ယင်း ပါဋ္ဌလိပုတ်မြို့သည် ကာလာသောကမင်းလက်ထက်မှ စ၍ မဂဓတိုင်း၏မြို့တော် ဖြစ်ခဲ့သည်။ ပါဋ္ဌလိပုတ်နန်းစံသော ဘုရင်များသည် အိန္ဒိယအနောက်ပိုင်း တက္ကသိုလ်ပြည်အထိ၊ အရှေ့ဘက်တွင် ဘင်္ဂါကမ်းခြေအထိ အာဏာစက်ဖြန့်ခဲ့ကြသည်။ စန္ဒဂုတ် မင်းကြီးနှင့် သီရိဓမ္မာသောက မင်းကြီးတို့ လက်ထက်၌ နိုင်ငံချဲ့ထွင်ခဲ့ကြသည်။ မောရိယမင်းဆက်၊ သုင်္ဂမင်းဆက်၊ ဂုတ္တမင်းဆက် ဟူ၍ မင်းဆက်သုံးဆက် နန်းစိုက်ခဲ့ကြသည်။ သာသနာနှစ် ၂၃၅-ခုနှစ်တွင် ပါဋ္ဌလိပုတ် မြို့တော်၌ အသောက မင်းတရားကြီး၏ အထောက်အပံ့ဖြင့် ရဟန္တာ ၁၀၀၀-တို့ တတိယ သင်္ဂါယနာတင်ပွဲကို ကိုးလတိုင်တိုင် ကျင်းပခဲ့သည်။ အသောက မင်းကြီးသည် ဓမ္မက္ခန္ဓာ ၈၄၀၀၀-ကို အထိမ်းအမှတ် ပြုသောအားဖြင့် ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀၊ ကျောင်းပေါင်း ၈၄၀၀၀ ဆောက်လုပ် လှူဒါန်းခဲ့သည်။

ပတ္တနားမြို့သည် ဂင်္ဂါမြစ်ကမ်း၌ တည်ရှိ၍ ကာလကတ္တားမြို့မှ ၅၃၃ ကီလိုမီတာ ဝေးကွာသည်။ ဗာရာဏသီမြို့မှ ၁၄၂-ကီလိုမီတာ ဝေးကွာသည်။ ရာဇဂြိုဟ်နှင့် ဂဂ-ကီလိုမီတာ ဝေးသည်။ မီးရထား၊ မော်တော်ကား၊ လေယာဉ်တို့ဖြင့် သွားရောက်နိုင်သည်။

## ကြည့်ရှုလေ့လာရန် ဌာနများ

၁။ အသောက ကျောင်းတော်ရာ။
၂။ ဂိုဒေါင် အဝိုင်းကြီး။
၃။ အသောက ဓမ္မရုံကြီး။
၄။ ကျောက်စာဌာန ပြတိုက်။
၅။ မာရဝါရီ သဒ္ဓေးကြီး ပြတိုက်။

အသောက ကျောင်းတော်ရာကို ရာဇကုမာရ် ဟု ခေါ်ကြသည်။ ကျောင်းတော်ရာ အုတ်ခုံများကို တူးဖော် ပြသထားသည်။ မူလကျောင်းတော်ကြီး၏ နေရာကို တူးဖော်ထားရာ ရေကန်ငယ် တခု ဖြစ်နေသည်။ ကျောင်းတိုင် ပြုလုပ်ထားသော ကျောက်တိုင်ငုတ်ကြီးများကို တွေ့ရသည်။ ထို ကျောင်းတော်ကြီးအနီးတွင် ကျောက်စာတိုင်ကြီး လက်ပိုင်းကျိုးနေသည်ကို ပြသထားသည်။တတိယသင်္ဂါယနာတင်ခဲ့သည့် နေရာဖြစ်၍ မြန်မာဗုဒ္ဓဘာသာဝင်တို့က ဤကျောင်းတော်ရာကို အမြတ်တနိုး ထားကြသည်။ တချိန်က ဂင်္ဂါမြစ်ရေ လွှမ်းမိုးခဲ့သဖြင့် ကျောင်းတော်ရာများ မြေအောက် နစ်မြုပ်လျက် ရှိသည်။

ဂိုဒေါင်အဝိုင်းကြီးကို အချို့က အသောက ရိက္ခာသိုလှောင်သည့် ဂိုဒေါင်ကြီးဟု ဆိုကြသည်။ အမှန်စင်စစ် အင်္ဂလိပ်အစိုးရလက်ထက်က ဗီဟာပြည်နယ် အငတ်ဘေး မကြုံရအောင် ဆောက်လုပ်ထားသည့် အုတ်ဂိုဒေါင်ကြီး ဖြစ်သည်။ ဂိုဒေါင်ကြီးမှာ စစ်ကိုင်း ကောင်းမှုတော် စေတီပုံဖြစ်၍ အပြင်မှ အုတ်လှေကားဖြင့် ထိပ်ရောက်အောင် တက်နိုင်သည်။ ဂိုဒေါင်ထိပ်မှ တမြို့လုံးကို အပေါ်မှ စီးကြည့်နိုင်သည်။ ထိုဂိုဒေါင်ကို (ဂိုးလ်ဃရ်)ဟု ခေါ်သည်။

အသောကရေတွင်းကြီးကို အာဂန်ကူဝံဟုခေါ်ကြသည်။ ရေတွင်းကြီး အနက်မှာ ဂိုက်၃၀၀-အပ်ချည်လုံးဆုံးသော်လည်း အောက်ခြေသို့ မရောက်သေးဟု ဆိုသည်။ ဒေသခံ လူများက ရေတွင်းကြီးထဲသို့ ထောပတ်၊ဆီ၊ဆိတ်သွေး၊ကြက်သွေး၊မုန့်မျိုးစုံတို့ကို ပူဇော်သည့်အနေဖြင့် လောင်းထည့်ကြသည်။ နတ်သမီးရုပ်များ ပစ်ချကြသည်။ ရေများ ညစ်ပေလျက် ရှိသော်လည်း ထိုရေကို ခပ်ယူလိမ်းကျံခြင်း ပြုကြသည်။ တန်ခိုးရှိသော ရေတွင်းဖြစ်၍ ရောဂါမျိုးစုံပျောက်ကင်းသည်ဟု ယူဆကြသည်။

ပတ္တနားမြို့ရှိ ပြတိုက်မှာ လွန်စွာကြီးကျယ်၍ ပစ္စည်းအမျိုးအမည်စုံလင်လှသည်။တောတိရစ္ဆာန်အရိုင်းတို့၏ (အဆာသွတ်) ရုပ်လုံးများမှာ အသက်ဝင်လှပေသည်။ ရှေးခေတ် လက်ရာများဖြစ်သော ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆင်းတုများ၊ ဟိန္ဒူ နတ်ရုပ်များ အပြင် ရာဟုလာ သံကစ္စည်း တိဘက်မှသယ်ဆောင်ခဲ့သောကော်ဇောများ၊ပေပုရပိုက်များနှင့် ရှေးခေတ်က ကိုင်ဆောင်သော ဓားလှံ၊ သေနတ် လက်နက်များကို တွေ့ရသည်။ ထို့ပြင် ကျောက်သားပကတိ ဖြစ်လျက်ရှိသော အင်ကြင်းပင်ကြီးကို အကိုင်းအလက် စုံလင်စွာဖြင့် တွေ့ရှိရသည်။

မာရဝါရီ သဌေးကြီးတဦးပိုင်သောပြတိုက်မှာ ဂင်္ဂါမြစ်ကမ်း ခံတပ်ဟောင်းပေါ်၌ ရှိသည်။ Quik House ဟုခေါ်သည်။ ပုဂ္ဂလိကပိုင်ဖြစ်၍ လူတိုင်းကြည့်ခွင့်မပြု။ ရင်းနှီးသော မိတ်ဆွေများကိုသာ ခွင့်ပြုသည်။ ပတ္တနား မြန်မာဆရာတော် ဦးသီရိဇေယျသည် ထိုသဌေးကြီး၏ ကြည်ညိုကိုးကွယ်ခြင်းခံရ၍ ဆရာတော်လိုက်လံပြသပါက ကြည့်ခွင့်ရနိုင်ပါသည်။ ပြတိုက်၌ အဖိုးတန် ရှေးဟောင်းကြွေထည်များ၊ ပါရှားကော်ဇောများ၊ထီးသုံးနန်းသုံးပစ္စည်းများကို ပြသထားသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀-ကျော်က ပစ္စည်းများ ဖြစ်၍ တန်ဖိုးမဖြတ်နိုင်သည့် ရှားပါးပစ္စည်းများ ဖြစ်ကြသည်။ အက္ကဘာဘုရင်ကြီး၏ သလွန်တော်၊ သန်လျက်၊ တတိယနပိုလီယန်၏ အိပ်ရာခုတင်၊ ပြင်သစ်ဘုရင် လူဝီ ၁၄-နှင့် ၁၆-တို့၏ ညှော်ခန်းသုံး ကုလားထိုင်များ စသည်ဖြင့် စုံလင်လှပေသည်။

အခန်း ( ၈ )

# နာလန္ဒာ

## တည်နေရာ

ရာဇဂြိုဟ်မှ ပတ္တနားမြို့သို့သွားသော မီးရထားလမ်း၌ တည်ရှိသည်။ ရာဇဂြိုဟ်ဘူတာမှ လေးမိုင်ကွာဝေးသည်။ ဗီဟာပြည်နယ်၏ မြို့တော် ပတ္တနားမြို့(ပါဋလိပုတ်)မှ ၅၅-မိုင်(၉၉-ကီလို)ဝေးသည်။ နာလန္ဒာ တက္ကသိုလ်ကျောင်းတော်ရာအနီး၌ 'ဘရ်ဂွန်း' ခေါ် ရွာကလေးရှိသည်။ ကျောင်းတော်ရာ၏ တောင်ဘက် နှစ်ဖာလုံခန့် အကွာတွင် နာလန္ဒာ တက္ကသိုလ်ကျောင်းသစ် ရှိသည်။

## လမ်းပန်းဆက်သွယ်မှု

ကလကတ္တားမှ နယူးဒေလီဘက်သို့သွားသော မီးရထားကို စီး၍ ပါက ဘတ်ခ်တီယာပူရ်(ဘဒ္ဒိယမြို့)ဘူတာ၌ဆင်း၍ ဘတ်ခ်တီယာပူရ်မှ ရာဇဂြိုဟ်သွားသောမီးရထားကို ပြောင်း၍စီးရသည်။ နာလန္ဒာဘူတာ၌ ဆင်း၍ တမိုင်ခွဲလောက် လမ်းလျှောက်သွားလျှင် နာလန္ဒာ ကျောင်း တော်ရာသို့ ရောက်နိုင်ပါသည်။ အကောင်းဆုံးနည်းမှာ ရာဇဂြိုဟ်မြို့သို့ အလျင်သွား၍ ရာဇဂြိုဟ်မှတဆင့် မော်တော်ကားဖြင့်သွားခြင်းက ပို၍ အဆင်ပြေစရာ ရှိပါသည်။

### ၁။ စေတီတော်များနှင့် ကျောင်းတော်ရာများ

နာလန္ဒာကျောင်းတော်ရာကို အဝေးမှကြည့်ပါက ရဲတိုက်ခံတပ်ကြီး တခုဟု ထင်ရသည်။ အဆောက်အအုံများ ဆောက်လုပ်ပုံမှာ လွန်စွာ စနစ်ကျလှသည်။ စေတီနှင့်ဇရပ်များတတန်း၊ တက္ကသိုလ်ကျောင်းဆောင် ကြီးများ တတန်း နှစ်တန်းခွဲထားသည်။ တောင်ဘက်မှစ၍ မြောက်

ဘက်သို့ ကျောင်းတော်ရာ အမှတ် (၁၊၄၊၅၊၆၊၇၊၈၊၉၊၁၀၊၁၁)တို့ အစဉ်အတိုင်းတည်ရှိသည်။ အနောက်ဘက် အတန်းတွင် စေတီတော် အမှတ်(၃၊၁၂၊၁၃၊၁၄)တို့အစဉ်အတိုင်းတည်ရှိသည်။ထို့ပြင် တောင်ဘက်ဆုံး၌ ကျောင်းဆောင်အမှတ် (ဘီ-၁-နှင့် ဘီ-၂)တို့ ရှိကြသည်။

ကျောင်းတော်ရာအတွင်းသို့ လမ်းဟောင်းကြီးအတိုင်း ဝင်သွားသောအခါ ကျောင်းဆောင် အမှတ် (၁) ကို လက်ဝဲဘက်၌၊ ကျောင်းဆောင်အမှတ်(၄) နှင့် (၅)ကို လက်ယာဘက်၌ တွေ့ရသည်။ ထိုလမ်းအတိုင်းဆက်သွားပါက အမှတ်(၁)စေတီတော်ကြီးသို့ရောက်ရှိပါသည်။ စေတီတော်မှာ လေးထောင့်ဖြစ်၍ အပေါ်ထပ်သို့ လှေကားကျယ်ကြီးအတိုင်းတက်သွားနိုင်သည်။စေတီတော်ထိပ်၌ မြောက်ဘက်သို့မျက်နှာမူလျက် ကျောင်းဆောင်ခန်းမကြီး ရှိသည်။ အမိုးအကာမရှိတော့ပဲ ကျောင်းဆောင်၏ တိုင်နေရာများကိုသာ တွေ့ရသည်။ မြန်မာနိုင်ငံတွင် မန္တလေးနန်းတော်ဦး၌ ဘုရင်တည်ထားကိုးကွယ်သော "စွယ်တော်စင်"ဘုရားနှင့် တူသည်။ ဤစေတီမှာ အရှင်သာရိပုတ္တရာ ဖွားတော်မူသော တိုက်ခန်းနေရာ၌ တည်ဆောက်ထားသည်ဟု ဆိုကြသည်။ အရှင်သာရိပုတ္တရာသည် ဖွားတော်မူသော တိုက်ခန်းမှာပင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

စေတီတော်ကြီး၏ အရှေ့မြောက်ဘက်ရှိ သစ်သားကျောင်းဆောင်ငယ်အတွင်း၌ အဝလောကိတေဿရ ရုပ်တုရှိသည်။ စေတီတော်ကြီးနှင့်ကပ်လျက် စေတီငယ်များကိုခေတ်အဆက်ဆက်တည်ဆောက်ခဲ့ကြသဖြင့် စေတီတော်များ ပူးတွဲပေါင်းစပ်လျက် ရှိသည်။စေတီတော် ပတ်လည်ရှိ ရုပ်လုံး ရုပ်တုများမှာ ဂုတ္တခေတ် လက်ရာများဖြစ်ကြသည်။စေတီတော်ကြီး၏ အရှေ့တောင်ဘက်၌ ရှိသော ရုပ်တုမှာ နာလန္ဒာ တက္ကသိုလ်၏ ပထမ ကျောင်းအုပ်ဆရာတော် နာဂရဂျူးနား(နာဂအဇ္ဇုန)၏ ပုံဖြစ်သည်ဟု ခန့်မှန်းရသည်။

ကျောင်းဆောင်အမှတ်(၁)ကို အနောက်ဘက်နံရံဆင်ဝင်အောက်မှ ဝင်ရသည်။ ခေတ်အဆက်ဆက် ထပ်ကာထပ်ကာ တည်ဆောက်ထားရာ

အုတ်မြစ် (၉) ထပ် တွေ့ရသည်။ ဝရန်တာ ကျောက်တိုင်ကြီးများ၏ အောက်ခံခွာအဖြစ် အသုံးပြုသော ကျောက်ဆုံ ကျောက်ခွက်ကြီးများ တွေ့ရသည်။ နောက်ဆုံး ပြင်ဆင်ဆောက်လုပ်သူမှာ ဆုမတြာဘုရင် ဖြစ်သည်။ အေဒီ-၉ရာစု ပါလခေတ်က ပြုပြင်ခဲ့သည်။ ကျောင်းဆောင် ကြီးကို မူလတည်ဆောက်ထားပုံမှာ နှစ်ထပ်ဖြစ်သည်။ အပေါ်ထပ်ကို နောက်ထပ် ပြုပြင်ဆောက်လုပ်ခဲ့သည်။ အောက်ထပ် အရှေ့ဘက်ထိပ်တွင် ဘုရားဆောင်ရှိသည်။ ယခင်က ဤနေရာ၌ ရုပ်ပွားတော်ကြီး ရှိမည်မှာ သေချာသည်။

ဘုရားဆောင်၏ရှေ့တွင် ခုံမြင့်တခု ရှိသည်။ ဤခုံမြင့်ပေါ်၌ ကထိက ဆရာကြီးနေ၍ အလယ်ကွက်လပ်ရှိတပည့်များအားစာပေပို့ချခဲ့ပေမည်။ အချို့က ဤနေရာတွင် လေးမြားအတတ်ကို လေ့ကျင့်သည်ဟု ဆိုကြ သည်။ အုတ်ခုံမှာ ကြေးစည်ပုံပြုလုပ်ထားသဖြင့် လေးကိုင်းပုံဖြစ်သည်။ ထို့ကြောင့် လေးမြားအတတ် သင်ပေးသည့် ခန်းမဟု ဆိုကြသည်။ ကျောင်းဆောင်၏ အနောက်မြောက်ထောင့်တွင် ရေတွင်းကြီး တခု ရှိသည်။ ဘေးပတ်လည်ရှိအခန်းများမှာ ပညာရှိတို့သီတင်းသုံးနေထိုင်ရာ ဌာနဖြစ်သည်။ အနောက်ဘက်နံရံ၌ ညိုမည်းသော မီးလောင်ရာများကို တွေ့မြင်နိုင်သည်။

ကျောင်းဆောင်အမှတ်( ၄ )၏ ထူးခြားချက်မှာ လှေကား တည် ဆောက်ထားပုံ ဖြစ်သည်။ ရှေးခေတ် ဗိသုကာဆရာတို့၏ တီထွင်ဆန်း သစ်မှုဖြစ်သည်။ လှေကားကို အလင်းရောင်ရစေရန် နံရံကို ဖောက်ထား သည်။ ဤကျောင်းဆောင်ကို တူးဖော်စဉ်က ( အေဒီ ၅၁၃-၅၅ ) **ကုမာရဂုတ္တ**ခေတ်က ဒင်္ဂါးတပြားကို တွေ့ရသည်။ မီးလောင်ထားသော **ယက်**မနှင့် ဆင့်များကို တွေ့ရသည်။

ကျောင်းဆောင် အမှတ်(၅)ကို ကျော်လိုက်ပါက ကျောင်းဆောင် **အ**မှတ်(၆)သို့ ရောက်နိုင်သည်။ ဤကျောင်းဆောင်ကြီး၏ လှေကားကို **ကြည့်**ပါက နှစ်ထပ် အဆောက်အအုံ ဖြစ်ကြောင်း ထင်ရှားသည်။ **ကျောင်း**ဆောင်အတွင်းရှိ ကွက်လပ် အလယ်လောက်တွင် နှစ်လုံးတွဲ

မီးဖိုကြီးများ တွေ့ရသည်။ အချို့က ချက်ပြုတ်သည့် စဖိုဆောင်၊ အချို့က သက်နိုးဆိုးရည် ကျိုချက်ရာဌာနဟု ခန့်မှန်းကြသည်။

ကျောင်းဆောင်အမှတ်(၇)၏ အရှေ့မြောက်ဘက်၌ ဘုရားကျောင်း အမှတ်(၂)ရှိသည်။ ကျောက်ဖြင့် တည်ဆောက်ထားသည်။ ဤဘုရားကျောင်း၏ ကျောက်ပြားများပေါ်တွင် ကိန္နရာရုပ်၊ မကန်းရုပ်၊ မီးနတ်၊ ကုဝေရနတ်၊ ဂဇလက်ချမီ၊ ဒေါင်းစီးနေသော ကတ္တိကေယျနတ်ရုပ်များ ထွင်းထုထားသည်။ ဇာတ်တော်များ ထုလုပ်ထားရာ ကစ္ဆပဇာတ်ကို တွေ့ရသည်။ စေတီတော်အမှတ်(၂)သို့ ကျောင်းဆောင်အမှတ်(၇)နှင့် (၈)အကြားမှ ဖြတ်သွားရသည်။ အမှတ်(၇)၏ အရှေ့မြောက်ဘက်၌ ရှိသည်။ အုတ်နံရံ၌ အင်္ဂတေရုပ်လုံး အကွက်ပေါင်း ၂၁၁-ကွက် ရှိသည်။ အဝင်ပေါက်၏ ဝဲယာ၌ ပုံ ၂၀-စီ၊ ကျန် နံရံသုံးဘက်၌ ၅၇-ပုံစီ ရှိသည်။

ကျောင်းဆောင် အမှတ် (၈)မှာလည်း ကျယ်ဝန်းသော နှစ်ထပ် အဆောက်အအုံကြီးပင် ဖြစ်သည်။ ကျောင်းဆောင် အမှတ် (၉) အတွင်း၌ သက်နိုးဆိုးရည်ထည့်သည့် အိုးကြီးများရှိသည်။ မြေအောက် ရေထုတ်မြောင်းများ စီမံထားပုံမှာ စနစ် ကျနလှပေသည်။

ကျောင်းဆောင် အမှတ် ( ၁၀ ) ၌ တံခါးပေါက်ခုံးများ တည် ဆောက်ထားပုံမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ ကျောင်းဆောင် အမှတ်(၁၁)မှာ နံရံများ ပြိုပျက်နေသည်။ အတွင်း၌ ကျောက်တိုင် အကျိုးများ၊ စဉ့်အိုးများ တွေ့ရသည်။

အဆောက်အအုံများ ဆောက်ပုံမှာ ယေဘုယျအားဖြင့် တူညီကြ သည်။ တဆစ်ချိုးနံရံများ၊ ဘေးနှစ်ဘက်၊ သို့မဟုတ် သုံးဘက်၌ တန်းစီနေသော အခန်းငယ်များ အလယ်၌ ကျယ်ဝန်းသော ကွက်လပ် ရှိသည်။ အလယ်ကွက်လပ်ကို ဝန်းရံလျက် အပေါ်ထပ်တွင် ဝရန်တာ လှည့်ထားသည်။ ဝရန်တာကို ကျောက်တိုင် အုတ်တိုင်များဖြင့် ဆောက် ထားသည်။ ဘုရားခန်းကို အဝင်ပေါက်ဝနှင့် တည့်တည့်ထားသည်။ ကွက်လပ်အတွင်း၌ ရေတွင်းရှိတတ်သည်။ နံရံများကို အင်္ဂတေကိုင် သည်။ ကြမ်းပြင်ကို ကျောက်ပြား၊ အုတ်ချပ်များ ခင်းသည်။ ရံခါ

ကွန်ကရီ ခင်းသည်။ ကျောင်းဆောင်များကို အနောက်ဘက် မျက်နှာမူထား၍ စေတီများကို အရှေ့ဘက် လှည့်ထားသည်။

စေတီတော် အမှတ် (၃)၏ မြောက်ဘက်၌ စေတီတော် အမှတ် (၁၂) ရှိသည်။ စေတီတော် နံရံပတ်လည်၌ ရုပ်တုများ ရှိသည်။ လိုဏ်ငယ်များ အတွင်း၌ရှိသည်။ စေတီ၏ဖိနပ်တော်မှာ ပေ ၁၇၀-နှင့် ၁၆၅-ပေ ရှိသည်။ ထိုစေတီ၏ မြောက်ဘက်၌ စေတီတော် အမှတ် (၁၃)ရှိသည်။ ထိုစေတီတော်၏ အရှေ့ဘက်၌ ဘုရားကျောင်းပျက်တခု ရှိသည်။ အတွင်း၌ စေတီငယ်များ ရှိသည်။ ဤကျောင်းပျက်အတွင်းမှ သတ္တု အရည်ကျိုဖိုကြီး တွေ့ရသည်။ ဤနေရာ၌ ကြေးဆင်းတု အစ ရှိသည်တို့ကို အရည်ကျို ပုံလောင်းခဲ့ကြပေမည်။

ကျောင်းတော်ရာ မြေကွက်၏ မြောက်ဘက်၌ တင်ပျဉ်ခွေ ကြေးဆင်းတုတော်ကြီးတဆူ ရှိသေးသည်။ ညာဏ်တော် ၅-ပေခန့် ရှိမည်။ ကျောက်စာ၌နက ထိမ်းသိမ်းခြင်းမပြု။ အနီးရှိ ရွာသူရွာသားများသည် ထို ဆင်းတုတော်ကြီးကို ဟိန္ဒူနတ်ရုပ်အဖြစ် ပူဇော်ကြသည်။ ထောပတ်ဖြင့်သုတ်လိမ်းသည်။ ဆေးနီဆေးစိမ်းများ သုတ်သည်။ ပြုသမျှ ခံနေရသော ရုပ်ပွားတော်ကြီး ဖြစ်သည်။

## ပြတိုက်

ပြတိုက်အတွင်း၌ ရုပ်တုများ၊ ရုပ်တုပါသော ကျောက်ပြားနှင့် အုတ်ခွက်များ၊ ဒင်္ဂါးများ ရှိသည်။ ကမ္ပည်းစာများ၊ ရုပ်တုများ၊ တံဆိပ်တုံးနှင့် ကျောက်ပြားများ၊ အိုးများကို သီးသန့် စီစဉ်ပြသထားသည်။

ကမ္ပည်းစာများမှာ နာလန္ဒာ၏ ရာဇဝင်သမိုင်းကို ဖော်ပြသည်။ ကြေးပြားပေါ်၌ ရေးသားကြသည်။ သမုဒြဂုတ္တမင်း၊ ဒေဝပါလမင်းနှင့် ဓမ္မပါလမင်းတို့၏ ကမ္ပည်းစာများအနက် ယသောဝမ္မဒေဝနှင့် ဝိပုလ သိရိမိတြ၏ ကမ္ပည်းများမှာ အလွန် စိတ်ဝင်စားဖွယ် ကောင်းသည်။ အေဒီ ၈-ရာစု ကနောဇဘုရင် ယသောဝမ္မဒေဝ၏ အမတ်သားတဦးက

ဗာလာဒိတျ ဘုရင်၏ ဘုရားကျောင်းကို အောက်ပါအတိုင်း ချီးမွမ်းခန်း ထုတ်ခဲ့သည်။

"နာလန္ဒာ ကျောင်းတော်ကြီးကား မဟာ ပညာကျော်တို့ စာပေနှင့် အနုပညာ သင်ကြားပို့ချရာဌာနအဖြစ် ကျော်ကြားလှပေသည်။ ဘုရင့် နေပြည်တော်ထက် နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကို လူသိများသည်။ ကျောင်းတော်ကြီး၏ စုလစ်မွန်းချွန် အထွတ်တင်ထားသော ပြာသာဒ်ဆောင်ကြီးများမှာ မိုးတိမ်ကြားသို့ ထိုးဝင်နေသည်။ တန်ခိုးတော်ရှင်သည် ဤကမ္ဘာမြေကြီးကို အလှအပတန်ဆာဆင်ပေးရန် ဤတက္ကသိုလ်ကျောင်းတော်ကြီးကို ဖန်ဆင်းလေရော့သလား။ စာပေ ပညာရှင်၊ အနုပညာရှင် ရဟန်းတော်တို့ ပျော်စံရာဌာနမှာ စိန်ရောင်၊ ကျောက်ရောင်၊ ရွှေရောင်တို့ဖြင့် တပြောင်ပြောင် တလက်လက် တောက်ပနေသော နန်းတော်အဆောင်ကြီးများဖြင့် ပြည့်နှက်နေသည်။ ဝိဇ္ဇာမိုရ်များ ပျော်စံရာဌာနပေလားဟု အထင်မှားလောက်ပေသည်။ ဤနေရာ ဤဌာနတွင် ဗာလာဒိတျ ဘုရင်သည် ကေလာသ ငွေတောင်ထက် ပိုမိုဆန်းကြယ် တင့်တယ်သည့် ဘုရား ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည်။"

ဝိပုလသိရီမိတြ ကမ္ပည်းစာ ကြေးပြားကို အမှတ် (၇) ကျောင်းတော်ရာမှ ရရှိသည်။ ဝိပုလသိရီမိတြရဟန်းတော်သည် တာရာနတ်သမီး ဘုရားကျောင်း၊ ရေကန်နှင့် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ထက် သာလွန်တင့်တယ်သော ကျောင်းဆောင်ကြီးတဆောင် ဆောက်လုပ်ခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ရုပ်တုတော်များ၏ ဓမ္မစကြာနှင့်ရောင်လုံ့တို့၌ ရေးထိုးယားသော ကမ္ပည်းများ၊ အုတ်ခွက်စာများ ရှိသေးသည်။ များသောအားဖြင့် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဂါထာ၊ ပဋိစ္စသမုပ္ပာဒ် တရားတော်စသည်တို့ကို ရေးထိုးကြသည်။

ဗျမ္ဗလ နတ်ရုပ်တခု၌ 'ကာကဏ်ကောင်းမှု'ဟု ရေးထိုးထားသည်။ တြိလောကဝိဇယ ဘုရားလောင်းရုပ်တု၏ ကျောဘက်၌ အောက်ပါ ဂါထာတခုကို တွေ့ရသည်။

အာကာသလက္ခဏံ သဗ္ဗ၊ အာကာသံ ဆပျလက္ခဏံ။
အာကာသ သမတာ ယောဂါ၊ သဗ္ဗဂ္ဂသမတာ ဖုတော။

တာရာနတ်သမီးရုပ်၌ ဤဂါထာကို ရေးထားသည်။

ဥုံ တာရေ တုတ္တာရေ တာရေ သွာဟာ၊
ဥုံ ပဒ္မါဝတီ၊ ဥုံ ကုရုကုလ္လေသွာဟာ ယေမ္မော။

ရုပ်တုများမှာ မဟာယာန ဘုရားလောင်းရုပ်တုနှင့် နတ်ရုပ်များက ဗုဒ္ဓရုပ်ပွားတော်ထက် အရေအတွက် ပိုများသည်။ ပါလခေတ်နှင့် ဂုတ္တ ခေတ် ကြေးသွန်းလက်ရာများ ဖြစ်ကြသည်။ နာလန္ဒာ ကြေးရုပ်တု များသည် မိဂဒါဝုန်နှင့်မထုရာ၌တွေ့ရသောရုပ်တုများလောက် လက်ရာ မမြောက်ချေ။ သို့ရာတွင် နာလန္ဒာ၌ ရုပ်တုအငယ်များ ပိုမိုသွန်းလုပ် သည်။

ပဒုမပါဏိ နတ်သမီးရုပ်သည် ကြာပန်းခိုင်ကို ကိုင်ထားလျက် ရှိ သည်။အဝလောကိတေဿရ ဘုရားလောင်းနတ်သားရုပ်သည် ပုတီးကုံး၊ ကြာပန်းနှင့် အမြိုက်အိုးကို ကိုင်ထားတည်။ ဝဇီရပါဏိ နတ်သားရုပ် သည် ခြင်္သေ့ကိုစီးထားသည်။ မဥ္ဇုသိရိ(မဂျူရှုရီ)၊ ဗျမ္ဗလ၊ တာရာ၊ ပညာပါရမိတာ၊ မာရိစိ၊ ဟာရိတ်၊ သူရဿတိ၊ အပရာဇိတ စသည့် နတ်သား၊နတ်သမီးရုပ်များကို ပြသထားသည်။

တံဆိပ်တုံးများမှာ အချို့က ဘုရားပုံနှင့်၊အချို့က စာတမ်းများပါရှိ သည်။ အထူးခြားဆုံးမှာ နာလန္ဒာတက္ကသိုလ်ကျောင်းတော် တံဆိပ်တုံး ဖြစ်သည်။ 'သိရိနာလန္ဒာ မဟာဝိဟာရိယ အယျဘိက္ခုသံဃဿ'ဟု ထွင်း ထုထားသည်။ စာတမ်း၏အထက်၌ ဓမ္မစကြာအဝိုင်းပုံနှင့် သမင် နှစ် ကောင်ပုံပါသည်။ထို့ပြင် ဂုတ္တခေတ်ကဒုတိယကုမာရဂုတ္တမင်း၊နရသိံဟ ဂုတ္တမင်း၊အာသံဘုရင် ဘာကရဝမ္မမင်း၊ ကနောဇဘုရင် ဟာဿဝဒ္ဒနမင်း

စသည်တို့၏ ဟံဆိပ်တုံးများကိုလည်း ပြသထားသည်။ အဓိပ္ပာယ်မှာ ထိုဘုရင်များ အားလုံးသည် နာလန္ဒာ၏ ဒါယကာများ ဖြစ်ကြောင်း ဖော်ပြနေသည်။

## နာလန္ဒာသမိုင်း

နာလန္ဒာမြို့သည် အရှင်သာရိပုတ္တရာ၏ ဖွားရာဇာတိဖြစ်သည်။ ယခု တွေ့ရသော စေတီတော်ကြီး အမှတ် ၃-မှာ အရှင်သာရိပုတ္တရာဖွားတော်မူသည့် တိုက်ခန်းနေရာ၌ တည်ဆောက်ထားသည်။ မူလ စေတီတော် ဒါယကာမှာ အသောကမင်းကြီးဖြစ်သည်။ နာလန္ဒာမြို့အကြောင်းကို ဂျိန်းစာပေများ၌လည်း ဖော်ပြထားသည်။ နာလန္ဒာမြို့၌ ဂျိန်းဘုရား မဟာဝီရ၏ တပည့်များစွာရှိခဲ့သည်။ မဟာဝီရသည် မက္ခလိဂေါသာလနှင့် တွေ့ဆုံခဲ့သည်။ မြတ်စွာဘုရားသည် နာလန္ဒာမြို့သို့ အကြိမ်များစွာ ကြွတော်မူခဲ့သည်။ နောက်ဆုံးပရိနိဗ္ဗာန်စံတော်မူမည့်နှစ်မှာပင် ရာဇဂြိုဟ်မှအပြန် နာလန္ဒာသို့ ကြွတော်မူခဲ့လေသည်။ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒာမြို့ အကြား၌ အမ္ဗလဋ္ဌိကာ အမည်ရှိသော ဘုရင့်ဉယျာဉ်တော် ရှိသည်။ နာလန္ဒာ၊နာလကရွာ ဆိုသည်မှာလည်း နာလန္ဒာမြို့အနီးမှာပင်ရှိသည်။ တိဘက်မှ တာရာနာထ၏ သမိုင်းမှတ်တမ်းအရ နာလန္ဒာ တက္ကသိုလ်ကို နာဂအဇ္ဇုနဆရာတော်က စတင်တည်ထောင်ခဲ့သည်။ ပထမဆုံးတိုက်အုပ်ဆရာတော်ဖြစ်၍ မဟာယာနဝါဒကို တီထွင်ခဲ့သည်။ မကြာမီ နာလန္ဒာသည် ကြီးပွားလာသည်။ စာသင်ရဟန်း တသောင်းအထိ တိုးပွားလာသည်။ နေထိုင်စားသုံးစရိတ် အားလုံးကို တက္ကသိုလ်ကျောင်းတော်က တာဝန်ယူသည်။ ကုန်ကျစရိတ်ကို ဘုရင်များနှင့် နယ်စားများက လှူဒါန်းကြသည်။

ဂုတ္တမင်းဆက်၌ ရှေးဦးစွာ သက္ကအာဒိတျ မင်းက နာလန္ဒာတွင် ကျောင်းဆောက်လှူသည်။ ထို့နောက် အဆက်အနွယ်များဖြစ်ကြသော ဗုဒ္ဓဂုတ္တ၊ တထာဂတဂုတ္တဗာလာဒိတျ၊ ကုမာရဂုတ္တနှင့် ဝဇီရဘုရင်တို့က ထောက်ပံ့ လှူဒါန်းခဲ့ကြသည်။

အေဒီ ၅-ရာစုနှစ်က ဖာဟီယန်သည်'နာလန္ဒာရွာ သာရိပုတ္တရာစေတီတော်မြတ်ကြီးအကြောင်း' မှတ်တမ်းတင်ခဲ့သော်လည်း နာလန္ဒာ တက္ကသိုလ်အကြောင်း လုံးဝမဖော်ပြခဲ့ချေ။ ထို့ကြောင့် ၅-ရာစုနောက်ပိုင်းတွင်မှ ထိုတက္ကသိုလ်ကြီး ထွန်းကားလာသည်ဟု ယူဆရပေသည်။

အေဒီ ၇-ရာစု ဟူယင်ဆန်၏ မှတ်တမ်း၌မူ နာလန္ဒာ ချီးမွမ်းခန်း အပြည့်အစုံပါသည်။ ဟူယင်ဆန်ကိုယ်တိုင် ခုနစ်နှစ်ကြာနေထိုင်ခဲ့သည်။ ထိုအချိန်က တက္ကသိုလ်ကျောင်းအုပ်ဆရာတော်မှာ သီလဘဒြဖြစ်သည်။ ဟူယင်ဆန်သည် ဟေတုဝိဇ္ဇာ(လောဂျစ်)၊ သဒ္ဒဝိဇ္ဇာ၊ စိကိစ္ဆာဝိဇ္ဇာနှင့် ဝေဒကျမ်းစာများ သင်ယူခဲ့သည်။

ဂုတ္တမင်းဆက်၏ နောက်ဆုံးဘုရင် ဟဿမင်းသည် ဗုဒ္ဓဘာသာဝင်ဖြစ်၍ နာလန္ဒာကျောင်းတော်ကို အစွမ်းကုန် ချီးမြှင့်ထောက်ပံ့သည်။ ကြေးပြာသာဒ်ကျောင်းကြီး ဆောက်လုပ်လှူခဲ့သည်။ အိမ်ခြေနှစ်ထောင်(ရွာပေါင်း ၁၀၀)ကို ကျောင်းတော်သို့ လှူခဲ့သည်။ အေဒီ(၈၁၅–၈၅၄)ဒေဝပါလမင်း၏ ကြေးပြား၌ ဆုမတြာဘုရင်က ရာဇဂြိုဟ်အနီးရှိရွာ ငါးရွာကို နာလန္ဒာကျောင်းတော်သို့ လှူဒါန်းကြောင်း ဖော်ပြထားသည်။

## နာလန္ဒာ ပါမောက္ခများ

နာလန္ဒာသည် မဟာယာန ဗုဒ္ဓဘာသာ၏ ဗဟိုအချက်အချာ ဖြစ်သည်။ ကျောင်းအုပ်ဆရာတော်များနှင့် ပါမောက္ခများကို ကြည့်ပါက အဘယ့်ကြောင့် နာလန္ဒာသည် ကမ္ဘာကျော်ခဲ့သည်ကို သိနိုင်ပါသည်။


၁။ နာဂအဇ္ဇုန (မဟာယာနဝါဒ စတင်တီထွင်သူ)

၂။ အရိယဒေဝ (မဇ္ဈိမိကဝါဒ ခေါင်းဆောင်)

၃။ အသင်္ဂနှင့် ဝသုဗန္ဓု (ယောဂါစာရ၊ဝိညာဏဝါဒ တီထွင်သူ)

၄။ ဒိန္နာဂ (အိန္ဒိယ လောဂျစ်ပညာရှင်၊ တက္ကပုဂ်ဝဘွဲ့ရ)


၅။ ဓမ္မပါလ





နာလန္ဒာတက္ကသိုလ်ကျောင်းတော်ရာ



အသောကကျောင်းတော်ရာ (ပတ္တနား) (နှ-၁၀၂)



နာလန္ဒာတက္ကသိုလ်ကျောင်းတော်သစ် (နှ-၁၀၄)



နာလန္ဒာတက္ကသိုလ် အရှင်သာရိပုတြာစေတီတော် (နှ–၁၀၄)



ဝေဠုဝန်ကျောင်းတော်မှ ကလန္ဒက ရေကန် (နှ–၁၁၉)

၆။ သီလဘဒြ
၇။ ဓမ္မကိတ္တိ (ဟိန္ဒူပညာရှင် ကုမာရိလကို ဝါဒစစ်ပွဲ အောင်နိုင်သူ)။
၈။ သန္တရက္ခိတ (တိဘက်တနိုင်ငံလုံး ဗုဒ္ဓဘာသာသို့ပြောင်းစေ၍ ပိဋကတော်ကို တိဘက်ဘာသာပြန်သူ)။
၉။ ပဒမသမ္ဘဝ (တိဘက်လားမားဗုဒ္ဓဘာသာကိုတည်ထောင်သူ)

နာလန္ဒာတက္ကသိုလ်သို့ တရုတ်ပြည်မှ ဟူယင်ဆန်၊ အိချင်၊ ဆူမတြာ ကျွန်းနှင့် ကိုရီးယားမှ ပညာသင်ရဟန်းများ လာရောက်နေထိုင် ပညာသင်ယူခဲ့ကြသည်။

## နာလန္ဒာ ပျက်သုဉ်းခြင်း

ဤမျှ ကြီးကျယ်ခမ်းနား၍ ကျော်ကြားသော နာလန္ဒာ တက္ကသိုလ်ကျောင်းတော်ကြီးသည်လည်း အနိစ္စသဘောကို မလွန်ဆန်နိုင်ချေ။ အေဒီ ၈-ရာစုတွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး အခြေအနေ ပြောင်းလဲမှုကြောင့် နာလန္ဒာ တက္ကသိုလ်သည်လည်း အခြေယိုင်လာသည်။ ရှံကရ ဆရာကြီး ပေါ်ထွန်းလာ၍ ဟိန္ဒူအတွေးအခေါ် မြင့်မားတွန်းကား လာခြင်းသည်လည်း နာလန္ဒာတက္ကသိုလ် အားနည်းစေရန် ဖန်တီး လာသည်။

နောက်ဆုံး ထိုးနှက်ချက်မှာ မဂိုဘုရင်များ ဖြစ်သည်။ မဂိုတို့သည် ဘုရားကျောင်းကန်များကို မီးရှို့ဖျက်ဆီး လုယက်ကြသည်။ မွတ်စလင် သမိုင်းရေးဆရာ မိန်ဟာဂျ်သည် ဘတ်ခ်တိယာရ်ခ်လ်ဂျီ၏ အောင်ပွဲ အကြောင်း ရေးသားရာ၌ နာလန္ဒာ အပါအဝင် မဂဓတိုင်း တခုလုံး ပျက်စီးခဲ့ပုံကို ဖော်ပြထားသည်။ တိဘက်သမိုင်းရေးဆရာ တာရာနာထ ကလည်း တာခ်တို့ ဖျက်ဆီး သတ်ဖြတ်ခဲ့ပုံကို မှတ်တမ်း တင်ခဲ့သည်။ ဘတ်ခ်တိယာရ်ခ်လ်ဂျီ (၁၁၉၇-၁၂၀၃)သည် နာလန္ဒာတက္ကသိုလ်၊ ဝိက္ကမသိလာတက္ကသိုလ်၊ သြဒန္တပူရိတက္ကသိုလ်များကို မီးရှို့ဖျက်ဆီး၍

ရဟန်းတော်များကို သတ်ဖြတ်ခဲ့သည်။ တက္ကသိုလ်ကြီးများကို ခံတပ်လုပ်ခဲ့သည်။ တာခ်စစ်သားများသည် ဤကျောင်းတော်ကြီးများမှ ရွှေငွေရတနာများကို ယူငင်ကြသည်။ စစ်ဗိုလ်ချုပ် ဘတ်ခ်တီယာရ်သည် နာလန္ဒာ၌တွေ့ရသော ပေစာပုရပိုက်များကို သိလိုစိတ်ဖြင့် ဖတ်တတ်သူ ရှာဖွေရာ မတွေ့ဟု သမိုင်းဆရာ မိန်ဟာဂျ်ကဆိုသည်။ ဖတ်တတ်သူရှိသော်လည်း ကြောက်လန့်၍ မဖတ်တတ်ဟန်ဆောင်ခြင်း ဖြစ်နိုင်သည်။

တိဗက်ကျမ်း တခု၌ နာလန္ဒာကို တာခ်တို့ ဖျက်ဆီးပြီးနောက် မုဒိတေဘဒြ ရဟန်းနှင့် မဂဓအမတ်ကြီး ကုကုတသိဒ္ဓတို့က ပြန်လည်ဟည်ဆောက်၍ ပိဋကကျမ်းဂန် ပို့ချနေခဲ့ကြသည်။ ထိုအချိန်တွင် နောက်ပြောင်တတ်သော ရှင်ငယ် ရဟန်းငယ်များသည် ဟိန္ဒူယောဂီ ဆာဒူးနှစ်ပါးကို လက်ဆေးရေဖြင့် လှမ်းပက်လိုက်ကြသည်။ ဟိန္ဒူယောဂီနှစ်ဦးသည် ၁၂-နှစ်တိုင်တိုင် နေကိုကြည့်လျက် တပအကျင့်ကျင့်ပြီးနောက် ယဇ်ပူဇော်ပွဲပြုလုပ်သည်။ ယဇ်ပွဲမှမီးစကိုယူ၍ နာလန္ဒာ တက္ကသိုလ်ကျောင်းကြီးပေါ်သို့ ပစ်တင်လိုက်သည်။ ထိုအခါ နာလန္ဒာ တက္ကသိုလ်၏ စာကြည့်တိုက်ကြီးကို မီးစွဲလောင်၍ အပြီးသတ် ပြာကျလေသည်။

## အခန်း၊ (၉)

# ရာဇဂြိုဟ်

### တည်နေရာ

ရာဇဂြိုဟ်မြို့သည် ပတ္တနားမြို့၏ အရှေ့တောင်ဘက် ၆၂-မိုင်(၁၀၁) ကီလိုမီတာ ကွာဝေးသည်။ ဗီဟာပြည်နယ်အတွင်း၌ တည်ရှိသည်။ ရာဇဂြိုဟ် မြို့တော်ဟောင်းသည် တောင်များ ဝန်းရံလျက်ရှိသည်။ ရာဇဂြိုဟ် မြို့တော်သစ်မှာ တောင်ငါးလုံး၏ ပြင်ပ၌ရှိ၍ မြို့တော်ဟောင်း၏ မြောက်ဘက်၌ တည်ရှိသည်။

### လမ်းပန်းဆက်သွယ်မှု

ရာဇဂြိုဟ်မြို့သို့ ဂယာမြို့မှ ကားလမ်းခရီး ကီလိုမီတာ ၇၀-ခန့် ကွာဝေးသည်။ နေ့စဉ် အဝေးပြေး အစိုးရဘတ်စ်ကားကြီးများ ရှိသည်။ ကာလကတ္တားမြို့မှ မီးရထားစီးလာလျှင် ဘတ်ခ်တိယာပူရ် လမ်းဆုံ၌ မီးရထားပြောင်း၍ စီးရသည်။ ဘတ်ခ်တိယာပူရ်မှ ရာဇဂြိုဟ်သို့ ၅၄-ကီလိုမီတာ ဝေးကွာသည်။

### အမည်နာမများ

ရာဇဂြိုဟ်မြို့တော်ကို ရာမာယဏကျမ်း၌ ဝသုမတီမြို့ဟု ခေါ်သည်။ ဖန်ဆင်းရှင် ဗြဟ္မာကြီး၏ စတုတ္ထသားတော် ဝသုဘုရင် တည်ထောင်သည်ဟု ဆိုသည်။ မဟာဘာရတကျမ်းနှင့် ပုရာဏကျမ်း များ ၌ ဗရဟဒြထမြို့ဟု ခေါ်သည်။ ဇရာသန္ဓမင်းကြီး၏ ဘိုးတော် ဗြိဟဒြထ မင်းကြီး စိုးစံခဲ့သောကြောင့် ထိုအမည်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တောင်များ ဝန်းရံလျက်ရှိခြင်းကြောင့် ဂိရိဝဇဟု ခေါ်သေးသည်။ (ဂိရိ-တောင်+ဝဇ-ခြံ)ဗြိဟဒြထမင်းကြီး၏ သားတော် ကုသဂြဘုရင် စိုးစံခဲ့သောကြောင့် ကုသဂြမြို့ဟုလည်း ခေါ်ကြသည်။ ထို့ပြင် မင်း

အိမ်နန်းတော်ဟူသော အဓိပ္ပာယ်ဖြင့် ရာဇဂဟဟု ခေါ်ကြသေးသည်။ (ရာဇ=မင်း+ဂဟ=အိမ်)။ ထိုဒေသရှိ လူများက (ရဂျဂီးရ်)ဟု ခေါ်ကြသည်။

## တောင်ငါးလုံး အမည်များ

ရာဇဂြိုဟ်မြို့ကို ပတ်ချာဝိုင်းလျက် တောင်ငါးလုံး ရှိသည်။ ထိုတောင်ငါးလုံးကို မဟာဘာရတကျမ်း၌ ဝေဘာရတောင်၊ ဝရဟတောင်၊ ရိရှဘတောင်၊ ရိရှိဂိရိတောင်၊ စေတိယကတောင်ဟု ခေါ်သည်။ တဖန် တို ကျမ်းဟာနေရာ၌ ပဏ္ဍရတောင်၊ ဝိပုလတောင်၊ ဝရဟကတောင်၊ စေတိယကတောင်၊ မာတင်္ဂတောင်ဟု ဖော်ပြထားသည်။ပါဠိစာပေ၌ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဣသိဂိလိတောင်ဟု ခေါ်သည်။ဂျိန်းဘာသာဝင်တို့က ဝေဘာရတောင်၊ ဝိပုလတောင်၊ ရတနတောင်၊ ဆတ္တတောင်၊ ဥဒယ်တောင်၊ ဆိုနာတောင်ဟု ခေါ်ကြသည်။ယခုအခါ ဂျိန်းဘာသာဝင်တို့ ခေါ်သောအမည်က တွင်ကျယ်လျက် ရှိသည်။

ရာဇဂြိုဟ်မြို့ မြောက်ဘက်အဝင် လက်ဝဲဘက်ရှိ တောင်သည် ဣသိဂိလိတောင် ဖြစ်သည်။ ထိုနောက် ဝေပုလ္လတောင် ရှိသည်။ လက်ယာဘက်ရှိ တောင်မှာ ဝေဘာရတောင် ဖြစ်သည်။ပဏ္ဍဝတောင်မှာ မြို့တောင်ဘက် အယွက်၌ ရှိသည်။

## ဇရသန္ဓမင်းကြီး

ရာဇဂြိုဟ်မြို့ပတ်လည်ရှိ တောင်ထိပ်ပေါ်တွင် ပတ်ပတ်လည် ကျောက်မြို့ရိုးကြီးကို ဇရသန္ဓမင်းကြီး တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ဇရာသန္ဓမင်းကြီးသည် သူ့ခေတ်က စစ်အင်အား အလွန်ကောင်းသည်။မထုရာဘုရင် ကံသမင်းနှင့် မဟာမိတ် ဖွဲ့လိုသဖြင့် အတ္ထိနှင့် ပတ္တိ အမည်ရှိသော သမီးတော် နှစ်ပါးကို လက်ထပ်စေခဲ့သည်။ ကံသမင်းသည် ကရိရှနား၏ အမေ့မောင် ဖြစ်သည်။ ကရိရှနားက ကံသမင်းကို သတ်

လိုက်သောအခါ ဇရာသန္ဓမင်းကြီးသည် မထုရာပြည်ကို ချီတက်တိုက်ခိုက်ကာ ထီးဆောင်းမင်း ၉၉-ပါးကို ဖမ်းဆီး၍ ဂိရိဗ္ဗဇင်သို့ ခေါ်ဆောင်ခဲ့သည်။ သူသည် ထီးဆောင်းမင်း ၁၀၀-ကို သျှိဝအားယဇ်ပူဇော်လိုသည်။ ကရိရှနားသည် ဘီမနှင့် အဇ္ဇုနတို့ကို အဖော်ပြု၍ ရာဇဂြိုဟ်မြို့ကို တိုက်ခိုက်သည်။ ဘီမသည် ဇရာသန္ဓမင်းကြီးကို ရဏဘူမိအရပ်၌ တဦးချင်း တိုက်ခိုက်၍ ပေါင်နှစ်ခြမ်း ဆွဲဖြဲသတ်လိုက်သည်။ ကရိရှနားသည် ချုပ်နှောင်ခံနေရသော ထီးဆောင်းမင်း ၉၉-ပါးကို လွှတ်လိုက်သည်။ ဇရာသန္ဓ၏သားတော် သဟဒေဝကို နန်းတင်ခဲ့သည်။

## ဗိမ္ဗိသာရနှင့် အဇာတသတ်

မြတ်စွာဘုရားလက်ထက်တော်က အင်အားကြီးသောနိုင်ငံကြီး ၄-ခုမှာ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၊ ကောသလတိုင်း သာဝတ္ထိပြည်၊ ဝစ္ဆတိုင်း ကောသမ္ဗီပြည်၊ အဝန္တိတိုင်း ဥဇ္ဇေနီပြည်တို့ ဖြစ်ကြသည်။ အုပ်စိုးသောဘုရင်များမှာ အစဉ်အတိုင်း ဗိမ္ဗိသာရမင်း၊ ပသေနဒီ ကောသလမင်း၊ ဥဒေတနမင်း၊ စဏ္ဍပဇ္ဇောတမင်းတို့ ဖြစ်ကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် ပသေနဒီ ကောသလမင်းကြီး၏ နှမတော် ဝေဒေဟီကို တောင်ညာစံမိဖုရားခေါင်ကြီး တင်မြှောက်သည်။ ဥဒေနမင်းသည် စဏ္ဍပဇ္ဇောတမင်းကြီး၏ သမီးတော်ကို မိဖုရားမြှောက်သည်။ ဘုရားအလောင်းတော်တောထွက်လာသောအခါ ဗိမ္ဗိသာရမင်းက မင်းစည်းစိမ်တဝက်ခွဲပေး၍ တောမထွက်ရန် တောင်းပန်သည်။တောင်းပန်၍မရသဖြင့် ဘုရားဖြစ်က ပထမဦးဆုံး ရာဇဂြိုဟ်မြို့သို့ကြွလာရန် ကတိတောင်းခံခဲ့သည်။ ထိုကတိအတိုင်း မြတ်စွာဘုရားသည် ပထမဝါကျွတ်ပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခဲ့သည်။

ဗိမ္ဗိသာရမင်းကြီးနှင့်ဝေဒေဟီမိဖုရားတို့မှ အဇာတသတ်မင်းသားကို ဖွားမြင်ခဲ့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ ရှစ်နှစ် အလို၌ အဇာတသတ်သည် ခမည်းတော်ကိုလုပ်ကြံ၍ နန်းတက်ခဲ့သည်။ထိုအခါ ဦးရီးတော် ကောသလမင်းကြီးက အဇာတသတ်ကို စစ်ကြေငြာ တိုက်

ခိုက်သည်။ ဤအချက်ကို အခွင့်ကောင်းယူ၍ စဏ္ဍပဇ္ဇောတမင်းက ရာဇဂြိုဟ်ကို တိုက်ခိုက်ရန် စစ်ပြင်ဆင်သည်။ အဇာတသတ်သည် စဏ္ဍပဇ္ဇောတကိုခုခံတိုက်ခိုက်ရန်အတွက် ရာဇဂြိုဟ်မြို့တော်ဟောင်း၏မြောက်ဘက်၌ ခံတပ်မြို့သစ်ကို တည်ဆောက်ခဲ့သည်။ ရာဇဂြိုဟ်မြို့တော်ဟောင်းမှာ တံခါးမကြီး ၃၂-ခုနှင့် တံခါးငယ် ၆၄-ခုရှိသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် အဇာတသတ်မင်းကြီးကို ဗုဒ္ဓသာသနာ့ ဒါယကာများအဖြစ် ပါဠိစာပေ၌ ဖော်ပြသကဲ့သို့ ဂျိန်းတို့က ဗိမ္ဗိသာရကို သေနိယ၊ အဇာတသတ်ကို တူနိယဟု ခေါ်ကြသည်။ ပါဋလိပုတ်မြို့တော် တည်ဆောက်ပြီးသောအခါ ရာဇဂြိုဟ်မြို့သည် တဖြည်းဖြည်း ဆုတ်ယုတ်၍ ကာလာသောကမင်းလက်ထက်တွင် ပါဋလိပုတ်မြို့ကို မြို့တော်အဖြစ် ပြုလုပ်ခဲ့သည်။

## ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာ

ရာဇဂြိုဟ်၌ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့ ခေတ်ပြိုင် ပေါ်ထွန်းခဲ့သည်။ ရာဇဂြိုဟ်တောင်တိပ်များပေါ်၌ ဂျိန်းဘုရားကျောင်း များစွာရှိသည်။ ဂျိန်းဘုရား မဟာဝီရသည် ရာဇဂြိုဟ်၌ ၁၄-နှစ်နေထိုင်ခဲ့သည်။ တိတ္ထံကရ အမှတ်စဉ် (၂၀)ဖြစ်သော မုနိသုဗ္ဗတသည် ရာဇဂြိုဟ်မြို့၌ ဖွားမြင်ခဲ့သည်။ ထို့ပြင် မဟာဝီရ၏တပည့်ကြီး (ဂဏဓရ) ၁၁-ဦးသည် ရာဇဂြိုဟ်တောင်တိပ်၌ ကွယ်လွန်ခဲ့ကြသည်။

## ၁။ အဇာတသတ် ခံတပ်

## (ရာဇဂြိုဟ်မြို့သစ်)

ရာဇဂြိုဟ် ခံတပ်မြို့သည် မြန်မာ ဘုန်းကြီးကျောင်း၏ အနောက်ဘက်၌ ရှိသည်။ လက်ရှိလူနေရပ်ကွက်များမှာ ထိုခံတပ်၏မြောက်ဘက်၌ တည်ရှိသည်။ မြို့ရိုးကို သဘာဝကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ ကျောက်တုံးများအထက်မှ တဖန် အုတ်မြို့ရိုးထပ်ဆင့်ပြုလုပ်ထားသည်။ သို့ရာတွင် အုတ်များမှာ ဖျက်ယူကြသဖြင့် အနည်းအကျဉ်းမျှသာ ကျန်တော့သည်။ မြို့ရိုးထု ၁၅-ပေမှ ၁၈-ပေအထိရှိ၍ အချို့နေရာ၌

၁၁-ပေမြင့်သည်ကို တွေ့ရသည်။ ရှေးစာဆိုအရ ၁၈-တောင်မြင့်သည်ဟု သိရသည်။ ခံတပ်မြို့မှာ တမိုင်ပတ်လည်ခန့်ရှိသည်။ မြို့၏ တောင်ဘက် အထွက် ကားလမ်း အနောက်ဘက်တွင် ရှေးဟောင်း မြို့တံခါးပေါက်ကို တွေ့ရသည်။

## ၂။ အဇာတသတ် စေတီတော်

ရာဇဂြိုဟ်မြို့သစ်၏ အရှေ့တောင်ဘက်၌ရှိသည်။စေတီတော်၏ အုတ်မြစ်ကို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်ကို တွေ့ရသည်။ အပေါ်ပိုင်းကို ဖျက်ဆီးယူငင်ထားကြသဖြင့် ဖိနပ်တော်မျှသာ ကျန်တော့သည်။ ထို စေတီခုံပေါ်တွင် ဘာသာခြားတို့က သင်္ချိုင်းပြုလုပ်ထားကြသည်။ ၎င်းတို့၏အယူဝါဒအရ သင်္ချိုင်းသည် ကောင်းကင်ဘုံ၊ ဘုရားသခင်ပိုင်သည်ဟုဆို၏။ ဤစေတီတော်ကို အဇာတသတ်မင်းကြီးသည် ဓာတ်တော်ဝေပွဲမှ ရရှိခဲ့သော ဓာတ်တော်များကို ဌာပနာ၍ တည်ထား ကိုးကွယ်သည်ဟု ယူဆရသည်။ ဖာဟိယာန်ကမူ မြို့သစ်၏ အနောက်ဘက်ရှိ စေတီဟောင်းကို အဇာတသတ်စေတီဟု ဆို၏။

## ၃။ ဝေဠုဝန်ကျောင်းတော်

ရာဇဂြိုဟ်မြို့သစ်နှင့် ရေပူစမ်းအကြားတွင် ဝေဠုဝန်ကျောင်းတော်ရှိသည်။ အဆောက်အအုံဟောင်းများကို ရှာဖွေတူးဖော်ခြင်း မပြုရသေးချေ။ ကျောင်းတော်ရာဟု သတ်မှတ်ထားသော နေရာတဝိုက်ကို ကာရံ၍ ဝါးရုံများစိုက်ပျိုးထားသည်။ အလယ်တွင် ရေကန်ကြီးတခုရှိ၍ ရေကန်နံဘေးတွင် ဗုဒ္ဓ ရုပ်ပွားတော်ကြီးများကို နိုင်ငံခြား ဗုဒ္ဓဘာသာဝင်တို့က လှူဒါန်းထားသည်။ အဝင်ဝ၌ ဇရပ်တခုရှိ၍ ထို ဇရပ်အတွင်း၌ ဝေဠုဝန်ကျောင်းတော် ရေစက်ချနေပုံ ပန်းချီကားရေးဆွဲထားသည်။ကျောင်းတော်ရာ၏ အရှေ့တောင်ထောင့်တွင် စေတီပျက်ဟု ယူဆရသော အုတ်ပုံကြီးရှိသည်။ ထိုအုတ်ပုံကြီးထိပ်၌ ဘာသာခြားတို့က သင်္ချိုင်း ပြုလုပ်ထားကြသည်။

အရှင်မောဂ္ဂလာန်မထေရ်၏ ခြေတော်များကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြပ်မ၍ ဝေဠုဝန်ကျောင်းတော်ဝ၌ စေတီတည်ခဲ့သည်ဟု ပါဠိတော်များ၌ ဖော်ပြထားသည်။ ဟူယင်ဆန်က ဝေဠုဝန်ကျောင်းတော်အတွင်းရှိရေကန်ကို 'ကရဏ္ဍကရေကန်'ဟုဖော်ပြခဲ့သည်။

## ၄။ ရေပူစမ်း

ဝေဠုဝန်ကျောင်းတော်မှ တောင်ဘက်သို့ဆက်သွားလျှင် ရေပူစမ်းသို့ ရောက်နိုင်သည်။ ရေပူစမ်းအနီး၌ အစားအသောက် ဆိုင်များ၊ ကျူလယာဆိုင်များ ရှိသည်။ မြင်းလှည်း၊ ဆိုက်ကားနှင့်အငှားကားများ အလွယ်တကူရနိုင်သည်။ ရေပူစမ်းမှာ ဝေဘာရတောင်ခြေရင်း၌ရှိသည်။ ပါပေါ်မြင်ဟုခေါ်သော မြောင်းငယ်ကို တံတားဖြင့် ဖြတ်ကူးသွားရသည်။ တံတား၏အရှေ့ဘက် ဂိုက် ၂၀-ခန့် အကွာတွင် ကိုယ်တုံးလုံး အကျင့်ကို ကျင့်နေသော ဆာဒူးတယောက် ရှိသည်။ မြေအောက်ဂူ၌ အောင်းနေလေ့ရှိသည်။ ရေပူစမ်းမှာ ရေချိုးသူအလွန်များပြားသည်။ ဆောင်းရာသီတွင် ပို၍များအောင်စည်ကားသည်။ ခြင်္သေ့ပြွန်များမှ စီးကျနေသော ရေပူကို ချိုးကြရသည်။ ဇာတ်မြင့်သူတို့ ချိုးပြီး၍ ကျသော ရေကို အလယ်အလတ်တန်းစားတို့ ချိုးရသည်။ ဇာတ်နိမ့်များမှာမူ ထိုမှ စီးဆင်းလာသောရေများကို တကိုယအဆင့်၌ ချိုးရသည်။ ရေချိုးရန် နေရာကို သုံးကန့် ခွဲခြားထားသည်။ အရှေ့ဘက်တွင် နှစ်ကန့်၊ အနောက်ဘက်တွင် တကန့်ရှိသည်။ အရှေ့ဘက်နှစ်ကန့်မှာ ဆပ်ပြာမတိုက်ရ၊ အနောက်ဘက်အကန့်မှာ ဆပ်ပြာတိုက်နိုင်သည်။ ရေချိုးရန်နေရာမှာ ခေတ်မမီ။ သန့်ရှင်းမှုမရှိ။ ရေချိုးလာသူများတွင် ညစ်ပေသူက ပို၍ များသည်။ ကုလားများက ဤရေပူစမ်း၌ ရေချိုးရပါက ၉၆-ပါး ရောဂါ အကုန်ပျောက်ကင်းသည်ဟု ယုံကြည်ကြသည်။ အနီးတွင် ဟိန္ဒူ ဘုန်းကြီးကျောင်းရှိသည်။ ဟိန္ဒူ ဘုန်းကြီးများသည် နိုင်ငံခြားသား မြင်လျှင် အနားမှ မခွာတော့ပဲ ငွေအလှူခံလေ့ရှိသည်။ ရေချိုးနေစဉ် အနားလာ၍ ဟိန္ဒူဘုရားကိုပူဇော်ရန် မန္တန်ရွတ်ဆိုပေးသည်။ ပြီးလျှင် ငါးကျပ် တစ်ဆယ် တောင်းလေသည်။ ရေပူစမ်းကို (ကုန်ဒ်) ဟု

ခေါ်ကြသည်။ ရေချိုးဆိပ်များကို သူရဿတီနဒီ၊ ဗြဟ္မကုဏ္ဍ၊ အာနန္ဒကုဏ္ဍ၊ သတ္တဓာရာကုဏ္ဍ စသည်ဖြင့် အမည်ပေးထားသည်။

## ပိပ္ပလိ ကျောက်ဂူ

ရေပူစမ်းမှ ဝေဘာရတောင်ပေါ်သို့ ကျောက်လှေကားအတိုင်း တက်သွားလျှင် ရှေးဦးစွာ ပိပ္ပလိဂူကို တွေ့ရသည်။ ဂူကို ကျောက်တုံးကြီးများ ထပ်ဆင့်၍ လေးထောင့် စတုဂံပုံ ဆောက်လုပ်ထားသည်။ အလျား ၈၅-ပေ၊ အနံ ၈၁-ပေရှိသည်။ တောင်ပေါ်၌ မြေအနိမ့်အမြင့်ကိုလိုက်၍ အမြင့် ၂၂-ပေမှ ၂၈-ပေအထိရှိသည်။ ထောင့်လေးထောင့်တွင် လူတထိုင်သာသာ လိုဏ်ငယ်(၄)ခုရှိသည်။ ရဟန်းတော်များ သီတင်းသုံးရန် ဆောက်လုပ်ခဲ့သည်။ ရာဇဂြိုဟ်ပြည် ကျောင်းတော်ကြီး (၁၈)ရပ်၌ ပိပ္ပလိဂုဟာကျောင်းတော်သည် တခုအပါအဝင်ဖြစ်သည်။

သို့ရာတွင် ပိပ္ပလိဂူသည် ကောင်ထိပ်မြို့ရိုးနှင့် တည့်နေသဖြင့် မြို့ရိုးပေါ်ရှိ ပြအိုးဟု အချို့ကယူဆကြသည်။ ဟိန္ဒူဘာသာဝင်တို့က ဇရာသန္ဓကီဘိုင်ထပ်ခ်ဟု ခေါ်ကြသည်။ ဇရာသန္ဓမင်းကြီးထိုင်ခဲ့သည့်နေရာဟုဆိုလိုသည်။ ကျောက်စာရှာနက ပိပ္ပလိဂူသည် မူလက ကင်းမျှော်စင်(ပြအိုး) အဖြစ် တည်ဆောက်ခဲ့၍ နောက်ပိုင်းတွင် ရဟန်းတော်များသီတင်းသုံးသဖြင့် ပိပ္ပလိဂူအမည်တွင်ကြောင်းဆိုကြသည်။ ဂူ၏ ထောင့်လေးထောင့်ရှိ လိုဏ်ငယ်များမှာ ကင်းစောင့်သူနေရန်ဟု ဆိုကြသည်။ အရှင်မဟာကဿပကြီး၏ငယ်နာမည်မှာ ပိပ္ပလိဖြစ်သည်။ အရှင်မဟာကဿပနေထိုင်ခြင်းကို အကြောင်းပြု၍ ပိပ္ပလိဂူဟု အမည်တွင်လာသည်ဟုဆိုနိုင်သည်။ ရှေးခေတ်က ထိုဂူဘေးအနီးတဝိုက်၌ ကျောင်းအဆောက်အအုံများ ရှိခဲ့ဖူးသည်။ အရှင်ကဿပမထေရ် မကျန်းမာသဖြင့် ပိပ္ပလိဂူကျောင်းတိုက်သို့ မြတ်စွာဘုရား ကြွတော်မူ၍ ကဿပဗောဇ္ဈင်သုတ်ကို ဟောကြားတော်မူခဲ့သည်။ ယခင်က ပိပ္ပလိဂူဆိပ်၌ ဘာသာခြားတို့က သင်္ချိုင်း၅-ခု ပြုလုပ်ခဲ့ကြသည်။

## ၆။ သတ္တပဏ္ဏိ လိုဏ်ဂူ

ပိပ္ပလိမှအထက်သို့ ဆက်လက်တက်သွားသောအခါ ဝေဘာရတောင်ထိပ် မြေပြန့်သို့ရောက်သည်။ တောင်ထိပ်မြောက်လက်တွင် ဂျိန်းဘုရားကျောင်းနှင့် မဟာဒေဝ ဟိန္ဒူဘုရားကျောင်းများ ရှိသည်။ ဂျိန်းဘုရားကျောင်းမှ မြောက်ဘက်သို့အနည်းငယ်ဆင်းသွားလျှင် ပထမသင်္ဂါယနာတင်သည့်နေရာ သတ္တပဏ္ဏိလိုဏ်ဂူကို တွေ့ရသည်။ သဘာဝ ကျောက်ဂူဖြစ်၍ လိုဏ်ပေါင်း ၆-ခုရှိသည်။ လိုဏ်ဂူရှေ့ရှိ မြောက်လက်မှာ ပြိုကျသွားသဖြင့် ကျောက်နံရံအစားထိုး ပြုလုပ်ထားသည်။ ဥပစာကွက်လပ်မှာ လိုဏ်ဂူအရှေ့ပိုင်းတွင် ၂၄-ပေကျယ်၍ အနောက်ပိုင်းတွင် ၁၂-ပေမျှသာကျယ်သည်။ အရှေ့အနောက် ပေ ၁၂၀-ရှည်သည်။ လိုဏ်ဂူ ၆-ခုမှာ ပစောက်ပုံ ခွက်ဝင်နေသည်။ ဆာဂျွန်မာရှယ်ကမူ ထိုလိုဏ်ဂူများ၏အောက်ဘက်တောင်ခြေ၌ရှိသော ကျောက်တိုက်အပျက်ကို သတ္တပဏ္ဏိလိုဏ်ဂူဟုဆိုကြသည်။ အချို့က ဝေဘာရတောင်၏အရှေ့ဘက်တောင်ခြေရင်း၌ ရှိသော ဆွန်ဘဏ္ဍာလိုဏ်ဂူကို သပ္တပဏ္ဏိလိုဏ်ဂူဟု ဆိုကြသည်။ အထောက်အထား ကမ္ပည်းစာ မတွေ့ရသေးသဖြင့် သေချာတိကျစွာ မပြောနိုင်ကြသေးချေ။ ဆွန်ဘဏ္ဍာလိုဏ်ဂူ၏ ရှေ့ဥပစာကွက်လပ်မှာ ပြန့်ပြူးသဖြင့် သံဃာ ၅၀၀ အတွက် မလုံလောက်နိုင်သည်။ ဝေဘာရတောင်ထိပ်ရှိ သတ္တပဏ္ဏိလိုဏ်ဂူကို ဂျိန်းဘာသာစာပေ၌ ရောဟနိယဂူဟုခေါ်သည်။

## ၇။ တောင်ထိပ်မြို့ရိုး

ရာဇဂြိုဟ်မြို့တော်ကိုဝန်းရံထားသော တောင်ငါးလုံး၏ တောင်ထိပ်များပေါ်၌ မြို့ပတ်ကျောက်တံတိုင်းကြီး ရှိသည်။ မြို့ပတ်တံတိုင်းမှာ အလျား ၄၈-ကီလိုမီတာခန့်ရှိမည်။ သုံးပေမှငါးပေခန့်ရှိသောသဘာဝကျောက်တုံးကြီးများကို စနစ်တကျစီထားသည်။ ကျောက်တုံးကြီးများအကြားအကြား၌ ကျောက်တုံးငယ်များကို သပ်ထိုးထားသည်။ မြို့ရိုး ၁၂-ပေခန့်မြင့်သည်။

## ၈။ နန်းမြို့ရိုး

တောင်ထိပ်မြို့ရိုးမှာ အပြင် မြို့ရိုးဖြစ်၍ အတွင်း၌ နန်းမြို့ရိုးတထပ် ရှိသေးသည်။ နန်းမြို့ရိုးမှာလည်း ၁၂-ပေခန့်မြင့်၍ ၁၄-ပေခန့် ထုသည်။ ပတ်လည် (၄)မိုင်ခန့် ရှိသည်။

## ၉။ မဏိယာမတ်

ရာဇဂြိုဟ် မြို့ဟောင်းအတွင်း၌ ရှိသည်။ ပေ ၂၀-ခန့်မြင့်သော အုတ်ပေါ်၌ မူလက ဂျိန်းဘုရားကျောင်းတခု ရှိသည်။ ထိုကျောင်းကို မဏိယာမတ်ဟု ခေါ်ခြင်းဖြစ်သည်။ မဏိအမည်ရှိ နဂါးမင်းကို ပူဇော်ရာဌာနဟု ဆိုလိုသည်။ 'မဏိနဂါးနှင့် ဆွာစတိက နဂါးတို့က ရန်သူများကို တိုက်ခိုက်ကြောင်း, မဟာဘာရတ၌ ဖော်ပြထားသည်။ ပါဠိစာပေ၌လည်း မဏိမာလာနတ်က ရာဇဂြိုဟ်မြို့ကို စောင့်ရှောက်ကြောင်း ဖော်ပြထားသည်။

၁၈၆၁ ခုနှစ်က ကျောက်စာဝန် ကန်နင်ဟန်သည် မဏိယာမတ်၏ အနီး၌ အဆောက်အအုံကို မထိခိုက်စေပဲ ၂၁-ပေ အနက်အထိ တူးဖော်ရာ ၁၉-ပေ အနက်တွင် လဲလျောင်းနေသော မယ်တော် မာယာပုံနှင့် ဗုဒ္ဓရုပ်တုတခု၊ နဂါးခေါင်း ခုနစ်ခုပါသော ဂျိန်းဘုရား ပါသနာထ၏ပုံတို့ကို ရရှိသည်။ ၁၉၀၅ ခုနှစ်တွင် အပေါ်ရှိ ဂျိန်းဘုရား ကျောင်းကို ဖြိုဖျက် တူးဖော်ရာ ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင် ထားသော အုတ်ခုံကို တွေ့ရသည်။ ထိုအုတ်ခုံ၌ တွေ့ရသော ပုံများမှာ ပန်းကုံးစွပ်ထားသော သျှိဝလိင်ပုံ၊ သရဖူဆောင်းလျက် လက်လေး ဘက်ရှိသော ဗိသဏိုးပုံ၊ နဂါးထီးနှင့် နဂါးမပုံ၊ ဂဏေရှ(မဟာပိန္နဲ)ပုံ၊ ကျားရေကိုဝတ်၍ ကနေသော သျှိဝပုံတို့ ဖြစ်သည်။ အေဒီ ၅-ရာစု ဂုတ္တခေတ် လက်ရာများ ဖြစ်ကြသည်။ ထို့ပြင် နဂါးပူဇော်ရာ၌ အသုံးပြုသော အိုးများ (အိုးကွဲများ)ကို တွေ့ရသည်။ ထိုအိုးမျိုးကို ယခုအခါ ဘင်္ဂါဒေသ၌ နဂါးပူဇော်ရာတွင် အသုံးပြုလျက် ရှိကြ သေးသည်။

ထို့ကြောင့် ဤနေရာဌာနကို မဏိနာဂါးမင်း၏ နတ်ကွန်း(မဏိယာဖတ်) ဖြစ်သည်ဟု အတည်ပြု ပြောဆိုကြသည်။

သို့ရာတွင် မြန်မာ သရာတော်ကြီးများကမူ ဤ နေရာဌာနသည် အဇာတသတ်မင်းကြီး ခေတ်တော် မြှုပ်နှံဝှက်ထားခဲ့သည့် နေရာဖြစ်သည်ဟု ဆိုကြသည်။ ခေတ်တော်တိုက် အကျယ်မှာ သီဟိုဠ် မဟာစေတီ (စစ်ကိုင်းကောင်းမှုတော်စေတီ)တမျှ ရှိကြောင်း၊ အတောင်ရှစ်ဆယ်နက်ကြောင်း၊ အနီးဟာဝိုက်တွင် မဟာသာဝကကြီးများ၏ စေတီအများအပြား တည်ဆောက်ထားခဲ့ကြောင်းနှင့် ရာဇဂြိုဟ်မြို့၏ အရှေ့တောင်ထောင့်၌ ရှိကြောင်းကို အဋ္ဌကထာများ၌ ပြဆိုထားပါသည်။

## ၁၀။ သွန်ဘဏ္ဍာ လိုဏ်ဂူ

ဆိုနားဘဏ္ဍာ (သုဝဏ္ဏဘဏ္ဍာ) ရွှေတိုက်တော်ဟု ဆိုလိုသည်။ ဗိမ္ဗိသာရမင်းကြီး၏ ရွှေတိုက်တော်ဟု ဆိုကြသည်။ မဏိယာမဌ်၏ အနောက်တောင်ဘက် ဝေဘာရတောင်ခြေ၌ ရှိသည်။ ကျောက်တောင်ကိုတူးဖော်၍ ဂူ ပြုလုပ်ထားသည်။ အရှေ့ဘက်ဂူမှာ အမိုး ပြိုကျနေ၍ အနောက်ဘက်ဂူ အမိုးမှာ အက်ကြောင်းပေါ်နေသည်။ ဂူ၏ တောင်ဘက်နံရံတွင် ဂျိန်းဘုရား ပဒမပဘူ၊ ပါသနာထနှင့် မဟာဝီရတို့၏ပုံ (၆)ပုံကို ထွင်းထုထားသည်။ ရေးထိုးထားသော အက္ခရာများမှာ အေဒီ ၃-ရာစုဟု ခန့်မှန်းရသည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီး လက်ထက်က ရွှေတိုက်တော်အဖြစ် အသုံးပြုခဲ့သော ဌာနကို ရာဇဂြိုဟ်မြို့ ပျက်သွားပြီးနောက် ဂျိန်းဘုန်းကြီးများ ဝင်ရောက် နေထိုင်ခဲ့သည်ဟု ခန့်မှန်းရသည်။

အချို့သော ပညာရှင်များက ဤဂူကြီးကို ပဌမ သင်္ဂါယနာတင်သည့် စရည်းပင်ရောက်ရာဂူ (သတ္တပဏ္ဏိဂူ)ဟု ဆိုကြသည်။ ဝေဘာရတောင်နံရံတွင် ရှိသည့်အပြင် ဂူ၏ရှေ့၌ ရဟန္တာ ၅၀၀-အတွက် မဏ္ဍပ်ဆောက်ရန် မြေကွက်လည်း ညီညာပြန့်ပြူးလျက် ရှိသည်။ အခြေအထားကိုကြည့်ပါက ပဌမ သင်္ဂါယနာတင်သည့် နေရာဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၁၁။ ရဏ်ဘူမိ

ဆွန်ဘဏ္ဍာမှ တောင်ဘက် နှစ်ဖာလုံခန့်အကွာတွင် ရဏ်ဘူမိ'ခေါ်သော နေရာရှိသည်။ (ရဏ=စစ်ပွဲ+ဘူမိ=မြေပြင်=စစ်မြေပြင်) မဟာဘာရတကျမ်း၌ ဖော်ပြထားသော(ဂျရဆန္ဓ)ဇရာသန္ဓမင်းကြီးနှင့်ဘီမတို့ နှစ်ဦးချင်း ခုနစ်ရက်တိုင်တိုင်တိုက်ခိုက်၍ ဇရာသန္ဓမင်းကြီး ရှုံးနိမ့်အသတ်ခံရသည့်နေရာဟု ဆိုကြသည်။ ဒေသခံလူများက ထိုနေရာကို'အခုရ'ဟု ခေါ်ကြသည်။မြန်မာဆရာတော်ကြီးများက ထိုနေရာကို မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ပထမဦးဆုံးကြွလာရာ ဗိမ္ဗိသာရမင်းကြီးက ခရီးဦးကြိုဆိုသည့်နေရာဟု ဆိုကြသည်။ရဏ်ဘူမိ၏တောင်ဘက်တမိုင်ခန့် အကွာတွင် ကျောင်းတော်ရာဟု ယူဆရသော အုတ်ခုံများ၊ အုတ်တိုက်ပျက်များ ရှိသေးသည်။သို့ရာတွင် လူအဆက်ပြတ်၍ တောတူထပ်သဖြင့် သွားရောက်ရန် မသင့်လျော်ချေ။

## ၁၂။ ဗိမ္ဗိသာရ အကျဉ်းထောင်

မဏိယာမတ်မှ တောင်ဘက်သို့ ငါးဖာလုံခန့် ဆက်လက်သွားလျှင် ကျောက်တုံးနံရံလေးဘက် ကာရံထားသော စတုရန်း ပေ ၂၂၀-ရှိ မြေကွက်ကို တွေ့ရမည်။ ဤနေရာ၌ ဗိမ္ဗိသာရမင်းကြီးကို သားတော် အဇာတသတ်က အကျဉ်းတားချုပ်နှောင်ခဲ့သည်။ဗိမ္ဗိသာရမင်းကြီးသည် ဤအကျဉ်းထောင်အတွင်းမှ ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ မြတ်စွာဘုရားအား ဖူးမြော်နိုင်ခဲ့သည်။ထိုနေရာမှ လက်ထိတ်ခြေထိတ်အဖြစ် အသုံးပြုသော သံကွင်းအချို့ကို တွေ့ရသည်။

## ၁၃။ လှည်းဘီးရာ

ကာုးလုမ်းအတိုင်း တောင်ဘက်သို့ဆက်သွားလျှင် တောင်ဘက်တံခါး အနီးတွင်၊ လမ်း၏အရှေ့ဘက်၌ အုတ်တံတိုင်းခတ်ထားသော နေရာကို တွေ့ရသည်။အတွင်း၌ ကျောက်ဖျာပေါ်တွင် လှည်းဘီးရာကြီး ထင်ထင်

**ရှားရှား တွေ့ရသည်။ ရှေးခေတ်က လှည်းလမ်းရာဖြစ်သည်။ ထိုနေရာ တဝိုက်၌ (Shell Inscriptoin) ခေါ် ရှေးဟောင်း ကမ္ပည်းစာ တမျိုးကို တွေ့ရသည်။**

## ၁၄။ ဇီဝက သရက်ဥယျာဉ်

ဂိဇ္ဈကုဋ်တောင် (ယခုဂျိန်းတို့အခေါ် ဆတ္တဂိရိတောင်) သို့သွားသော အခါ လမ်း၏ ဝဲဘက်တွင် ဇီဝက၏ သရက်ဥယျာဉ်ကို တွေ့ရသည်။ သမားတော် ဆရာဇီဝကသည် သရက်ဥယျာဉ်ကို မြတ်စွာဘုရားအား လှူဒါန်း၍ ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။

## ၁၅။ ဝိရွသျန္တိ စေတီတော်

ဂိဇ္ဈကုဋ်တောင်ထိပ်၌ ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာရဟန်းတော် အရှင် ဖီဂျိက သာသနာတော် ၂၅၀၀-ပြည့်နှစ်က တည်ထားသော စေတီ တော်ကြီးတဆူ ရှိသည်။ ဝိရွသျန္တိ၏အဓိပ္ပာယ်မှာ (ဝိရွ=ကမ္ဘာ+သျန္တိ= ငြိမ်းချမ်းခြင်း=ကမ္ဘာ့ငြိမ်းချမ်းရေး စေတီတော်) ဟု ဆိုလိုသည်။ ရူပီး ငွေ ၂၂-သိန်း ကုန်ကျခံ၍ တည်ဆောက်ခဲ့သည်။ တောင်ထိပ်၌ အလွန် ခမ်းနားထည်ဝါသော ဂျပန်ဘုန်းကြီးကျောင်း၊ ပန်းခြံနှင့် ဟယ်လီ ကော့ပတာ ဆင်းသက်ရန် ကွင်းရှိသည်။ ဤတောင်ကို ဂျိန်းဘာသာဝင် တို့က ဆိုနားဂိရိဟု ခေါ်ကြသည်။

## ၁၆။ ထိုင်ခုံ စက်လှေကား

ဂိဇ္ဈကုဋ်တောင်ခြေမှ တောင်ထိပ်ရှိ ဝိရွသျန္တိစေတီတော်သို့ ထိုင်ခုံ စက်လှေကားဖြင့် တက်နိုင်သည်။ ရတနဂိရိတောင်ခြေနှင့် ဆိုနားတောင် ထိပ်ကို ကောင်းကင်ဘတ်ကြိုးဖြင့် ဆက်သွယ်ထားသည်။ ဘတ်ကြိုးကို မော်တာဖြင့် လှည့်ပေးသောအခါ ဘတ်ကြိုးတဘက်က တောင်ပေါ်သို့ တက်၍ ဘတ်ကြိုးတဘက်က တောင်အောက်သို့ ဆင်းလာခြင်းဖြင့် စက်ဘတ်ကြိုးပုံစံ အတိုင်း လည်နေသည်။ ထိုကောင်းကင်ဘတ်ကြိုး၌

ထိုင်ခုံပေါင်း ၁၄၄-ခုံ ချိတ်ထားသည်။ ထိုင်ခုံများသည် ဘတ်ကြိုးနှင့် အတူ ဆင်းချေတက်ချေ လည်နေသည်။ အတက်ဘက်ထိုင်ခုံတွင်ထိုင်လိုက် ပါက တောင်ထိပ်သို့ရောက်သည်။ အဆင်းဘက်ထိုင်ခုံတွင်ထိုင်လိုက်ပါက တောင်ခြေသို့ပြန်ရောက်မည်။ ဂျပန်နိုင်ငံက ရူပီးငွေ ၆-သိန်း ကုန်ကျခံ၍ တည်ဆောက်ပေးသည်။ ကြာသပတေးနေ့တွင် စက်လှေကားပိတ်သည်။

## ၁၇။ ဂိဇ္ဈကုဋ်တောင်ထိပ် ကျောင်းတော်ရာ

ဝိဠုသျှန္တိစေတီမှ အရှေ့ဘက်သို့ ဆင်းလျှင် မြတ်စွာဘုရား ၏ကျောင်းတော်ရာရှိသော ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ရောက်သည်။ တောင် ထိပ်မှာ ကြီးမားသော ကျောက်တုံးကြီးများ ပေါ်ထွက်နေသဖြင့် လင်းတကြီးများ နားနေသကဲ့သို့ ထင်ရသည်။ ထို့ကြောင့်လည်း (ဂိဇ္ဈ - လင်းတ+ကူဋ=တောင်ထွတ်) လင်းတနှင့်တူသော တောင်ထိပ် ဂိဇ္ဈကုဋ် ဟု ခေါ်ဆိုခြင်းဖြစ်သည်။ တောင်ထိပ်၌ ကျောက်ဂူငယ်များစွာရှိသည်။ ရဟန်းတော်များ သီတင်းသုံးသည့် နေရာများဖြစ်သည်။ တောင်ထိပ်ရှိ ဘုရားကျောင်းတော်ရာနှင့် အနီးကပ်ဆုံးဂူကို အာနန္ဒာဂူဟု ခေါ်ကြ သည်။ ဂိဇ္ဈကုဋ်တောင်တက်သည့်လမ်းကို ဗိမ္ဗိသာရမင်းကြီးက စတင် တည်ဆောက်ခဲ့၍ အသောကမင်းက ထပ်မံပြုပြင်ခဲ့သည်။ ထိုနောက် တက်လမ်း၌ အောက်ခြေမှ ဂိုက် ၈၀-အတွင်းတွင် စေတီတဆူနှင့် မြောက်ဘက်သို့ ချိုးသောလမ်းကွေ့၌ စေတီတဆူရှိကြောင်း ဟူယင် ဆန်က မှတ်တမ်းတင်ခဲ့သည်။ ပထမစေတီမှာ ဗိမ္ဗိသာရမင်းကြီး ဘုရား ကျောင်းတော်သွားသောအခါ ရထားမှ ဆင်းသက်၍ ခြေကျင် စတင် သွားသောနေရာဖြစ်သည်။ ဒုတိယစေတီမှာ သရဖူနှင့်သန်လျက်တော်ကို ဖြုတ်၍ ကိုယ်ရန်တော်ဗိုလ်မှူးထံ အပ်နှံသောနေရာဖြစ်သည်။ ထိုသို့ သရဖူကို ဖြုတ်၍ အပ်ထားခဲ့ပါက နောက်လိုက်နောက်ပါ အခြွေအရံ များသည် ထိုနေရာမှာပင် စောင့်နေရစ်ခဲ့ရသည်။ ဗိမ္ဗိသာရမင်းကြီး တပါးတည်း ကျောင်းတော်သို့သွား၍ ဘုရားဖူး တရားနာလေ့ရှိသည်။

ဂိဇ္ဈကုဋ်တောင်၏ အရှေ့မြောက်ဘက်တွင် သူကရခတလိုဏ်ဂူနှင့် ဣန္ဒသာလ လိုဏ်ဂူတို့ရှိသည်။ ဣန္ဒသာလလိုဏ်ဂူတွင် မြတ်စွာဘုရား သီတင်းသုံးနေစဉ် ပဥ္စသိခနတ်သားက ဝေလုဝ နတ်စောင်းတီး၍ မြတ်စွာဘုရားအား ပူဇော်သည်။ ထိုလိုဏ်ဂူ၌ သိကြားမင်းအား သက္က ပဉ္စသုတ်ကို ဟောသည်။

## ၁၈။ မဒ္ဒကုစ္ဆိ


မြတ်စွာဘုရား လက်ထက်တော်က မဒ္ဒကုစ္ဆိ ကျောင်းတော်များ ရှိသည်။ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်မောင်းဆင်၍ ကျောက်တုံးကြီး လှိမ့်ချသောနေရာမှာ မဒ္ဒကုစ္ဆိဖြစ်သည်။မြတ်စွာဘုရား ခြေမတော် သွေးခြည်ဥ (သွေးစိမ်းတည်)အောင် ဒဏ်ရာရသောအခါ ရှေးဦးစွာ မြတ်စွာဘုရားကို • မဒ္ဒကုစ္ဆိကျောင်းတော်၌ ပင့်ထားသည်။ ထို့နောက် ဇီဝက သရက်ဥယျာဉ်ကျောင်းတော်သို့ ပင့်ဆောင်သွား၍ သမားတော်ဇီဝက၏ ခွဲစိတ်ကုသမှု ခံယူရသည်။

မဒ္ဒကုစ္ဆိဟု အမည်တွင်ရခြင်းမှာ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားခေါင် ဝေဒေဟီမိဖုရားကြီးသည် အဖ သတ်မည့်သားကို မွေးဖွားမည်ဟု ပုဏ္ဏားတော်တို့ ဟောကိန်းထွက်သဖြင့် အနှိပ်သည်ဖြင့် ဝမ်းဗိုက်ကို နှိပ်နယ်၍ ကိုယ်ဝန်ဖျက်ချသည့် နေရာဖြစ်သည်။ (မဒ္ဒ=နှိပ်နယ်ခြင်း+ ကုစ္ဆိ=ဝမ်းဗိုက်)


## ကျောင်းတော်ကြီး (၁၈) ရပ်

ရာဇဂြိုဟ်ပြည်တွင် မြတ်စွာဘုရားလက်ထက်တော်အခါက ကျောင်း တော်ကြီး (၁၈)ရပ် ရှိသည်။


| | |
|---|---|
| ၁။ ဝေဠုဝန်ကျောင်းတော် | (ရေပူစမ်း၏မြောက်ဘက်) |
| ၂။ တပေါဒါရာမကျောင်း | (ရေပူစမ်းဘေး၌ရှိသည်) |
| ၃။ တပေါဒါကန္ဒရကျောင်း | (ရေပူစမ်းအနီးရှိချောက်ထဲ၌ ရှိသည်။ |




ပိပ္ပလိဂူ (နှ–၁၂၁)




ပဌမသင်္ဂါယနာတင်သော စရည်းပင်ရောက်ရာ သတ္တပဏ္ဏိဂူ (နှ–၁၂၂)



မဏိယာမတ် (နှ-၁၂၃)



ဆွန်ဘဏ္ဍာ (နှ-၁၂၄)



ဝိရှွသျှန္တိစေတီတော် (နှ-၁၂၆)



ဂိဇ္ဈကုဋ်တောင်ထိပ် (နှ-၁၂၇)

| | |
|---|---|
| ၄။ ပိပ္ပလိဂုဟာကျောင်း | (ရေပူစမ်း၏အထက်၊ဝေဘာရတောင် အထက်၌ ရှိသည်)။ |
| ၅။ သပ္ပသောဏ္ဍိကကျောင်း | (မြွေနဂါးရုပ်ရှိသော ကျောက်ရေကန်ရှိသောကျောင်း၊ ဝေဘာရတောင်၏ အရှေ့ဘက်ခြေရင်း၌ ရှိသည်)။ |
| ၆။ ပဗ္ဘာရယကျောင်း | (ဝေဘာရတောင်၏ အရှေ့ဘက် ချပ်ကြား၌ ရှိသည်)။ |
| ၇။ ဂေါတမကန္ဒရကကျောင်း | (ဝေဘာရတောင်၏ အရှေ့ဘက် ဂေါတမ ချောက်၌ ရှိသည်)။ |
| ၈။ တိန္ဒုကကဂုဟာကျောင်း | (တည်ပင်ဂူကျောင်း၊ဝေဘာရတောင်၏ အရှေ့ဘက်ခြေရင်း၌ ရှိသည်)။ |
| ၉။ ကာဠသိလာကျောင်း | ( ကျောက် ဖျာ နက် ရှိ သော ကျောင်း၊ ဣသိဂိလိတောင်နံရံ၌ ရှိသည်)။ |
| ၁၀။ ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်း | (ဂိဇ္ဈကုဋ်တောင်ထိပ်၌ကျောင်းတော်ရာကို တွေ့နိုင်ပါသည်)။ |
| ၁၁။ စောရပပါတကျောင်း | (ဂိဇ္ဈကုဋ်တောင်နံရံ သေဒဏ်ကျသော သူခိုး ဒမြတို့ကို ပစ်ချသော ချောက်ကမ်းပါး အနီး၌ ရှိသည်)။ |
| ၁၂။ ဣန္ဒသာလဂုဟာကျောင်း | (နှံပဲပင် လိုဏ် ဂူ ကျောင်း၊ ဂိဇ္ဈကုဋ်တောင်၏အရှေ့ဘက် အချို့က ဝေဘာရတောင်၏ အရှေ့ဘက်ဟုဆိုကြသည်)။ |

၁၃။ မဒ္ဒကုစ္ဆိမိဂဒါယကျောင်း (ဂိဇ္ဈကုဋ်တောင် အတက်၌ ဆိုင်းဘုတ် တွေ့ရသည်)။

၁၄။ တာလဝနုယျာနကျောင်း (ဂိဇ္ဈကုဋ်တောင်ခြေရှိ ထန်းတော ဥယျာဉ်ကျောင်း)။

၁၅။ ဇီဝကမ္ဗဝနကျောင်း (ဇီဝက၏ သရက်ဥယျာဉ်၊ ကျောင်း၊ ဂိဇ္ဈကုဋ်တောင်ခြေ၌ တွေ့နိုင်သည်)။

၁၆။ မောရနိဝါပကျောင်း (ဥဒေါင်းတို့ ပျော်မွေ့ရာ ကျောင်း၊ ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိသည်)။

၁၇။ လဋ္ဌိဝနုယျာနကျောင်း (ပျိုနုသော သစ်တော ကျောင်း၊ ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိသည်)။

၁၈။ အန္ဓကဝိန္ဒကတောကျောင်း (မိုက်ပင်များရှိသော တော ကျောင်း၊ ဂိဇ္ဈကုဋ်တောင်၏ အရှေ့မြောက်ဘက်၌ သိပ္ပိနီ ခေါ်ချောင်းငယ်၏တဘက် ကမ်း)။

## အခန်း (၁၀)

# ဘုရားဖူးရန် အခြားဌာနများ

### ၁။ ကပိလဝတ်မြို့တော်

ကပိလဝတ်မြို့တော်ဟောင်းကို ယခုအခါ ပဒရီးယားဟု ခေါ်ကြသည်။ မြတ်စွာဘုရား၏ ဖခမည်းတော် ထီးနန်းစိုက်၍ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ၁၆-နှစ်သားမှ ၂၉-နှစ်သားအထိ ထီးနန်းစည်းစိမ် စံစားခဲ့သော မြို့တော်ဖြစ်သည်။ အိန္ဒိယနယ်စပ် နီပေါပြည်အတွင်း တောလိဝှာမြို့နယ်၌ တည်ရှိသည်။ လုမ္ဗိနီမှ အနောက်မြောက် ဆယ်မိုင်ခန့်ဝေး၍ လုမ္ဗိနီမှ ကားဖြင့်သွားနိုင်သည်။ ယခင်က အိန္ဒိယပြည်အတွင်း ရှိခဲ့၍ ၁၈၅၇-ခုနှစ်တွင် အိန္ဒိယသူပုန် ထသောအခါ နီပေါဘုရင်ထံမှ အကူအညီရသဖြင့် အင်္ဂလိပ် အစိုးရက ထိုဒေသကို နီပေါပြည်ထဲသို့ လွှဲပြောင်းပေးခဲ့သည်။

ကပိလဝတ်မြို့တော်ဟောင်းတွင် အသောကမင်းကြီး စိုက်ထူထားခဲ့သော နိဂလိဝ ကျောက်စာတိုင်ရှိသည်။ သုဒ္ဓေါဒနမင်းကြီး ဆောက်လုပ် လှူဒါန်းသော နိဂြောဓာရုံကျောင်း (နိဂြောဓာရာမ) တော်ရာဖြစ်သည်ဟု ယူဆရသည်။ ရောဟိနီ(ကိုဟန်) မြစ်ရေ တိုက်စားသဖြင့် နိဂြောဓာရုံ ကျောင်းတော်ရာမှာ သောင်ထွန်းလျက် ရှိသည်။

ပိပရဝအမည်ရှိစေတီတော်ပျက်ကြီးမှဓာတ်တော်များတွေ့ရှိရသည်။ စေတီပျက်အတွင်းမှ ကျောက်သေတ္တာငယ်တခု။ ထိုကျောက်သေတ္တာ အတွင်းမှ ငါးရုပ်ထိပ်ဖူးထုလုပ်ထားသော ကျောက်စလင်းဓာတ်တော် ကြုတ်ကို တွေ့ကြရသည်။ ကြုတ်အတွင်း၌ ဓာတ်တော်များသာမက ရွှေပြားနှင့် ကျောက်မျက်ရတနာများကိုလည်း တွေ့ရသည်။ ယခုအခါ ကလကတ္တားပြတိုက်၌ ပြသထားသည်။ ကုသိနာရုံပြည်၌ ဓာတ်တော် ဝေသောအခါ ပိပ္ပလိဝနမှ မောရိယမင်းများ လာရောက်ခဲ့ကြောင်း

ရွှေ့ပိုင်း၌ ပေါ်ပြူပြီးဖြစ်သည်။ ပိပ္ပလိဝနမှ ပိပရဝသို့ ပြောင်းရွှေ့လာသည်ဟု ယူဆကြသည်။

သာကီဝင်မင်းမျိုးတမျိုးလုံးကို ဝိဋူဍဘက မျိုးပြုတ်အောင်သတ်ဖြတ်ခဲ့ရာ ထွက်ပြေးနိုင်သူ အနည်းငယ်မျှသာ လွတ်မြောက်ခဲ့ကြသည်။ ယခုအခါ အိန္ဒိယပြည်တွင် အိန္ဒိယနိုင်ငံ ဥတ္တရပရဒေးလ်ရှ် (ဥတ္တရာပဒေသ)ပြည်နယ်၌ အာရက်လ်ရာဇာ အမည်ရှိ လူမျိုးစုခေါင်းဆောင် မိသားစုတစုသာလျှင် သာကီဝင်မျိုးနွယ်အဖြစ် ကျန်ရှိကြောင်း သိရသည်။ ဖာဟီယန်ရောက်ရှိစဉ်က ကပိလဝတ် မြို့တော်သစ်မှာ အိမ်ခြေ သယ်အိမ်ခန့်သာ ရှိတော့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂။ သင်္ကဿနဂိုရ်ပြည်

မြတ်စွာဘုရားရှင်သည် သတ္တပဝါ ဝါမဆိုမီ သာဝတ္ထိပြည်၌ တိတ္ထိတို့အား ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တာဝတိံသာ နတ်ပြည်သို့ နှစ်လှမ်း(သုံးဖဝါး)ဖြင့် ကြွတော်မူသည်။ ထိုနတ်ပြည်တွင် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ ထိုင်တော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးထား၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာ တရားတော်ကို ဝါတွင်းသုံးလ ပတ်လုံး ဟောကြားတော်မူသည်။ ဝါကျွတ်သောအခါ သီတင်းကျွတ် လပြည့်နေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ဖြင့် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူလာသည်။ နတ်ဗြဟ္မာအပေါင်း ဝန်းရံခြံလျက် ဆင်းသက်တော်မူရာ စောင်းတန်း(လှေကား)ဦးသည်သင်္ကဿနဂိုရ်ပြည်သို့ဆိုက်ရောက်သည်။ မြတ်စွာဘုရား ဆင်းသက်တော်မူပြီးသောအခါ စောင်းတန်းသုံးသွယ်သည် မြေထဲသို့ဝင်ရောက်၍ မြေပေါ်၌ လှေကား ခုနစ်ထစ်ခန့်သာ ကျန်ရစ်သည်ဟု ဆိုကြသည်။ သီရိဓမ္မာသောက မင်းကြီးသည် ထိုစောင်းတန်းလှေကားပေါ်၌ ညက်တော် ၁၆-ပေ ရှိသော ရုပ်ပွားတော်ကြီး တဆူကို တည်ထားခဲ့သည်ဟု ဖာဟီယန်က မှတ်တမ်းတင်ခဲ့သည်။

သက်ဿမှာ ယခုအခါ ဆံကိတ်ဆဟုခေါ်သော ဗဆန္တိပူရ်ရွာအနီး၌ ရှိသည်။ ရှိကိုဟာဘဒ်မြို့နှင့် ဖာရုက္ကာဘတ်မြို့ကို ဆက်သွယ်ထားသော မီးရထားလမ်း၌ ပါခန ဘူတာ ရှိသည်။ ထိုဘူတာမှ ၅-မိုင်အကွာ ဗဆန္တိပူရ်ရွာငယ်သို့ သွားရသည်။ ထိုမီးရထားလမ်းအတိုင်းပင် ရထားစီး၍ မိုတာရ်အမည်ရှိ ဘူတာရုံမှ ခရီးဆက်သွားလျှင်လည်း ထိုရွာငယ်နှင့် ၅-မိုင်သာ ဝေးပါသည်။ တည်းခိုခန်းမရှိ၊ ဈေးလည်း မရှိသဖြင့် ဘုရာဖူးသွားသူများသည် ရိက္ခာ အပြည့်အစုံဖြင့် သွားသင့်သည်။ ဆံကိတ်ဆရွာငယ်မှာ ကျောင်းပျက်၊ဘုရားပျက်မှအုတ်များနှင့်ကျောက်များကိုသယ်ယူ၍ ဆောက်လုပ်ထားရာ အခြားကျေးရွာများနှင့် မတူ၊ ထည်ဝါခန့်ညားလျက် ရှိသည်။

သက်ဿနဂိုရ်တွင် အသောက ကျောက်စာတိုင်ကြီးကို တွေ့ရသည်။ ကျောက်တိုင်၏ ခေါင်းပိုင်းမှာ နွားရုပ်ဖြစ်သည်။ ထို့ပြင် နဂါးနတ်ကွန်းဟောင်းတခု ရှိသည်။ ထိုဒေသရှိ လူများသည် ကဆုန်လပြည့်နေ့များတွင် နဂါးနတ်ကွန်းသို့သွား၍ နွားနို့ဖြင့် သွန်းလောင်းပူဇော်ကြသည်။ လက်ရှိ ဆံကိတ်ဆရွာငယ်သည် မြို့ဟောင်းကုန်းပေါ်၌ တည်ထား၍ အိမ်ခြေ ၆၀-ခန့်ရှိသည်။ ထိုရွာ၏ပတ်လည်တွင် သက်ဿမြို့ရိုးဟောင်းကို စက်ဝိုင်းပုံ တွေ့မြင်နိုင်သည်။

အေဒီ ၅-ရာစုနှစ် ဖာဟိယန်ရောက်ရှိစဉ်က ရဟန်း ယောကျ်ားနှင့် ရဟန်း မိန်းမ စုစုပေါင်း ၁၀၀၀-ခန့်ရှိသည်ဟု ဆိုသည်။သက်ဿနဂိုရ်ပြည်ရှိ စောင်းတန်းဦးတည်ရာဌာနသည် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူမည့် ဘုရား ငါးဆူတို့ တာဝတိံသာမှဆင်းတိုင်း ဤနေရာ ဤဌာနမှာပင် စောင်းတန်းဦး ဆိုက်ရောက်ရသည့် အဝိဇဟိတ (မစွန့်ပယ်အပ်သော) ဌာန လေးဌာနအနက် တခုအပါအဝင် ဖြစ်၏။

## ၃။ ဝေသာလီပြည်

ဝေသာလီပြည်သည် မြတ်စွာဘုရားလက်ထက်တော်က ၇၇၀၀-သော လိစ္ဆဝီမင်းများ အုပ်စိုးခဲ့သည်။ ဝေသာလီပြည် ကပ်ရောဂါဆိုက်ကပ်

သဖြင့် မြတ်စွာဘုရားရှင်ကြွတော်မူ၍ ရတနသုတ်ပရိတ်တော်ကို အရှင်အာနန္ဒာအား ဟောစေတော်မူသည်။ အရှင်အာနန္ဒာသည် ဝေသာလီမြို့ တံတိုင်းသုံးထပ်အကြား၌ လှည့်လည်၍ ပရိတ်ရွတ်ဖတ်ရာ ကပ်ရောဂါမှ ကင်းရှင်းပပျောက်သွားသည်။ မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်မှ မိဂဒါဝုန်တော ပြာသာဒ်ကျောင်းတော်၌ သီတင်းသုံးတော်မူခဲ့သည်။ မြတ်စွာဘုရားသည် နောက်ဆုံးဝါကို ဝေသာလီပြည်အနီး ဝေဠုဝရွာ၌ ဝါကပ်တော်မူ၍ အာယုသင်္ခါရ လွှတ်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး သုံးနှစ် အတွင်းမှာပင် အဇာတသတ်မင်းက ဝေသာလီပြည်ကို မဂဓတိုင်းလက်အောက် သိမ်းသွင်းခဲ့သည်။ သာသနာနှစ် ၁၀၀-တွင် ကာလာသောကမင်း လက်ထက်၌ ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်၌ ဒုတိယ သင်္ဂါယနာတင်ပွဲ ပြုလုပ်ခဲ့သည်။

ဝေသာလီမြို့ဟောင်းကို ယခုအခါ (ရာဂျဗိဆလ်ကာဂရ်)ဟုခေါ်ကြသည်။ ဗီဟာပြည်နယ် မူဇာဖာပူရ်ဒိစတြိတ်၌ရှိသည်။ မူဇာဖာပူရ်မှ အရှေ့တောင်ဘက် ၂၂-မိုင်အကွာတွင် ရှိသည်။ မူဇာဖာပူရ်မြို့သည် အောက်စ်နှင့် တိရ်ဟုတ် မီးရထားလမ်း၌ တည်ရှိသည်။ ဝေသာလီမြို့တော်ဟောင်းမှာ စက်ဝိုင်းပုံ တမိုင်ခန့်ကျယ်သည်။ ရှစ်ပေမြင့်သော မြို့ရိုးဟောင်းနှင့် ကျုံးဟောင်းကို တွေ့နိုင်ပေသည်။ မြို့ဟောင်းကိုတူးဖော်ရာ၌ လူနေတိုက်အိမ် အုတ်ခုံများနှင့် ကုန်သည်တို့အသုံးပြုသော တံဆိပ်တုံးများ တွေ့ရသည်။ ဝေသာလီမှ အနောက်မြောက် နှစ်မိုင်ကွာ ကိုလွှာအရပ်၌ ခြင်္သေ့ရုပ်ထိပ်ဖူးပါသော ၂၂-ပေမြင့်သည့် ကျောက်တိုင်ကြီးကို တွေ့ရသည်။ ကျောက်တိုင်ကြီးမှာ အခြား အသောက ကျောက်တိုင်များနှင့် လက်ရာချင်း တူသော်လည်း ကမ္ပည်းအက္ခရာ လုံးဝ ရေးမထားချေ။ သို့ရာတွင် အသောကမင်းကြီးသည် ပါဋလိပုတ်မြို့တော်မှ လုမ္ဗိနီသို့ ဘုရားဖူးသွားရာတွင် လမ်းခရီးဖြစ်သော ချန်ပရံ၊ ရမ်ပူရဝါ၊ လောရိယ၊ အရရာဂျ၊ လောရိယနန်ဒန်ဂရဟ၊ ကိုလွှာအရပ်တို့၌ ကွန်းထောက်စခန်းများအဖြစ် ကျောက်တိုင်များ စိုက်ခဲ့သည်ဟု ဆိုသည်။

မြို့တော်ဟောင်းတဝိုက်၌ စေတီဟောင်းများနှင့် ကျောင်းတော်ရာများကို တူးဖော်ရှာဖွေခြင်း မပြုနိုင်သေးချေ။ အပျက်အစီးများပေါ်၌ ဟိန္ဒူကျောင်းနှင့် ဂျိန်းကျောင်းများ ဆောက်လုပ်ထားသည်။ ဝေသာလီမြို့ကို ဂျိန်းဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်တို့အတွက် မြင့်မြတ်သော ဒေသဟု ဆိုကြသည်။

## ၄။ ကောသမ္ဗီပြည်

ကောသမ္ဗီပြည်၌ မြတ်စွာဘုရားရှင် နဝမဝါကပ်တော်မူခဲ့သည်။ ဃောသိတသဋ္ဌေး၊ ကုက္ကုဋသဋ္ဌေး၊ ပါဝါရိကသဋ္ဌေး၊ဗဒရိက သဋ္ဌေးတို့က ဆောက်လုပ် လှူဒါန်းသော ဃောသိတာရုံ ကျောင်းတော်၊ ကုက္ကုဋာရုံကျောင်းတော်၊ ပါဝါရိကာရုံကျောင်းတော်၊ ဗဒရိကာရုံကျောင်းတော်ဟူ၍ ကျောင်းတော်ကြီးလေးရပ် ရှိခဲ့သည်။ စောင်းတီး၍ မန္တန်ရွတ်ပါက ဆင်များကို ခေါ်နိုင် နှင်နိုင်သော ဥတေန (ဥတိန္န) မင်းကြီး၊ မေတ္တာတေဒဂ် ရသည့် သာမာဝတီမိဖုရား၊ ဓမ္မကထိက ဧတဒဂ်ဘွဲ့ရသော ခုဇ္ဇုတ္တရာတို့၏ နေရာတိုင်းပြည် ဖြစ်၏။ရဟန်း သံဃာကွဲပြားသည်။မြတ်စွာဘုရား စေ့စပ်ပေးရာ မနာယူသဖြင့် ကောသမ္ဗီမြို့မှ ပလလည်းတောသို့ ကြွတော်မူသည်။

ကောသမ္ဗီ မြို့တော်ဟောင်းမှာ ယခုအခါ ကိုဆမ်ဟုခေါ်သော ရွာငယ်တခု ဖြစ်သည်။ ယမုနာမြစ်ကမ်း၌ တည်ရှိ၍ လောဟာဗဒ်မြို့မှ ၅၁-ကီလိုမီတာ ကွာဝေးသည်။ လောဟာဗဒ်မြို့သည် ဗာရာဏသီမြို့မှ ၁၃၅-ကီလိုမီတာ ကွာဝေးသည်။ မော်တော်ကား တိုက်ရိုက်မရောက်သဖြင့် လေးမိုင်ခန့် ခြေကျင် လျှောက်ရသေးသည်။

ကောသမ္ဗီ မြို့ဟောင်းမှာ ပတ်လည် လေးမိုင်ခန့် စက်ဝိုင်းပုံ တည်ရှိသည်။ မြို့ရိုးမှာ ပေ ၃၀–ရှိ၍ ပေ ၆၀-ထုသည်။ မြို့ဟောင်းအတွင်း၌ ချောမွတ်နေသော ကျောက်တိုင်ကြီးတတိုင် ရှိသော်လည်း အသောကမင်းတရားကြီး၏ ကျောက်တိုင် ဟုတ်မဟုတ် မဆုံးဖြတ်နိုင်ကြချေ။

မြို့ဟောင်းအတွင်း၌ လယ်သမားရွာ နှစ်ရွာရှိသည်။ စနစ်တကျ တူးဖော်ရှာဖွေမှု မပြုနိုင်သေးချေ။ ကောသမ္ဗီ မြို့ဟောင်းမှ တွေ့ရှိရသော ပစ္စည်းများကို လောဟာဗဒ် ပြတိုက်၌ ထားသည်။ ထိုပြတိုက်တွင် ကျောက်နီကို ထုလုပ်ထားသော ဘုရားလောင်းရုပ်တုမှာ မိဂဒါဝုန် ပြတိုက်အတွင်းရှိ ဘုရားလောင်းရုပ်တုနှင့် တပုံစံတည်းတူသည်။ ရုပ်တုပေါ်၌ အောက်ပါ စာတမ်းကို ရေးထိုးထားသည်။

> ''ကနိသျှကဘုရင် နန်းစံ နှစ်နှစ်မြောက်၌ ဗုဒ္ဓမိတြာ ဘိက္ခုနီမသည် ဘုရားသခင် ဒေသစာရီကြွချီသည့် မှန်မြတ်သော ဤနေရာတွင် ဗောဓိသတ္တ ရုပ်တုတော်ကို စိုက်ထူခဲ့သည်။''

## အခန်း (၁၁)

# အိန္ဒိယတောင်ပိုင်း

### ၁။ ဆန်ချီစေတီတော်

ဆန်ချီသည် အိန္ဒိယအနုပညာနှင့် ဗိသုကာလက်ရာ အထွတ်အထိပ်ဖြစ်သည်။ စေတီတော်၏မူလဦးများသည် အသောကခေတ်လက်ရာများဖြစ်ကြသည်။ ဆန်ချီသည် ဘိုပေါလ်နယ်အတွင်း၌ရှိ၏။ဘုံဘေနှင့်ဒေလီရထားလမ်း၌ ရှိသည်။ စာပို့ရထားနှင့် အထူးအမြန်ရထားသည် ဆန်ချီဘူတာ၌ မရပ်ချေ။ ရိုးရိုးရထားများသာလျှင် ရပ်သည်။ အစိုးရတည်းခိုခန်း၊ သို့မဟုတ် မဟာဗောဓိအသင်းတိုက်တို့၌ ဈေးနှုန်းသက်သာစွာ တည်းခိုနိုင်ပါသည်။

ဆန်ချီစေတီတော်သည် တောင်ကုန်းငယ်ပေါ်၌ တည်ရှိသည်။ ဤတောင်ကုန်းကို ရှေးခေတ်က ကကနရဟု ခေါ်သည်။ မဟာဝံသကျမ်း၌ စေတိယဂိရိဟု ခေါ်သည်။

အသောကမင်းကြီးသည် မင်းသားဘဝက ဥဇ္ဇေနီပြည်ကို အုပ်စိုးရသည်။ ဆန်ချီအနီးရှိ ဝိဒိရှာမြို့သူ ဝေဒိဿကဒေဝီကို မိဖုရားတင်မြှောက်ခဲ့သည်။ ထိုမိဖုရားမှ အရှင်မဟိန္ဒနှင့် သင်္ဃမိတ္တာထေရီမတို့ ဖွားမြင်ခဲ့သည်။အရှင်မဟိန္ဒထေရ်သည်သီဟိုဠ်ကျွန်းသို့ သာသနာပြုမကြွမီစေတိယဂိရိတောင်၌ မယ်တော်ဆောက်လုပ်သောကျောင်းတော်၌ အချိန်အတန်ကြာမျှ သီတင်းသုံးတော်မူခဲ့သည်။ထို့နောက်ဆန်ချီသည် ဗုဒ္ဓသာသနာပြု ဗဟိုဌာနတခုအဖြစ် ၁၁-ရာစုအထိ အဆက်မပြတ် တည်ရှိခဲ့သည်။ ၁၂-ရာစုတွင် ရဟန်းတော်များနှင့် ကျောင်းများပျက်စီးခဲ့ရာ မည်သို့ပျက်စီးခဲ့သည်ဟု မှတ်တမ်းရှာမရချေ။ မဂို ကျူးကျော်သူများ၏လက်ချက်ကြောင့် ပျက်စီးရသည်ဟု ခန့်မှန်းရသည်။

## ဖူးမြော်လှေ့လာရန်ဌာနများ

(က) စေတီတော်ကြီး (မုခ်ဦးလေးဘက်ရှိသည်)။
(ခ) စေတီတော်အမှတ်-၃ (အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ဓာတ်တော်တွေ့ရသည်)။
(ဂ) စေတီတော်အမှတ်-၂ (ကိုးတိုင်းကိုးဌာနသာသနာပြုရဟန္တာတို့၏ ဓာတ်တော်ဌာပနာရာဌာန)။
(ဃ) စေတီတော်အမှတ်-၄။
(င) ဘုရားကျောင်းဆောင်နှင့် ဘုန်းကြီးကျောင်းများ။
(စ) ပြတိုက်။

ရှေးခေတ်က ဆန်ချီတောင်ကုန်းကို 'ကကနရ' ဟုခေါ်သည်။ မဟာဝံသကျမ်း၌ စေတိယဂိရိဟု ခေါ်သည်။ ကလကတ္တားမှ ၈၉၇-မိုင်ဝေးသည်။ ဘုံဘေ-ဒေလီရထားလမ်း၌ တည်ရှိ၍ ဘုံဘေမှ ၅၄၉-မိုင်ဝေးသည်။ ဆန်ချီတောင်ထိပ်သည် ဂိုက် ၁၀၀၀-ခန့်ကျယ်ဝန်းသည်။ တောင်ထိပ်တွင် စပါးပုံနှင့်တူသော စေတီဝိုင်းကြီး၃-ဆူနှင့် ဘုန်းကြီးကျောင်းပျက်များရှိသည်။ အကြီးဆုံးစေတီတော်ကြီးကို အမှတ်(၁) အဖြစ် သတ်မှတ်ထားသည်။ ဤစေတီတော်ကြီးအတွင်း၌ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထားသည်။ စေတီတော်လုံးပတ် ၃၇၇-ပေ၊ ဉာဏ်တော် ၅၄-ပေရှိသည်။ စေတီရင်ပြင်ကို ကျောက်လက်ရန်းများ ကာရံထားသည့်အပြင် တဖန် ပထမ ပစ္စယာကိုလည်း ကျောက်လက်ရန်းများကာရံထားသည်။ပထမပစ္စယာကိုအတက်အဆင်းလှေကား ခွဲခြားထား၍ ထိုလှေကားအတိုင်း တက်ပါက စေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ်ပူဇော်ပြီးဖြစ်သည်။ ရင်ပြင်တော်ကျောက်လက်ရန်းမှာ အရပ်လေးမျက်နှာ၌ မုခ်ဦး လေးခုရှိသည်။ ဤမုခ်ဦးကြီးများကြောင့် စေတီတော်ကြီးမှာ ပိုမိုခန့်ညား ထည်ဝါလာသည်။ မုခ်ဦး ကျောက်တိုင်နှင့် ကျောက်ထုပ်များ ပေါ်တွင် ဆင်၊ မြင်း၊ ဒေါင်း၊ ခြင်္သေ့၊ နွား၊ ငှက် အမျိုးမျိုး ထုလုပ်ထား

သည်မှာ ကမ္ဘာ့ ဗိသုကာပညာရှင်နှင့် ကျောက်ဆစ်ပညာရှင်တို့အတွက် အံ့မခန်းဖြစ်စေသည်။အသောကမင်းတရားကြီး ရာမရွာနှင့်ကုသိနာရုံသို့ ဓာတ်တော်ပင့်ရန် သွားပုံ၊ မဟာဗောဓိပင်သို့ ဘုရားဖူးထွက်ပုံများကို ထုလုပ်ထားသည်။ ထို့ပြင် ဗိမ္ဗိသာရမင်းကြီး မြတ်စွာဘုရားရှင်အား ကြိုဆိုပုံကိုလည်း ထုလုပ်ထားသည်။ ထိုခေတ်က ဗုဒ္ဓရုပ်ပုံတော်ကို ထုလုပ်လေ့ မရှိကြချေ။အတုမရှိသော ဗုဒ္ဓ၏ရုပ်အဆင်းတော်ကို မီအောင် မထုလုပ်နိုင်သဖြင့် ရုပ်ပွားတော် မထုလုပ်ကောင်းဟု ယူဆကြသည်။ ထို့ကြောင့် ဗုဒ္ဓရုပ်ပုံတော် ထုလုပ်ရမည့်နေရာ၌ ဗုဒ္ဓခြေတော်ရာနှစ်ဆူပုံ၊ သို့မဟုတ် ဗောဓိပင်နှင့် ပလ္လင်ပုံများကိုသာ ထုလုပ်ကြသည်။

တောင်ဘက်မုခ်ဦး၏ကျောဘက်၌ ''ရာနော သိရိ သတက နိသ အဝေစနိစ ဝါသိဋ္ဌိပုတ္တသ အာနန္ဒသ ဒါနံ''။

''သာတကရဇာဘုရင်၏ လက်သမားခေါင်းဆောင်၏သားဖြစ်သော အာနန္ဒာကောင်းမှု''ဟု ရေးထိုးထား၏။ အလားတူပင် အချို့သော ကျောက်လက်ရန်းတိုင်များ၌ ကောင်းမှုရှင်အမည်များကို ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည်ကို တွေ့ရ၏။ ဤအချက်ကို ထောက်ရှု၍ မုခ်ဦးနှင့် ကျောက် လက် ရန်း များ ကို အသောကမင်းကြီး ပြီးစီးအောင် ဆောက်လုပ် မသွားနိုင်ခဲ့။ တဝက်တပျက်မျှသာ ပြီးစီး၍ နတ်ရွာစံတော်မူခဲ့သဖြင့် အများပြည်သူများက စုပေါင်း ကုသိုလ်ပါဝင်ခဲ့ကြရသည်ဟု အနောက်တိုင်း ပညာရှင်တို့က ဆိုကြသည်။ ထို အယူအဆသည် မမှန်။ အမှန်မှာ ရှေးခေတ် ဘုရင်ကြီးများသည် မိမိတို့ ကောင်းမှုကုသိုလ်ပြုရာ၌ ပြည်သူတို့ကိုလည်း ပါဝင်စေလိုသည်။ပါဝင်ခွင့်ပြုခဲ့ကြသည်။ ထို့ကြောင့် အချို့သော မုခ်ဦးများနှင့် ကျောက်လက်ရန်းတိုင် အချို့ကို ပြည်သူပြည်သားကောင်းမှုအဖြစ် ပါဝင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပေသည်။

ဤ စေတီတော်ကြီး၏ အရှေ့မြောက်ဘက် ပေ ၂၀၀-အကွာတွင် အမှတ်(၃) စေတီတော်ရှိသည်။စေတီတော်ကြီးနှင့် တပုံစံတည်းဖြစ်၍ ပထမ ပစ္စယာကို ကျောက်လက်ရန်း ကာရံထားသည်။ ရင်ပြင်တော်ကို

ကျောက်လက်ရန်း ကာရံထားခြင်း မရှိပဲ မုခ်ဦးတခုသာ ရှိသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များပါသော ဓာတ်တော်ကြုတ် နှစ်ခုကို ဤစေတီတော်မှ တွေ့ရသည်။ ဆန်ချီ တောင်ကုန်းပေါ်ရှိ စေတီတော်များမှာ ပတ်ဝန်းကျင် သစ်ပင်များ ဖုံးအုပ်နေ၍ လူသူ ကင်းဝေးသဖြင့် ဖျက်ဆီးခြင်း လုံးဝ မခံခဲ့ရပေ။ ၁၈၁၄ ခုနှစ်တွင် ကျောက်စာဝန် ကန်နင်ဟန်က ဆန်ချီစေတီတော် များအကြောင်း စာစောင်တခု ထုတ်ဝေသည်။ ထိုအခါ စိုက်ထူသူ များ၊ ဌာပနာ ဖောက်လိုသူများ သဲကြီးမဲကြီး လာရောက် ရှာဖွေ တူးဆွကြသဖြင့် စေတီတော်များ ပျက်စီးချွတ်ယွင်းခဲ့ရသည်။ ဤ စေတီတော် အမှတ်(၂)ကို ကက်ပတိန်မိုက်ဆေးက တူးဖော်ရာတွင် လက်ဝဲရံနှင့် လက်ယာရံ အရှင်မြတ်နှစ်ပါး၏ ဓာတ်တော်ကြုတ်များကို တွေ့ရခြင်း ဖြစ်သည်။

တောင်ထိပ်မှ အနောက်ဘက်သို့ ဂိုက် ၄၀၀-ခန့် ဆင်းသွားလျှင် စေတီကော် အမှက်(၂)ကို တွေ့ရသည်။ ဤစေတီ၌ ကိုးတိုင်းကိုးဌာန သာသနာပြု ရဟန္တာမထေရ်ကြီးများ၏ ဓာတ်တော်ကြုတ်များကို တွေ့ရ သည်။ ဓာတ်တော်ကြုတ်များပေါ်၌-

"ဟိမဝတတို့၏ ဆရာဖြစ်သော ရဟန္တာ ကဿပဂေါတ္တ၊ ရဟန္တာမဇ္ဈိမ၊ ဟာရိတပုတ္တ၊ ဝဆိသုပိဇယတ၊ မဟာဝနယ၊ အပဂိရ၊ ကောဋ္ဌိပုတ္တ၊ ကောသိကိပုတ္တ၊ ဂေါတိပုတ္တ၊ မောဂ္ဂလိ ပုတ္တ" ဟု ဘွဲ့အမည်များ ရေးထိုးထားသည်။

အမှတ်(၃)စေတီ၏ အရှေ့ဘက်ရှိ ပျက်စီးနေသော စေတီတော်မှာ အမှတ်(၄) စေတီတော် ဖြစ်သည်။

ဤ ဆန်ချီစေတီတော်အနီးတွင် အသောက ကျောက်စာတိုင်အပြင် ဂုတ္တခေတ် ကျောက်တိုင်ကြီး လေးတိုင်နှင့် ကျောက်တိုင်ငယ် အများ အပြား ရှိသည်။ အသောက ကျောက်စာတိုင်ကြီးမှာ စေတီတော်ကြီး၏ တောင်ဘက်မုခ်ဝ၌ ရှိသည်။ ကျောက်တိုင်ကြီးကို ကြုံကြိုတ်စက်၌ အသုံးပြုရန်ချိုးဖဲ့ယူသွားကြသဖြင့် ယခုအခါ အငုတ်မျှသာကျန်ရှိသည်။

ကျောက်တိုင်၏ခေါင်းပိုင်းမှာ ခြင်္သေ့ရုပ်ဖြစ်၍ ယခုအခါ ပြတိုက်အတွင်း၌ ပြသထားသည်။ ကျောက်တိုင်ကြီးမှာ မူလက ၄၂-ပေမြင့်သည်။ စေတီတော်အရှေ့ဘက် ကျောက်တိုင်မှာ ၁၅-ပေမြင့်သည်။ခေါင်းပိုင်း အရုပ်မရှိတော့ချေ။ ဂုတ္တခေတ်လက်ရာဖြစ်၍ အောက်ခြေ၌ ရှစ်မြှောင့်၊ အပေါ်ပိုင်း၌ ၁၆-မြှောင့် ဖြစ်သည်။ ထိုကျောက်တိုင် အနီးမှာပင် ၂၂-ပေခွဲရှည်၍ သုံးပိုင်းကျိုးနေသော ကျောက်တိုင်တခု ရှိသေးသည်။ ဤကျောက်တိုင်၌ ဂုတ္တခေတ်အက္ခရာများကို အောက်ပါအတိုင်း ရေးထိုးထားသည်။

"ဘုန်းကြီးကျောင်းတခုကို အုပ်ချုပ်ရသော ဂေါ်သူရသီဟဗလ၏ သား ရုဒြသေန (ရုဒြသီဟ) သည် မုခ်ဦးတခု၊ မုခ်ဦးကျောက်တိုင်နှစ်ခု၊ မဏ္ဍပ်တခု၊ ဝဇီရပါဏိ ကျောက်တိုင်တခုကို လှူဒါန်းသည်"။

စတုတ္ထကျောက်တိုင်မှာ မြောက်ဘက်မုခ်ဦးအဝ၌ ရှိသည်။ လက်ရှိ အမြင့်မှာ ကိုးပေမျှသာ ရှိသည်။အောက်ခြေ၌ လေးမြှောင့်ပြုလုပ်ထားသည်။ ဤကျောက်တိုင်၏ ခေါင်းပိုင်းမှာ ကျိုးကျနေ၍ ဝဇီရပါဏိ ဘုရားလောင်းရုပ်တု ဖြစ်သည်။အထက်တွင် ဖော်ပြထားသည့် ရုဒြသေန၏ကောင်းမှု၊ ဝဇီရပါဏိ ကျောက်တိုင်ဆိုသည်မှာ ဤမြောက်ဘက်မုခ် ကျောက်တိုင်ကို ဆိုလိုဟန်ရှိသည်။ရှေးဟောင်း ကျောင်းပျက်ကြီးများသည် စေတီတော်ကြီး၏ တောင်ဘက်၌ ရှိသည်။ ၁၇-ပေမြင့်သော ကျောက်တိုင်ကြီးကိုးတိုင်ကို တွေ့ရသည်။ကျောက်နံရံတဘက် ခပ်နိမ့်နိမ့် ကျန်ရှိနေသေးသည်။ အဆောက်အအုံတခုလုံး မည်သည့်ပုံစံ ရှိသည်ကို မှန်းဆမရနိုင်ချေ။ ဂရိတ်ပြည်မှ ရှေးခေတ်ကျောက်သားနန်းတော်ကြီး များနှင့် ဆင်တူသည်။ အေဒီ ၆၅၀-ခန့်က ဆောက်လုပ်ခဲ့သည်ဟု ယူဆသည်။

ဤကျောင်းတိုက်၌ ကျောက်တိုင်ကြီးများ၏ အရှေ့ဘက်၌ ဘုရားကျောင်းတော် တခုရှိသည်။ ကျောက်ပြားမိုးထား၍ ကျောက်တိုင် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည်။ ထို့ပြင် စေတီတော် နံပါတ် ၅-၏ နောက်ကွယ်၌ ကျောက်တိုင်၊ကျောက်နံရံ၊ကျောက်ပြား

မိုးထားသော ဘုရားဆောင်တခု ရှိသည်။ အတွင်း၌ ကြာပလ္လင်ခံ ဗုဒ္ဓရုပ်ပွားတော်တဆူ ရှိသည်။ ဤကျောင်းဆောင်မှ ခုနစ်ပေခွဲရှိသော နဂါးမအရုပ်တခု တွေ့ရသည်။

စေတီတော်ကြီး၏ တောင်ဘက်ရှိ ကွင်းထဲတွင် ကျောင်းမကြီး တဆောင်ပျက်စီးနေသည်ကို တွေ့ရသည်။အုတ်ခုံပေါ်၌ပြန့်ကြဲနေသော ကျောက်တိုင်အကျိုးအပဲ့များ တွေ့ရသည်။အုတ်ခုံပန္နက်မှာ ၁၃၇-ပေ၊ ၉၁-ပေရှိသည်။ ခန်းမဆောင်၌ တိုင်ပေါင်း ၅၀-ရှိသည်။ အလားတူ ဘုန်းကြီးကျောင်း သုံးဆောင်၏အုတ်ခုံများကို တွေ့နိုင်ပါသည်။စေတီတော်ကြီး၏ အရှေ့ဘက်ကွက်လပ်ရှိ ကျောင်းတော်အမှတ် (၄-၅)မှာ အေဒီ ၁၁-ရာစုက ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်သည်။

သာသနာနှစ် တထောင်၏နောက်ပိုင်းတွင် ဤဆန်ချီအရပ်၌ မဟာယာန ဗုဒ္ဓဘာသာဂိုဏ်း၏ ဂိုဏ်းကွဲဖြစ်သော ဟေမာဝတိကဂိုဏ်းနှင့် စေတိယဂိုဏ်းသား ရဟန်းများ သီတင်းသုံးခဲ့ကြသည်။

## ၂။ အဂျန္တာဂူနှင့် အယ်လိုရာဂူ

အဂျန္တာဂူနှင့် အယ်လိုရာဂူတို့သည် ခမ်းနားထည်ဝါ၍ အနုပညာလက်ရာ၊ဗိသုကာလက်ရာ အလွန်ပြောင်မြောက်သဖြင့် ကမ္ဘာ့အံ့ချီးဖွယ်ရာများတွင် တပါးအပါအဝင် ဖြစ်သည်။

၎င်းတို့နှင့် အနီးကပ်ဆုံးမြို့မှာ သြရန်ဂဘာဒ်မြို့ဖြစ်သည်။သြရန်ဂဘာဒ်မြို့မှ အဂျန္တာဂူသို့ ၁၀၆-ကီလိုမီတာ(၆၆-မိုင်)၊ အယ်လိုရာဂူသို့ ၂၉-ကီလိုမီတာ(၁၈-မိုင်)ကားဖြင့် သွားရသည်။ ဘုံဘေမှ သြရန်ဂဘာဒ်သို့ နေ့စဉ် လေယာဉ်ရှိပါသည်။ မီးရထားဖြင့် သွားပါက သြရန်ဂဘာဒ်၊ သို့မဟုတ် ဂျလ်ဂွန်း၌ဆင်း၍ ဘတ်စ်ကား၊ အငှားကားများဖြင့် ဆက်လက်သွားရသည်။ဘုံဘေမှ သြရန်ဂဘာဒ်သို့ မီးရထားခရီး ၂၆၁-မိုင်ဝေးသည်။အဂျန္တာဂူသည် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်၍ ဂူပေါင်း သုံးဆယ်ရှိသည်။ဂူလေးခုမှာ ဘုရားကျောင်းများဖြစ်၍ ကျန်ဂူများမှာ ရဟန်း

တော်များ သီတင်းသုံးသည့်ဂူများ ဖြစ်သည်။ ခေတ်အဆက်ဆက် ဆောက်လုပ်ခဲ့ကြ၍ အစောဆုံးဂူများမှာ ဘီစီ ၂-ရာစုကဖြစ်၍ နောက်အကျဆုံးဂူများမှာ အေဒီ ၇-ရာစုဖြစ်သည်။ ဂူကြီးများမှာ ဂိုက် ၆၀၀-အထိ ရှည်လျားစွာ တန်းစီထွင်းထုထားသည်။

အယ်လိုရာဂူမှာ ဂူပေါင်း ၃၄-ခုရှိသည်။ ဂူ ၁၂-ခုမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်၍ ကျန်ဂူ ၂၂-ခုမှာ ဂျိန်းနှင့်ဟိန္ဒူဘာသာဂူများဖြစ်ကြသည်။

## ၃။ ဗရဗာရ်တောင်ကုန်းဂူများ

ဗီဟာပြည်နယ် ဂယာမြို့မှ ၁၆-မိုင်အကွာ၌ နာဂရ်ဂျုနတောင်နှင့် ဗရဗာရ်တောင်ကုန်းရှိသည်။ ဤဂူများကို အသောကမင်းကြီး နန်းစံ ၁၉-နှစ်မြောက်၌ ရဟန်းတော်များအတွက် ထွင်းထုလှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုးသည်။ သန္တဃရဂူဟုခေါ်သည်။ ဤဂူနှင့် မျက်နှာချင်းဆိုင်တွင် အာဇီဝက တက္ကတွန်းတို့အား အသောကမင်းကြီး လှူဒါန်းခဲ့သော ဂူ (သုဓမ္မာဂူ)ရှိသည်။ ထို့ပြင် အသောကမင်းကြီး၏ မြေးတော် ဒသရထမင်းက အာဇီဝကတို့အားလှူဒါန်းသော ဂေါပိကာဂူလည်း ရှိသည်။

## ၄။ ကနေရီဂူများ

ဘုံဘေမြို့မြောက်ဘက် မိုင် ၂၀-အကွာ၌ ရှိသည်။ တောင်နံရံကို လှည့်ပတ်ထွင်းဖောက်ထားသည်။ ရဟန်းတော်များ သီတင်းသုံးရန် ဂူများနှင့် ဘုရားဝတ်ပြုရန် ခန်းမဆောင်ကြီးများ ရှိသည်။ တောင်ထိပ်မှ ၁၂-ရာသီမပြတ် စီးဆင်းနေသော စမ်းချောင်းငယ်တခု ရှိသည်။

## ၅။ နာဆစ်ဂူများ

နာဆစ်ဂူများမှာနာဆစ်တောင်ကုန်းပေါ်၌ရှိသည်။ ထိုတောင်ကုန်းသည် ဘုံဘေမှ ၅-မိုင်သာ ကွာဝေးသည်။ နာဆစ်ဂူများကို ရှေးအခါက တြိရသ္မိဂူဟုခေါ်၍ယခုအခါပဏ္ဍုလေဏာဟုခေါ်ကြသည်။ ဤဂူများ၌ ထေရဝါဒ သံဃာတော်များ သီတင်းသုံးခဲ့ကြသည်ဟု ယူဆရသည်။

ဂူပေါင်း ၂၃-ဂူရှိသည်။အေဒီ ၂-ရာစုက အန္ဓရာဘုရင် ယညသတကရဏီ ဂေါတမီပုတြဘုရင်၏ ကောင်းမှုဖြစ်သောလိုဏ်ဂူကိုလည်း တွေ့ရသည်။

## ၆။ ဗဂျာဂူများ

ဗဂျာဂူများသည် မာဝလဘူတာမှတမိုင်မျှသာဝေးသည်။ဘုံဘေမြို့မှ မိုင် ၂၀-ကွာဝေးသည်။ ဂူ ၁၅-ခု ရှိသည်။

## ၇။ ဗေဒဆာဂူများ

ဗေဒဆာဂူများသည် ပေါက်နမြစ်၏တဘက်ကမ်း၌ရှိသည်။ ဘုံဘေ ပူးနားကားလမ်း မိုင်တိုင်အမှတ် ၃၁-မှ ဆင်း၍ ရှာငယ်တခုကို ဖြတ်သန်းသွားရသည်။ ဘုရားဝတ်ပြုဆောင်များ၊ ရဟန်းများ သီတင်းသုံးသော ခန်းမဆောင်များကို ကျောက်တောင်အတွင်း ထွင်းဖောက်တည်ဆောက်ထားသည်။

## ဂ။ ဂျုန္နားဂူများ

ပူးနားမြို့မှ မြောက်ဘက် ၅၉-မိုင်အကွာ၌ရှိသည်။ဂူပေါင်း ၂၀၀ ကျော်ရှိ၍ အရွယ်အစားအမျိုးမျိုးရှိသည်။ ဂျုန္နားဂူများ၏ တောင်ဘက်တွင် သျှိဝနေရီဂူများရှိသည်။ ဤတောင်ကုန်း၌ မဟာရဋ္ဌပြည်နယ် သူရဲကောင်းဘုရင် သျှိဝဂျီး မွေးဖွားခဲ့သဖြင့် ကျော်ကြားသည့် ဒေသဖြစ်သည်။

## ၉။ မဟာကေလဂူများ

ဘုံဘေမြို့၏မြောက်ဘက် ၁၂-မိုင်အကွာ၌ မဟာကေလခေါ်သော အရပ်တခုရှိသည်။မရိုးပ်ရှာငယ်ရောက်အောင် ကားဖြင့်သွားနိုင်၍ ထိုရှာမှ မဟာကေလရောက်အောင် တမိုင်ခန့် လမ်းလျှောက်သွားရသည်။

## ၁၀။ ဗာဂ်ဂူများ

ဗာဂ်သည် ရှာငယ်တခုဖြစ်သည်။ မလ်ဝါမြို့မှ ၂၅-မိုင်ဝေးသည်။ ရှာလီယာပြည်နယ် ရာဇပုတ္တာန ဒေသ၌ ရှိသည်။ မော်တော်ကားဖြင့်

သွားနိုင်သည်။ ဂူများသည် မြစ်ငယ်တခု၏ကမ်းၗ တည်ရှိသည်။ ဂူများသည် ကြီးကျယ် ဆန်းကြယ်သောကြောင့် ကြည့်ရှုသူ များပြား၍ စည်ကားနေသည်။

ဂူကိုးလုံးကို တဆက်တည်း တည်ဆောက်ထားရာ မျက်နှာစာမှာ ၇၅၀-ကိုက် ရှည်လျားသည်။ (ရင်္ဂမဟာလ်) ကပွဲခန်းမဆောင်ခေါ်သော ဂူအမှတ်(၄)သည် ဂူအမှတ်(၅)နှင့် ဆက်စပ်နေသည်။ ရှေ့မျက်နှာစာတွင် လသာဆောင်မှာ ပေ ၂၂၀-ရှည်လျား၍ ကျောက်တိုင် ၂၂-တိုင်ဖြင့် ထောက်ထားသည်။ တံခါးနှင့် ပြတင်းပေါက်များ ထပ်ထားပုံမှာ ခေတ်မီ၍ လှပသည်။ အမှတ်(၂) ဘုရားခန်းဂူမှာ ပေ ၁၅၀-အထိ အထဲသို့ ထွင်းဖောက်ထားသည်။ နံရံများၗ ရဟန်းတော်များ သီတင်းသုံးရန် အခန်းများရှိသည်။ အမှတ်(၅)ဂူမှာ ၈၅-ပေရှည်၍ ၄၄-ပေ ကျယ်သည်။ အမိုးကို ကျောက်တိုင် နှစ်တန်းဖြင့် ဆောက်ထားသည်။ ဂူများအတွင်းရှိ ရုပ်လုံး ရုပ်တုများကို ဆေးခြယ်ထားသည်။

## ၁၁။ ဥဒယဂိရိနှင့် ခန္ဒဂိရိဂူများ

ဤဂူများသည် ဩရိဿပြည်နယ် ဘုဝနေၶွရမြို့မှ ၄-မိုင်အကွာၗ ရှိသည်။ ဤဂူများမှာ ခေတ်ဦးပိုင်းကျသည်။ အချို့ဂူများမှာ တောင်နံရံကို ထွင်းထားခြင်း မဟုတ်ပဲ သီးခြားတည်ရှိသော ကျောက်တုံးကြီး တခုကို ဂူအဖြစ် ထွင်းထားသည်။ ဥဒယဂိရိဂူများနှင့် ခန္ဒဂိရိဂူများသည် ကားလမ်းတဘက်စီၗ ရှိကြသည်။ ရှေးခေတ်က ရဟန်းတော်များ သီတင်းသုံးခဲ့သည်။ ဥဒယဂိရိဂူများအနက် (ရာနီကာနူး၏) ဘုရင်မနန်းတော်ခေါ်သော အဆောင်မှာ နှစ်ထပ်ဖြစ်၍ ရှေ့ပိုင်းၗ ဝရန်တာ ရှိသည်။

ဂူများကို အုပ်စုအလိုက် ဂဏေၵ်ရှဂူနံပါ၊ ဟတ္ထိဂူနံပါ၊ ပါတာလပူရ၊ ယောမနပူရ၊ ဇယဝိဇယ၊ သဂ္ဂပူရီ အမည်ပေးထားသည်။ ဂူများအတွင်းၗ မဟာယာန နတ်ရုပ်များနှင့် ဟိန္ဒူနတ်ရုပ်များ ထုလုပ်ထားသည်။ ဤ တောင်ကုန်းများပေါ်ၗ ဂျိန်းဘာသာနှင့် သက်ဆိုင်သော

ဂူများစွာ ရှိသေးသည်။ ဤနေရာမှ ၆-မိုင်ခန့်အကွာတွင် ဒေါက်လီဟူသော အရပ်၌ အသောကမင်းကြီး၏ ကျောက်စာ ရှိသည်။ဤကျောက်စာ၌ ကလိင်္ဂတိုင်းမြို့တော် သြဒန္တပူရီမြို့ အမည်ကို ဖော်ပြထားသည်။ သြဒန္တပူရီမြို့မှ စွယ်တော်ကို သီဟိုဠ်သို့ ပင့်၍ ကိုးကွယ်ထားသည်။ဤခေတ်တွင် သြဒန္တပူရီမြို့ကို ပူရီဟူ၍ ခေါ်သည်။

## ၁၂။ ကထိယာဝရ်ဂူများ

ကထိယာဝရ်ဂူများသည် ဂျူနဂရ်မြို့၏ အရှေ့ဘက် တာလဂျနှင့် ထိုမြို့၏တောင်ဘက် ဆာနအရပ်တို့၌ ရှိသည်။ ဂူပေါင်း ၁၀၀-ခန့်ရှိ၍ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ ဟိန္ဒူဘာသာတို့နှင့် သက်ဆိုင်သည်။

## ၁၃။ ခန့်ခ်ဂူများ

ဂျူနဂရ်မြို့၏ အနောက်မြောက် မိုင် ၃၀-အကွာရှိ ခန့်ခ် ရွာငယ်အနီး၌ ရှိသည်။

## ၁၄။ တာလဂျဂူများ

ဘဝနရ်မြို့၏ အရှေ့ဘက် မိုင် ၃၀-အကွာ တာလဂျတောင်ကုန်း၏ အနောက်မြောက်ဘက် တောင်နံရံ၌ ဂူပေါင်း ၃၆-ခု ရှိသည်။

## ၁၅။ ဆာနဂူများ

ရာဂျလမြို့မှ ၁၂-မိုင်အကွာ လိုရ်တောင်ကုန်း၌ ဂူပေါင်း ၆၀ ရှိသည်။အကြီးဆုံးဂူမှာ ၆၉-ပေ၊ ၆၁-ပေ ကျယ်သည်။ ဘုရားဆောင်ခန်းမ ဂူမှာ ၃၁-ပေ၊ ၁၈-ပေကျယ်၍ ယခုအခါ ဟိန္ဒူဘာသာဝင်များက သျှိဝဘုရားကျောင်းအဖြစ် အသုံးပြုနေကြသည်။ဘီစီ ၂-ရာစုက ထွင်းဖောက် တည်ဆောက်ထားခဲ့သည်။

## ၁၆။ ကာလိဂူများ

ကာလိဂူများသည် ဘုံဘေပူးနားကားလမ်း၌ ဘိုးဂတ်တောင်ကုန်းတွင် တည်ရှိသည်။ ဘုံဘေမှ ၇၈-မိုင်ခွဲ ကွာဝေးသည်။ မလာဝီလီဘူတာ၏ တောင်ဘက် ၃-မိုင် အကွာတွင် ရှိသည်။ ဘုရားဆောင်ခန်းမသည် ကျယ်ဝန်းသည့်အပြင် အပြစ်ရှာမရအောင် အချိုးအစားကျနစွာ လုပသည်။ အလျား ၁၂၄-ပေ၊ အနံ ၄၅-ပေ၊ အမြင့် ၄၆-ပေ ရှိသည်။ တိုင်များမှာ နံရံမှ ၁၀-ပေအကွာ၌ အတန်းလိုက်ရှိသည်။

အဝင်ဝ ဗယ်ဘက်တွင် ခြင်္သေ့လေးကောင်ပါသော ကျောက်တိုင်တခု ရှိသည်။ ညာဘက်တွင်လည်း အလားတူ ကျောက်တိုင်တခု ရှိရပေမည်။ သို့ရာတွင် ထိုနေရာ၌ သျှိဝကျောင်းဆောင် ရောက်နေသည်။

တံခါးပေါက်၏ အထက်၌ ဗောဓိရွက်ကြီးပုံ ပြုလုပ်ထားသော ပြတင်းပေါက်ကြီးသည် ကြည့်ရှုသူတို့၏ မျက်လုံးကို ပထမဦးဆုံး ဆွဲဆောင်လိုက်သည်။ ဂူအတွင်းသို့ အလင်းရောင်အပြည့် သွင်းပေးလိုက်သည်။ အသုံးလည်းကျ၍ လှလည်းလှပအောင်ပြုလုပ်ထားသည်။ အဝင်ဝခန်းမ၌ ပဒမပါဏိ စသော ဘုရားလောင်းနတ်သားများ ဝန်းရံခနေသော ဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူကိုတွေ့ရသည်။ နံရံ၌ဆင်ရုပ်များတန်းစီထုလုပ်ထားသည်။ ခန်းမကြီး၏အဆုံးရှိ စေတီတော်ကြီးကို ဗောဓိရွက်ပုံ ပြတင်းပေါက်ကြီးမှ အလင်းရောင်က ကွက်တိထိုးပေးထားရာ စတိတ်ခုံပေါ်၌ ဆလိုက်ထိုးပြနေသကဲ့သို့ ရောက်လာသူတို့၏ မျက်လုံးအစုံကို ဆွဲဆောင်ထားသည်။ စေတီတော်ကို ကျောက်လက်ရန်းတိုင်များက လခြမ်းပုံ ကာရံထားသည်။ လက်ရန်းတိုင်များ၏ခေါင်းပိုင်းကို လူရုပ်နှင့် တိရစ္ဆာန်အရုပ် မျိုးစုံ ထုလုပ်ထားသည်။

နံရံ၌တွေ့ရသော ကျောက်စာများတွင် နဟပန၊ ဥရှဘဒတ္တ၊ ဘူတပါလ ဟူသော အမည်များတွေ့ရသည်။ ဥရှဘဒတ္တဘုရင်သည် ကာလိဂူ၌ သီတင်းသုံးနေသော ရဟန်းတော်များအတွက် အနီးရှိ ကျေးရွာများမှ

**အခွန်တော်လှူခဲ့သည်။** ဘူတပါလမင်းသည် **သုဂ်မင်းဆက်မှ ဒေဝဘူတိမင်းပင် ဖြစ်သည်။**

ဘုရားဆောင်ခန်းမကြီးနှင့်ကပ်လျက် ဂူတခုမှာ သုံးထပ်တိုက်အဖြစ် ယှဉ်းထုထားသည်။ ဤဂူအပြင် ရဟန်းတော်များ သီတင်းသုံးသည့် ဂူပေါင်းများစွာ ရှိသည်။ထူးခြားချက်မှာ ပါရှားဘုရင်ဟာရဖန၏ အလှူတော် ကျောက်စာတိုက် ဖြစ်သည်။ အန္ဓရာပြည်နယ် **ပုလုမဝိ** မင်းဆက် ဂေါတမိပုတြမင်းလက်ထက် ရေးထိုးခြင်း ဖြစ်သည်။

# အခန်း (၁၂)

## တက္ကသိုလ် (တတ်ခ်ရှီးလာ)

တက္ကသိုလ်ပြည်သည် ဗုဒ္ဓဘုရားရှင်နှင့် တိုက်ရိုက်စပ်ဆိုင်မှုမရှိချေ။ သို့ရာတွင် ရှေးခေတ်က မင်းညီ မင်းသားတို့ ပညာသင်ကြားရာဌာန အဖြစ် ကျော်ကြားခဲ့သည်။ ဇာတ်နိပါတ်တော်များ၌ တက္ကသိုလ်ပြည် အကြောင်းသည် အမြဲလို ပါရှိနေသည်။ ပသေနဒီကောသလမင်း၊ မဟာနာမ် သာကီဝင်မင်း၊ ဗန္ဓုလစစ်သူကြီး၊ အင်္ဂုလိမာလတို့သည် တက္ကသိုလ်ပြည်၌ ပညာသင်ခဲ့ကြသည်။

တက္ကသိုလ်သည် ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့တော်မှ မိုင် ၂၀ အကွာ၌ရှိသည်။ မီးရထားစီးသွားပါက တက္ကသိုလ်ဘူတာ၌ဆင်းရသည်။ နယူးဒေလီမြို့မှ တက္ကသိုလ်မြို့တော်ဟောင်းသို့ ၄၉၇-မိုင် ဝေးသည်။ တက္ကသိုလ်ဘူတာရုံ၌ ခရီးသည်များ အနားယူခန်း၊ စားသောက်ခန်း အပြည့်အစုံ ရှိသည်။ ဤဒေသတဝိုက်တွင် ကြည့်ရှု မှတ်သားဖွယ်ရာ များပြားလှသဖြင့် ဤစာအုပ်ငယ်တွင် စုံလင်အောင် မဖော်ပြတော့ပဲ အနည်းငယ်မျှသာ ဖော်ပြပါမည်။

### ဖူးမြော် လေ့လာရန် ဌာနများ

၁။ ဓမ္မရာဇိက စေတီတော် (ချိရတိုပေ)။

၂။ တောင်ကြား ကျောင်းတော်ရာ။

၃။ ကုဏာလ စေတီတော်နှင့် ကျောင်းတော်ရာ။

၄။ မိုဟာရာမိုရာဒု စေတီတော်နှင့် ကျောင်းတော်ရာ။

၅။ ပိပ္ပလာစေတီတော်နှင့် ကျောင်းတော်ရာ။

၆။ ဂျောက်လီယန် စေတီတော်နှင့် ကျောင်းတော်ရာ။

၇။ ဗဒလ်ပူရ် စေတီတော်။
၈။ လာလ်ချတ်ခ် စေတီတော်။
၉။ ဘလ္လာ စေတီတော်။
၁၀။ ဂျန်ဒိုယာလ် ကျောင်းဆောင်။
၁၁။ ဆိရ်ကတ်ပ် မြို့ဟောင်း။
၁၂။ ဆိရ်ဆုခ် မြို့ဟောင်း။
၁၃။ ဘိရ် မြို့ဟောင်းကုန်း။
၁၄။ ပြတိုက်။

## ၁။ ဓမ္မရာဇိက စေတီတော်

ဒေသခံလူများက ချိရ်တိုပဟု ခေါ်ကြသည်။ တမ်ရာနလာတောင်ကုန်း၏ နံဘေးတွင် ကုန်းမြင့်တခုပေါ်၌ရှိသည်။ စေတီတော်ပတ်လည်၌ အခြားစေတီများနှင့် ဘုန်းကြီးကျောင်းများစွာရှိသည်။ စေတီတော်မှာ အရှေ့နှင့်အနောက် ဗိသုကာပညာနှစ်မျိုးရောစပ်တည်ဆောက်ထားခြင်းဖြစ်၍ ဖိနပ်ဟောင်အုတ်ခုံမှာ ဂေါ်ဝိုင်းပုံဖြစ်၏။ စေတီရင်ပြင်ကို ဖန်ချပ်များ ခင်းခဲ့ပုံရသည်။ တနေရာတွင် ဖန်ချပ်များ စီခင်းထားသည်ကိုတွေ့ရသည်။ စေတီတော်၏အရှေ့ဘက်တွင် အသောကကျောက်တိုင်ဟု ယူဆရသော ကျောက်တိုင်ငုတ်ကို တွေ့ရသည်။

ထို့ပြင် စေတီတော်အနီးပတ်ဝန်းကျင်၌ စေတီငယ်များနှင့်ကျောင်းပျက်များပြန့်ကြဲနေသည်ကို တွေ့ရသည်။၎င်းတို့အနက် အဆောက်အအုံအမှတ်၆၅-မှ ရွှေကြုတ်တခုကို တွေ့ရသည်။ ရွှေကြုတ်အတွင်းမှ ဗုဒ္ဓရှင်တော်ဘုရား၏ သရီရဓာတ်တော်များနှင့် ငွေပေလွှာတခုတွေ့ရသည်။ ငွေပေလွှာမှာ ခရစ်နှစ်၇၈-ခုနှစ်နှင့်ညီမျှသော ၁၃၆-ခုနှစ်ဟု ရေးထိုးထားသည်။ ငွေပေလွှာ၌—

"အဇေနှစ် ၁၃၆–နှစ် ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရား၏ ဓာတ်တော်များကို နိုအဆမြို့ ဘက်ခ်တီးရီးယ အမျိုးအနွယ် ဖြစ်သော အီတဝှရိယာ၏သား ဥရဆာကဘုရင်က တက္ကသိုလ် ပြည် မမ္မရာဇိက စေတီတော်၌ ဌာပနာခဲ့သည်"

ဟု ရေးထိုးထားသည်။

ယင်း ဓာတ်တော်များကို မဟာဗောဓိ အသင်းသို့ ပေးအပ်ရာ ဗာရာဏသီ မိဂဒါဝုန် မူလဂန္ဓကုဋိ ကျောင်းတော်၌ သိမ်းဆည်းထား သည်။ ဓာတ်တော်ကြုတ် အသစ်ကို မြန်မာနိုင်ငံ ပဲခူးမြို့မှ ဒေါ်....က လှူဒါန်းထားသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ဓာတ်တော်ဖွင့်ပွဲ နှင့် လှည့်လည်ပွဲ ပြုလုပ်သည်။

အမှတ် ၅၈–စေတီတော်အတွင်းမှလည်း ရွှေကြုတ်နှင့် မြတ်စွာ ဘုရား ဓာတ်တော်များ တွေ့ရသည်။ သီဟိုဠ်ကန္ဒီ စွယ်တော်တိုက်သို့ ပေးပို့ထားသည်။

## ၂။ တောင်ကြား ကျောင်းတော်ရာ

မဂလ္လာတောင်စွယ်၌ ခုရမ်ဂုဂျာရွာနှင့် ခုရမ်ပြချာရွာ နှစ်ရွာ အကြား လူသူကင်းဝေးသည့် တောင်ကြား၌ တည်ရှိသည်။ ထို့ကြောင့် တက္ကသိုလ်ပြည်သို့ နိုင်ငံခြားမှ ကျူးကျော်တိုက်ခိုက်လာသော ရန်သူ များ၏ ဘေးရန်မှ ကင်းလွတ်ခဲ့၍ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များ၏ ခိုကိုးရာဌာနတခု ဖြစ်ခဲ့သည်။ တောင်နံရံ၌ တည်ရှိသဖြင့် တောင် ပေါ်မှ ၁၂-ရာသီ စီးကျနေသော စမ်းချောင်းငယ်တခု ရှိသဖြင့် အမြဲ မပြတ် ရေရရှိနိုင်သည်။

စေတီတော်နှစ်ဆူနှင့် ကျောင်းတော်ရာနှစ်ခု ရှိသည့်အနက် တခုမှာ စမ်းချောင်း၏ အပေါ်၌ရှိ၍ တခုမှာ စမ်းချောင်း၏ အနောက်ဘက်၌ ရှိသည်။ ပထမ ကျောင်းတော်ရာမှာ ဂိုက် ၁၂၀-နှင့် ဂိုက် ၆၀ ရှိသည်။ စေတီတော်မှာ ပြိုပျက်နေ၍ ၆၂-စတုရန်းပေ ကျယ်သည်။ ဉာဏ်တော်အမြင့် ၁၅-ပေသာ ရှိတော့သည်။ ဒုတိယ ကျောင်းတော်ရာ မှာ မိုးရည်တိုက်စားမှုကြောင့် တောင်စောင်း၌ ပြိုကျနေသည်။ ဤနေရာ မှာ အလွန် လက်ရာမြောက်သည့် ကျောက်ရုပ်တုများ တွေ့ရှိရပါသည်။

## ၃။ ကုဏာလစေတီတော်နှင့် ကျောင်းတော်ရာ

ကုဏာလသည် အသောကမင်းကြီး၏ သားတော်ဖြစ်သည်။ ထို သားတော် ကုဏာလကို အကြောင်းပြု၍ ဤစေတီကို ကုဏာလစေတီဟု ခေါ်တွင်ခဲ့ကြသည်။ ဟထိယလ်တောင်၏ မြောက်ဘက် ဆင်ခြေ လျှော၌ တည်ရှိသည်။ ဤစေတီတော်သို့ တရုတ်ရဟန်းတော် ဟူယင် ဆန် ရောက်ရှိ၍ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

စေတီတော်ကြီးသည် ဉာဏ်တော် ပေ ၁၀၀-မြင့်သည်။ မျက်မမြင် များသည် ဤစေတီကို လာရောက်ဖူးမြော်ပါက ပြန်လည်၍ မျက်စိ အလင်း ရရှိနိုင်သည်ဟူသော ယုံကြည်ချက်ဖြင့် လာရောက် ဖူးမြော် ကြသည်။

ဤစေတီတော်မှာ ဘုရင့်အမိန့်ဖြင့် မျက်လုံး အထုတ်ခံရရှာသော သားတော် ကုဏာလမင်းသားကို သတိရသည့်အနေဖြင့် အသောက မင်းကြီးက တည်ခဲ့ခြင်း ဖြစ်ပေသည်။ အသောကမင်းကြီး အလွန် မြတ်နိုး၍ မြှောက်စားခြင်းခံရသော တိဿရက္ခိတာ အမည်ရှိ မိဖုရား တပါးသည် သားတော် ကုဏာလကို မွဲ့တဲ့လမ်းလမ်း တပ်မက်ခဲ့သည်။ မိဖုရားသည် မိမိစိတ်ကို မထိန်းနိုင်ပဲ ကုဏာလမင်းသားအား ချစ် ကြောင်း ကြိုက်ကြောင်း ဖွင့်ဟပြောကြား၍ အချစ် တုံ့ပြန်ပါရန် တောင်းပန် တိုးလျှိုးခဲ့သည်။ ကုဏာလ မင်းသားက ရှင်မိဖုရား၏ အချစ်ကို ပြက်ရယ်ပြု၍ ငြင်းပယ်လိုက်သည်။ မိဖုရားသည် အရှက်ပေါ် အမျက်ဆင့်၍ လက်စားချေရန် ကြံစည်ပမ်းလေတော့သည်။ တိဿရက္ခိတာ မိဖုရားသည် ကုဏာလမင်းသားကို မျက်စိနှစ်လုံး ဖောက်ထုတ်ပစ်ရန် အမိန့်စာပေါ်၌ ဘုရင့် တံဆိပ်တုံးကို တိတ်တဆိတ်ရယူ ရိုက်နှိပ်ခဲ့သည်။ ထိုအမိန့်စာသည် တက္ကသိုလ်ပြည် ကုဏာလမင်းသားထံ ရောက်ရှိ၍ ကုဏာလမင်းသားကို မျက်လုံးနှစ်စုံ ဖောက်ထုတ်၍ ရာထူးမှ ရုပ်သိမ်း လိုက်သည်။ မျက်မမြင် မင်းသားသည် လမ်းမပေါ်၌ သီချင်းဆို တောင်းစားရသည့်ဘဝသို့ ရောက်ရှိခဲ့သည်။ ကုဏာလ မင်းသားသည် တရွာဝင် တရွာထွက် လှည့်လည် တောင်းစားနေခဲ့ရာ နောက်ဆုံးတွင်

ပါဋ္ဌလိပုတ် နေပြည်တော်သို့ ရောက်ရှိခဲ့သည်။ အသောကမင်းတရားကြီးသည် ကုဏာလ၏ အသံကိုမှတ်မိ၍ ရွှေတော်သွင်းစေသည်။ ဖြစ်ပျက်ပုံအလုံးစုံကို သိရသောအခါ မင်းကြီးသည် မိဖုရားကို သေဒဏ် ချမှတ်လိုက်သည်။ ကုဏာလမင်းသား၏ တောင်းပန်မှုကြောင့် မိဖုရားအား အသက်ချမ်းသာ ပေးခဲ့သည်။

သို့ရာတွင် ယခုတွေ့ရှိရသော စေတီတော်မှာ အသောက ခေတ်က လက်ရာနှင့် မတူချေ။ စေတီတော်အောက်ခြေမှာ လေးထောင့်ပုံ ဖြစ်၍ ၆၃-ပေ၊၁၀၅-ပေရှိသည်။ ပစ္စယာ သုံးဆင့်ရှိ၍ ထိပ်ဆုံးတွင် လိပ်ခုံးပုံ ပြုလုပ်ထားသည်။

စေတီတော်၏အနောက်ဘက်၌ ပေ ၂၀၀-ခန့်ကျယ်သော ကျောင်းတော်ရာတခု ရှိသည်။

## ၄၈ မိုဟာရာမိုရာဒု

ပါကစ္စတန်နိုင်ငံ(ဂန္ဓာရတိုင်း)အတွင်း၌ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံများမှာ မိုဟာရာမိုရာဒု၊ ပိပ္ပလာနှင့် ဂျောက်လီယန်တို့ ဖြစ်သည်။မိုဟာရာမိုရာဒုသည် ဆိရ်ဆုခ်မြို့၏ အရှေ့တောင်ဘက် တမိုင်အကွာတွင် တည်ရှိသည်။ ကျောင်းတော်ရာတခုနှင့်စေတီတော်နှစ်ဆူရှိသည်။စေတီတော်ကြီး၌ ဖိနပ်တော်မှ သပိတ်မှောက် အထိ အင်္ဂတေရုပ်လုံးများ အပြည့် တန်ဆာဆင်ထားသည်။၎င်းရုပ်လုံးများမှာ ယခင်က အနီ၊အဝါ၊အညို စသည့် ဆေးများခြယ်ထားခဲ့ပုံရသည်။ ဗုဒ္ဓရုပ်တုတော်နှင့် ဘုရားလောင်း ရုပ်တုများ၊ နတ်ရုပ်များ စသည်ဖြင့် မျိုးစုံလှသည်။ အရုပ်များ၏ ဝတ်စားဆင်ယင်မှုကိုကြည့်၍ ထိုခေတ်တက္ကသိုလ်ပြည်သူတို့၏ အဝတ်အစားနှင့်လက်ဝတ်ရတနာများကို မှန်းဆကြည့်နိုင်ပါသည်။ရုပ်တုများမှာ ဂရိတ်ပညာရှင်တို့၏ နည်းစနစ်အတိုင်း ထုလုပ်ထားသည်။စေတီတော် အငယ်မှာလည်း အလားတူရုပ်တုများဖြင့် တန်ဆာဆင်ထားသည်။

စေတီတော်နှင့်ဆက်လျက်တည်ရှိသော ကျောင်းဆောင်မှာ နှစ်ထပ်တိုက်ဖြစ်၍ အိပ်ခန်း ၂၇-ခန်းနှင့် ခန်းမဆောင်တခု၊ မီးဖိုဆောင်နှင့် အခြားအခန်းများ ပါရှိသည်။ အခန်းများ၏ ရှေ့မျက်နှာစာတွင်လည်းကောင်း၊ နံရံရှိလိုဏ်ငယ်များတွင်လည်းကောင်း ရုပ်လုံး၊ ရုပ်တုများဖြင့် တန်ဆာဆင်ထားသဖြင့် အသက်ဝင်လှပေသည်။ ဤကျောင်းဆောင်၏ အခန်းနံပါတ် ၃-တွင် အချိုးအစားကျ လှပသော ၁၂-ပေမြင့်သည့် စေတီငယ်တဆူကို တွေ့ရသည်။

## ၅။ ပိပ္ပလာ

ပိပ္ပလာသည် မိုဟာရာမိုရာဒုနှင့် မဝေးလှသဖြင့် ပိပ္ပလာမှ ဆက်လက်သွားနိုင်ပါသည်။ ကုရှန်မင်းများ ခေတ်က ဆောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။ မိုဟာရာမိုရာဒုထက် အရွယ်အစား အနည်းငယ်ခန့် သေးငယ်သည်။ သက်သိုင်ရာက ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။

## ၆။ ဂျောက်လီယန်

မိုဟာရာမိုရာဒုမှအရှေ့မြောက်သို့ တမိုင်ခန့်သွားလျှင် ဂျောက်လီယန်သို့ ရောက်မည်။ ကျောင်းတော်များမှာ ပေ ၃၀၀-မြင့်သော တောင်ကုန်းပေါ်၌ရှိသည်။ ကျောင်းတော်ကြီးနှစ်ခုနှင့် စေတီတော်များစွာကို တွေ့နိုင်သည်။ အေဒီ ၂-ရာစုလက်ရာများဖြစ်၍ မီးလောင်ပြီး ပျက်စီးခဲ့ပုံရသည်။ ဗိသုကာ အနုပညာလက်ရာများမှာ ပို၍အနုစိပ်သည်။

ပင်မစေတီတော်ကြီးမှာ ကျောင်းတော်ရာ၏ အလယ်၌ တည်ရှိ၍ စေတီတော်ပတ်လည်၌ အင်္ဂတေရုပ်လုံးများအပြင် စေတီရံများလည်း ရှိသည်။ ရုပ်ပွားတော်အလှူရှင်နှင့် စေတီတော်ဒါယကာ အမည်များကို ခရောဋ္ဌီအက္ခရာဖြင့် ရေးထိုးထားသည်။ ဤကျောင်းတော်ရာမှ တွေ့ရသောပစ္စည်းများအနက် အထူးဆန်းဆုံးပစ္စည်းမှာ သက္ကတဗုဒ္ဓဘာသာစာများကို ဗြဟ္မီအက္ခရာဖြင့် ရေးထားသည့် သစ်ခွံ(သစ်ခေါက်)တခု ဖြစ်သည်။

## ၇။ ဗဒလ်ပူရ်

ဘောရာရွာအနီး ဗဒလ်ပူရ်တောင်ကုန်းပေါ်၌ စေတီတော်ကြီးတဆူ တည်ရှိသည်။ စေတီတော်မှာ သိုက်တူးသမားများလက်ချက်ဖြင့် ပျက်စီးနေသည်။ ဘလ္လာစေတီ၊ ကုဏာလစေတီတို့နှင့် ဆင်တူသည်။

## ၈။ လာလ်ချတ်ခ်

လာလ်ချတ်ခ်ကျောင်းတော်ရာသည် ဂါဟီဆိုင်းယဒန်ရွာသို့ သွားသည့် လမ်းဘေး၌ ရှိသည်။ အေဒီ ၅-ရာစုက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကြည့်ရှုစရာ အထူးအထွေမရှိချေ။

## ၉။ ဘလ္လာစေတီတော်

တက္ကသိုလ်ဘူတာရုံမှ ၅-မိုင်အကွာ ဆာရ်ဒါတောင်ကုန်းပေါ်၌ တည်ရှိသည်။ ဤစေတီတော်ကြီးကို ဘုရားအလောင်းတော်သည် အစာငတ်နေသော ကျားတကောင်အား မိမိဦးခေါင်းကို ထိုးကျွေးခဲ့သည့်နေရာ၌ အထိမ်းအမှတ်အဖြစ် အသောကမင်းကြီးတည်ဆောက်ခဲ့ကြောင်း၊ သုတ္တန္တိကဂိုဏ်းကို တည်ထောင်သော ကုမာရိလဒ္ဓသည် ဤ ကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံး၍ ကျမ်းပြုကြောင်းဖြင့် ဟူယင်ဆန်က မှတ်တမ်းတင်ခဲ့သည်။

## ၁၀။ ဂျန်ဒီယာလ်

ဆိရ်ကတ်ပ်အရပ်နှင့် မလှမ်းမကမ်း ကချာကောတ ခေါ်သော အရပ်၌ ရှိသည်။ ဤကျောင်းဆောင်များမှာ ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် မတူပဲ ဇိုရိုအက်စတာ ဘာသာဝင်တို့၏ မီးနတ်ပူဇော်သည့်ကျောင်းနှင့်တူသည်။ သို့ရာတွင် အနီးအပါးရှိ စေတီပျက်များမှာ ဗုဒ္ဓဘာသာနှင့် ဆိုင်သည်။

## ၁၁။ ဆိရ်ကတ်ပ်(တက္ကသိုလ်မြို့ဟောင်း)

တက္ကသိုလ်မြို့တော်ဟောင်းကို ဆိရ်ကတ်ပ်အရပ်၌ တွေ့ရှိရသည်။ ဘီစီ ၂-ရာစုက တည်ဆောက်ခဲ့၍ အေဒီ ၁-ရာစုအထိ တည်ရှိခဲ့သည်။ မြို့တံတိုင်းကာရံထား၍ အလယ်ရှိလမ်းမကြီးသည် မြို့တော်ကိုထက်ဝက်ခွဲထားသည်။ နန်းတော်မှာ မြို့၏အနောက်ဘက်အစွန်၌ တည်ရှိသည်။

မြို့ဟောင်းအတွင်း အကွက်အမှတ် (ဒီ)၌ စေတီတော်ကြီးတဆူ၏ အုတ်ခုံကို တွေ့ရသည်။အိမ်တိုင်း၌ စေတီရှိကြသည်။ စေတီတော်များ၌ ဗုဒ္ဓရုပ်တုတော်ထားရန် လိုဏ်ငယ်များရှိသည်။ လိုဏ်ငယ် အသီးသီး၏ အထက်၌ လင်းယုန်ရုပ်များ ရှိသည်။

## ၁၂။ ဆိရ်ဆုခ်

ဆိရ်ဆုခ်သည် တတိယ တက္ကသိုလ် မြို့တော်ဟောင်း ဖြစ်သည်။ ခန်ပူရ်မြို့သို့သွားသော ကားလမ်းမကြီးဘေး၌ ရှိသည်။ အေဒီ ၁-ရာစု ကုန်ခါနီး၌ ကုရှန်မင်းများ တည်ဆောက်ခဲ့သည်။

## ၁၃။ ဘီရ်တောင်ကုန်း

ရှေးအကျဆုံးဖြစ်သော တက္ကသိုလ်မြို့တော်ဟောင်းကို ဘီရ်တောင်ကုန်း၌ တူးဖော်တွေ့ရှိသည်။ပြတိုက်နှင့် ကပ်လျက်တည်ရှိသည်။ အမှန်စင်စစ်ပြတိုက်သည်ပင်လျှင်မြို့ဟောင်းအတွင်း၌ရှိသည်။အချို့အဆောက်အအုံများမှာ ဘီစီ ၇-ရာစုကဖြစ်၍ အချို့မှာ ဘီစီ၃-ရာစုက ဖြစ်သည်။ နောက်အကျဆုံး အဆောက်အအုံမှာ မောရိယစေတီဖြစ်သည်။

## ၁၄။ ပြတိုက်

တက္ကသိုလ်မြို့တော်ဟောင်းသို့ သွားရောက်လေ့လာသူ မှန်သမျှသည် ကျောက်စာဌာနကိုမူ မလွတ်တမ်း ကြည့်ရှုလေ့လာ သင့်လှပေသည်။ ရှေးဟောင်းဗုဒ္ဓရုပ်တုတော်များ၊ ရုပ်လုံးများ၊ ဒင်္ဂါးများ၊ တံဆိပ်တုံးများကို တွေ့နိုင်ပါသည်။

ဒုက္ခရစရိယာ ကျင့်တော်မူပုံ ရုပ်ပွားတော်သည် ဂန္ဓာရ ကျောက်ဆစ် ပညာရှင်တို့၏ ရင်သပ်ရှုမောဖွယ် အံ့ဩလောက်စရာ အနုပညာ လက်ရာကို ဖော်ပြနေပါသည်။

## တက္ကသိုလ်ပြည်သမိုင်း

တက္ကသိုလ်ပြည်သည် ဂန္ဓာရတိုင်း၌ တည်ရှိ၍ အိန္ဒိယ နိုင်ငံကြီး၏ အနောက်ဘက် တံခါးဝအဖြစ် တည်ရှိသည်။ ပါရှားနိုင်ငံ အစရှိသော အနောက်နိုင်ငံများနှင့် တရုတ် နိုင်ငံတို့မှ ကုန်သည်များသည် တက္ကသိုလ်ပြည်မှတဆင့် အိန္ဒိယနိုင်ငံနှင့် ကူးသန်းရောင်းဝယ်မှု ပြုကြရသည်။ အိန္ဒိယနိုင်ငံသို့ ကျူးကျော်တိုက်ခိုက်သော စစ်တပ်များသည်လည်း တက္ကသိုလ်ပြည်ကို ဖြတ်သန်းလာကြရသည်။ ရှေးခေတ် အဆက်ဆက် ကြီးကျယ်ခမ်းနားခဲ့သော မြို့တော်ကြီးသည် ကျူးကျော်လာသော တပ်များ၏ ဒေါသမုန်တိုင်းကြောင့် ယခုအခါ ကြေမွပျက်စီးနေသော အုတ်ကျိုး အုတ်ပဲ့များကိုသာ တွေ့ကြရတော့သည်။

တက္ကသိုလ်ပြည်၏ အတိတ်သမိုင်းသည် အစရှာမရလောက်အောင် ရှည်လျား ဝေးလံလှပေသည်။ ပညာမျိုးစုံ သင်ကြားပေးရာဌာနအဖြစ် ကျော်ကြားခဲ့ပေသည်။ ငါးရာ ငါးဆယ် ဇာတ်တော်များ၌ တက္ကသိုလ်ပြည်အကြောင်းကို ဖော်ပြထားသည်။ မဟာဘာရတကျမ်းကြီး၌လည်း တက္ကသိုလ်ပြည်ကို ဇနမေဇယဘုရင် အုပ်စိုးကြောင်း ပါရှိသည်။ ရံခါ ပါရှားအင်ပါယာအတွင်း ကျရောက်ခဲ့၍ ပါရှားဘုရင်များ၏ ဂုဏ်ယူဖွယ်ရာ ကိုလိုနီတခု ဖြစ်ခဲ့သည်။

ဘီစီ ၃၂၆-ခုနှစ်တွင် အလက်ဇန္ဒား ဘုရင်ကြီးသည် အိန္ဒိယနိုင်ငံကြီးကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက်လာသောအခါ တက္ကသိုလ်ပြည်မှ အမ္ဘိဘုရင်သည် လုံးဝ ခုခံတိုက်ခိုက်ခြင်း မပြုရုံသာမက တိုင်းပြည်ကို ထိုးအပ်၍ မိမိစစ်တပ်ကိုပါ အလက်ဇန္ဒား ဘုရင်ဘက်မှ ကူညီတိုက်ခိုက်စေခဲ့သည်။ ဤနည်းအားဖြင့် ဂန္ဓာရတိုင်းကြီးတခုလုံး ဂရိတ်တို့၏

**လက်အောက်သို့ ကျရောက်ခဲ့သည်။ထို့ကြောင့် ဂန္ဓာရတွင် ဂရိတ်တို့၏ ကျောက်ဆစ် အနုပညာ ထွန်းကားခဲ့သည်။**

ထို့နောက် မောရိယမင်းဆက်ကို တည်ထောင်သည့် စန္ဒဂုတ်မင်းကြီး နန်းတက်လာသောအခါ ဂရိတ်တို့ကို ဂန္ဓာရတိုင်းမှ မောင်းထုတ်နိုင်ခဲ့သည်။စန္ဒဂုတ်မင်းကြီး၏ သားတော် ဗိန္ဒုသာရမင်းကြီးလက်ထက်၌ ဂန္ဓာရသည် ပုန်ကန်လာကြသဖြင့် သားတော် အသောက မင်းသားက ချီတက်နှိမ်နင်း၍ တက္ကသိုလ်ပြည်၌ ဘုရင်ခံအဖြစ် အုပ်ချုပ်ခဲ့သည်။ စန္ဒဂုတ်မင်းကြီး၏ ပညာရှိအမတ် စာဏကျပုဏ္ဏားသည် တက္ကသိုလ်ပြည်၌ မွေးဖွားသည်ဟု ဆိုကြသည်။မောရိယအင်ပါယာကြီး ပျက်သုဉ်းသောအခါ ဆစ်သီယန်ခေါ် သကမင်းများက တက္ကသိုလ်ပြည်ကို အုပ်ချုပ်ခဲ့သည်။ ဆိရ်ကတ်ပ်ဒေသ၌ တွေ့ရသော ကျောင်းပျက်၊စေတီပျက်များမှာ ပါသီယန်ခေတ်က ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အေဒီ ၆၀-နှင့် ၆၄-ခုနှစ်အတွင်း၌ တက္ကသိုလ်ပြည်ကို ကုရှန်မင်းများ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ကုရှန်ခေတ်၌ စေတီနှင့် ဘုန်းကြီးကျောင်းတိုက်ကြီးများ အများအပြား တည်ဆောက်ခဲ့သည်။ အေဒီ ၂-ရာစုတွင် ကုရှန်မင်းဆက်မှ ကနိသျှက ဘုရင်ကြီးသည် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ရာ၌ ဒုတိယ အသောကမင်းကြီးဟု ဆိုလောက်ပေသည်။ ကုရှန်မင်းများ မတိုင်မီက အုပ်ချုပ်ခဲ့သော ဂရိတ်နှင့် သကမင်းများသည်လည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်း၍ ဗုဒ္ဓဘာသာကို ချီးမြှောက် ထောက်ပံ့မှု ပြုခဲ့ကြပါသည်။

ရှေးခေတ်က ကျူးကျော်တိုက်ခိုက် သိမ်းပိုက်သော နိုင်ငံခြားသား ဘုရင်များသည် တိုင်းရင်းသားတို့၏ ကိုးကွယ်မှု ဘာသာအယူဝါဒကို ဖျက်ဆီးခြင်းမပြုပဲ မိမိတို့ကိုယ်တိုင် လိုက်လျောညီထွေ ကျင့်သုံး၍ ဘာသာရေးကို အားပေးထောက်ပံ့ခဲ့ကြသည်။ သို့ရာတွင် အေဒီ ၄၅၀ တွင် ဟန်းလူမျိုး အရိုင်းအစိုင်းများသည် တောမီးလောင်သကဲ့သို့ ကမ္ဘာ အနှံ့အပြား တိုက်ခိုက် သိမ်းပိုက်၍ ကမ္ဘာ့ ယဉ်ကျေးမှုမှန်သမျှကို ချေမှုန်း ဖျက်ဆီးခဲ့ကြသည်။ဟန်းလူမျိုးများသည် အိန္ဒိယနိုင်ငံအလယ်

ပိုင်းအထိ ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးခဲ့ရာ၌ တက္ကသိုလ်ပြည်မှာ တံခါး ဝ ဖြစ်သဖြင့် အပြင်းထန်ဆုံး ချေမှုန်းဖျက်ဆီးခြင်း ခံလိုက်ရသည်။ အေဒီ ၄၄၀-တွင် ဖာဟိယန်သည် တက္ကသိုလ်ပြည်သို့ ရောက်ခဲ့၍ ဘုန်းကြီး ကျောင်းတိုက်ကြီးများ စည်ကားပုံကို မှတ်တမ်းတင်ခဲ့သည်။ အေဒီ ၇-ရာစုတွင် ဟူယင်ဆန် ရောက်သောအခါ ဘုန်းကြီးကျောင်း အများစုမှာ ပျက်စီးလျက်ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

မင်္ဂိုဘုရင်များ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်လိုက်သောအခါတွင်မူ တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းအပါအဝင် အိန္ဒိယ အနောက်မြောက်ပိုင်း တခုလုံးမှ ဗုဒ္ဓဘာသာ လုံးဝ ပျောက်ကွယ်ခဲ့ရလေသည်။ ယခုအခါ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အံ့သြဖွယ်ရာစေတီပျက်ကြီးများနှင့် ကျောင်းပျက်ကြီးများကို ကြည့်ရှု၍ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ကို ပြန်ပြောင်း ပြောဆိုကြရတော့သည်။

နောက်ဆက်တွဲ [ ဂ ]

## အိန္ဒိယ ပြတိုက်များအတွင်းရှိ

# ရုပ်ပွားတော်နှင့် နတ်ရုပ်များ

ဘုရားဖူးဌာနအသီးသီးတွင် ပြတိုက်များ ရှိသည်။ ထိုပြတိုက်များ၌ ဗုဒ္ဓရုပ်ပွားတော်နှင့် နတ်သား၊နတ်သမီးရုပ်များကို တွေ့ကြရပေမည်။

ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်မှုသည် အိန္ဒိယနိုင်ငံ၌ ဘီစီ ၁-ရာစုတွင် စတင်ခဲ့သည်။ ယခင်ကမူ မြတ်စွာဘုရားရှင်သည် ရူပ အစိန္တေယျဂုဏ်နှင့်ပြည့်စုံတော်မူ၍ မည်သူမျှ တူအောင်မထုလုပ်နိုင်ဟု အယူရှိခဲ့ကြသည်။ဆန်ချီစေတီတော်နှင့်ဗာရ်ဟုတ်စေတီတော်၌ မြတ်စွာ ဘုရား ရုပ်ပုံတော်ကို ဖော်ပြရမည့်နေရာ၌ ဗောဓိပင်ပုံ၊ ဓမ္မစကြာပုံ၊ ပလ္လင်ပုံ၊ သို့မဟုတ် ခြေတော်ရာပုံတို့ကို ထုလုပ်ခဲ့ကြသည်။ အသောက ခေတ်တိုင်အောင် ထေရဝါဒ ဗုဒ္ဓဘာသာက လွှမ်းမိုးထားသဖြင့် ဗုဒ္ဓ ရုပ်ပွားတော်များ ထုလုပ်ခြင်း မပြုခဲ့ကြချေ။ နောက်ပိုင်းတွင် အိန္ဒိယ တပြည်လုံး မဟာယာနဗုဒ္ဓဘာသာ လွှမ်းမိုးလာသဖြင့် ဗုဒ္ဓရုပ်ပွားတော် များ ထုလုပ်မှုကို ပြုလုပ်လာကြသည်။ထို့ပြင် ဂရိတ်တို့၏ ကျောက်ဆစ် အနုပညာကလည်း တွန်းကားလာသဖြင့် ကျောက်တုံးများ၊ အင်္ဂတေ၊ သို့မဟုတ် အုတ်တို့ဖြင့် ဗုဒ္ဓ ရုပ်ပွားတော်များ ထုလုပ်လာကြသည်။ မဟာယာန ဗုဒ္ဓဘာသာသည် ပြင်ပ အမွှမ်းတင် အခမ်းအနားများကို ဦးစားပေးလာကြသည်။ ရုပ်ပွားတော်၏ တင့်တယ်သပ္ပာယ်မှုမှတဆင့် ဗုဒ္ဓဘုရားရှင်ကို အာရုံပြုလာခြင်းကို လူများစုက ကြိုက်နှစ်သက်လာကြ သည်။နောက်ဆုံးတွင် ထေရဝါဒဗုဒ္ဓဘာသာကလည်း ကျေနပ် လက်ခံ ယလာသည်။ ဘုန်းကြီးကျောင်း မှန်သမျှ ဗုဒ္ဓရုပ်ပွားတော် မရှိမဖြစ် လိုအပ်လာလေသည်။

### မုဒြာများ

ဗုဒ္ဓရုပ်ပွားတော်များသည် လျောင်းတော်မူပုံ၊ ထိုင်တော်မူပုံ၊ ရပ် တော်မူပုံ၊ ဒေသစာရီခရီး ကြွချီတော်မူပုံဟူ၍ အကျဉ်းချုပ်အားဖြင့်

**လေးမျိုးရှိပါသည်။ လျောင်းတော်မူပုံ၏အောက်ခံမှာ ညောင်စောင်းပုံ ဖြစ်သည်။ ထိုင်တော်မူပုံအောက်ခံမှာ စမ္မခဏ်ခေါ် သားရေနယ်အခင်း** ပလ္လင်တော်၊ သို့မဟုတ် ကြာပွင့်ပုံဖြစ်သည်။အထူးအားဖြင့် မဟာယာန တို့သည် ကြာပွင့်ပလ္လင် ထုလုပ်လေ့ရှိကြသည်။ ထို့ပြင် ဆင်ရုပ်ခံပလ္လင်၊ မြင်းရုပ်ခံပလ္လင်၊ မျောက်ရုပ်ခံပလ္လင် စသည်ဖြင့် ထုလုပ်ကြသေးသည်။ ဗုဒ္ဓရုပ်ပွားတော်၏ လက်အနေအထား (လက်ဟန်)နှင့် ခြေတော်အနေအထားကို မုဒြာဟု ခေါ်သည်။

## ၁။ ပဒုမာသနမုဒြာ

ပဒုမာကြာပန်းကဲ့သို့ ထိုင်တော်မူဟန်ဖြစ်သည်။ကမ္မဋ္ဌာန်းအားထုတ်သောအခါ၌ ထိုင်နည်းဖြစ်သည်။ ညာဘက် ခြေဖဝါးကို ဗယ်ဘက် ပေါင်ပေါ်၌ တင်၍၊ ဗယ်ဘက်ခြေဖဝါးကို ညာဘက်ပေါင်ပေါ်တွင် တင်ပြီး တင်ပျဉ်ခွေ ထိုင်နေတော်မူပုံ ဖြစ်သည်။ လက်နှစ်ဘက်ကို ထပ်လျက် တင်ပျဉ်ခွေပေါ်၌ တင်ထားသည်။

## ၂။ ဓမ္မစကြာမုဒြာ

ပဒုမာသနထိုင်နည်းဖြင့် တင်ပျဉ်ခွေ ထိုင်တော်မူသည်။လက်တော် နှစ်ဘက်မှာ ရင်ညွန့်လောက်တွင်ရှိသည်။ ညာဘက် လက်ချောင်းများ တွင် လက်ညှိုးကိုကွေး၍လက်မနှင့်ထိထားသည်။ထိုလက်မနှင့် လက်ညှိုး သည် ဗယ်ဘက်လက်မှ လက်ခလယ်ကိုထိလျက်ရှိသည်။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးကို တပါးချင်း လက်ချိုးရေတွက်ပြ၍ ဓမ္မစကြာတရား ဟောတော်မူနေပုံ ဖြစ်ပါသည်။ မိဂဒါဝုန်၌ ဓမ္မစကြာမုဒြာ ပုံကို အများဆုံး တွေ့ရတတ်သည်။

## ၃။ ဘူမိဖဿမုဒြာ

ပဒုမာသနထိုင်နည်းအတိုင်း တင်ပျဉ်ခွေ ထိုင်တော်မူ၍ ဗယ်ဘက် လက်ဖဝါးကို လှန်လျက် တင်ပျဉ်ခွေပေါ်၌ တင်ထားသည်။ ညာဘက် လက်ဖဝါးကို ညာဘက်ဒူးပေါ်၌မှောက်လျက်တင်ထား၍ လက်ချောင်း

များမှာ အောက်သို့စိုက်နေသည်။ မဟာပထဝီမြေကြီးကို သက်သေ ညွှန်း၍ မာရ်နတ်သားကို အောင်မြင်သည့် အမိပွာယ်ဖြင့် ထုလုပ်ကြ သည်။ (ဘူမိ=မြေ+ဖဿ=ထိခြင်း)

### ၄။ အဘယမုဒြာ

ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ ချမ်းသာပါစေဟု ဆုပေးနေပုံ ဖြစ်သည်။ မတ်ရပ်တော်ပုံ၌ ညာဘက်လက်တော်မှာ လက်ဖဝါးသည် ပခုံးတော်နှင့်အညီဖြစ်အောင် တံတောင်ဆစ်မှ ကွေးထားသည်။ လက် ဖဝါးသည် ရှေ့ဘက်သို့ လှည့်ထားသည်။ ဗယ်ဘက် လက်တော်ကို မှောက်လျက်ထား၍ အောက်သို့ဆန့်ချထားသည်။ရှေးခေတ်က အိန္ဒိယ ပြည်သားတို့သည် အချင်းချင်း တွေ့ဆုံနှုတ်ဆက်ရာ၌ 'ချမ်းသာပါစေ' ဟု နှုတ်ကရွတ်ဆိုလျက် လက်ဖဝါးကို ဤ အနေအထားမျိုး ပြ၍ နှုတ်ဆက်လေ့ ရှိကြသည်။ (အဘယ=ဘေးရန်ကင်းခြင်း)

### ၅။ ဈာနမုဒြာ

ဈာန်သမာပတ် ဝင်စားနေပုံဖြစ်ပါသည်။ ပဒ္မာသန ထိုင်နည်း အတိုင်း တင်ပျဉ်ခွေထိုင်လျက် မျက်လုံးတော်နှစ်စုံမှာ မှိတ်ထားသည်။ လက်ဖဝါးနှစ်ဘက်ကိုလှန်လျက် အချင်းချင်းထပ်ပြီးလျှင် တင်ပျဉ်ခွေ ပေါ်၌ တင်ထားသည်။

### ၆။ ပိဏ္ဍပါတမုဒြာ

ဆွမ်းခံကြွတော်မူဟန် ဖြစ်ပါသည်။လက်တော်နှစ်ဘက်သည် သပိတ် တော်ကို ပိုက်ထားသည့်ပုံတော် ဖြစ်ပါသည်။ (ပိဏ္ဍပါတ=ဆွမ်း)

### ၇။ ပရိနိဗ္ဗာန မုဒြာ

ပရိနိဗ္ဗာန် စံတော်မူပုံဖြစ်သည်။ မြောက်ဘက်သို့ ဦးခေါင်းတော် ပြု၍ အနောက်ဘက်သို့ မျက်နှာမူလျက် လဲလျောင်းတော် မူနေပုံ ဖြစ်သည်။ မျက်လုံးတော်နှစ်စုံမှာ မှိတ်နေသည်။ ကုသိနာရုံရှိ ပုံတော် သည် ပရိနိဗ္ဗာနမုဒြာ ဖြစ်သည်။

**သက်န်းတော်**

ဗုဒ္ဓရုပ်ပွားတော်များမှာ အချို့ရုပ်ပွားတော်၌ သင်္ကန်းတော်သည် ပခုံးနှစ်ဘက်စလုံးဖုံး၍ အချို့ရုပ်ပွားတော်၌ ပခုံးတဘက်သာ ဖုံးထားသည်။ အမိပွာယ်မှာ ကျောင်းတော်အတွင်း လူပရိသတ်ကင်းရှင်းချိန်၌ ပခုံးတဘက်သာ သင်္ကန်းဖုံးပါသည်။ လူပရိသတ်များအား တရားဟောချိန်၌လည်းကောင်း၊ မြို့ထဲ ရွာထဲ ကြွရာ၌လည်းကောင်း ပခုံးနှစ်ဘက်စလုံး ဖုံးအုပ်၍ သင်္ကန်းရုံထားပါသည်။

အထူး သတိပြုရန်မှာ အချို့ ရုပ်တုများမှာ သင်္ကန်း လုံးဝမပါပဲ တင်ပျဉ်ခွေထိုင်လျက်ပုံများ တွေ့ရတတ်သည်။ ၎င်းမှာ ဗုဒ္ဓနှင့် ခေတ်ပြိုင် ဂျိန်းဘုရား မဟာဝီရ၏ပုံဖြစ်သည်။ ထို့ကြောင့် သင်္ကန်းတော် ပါ၊ မပါ ဂရုပြု၍ ကြည့်ရှု ပူဇော်ကြရန် ဖြစ်ပါသည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်နောက်၌ စက်ဝိုင်းပုံတခု ရှိတတ်သည်။ အဓိပ္ပာယ်မှာ မြတ်စွာဘုရား၏ ကိုယ်တော်မှ အလို အလျောက် ရောင်ခြည်တော်များ အမြဲတမ်း ကွန့်မြူး ထွက်ပေါ်လျက် ရှိပုံကို ဖော်ပြသည်။ တလံမျှလောက်သောရောင်ခြည်တော်(ဗျာမပဘာ) ဟု ခေါ်သည်။

ရံခါ ကျောက်ချပ်တခုတည်းမှာပင် ဘုရားလောင်း မယ်တော် မာယာ ဝမ်းသို့ ကိန်းအောင်းပုံ၊ ဖွားတော်မူပုံ၊ တောထွက်ခန်း၊ ဆံတော် ပယ်ခန်း၊ သဗ္ဗညုတဉာဏ် ရတော်မူ၍ ဘုရားဖြစ်ခန်း၊ ဓမ္မစကြာ ဟော တော်မူပုံ၊ ပရိနိဗ္ဗာန်စံတော်မူပုံများကို စုပေါင်းသရုပ်ဖော် ထုလုပ်ထား လေ့ရှိသည်။ ဤပုံတော်မျိုးကို မိဂဒါဝုန်ပြတိုက်၌ တွေ့ရသည်။

**နတ်ရုပ်များ**

ဘုရားလောင်း နတ်သားရုပ်များနှင့် အခြားသော နတ်သား နတ်သမီးရုပ်များကိုလည်း ပြတိုက်များ၌ တွေ့နိုင်ပါသည်။

## ၁။ အဝလောကိတေရွှရ ဘုရားလောင်းနတ်သား

မဟာယာန ဗုဒ္ဓဘာသာ၌ အရေးအပါဆုံးသော ဘုရားလောင်းနတ်သား ဖြစ်သည်။ လက်ယာဘက်လက်၌ အမြိုက်အိုးကို ကိုင်လျက် လက်ဝဲဘက်လက်၌ ကြာပန်းခိုင်၏အရိုးကို ကိုင်ထားသည်။ ရံခါ ၎င်း၏ နံဘေး၌ ဘြိကုဋိ(ဘူကုဋိ)နတ်သမီးရုပ်နှင့်တာရာနတ်သမီးရုပ်တို့က ခြံရံလျက်ရှိသည်။ ရုပ်တု၏ ခြေနင်းခုံပေါ်၌ သုစိမုခအမည်ရှိသော သတ္တဝါသည် ချမ်းသာပေးပါရန် တောင်းပန်နေသည့်ပုံ ပါရှိသည်။ အဝလောကိတေရွှရသည် သရဖူကို ဆောင်းထားသည်။ သရဖူ၏ ရှေ့ဘက်၌ ဗုဒ္ဓရုပ်ပွားတော် မပါရှိလျှင် ဟိန္ဒူနတ်ရုပ် ဖြစ်သည်။

## ၂။ ပဒုမပါဏိ ဘုရားလောင်းနတ်သား

လက်တဘက်က ကြာပန်းကို ကိုင်ထားသည်။ အခြားလက်တဘက်မှာ လက်ဝါးကိုဖြန့် ဘေးမဲ့ပေးဟန်(အဘယမုဒြာ)၊ သို့မဟုတ် လက်မနှင့် လက်ညှိုးကို ကွေး၍ ထိထားသည့် တရားဟောဟန် (ဓမ္မစကြာမုဒြာ) ဖြစ်သည်။

## ၃။ မဥ္ဇူသိရိ ဘုရားလောင်းနတ်သား

မဥ္ဇူသီရိခေါ် မံဂျူရှရီဘုရားလောင်းနတ်သားသည် ခြသေ့် ပေါ်၌ ထိုင်လျက် လက်များတွင် ကြာပန်း၊ ဓားရှည်နှင့် စာအုပ်ကို ကိုင်ထားသည်။

## ၄။ ဝဇီရာပါဏိ ဘုရားလောင်းနတ်သား

လက်ယာလက်တွင် ရေသင်းကို ကိုင်လျက် လက်ဝဲလက်တွင် ဝရဇိန်လက်နက်ကို ကိုင်ထားသည်။ သရဖူ၌ မြွေနဂါးများ ပါရှိတတ်သည်။ ရံခါ ခေါင်းသုံးလုံးနှင့် လက်ခြောက်ဘက် ပါရှိသည်။ ထိုအခါ လက်များထဲတွင် ပုတီး၊ လေးနှင့်မြား ပါရှိသည်။ ဘေး၌ ကပ်ထိုင်နေသော ရှတ်ကတိ(သတ္တိ)ခေါ် နတ်သမီးရုပ် ရှိတတ်သည်။

## ၅။ တာရာနတ်သမီးရုပ်

တာရာနတ်သမီးရုပ်မှာ အိန္ဒိယနိုင်ငံ နေရာတိုင်းမှာပင် တွေ့ရသည်။ အဝလောကိတေဿရ၏ မိဖုရားကြီး ဖြစ်သည်။ ဘေးရန်မှ ကာကွယ်စောင့်ရှောက်တတ်သည်ဟု ယူဆ၍ မဟာယာန ဗုဒ္ဓဘာသာဝင်များ အလွန် ကြည်ညိုကြသည်။ လက်ဝဲလက်ဖြင့် ကြာပန်းခိုင်၏ ကြာရိုးကို ကိုင်လျက် လက်ယာလက်မှာ လက်ဝါးဖြန့်ကာထားပုံ (အဘယမုဒြာ) ဖြစ်သည်။ ရံခါ ခြင်္သေ့ပေါ်၌ထိုင်လျက် ထုလုပ်ကြသည်။ (တာရာ=စောင့်ရှောက်ခြင်း)။

## ၆။ ပညာပါရမိတာ နတ်သမီးရုပ်

ဟိန္ဒူဘာသာ၌ သူရဿတီ နတ်သမီးသည် ဉာဏ်ပညာဆိုင်ရာ နတ်သမီး ဖြစ်သကဲ့သို့ မဟာယာန ဗုဒ္ဓဘာသာ၌ ပညာပါရမိတာ နတ်သမီးသည် ပညာကို ပိုင်ဆိုင်သည်။ မြတ်စွာဘုရားရှင်၏ ပညာပါရမီတော်ကို နတ်သမီးရုပ်အဖြစ် တင်စား၍ ထုလုပ်ထားခြင်း ဖြစ်သည်။ ကြာပလ္လင်ပေါ်၌ ထိုင်လျက် လက်တဘက်က ကြာပန်းကို ကိုင်ထားသည်။ ကြာပွင့်ပေါ်၌ စာအုပ်ပါရှိသည်။ ရံခါ လက်ဆယ်ဘက် ထုလုပ်ကြ၍ ရေချမ်းအိုး၊ ကျောက်ကွင်း၊ ခရုသင်း၊ စာအုပ် သို့မဟုတ် ကြာပန်း၊ ဒလံ၊ သစ်သီး၊ ပုတီး၊ ဓားရှည်တို့ကို ကိုင်ထား၍ ကျန်သော လက်တဘက်မှာ အဘယမုဒြာပုံ ဖြစ်သည်။

## ၇။ မာရိစိ နတ်သမီးရုပ်

မဟာယာန နတ်သမီးတပါး ဖြစ်သည်။ မျက်နှာသုံးဘက် ရှိသည်။ ထိုမျက်နှာ သုံးဘက်အနက် တခုမှာ ဝက်မျက်နှာ ဖြစ်သည်။ လက်ရှစ်ဘက်ပါ၍ လက်များသည် အပ်၊ ကြိုးစ၊ နှင်တံ၊ ကျောက်ကွင်း၊ လေးမြား၊ ဝဇိရ်လက်နက်၊ အသောကပန်းတို့ကို ကိုင်ထားသည်။ ဝက်ဆွဲသော၊ သို့မဟုတ် မြင်းဆွဲသော လှည်းကို စီးသည်။ (မရိစိ=တံလျှပ်)။

## ၈။ ဇမ္ဘုလနတ်သားရုပ်

စည်းစိမ်ဥစ္စာ ကြွယ်ဝအောင် မ,နိုင်သည်ဟုဆိုသည်။ လက်တဘက်က သစ်သီးကို ကိုင်ထား၍ ကျန် လက်တဘက်က ငွေအိတ်ကို ကိုင်ထားသည်။ ရံခါ လက်လေးဘက် ထုလုပ်၍ လက်များ၌ ရေချမ်းအိုး၊ ဓား ရှည်၊ ပန်းပွင့်နှင့် သရက်သီးကို ကိုင်ထားသည်။

## ၉။ တြိလောကဝိဇယ နတ်သားရုပ်

သျှိဝနှင့် ပါရ်ဗတီကို အပေါ်မှ ဖိနင်းထားလျက် စိတ်ဆိုးနေသည့်ပုံ ဖြစ်သည်။

(တြိလောက=လောကသုံးပါး+ဝိဇယ=အောင်မြင်ခြင်း)။

## ၁၀။ ဟာရိတီ နတ်သမီးရုပ်

ဇမ္ဘုလနတ်သား၏ နတ်မိဖုရား ဖြစ်သည်။ မြေဩဇာကို ထက်သန်ဖွံ့ဖြိုးစေသည့် နတ်သမီး ဖြစ်သည်။ တရုတ်ရဟန်းတော် အိချင်က ''အိန္ဒိယနိုင်ငံရှိ ကျောင်းတိုက်ကြီးများ၏ ဆွမ်းစား ခန်းမဆောင် ဝထောင့်များတွင် ဟာရိတီနတ်သမီးရုပ်ကို တွေ့ရသည်။ လက်တဲ၌ ကလေးငယ်တယောက်ကို ပွေ့ချီလျက် သူမ၏ ခြေရင်း၌ ကလေးငယ် လေးငါးယောက်က ဝန်းရံလျက် ရှိသည်။ နေ့စဉ် စားစရာများဖြင့် ပူဇော်လေ့ရှိကြသည်'' ဟု မှတ်တမ်းတင်ခဲ့သည်။

အသောကခေတ်က ကိုးတိုင်း ကိုးဌာန သာသနာပြု ကြွရာ၌ ဟိမဝန္တာ အရပ်သို့ ကြွသော အရှင်မဇ္ဈန္တိကက ပထေရ်၏ ဟောပြောမှုကြောင့် သောတာပန် တည်သွားသော ဟာရိတီနတ်သမီး၏ပုံဟု ဆိုကြသည်။

## ၁၁။ ဝသုဓရာ နတ်သမီးရုပ်

ဟာရိတီ့နတ်သမီးကဲ့သို့ မ,စနိုင်သည်ဟု ဆိုသည်။ လက်ဝဲလက်၌ ကြာပန်းနှင့် ရေချမ်းအိုးကိုကိုင်လျက် လက်ယာလက်မှာဝရဒမုဒြာခေါ်

ဆုပေးနေဟန်ဖြစ်သည်။ လက်ကို အောက်သို့ ဆန့်ချထားလျက် လက်ဖဝါးကို ရှေ့ဘက်သို့ လှည့်ထားခြင်းကို ဆုပေးနေဟန်ဟု ဆိုကြသည်။ (ဝရ=ဆု+ဒ=ပေးခြင်း)။

## ၁၂။ သူရဿတိ နတ်သမီးရုပ်

'ဆရဿတီ'ဟု ခေါ်သည်။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့ နှစ်ဦးစလုံး ကိုးကွယ်ကြသည်။ လက်ထဲ၌ ကြာပန်းများ ကိုင်ထားသည်။

## ၁၃။ အပရာဇိတ နတ်သမီးရုပ်

နောက်ပိုင်းမှ တီထွင်ကြသော နတ်သမီးဖြစ်သည်။ နတ်သမီးသည် ဂဏေရှခေါ် မဟာပိန္နဲကို တက်နင်းထား၍ ဣန္ဒြာခေါ် သိကြားမင်းက ထီးမိုးပေးနေသည်။

## နောက်ဆက်တွဲ [ ခ ]

# အထွေထွေ သိမှတ်ဖွယ်ရာများ

### ရာသီဥတု

အိန္ဒိယနိုင်ငံမှာ အရှေ့အနောက် မိုင် ၁၈၀၀-ရှိ၍ တောင်,မြောက် မိုင် ၁၃၀၀-ကျော် ရှိ၏။ ထိုသို့ အရပ်ဒေသ ကျယ်ဝန်းသည့်အလျောက် ရာသီဥတုမတူ၊ ကွဲပြားမှုလည်းရှိသည်။ အေးသည့်အပိုင်း၌ ရေခဲအောင် အေး၍ ပူသည့်အပိုင်းသည် အပူလှိုင်းမိ၍ လူသေသည်အထိ ပူသည်။

ထို့ကြောင့် အိန္ဒိယဘုရားဖူးသွားလိုသူများအတွက် အကောင်းဆုံး ရာသီဥတုမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလ- (သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလ) တို့ဖြစ်သည်။ ဒုတိယအကောင်းဆုံးမှာ ဖေဖော်ဝါရီလနှင့် မတ်လ (တပို့တွဲလနှင့်တပေါင်းလ) ဖြစ်သည်။ အအေးဒဏ် ခံနိုင်ပါက ဒီဇင်ဘာလနှင့်ဇန်နဝါရီလ (နတ်တော်လနှင့်ပြာသိုလ) တို့တွင်လည်း ဘုရားဖူး သွားနိုင်ပါသည်။

အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် မတ်လတွင် သွားပါက အနွေးထည် သယ်ဆောင်ရန်မလို။ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သွားလိုပါက အနွေးထည် အလုံလောက် ယူရန်လိုပါသည်။

ဗုဒ္ဓဂယာတွင် နွေရာသီ၌ အပူချိန် ၂၈-စင်တီဂရိတ်ဒီဂရီမှ ၄၇-စင်တီဂရိတ်ဒီဂရီအထိ ပူတတ်သည်။ ဆောင်းရာသီ၌ ၂၈-စင်တီဂရိတ်ဒီဂရီမှ ၄-စင်တီဂရိတ်ဒီဂရီအထိ အေးတတ်သည်။ မိုးရေချိန်မှာ ၁၁၈၆-မီလီမီတာရှိ၍ ဇွန်လလယ်မှ စက်တင်ဘာလအထိ မိုးရွာတတ်သည်။ ရာဇဂြိုဟ်နှင့် နာလန္ဒာတို့၌ ဆောင်းရာသီတွင် ၂၇.၈-စင်တီဂရိတ်ဒီဂရီမှ ၁၀.၆-စင်တီဂရိတ်ဒီဂရီအထိ အေးတတ်သည်။ နွေရာသီတွင် ၁၇.၈ စင်တီဂရိတ်ဒီဂရီမှ ၃၇.၈ စင်တီဂရိတ်ဒီဂရီအထိ ပူတတ်သည်။ မိုးရေချိန်မှာ ၁၂၀၀-မီလီမီတာရှိသည်။ ဗာရာဏသီ ကုသိနာရုံနှင့် သာဝတ္ထိမှာ ဗုဒ္ဓဂယာနှင့် မတိမ်းမယိမ်းဖြစ်ပါသည်။

## စားသောက်ရေး

ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ ကုသိနာရုံ၊ သာဝတ္ထိဌာနများ၌ ထမင်းဆိုင် ကောင်းကောင်းမရှိသဖြင့် မိမိဘာသာချက်ပြုတ်စားနိုင်ရန် စီစဉ်သွား သင့်ပါသည်။ အိန္ဒိယထမင်းဆိုင်များရှိသော်လည်း ရှိန်းခိုနံ့နှင့်မဆလာနံ့ ကို မခံနိုင်သဖြင့် မြန်မာများ စားနိုင်ကြမည်မဟုတ်၊ ဗာရာဏသီနှင့် ကလကတ္တားတွင် တရုတ်ဟိုတယ်များ ရှိပါသည်။

## တည်းခိုရန် ဘုန်းကြီးကျောင်းများ

ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းများသည် ဘုရားဖူးဌာန တိုင်း၌ ရှိပါသည်။ ဘုရားဖူးများ ညဥ့်အိပ်ရန်သင့်လျော်သော ဌာန များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကလကတ္တား (မြန်မာဘုန်းကြီးကျောင်း)
၂။ ဗုဒ္ဓဂယာ (မြန်မာဘုန်းကြီးကျောင်း)
၃။ ဗာရာဏသီ (မြန်မာဘုန်းကြီးကျောင်း ၄-ကျောင်း)
၄။ သာဝတ္ထိ (မြန်မာဘုန်းကြီးကျောင်း)
၅။ ကုသိနာရုံ (မြန်မာဘုန်းကြီးကျောင်း)
၆။ ရာဇဂြိုဟ် (မြန်မာဘုန်းကြီးကျောင်း)

သာဝတ္ထိ ဘုရားဖူးသွားရာ၌ ဗာလ်ပူရ်မြို့ရှိမြန်မာဘုန်းကြီးကျောင်း မှာလည်း တည်းခိုနိုင်ပါသည်။ ယခင်က လုမ္ဗိနီသို့ သွားသောအခါ နောင်ဂါးဘူတာမှတဆင့်သွားလေ့ရှိသဖြင့် နောင်ဂါးဘူတာအနီးတွင် မြန်မာဘုန်းကြီးကျောင်းတခု ဆောက်လုပ်ထားရှိပါသည်။ သို့ရာတွင် ယခုအခါ နောင်တန်ဝ ဆိုနောလီမှ လုမ္ဗိနီသို့ အဝေးပြေး လမ်းမကြီး ဖောက်လုပ်ထားပြီးဖြစ်သဖြင့် နောင်ဂါး ဘုန်းတော်ကြီးကျောင်းမှာ မြန်မာဘုရားဖူးများ အတွက် တည်းခိုရန်မလိုသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

## ယူဆောင်သွားသင့်သော ပစ္စည်းများ

ဘုရားဖူးများသည် တယောက်ချင်း သွားပါက လမ်းစရိတ် ပိုမိုကုန်ကျသည့်အပြင် မီးရထားနေရာရရှိရေး၌ အခက်အခဲ တွေ့ရတတ်သည်။ အုပ်စုဖွဲ့၍သွားပါက အသွားအပြန် တောက်လျှောက် ကားစင်းလုံးငှားသွားနိုင်သဖြင့် လမ်းစရိတ် သက်သာသည့်အပြင် မိမိတို့စိတ်ကြိုက် ချက်ပြုတ်စားသောက်နိုင်ပါသည်။ ထို့ပြင် ညဥ့်အိပ်တည်းခိုရမည့် မြန်မာဘုန်းတော်ကြီးကျောင်းအသီးသီး၌ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်းက မွေ့ရာများ၊ စောင်များ၊ ခြင်ထောင်နှင့် ခေါင်းအုံးများကို ပို့ထားပြီးဖြစ်သဖြင့် ဘုရားဖူးများအနေဖြင့် အိပ်ရာလိပ် ယူဆောင်ရန်မလိုတော့ချေ။ထို့ကြောင့် တဦးစီအနေဖြင့် အောက်ပါပစ္စည်းများ ယူဆောင်သွားသင့်ပါသည်။

| | | |
|---|---|---|
| ၁။ | ဝတ်စုံ(၅)စုံ၊ | (၃) စုံ |
| ၂။ | အနွေးထည်(ဆောင်း) | (၁) စုံ |
| ၃။ | အိမ်သုံးဆေးဝါး | |
| ၄။ | မျက်နှာသုတ်ပုဝါ | (၁) ထည် |
| ၅။ | ဖယောင်းတိုင် | (၂)ထုပ် (မီးပူဇော်ရန်) |
| ၆။ | လက်နှိပ်ဓာတ်မီး | (၁) လက် |
| ၇။ | သွားတိုက်ဆေးဗူး၊သွားပွတ်တံ | (၁) စုံ |
| ၈။ | ဆပ်ပြာခွက် | (၁) စုံ |
| ၉။ | ခြေအိတ်-လက်အိတ်(ဆောင်း) | (၁) စုံ |

အုပ်စုအလိုက် သယ်ဆောင်သွားသင့်သော **ပစ္စည်းများမှာ အောက်ပါအတိုင်း** ဖြစ်ပါသည်။

၁။ ချက်ပြုတ်ရန် အိုးကြီးနှစ်လုံး။
၂။ ရေနွေးကျိုသည့်အိုး တလုံး။
၃။ ပန်းကန်ပြားနှင့်ဇွန်း (လူစေ့)။
၄။ မတ်ခွက် (လူစေ့)။
၅။ ရေပုံး လေးပုံး။
၆။ သားလှီးဓား လေးချောင်း။
၇။ လက်ဆွဲမီး တလုံး။
၈။ လေမီးဖိုကြီး တလုံး။
၉။ စဉ်းနှီးတုံး နှစ်လုံး။

ငါးပိကြော်၊သရက်ချဉ်၊ငါးပိအစရှိသော မြန်မာအစားအစာများ ယူဆောင်သွားလိုပါက အကောက်ခွန်ဦးစီးဌာနရုံးကြီးသို့ သွားရောက်၍ ကြိုတင်ပြသခွင့်ပြုချက် ရယူထားရမည်။ ကျောက်မျက်ရကနာ လက်ဝတ်တန်ဆာများ ယူဆောင်ခွင့် မပြုပါ။ ရွှေကို ငါးမူးသားမျှသာ ဝတ်ဆင်ခွင့် ရှိပါသည်။

ဗုဒ္ဓရုပ်ပွားတော် အစရှိသည့် အနုပညာ ရုပ်လုံးရုပ်တုများ၊ စာအုပ်စာတမ်းများ၊ တရားတိတ်ခွေ၊ သီချင်းတိတ်ခွေများ ယူသွားလိုပါက ကုန်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားရမည်။

## ဘုရားဖူးသွားရန် စီစဉ်ဆောင်ရွက်ခြင်း

ရွှေးဦးစွာ ဘဏ်(၁)၌ နိုင်ငံကူးလက်မှတ်လျှောက်ထားရန် ခေါင်းစဉ်ဖြင့် ငွေတစ်ဆယ်ပေးသွင်း၍ ချလံရယူရပါသည်။ ထို့ပြင် သုံးကျပ်တန် အခွန်တော်တံဆိပ်ခေါင်းတခုကို ဝယ်ယူရသည်။ထို့နောက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးသို့ သွားရောက်၍ အထက်ပါချလံကိုပြပြီး အေပုံစံနှင့် ကိုယ်ရေးရာဇဝင် ပုံစံများကို တောင်းယူရသည်။ အဆိုပါပုံစံများ၌ အပြည့်အစုံ ဖြည့်သွင်းရမည်။ထို့ပြင် သာသနာရေး

ဦးစီးဌာနက ထုတ်ပေးသည့် ပုံစံတွင်းလည်း ဖြည့်သွင်းရမည်။ ထိုပုံစံများကို သာသနာရေးဦးစီးဌာန၏ ထောက်ခံချက်၊ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၏ တရားမမှုနှင့် ပြစ်မှုဆိုင်ရာ အမှုကင်းရှင်းကြောင်း ထောက်ခံချက်များကို ပူးတွဲ၍ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ သာသနာရေးဦးစီးဌာနမှတဆင့် ပေးပို့လျှောက်ထားရမည်။

ထိုသို့ လျှောက်ထားနေစဉ် အစိုးရအမှုထမ်းဖြစ်ပါက နိုင်ငံခြားသို့ ခရီးသွားလာခွင့် အမိန့်၊ အငြိမ်းစားယူပြီးဖြစ်ပါက အငြိမ်းစားပေးသည့် အမိန့်စာ၊ နုတ်ထွက်ပါက နုတ်ထွက်သည့် အမိန့်စာ တခုခုကို ရရှိအောင် ဆောင်ရွက်ထားရမည်။

ဘွဲ့ရပြီးသူဖြစ်ပါက (သို့မဟုတ်) တက္ကသိုလ်ကောလိပ်များ၌ ပညာသင်နေဆဲဖြစ်ပါက အထက်တန်းပညာဦးစီးဌာနမှ ပညာရေးဆိုင်ရာ ကင်းလွတ်ခွင့်လက်မှတ်ရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်။ ဆရာဝန်ဖြစ်ပါက ကျန်းမာရေးဦးစီးဌာနမှ ပညာရေးဆိုင်ရာကင်းလွတ်ခွင့်လက်မှတ် ရရှိအောင် စီစဉ်ဆောင်ရွက်ထားရမည်။ ထို့ပြင် သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးမှူးထံမှ အမြတ်တော်ခွန် ကင်းရှင်းကြောင်း လက်မှတ်ကို ရရှိအောင် စီစဉ်ဆောင်ရွက်ထားရမည်။

ထို့ပြင် ဘဏ်(၃)၌ နိုင်ငံကူးလက်မှတ်အတွက် ငွေသုံးဆယ် ပေးသွင်း၍ ချလံရယူထားရမည်။ ထို့နောက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့မှ (ပီ)ဖောင် ယူရမည်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်နေ့၌ အထက်ဖော်ပြပါလက်မှတ်များ၊ သို့မဟုတ် အမိန့်စာများကို နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ ပေးအပ်ရမည် ဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ် ရရှိပြီးသော ပုဂ္ဂိုလ်များထဲမှ ဘုရားဖူးစေလွှတ်သင့်သည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့က စိစစ်ရွေးချယ်မည် ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ခွင့်ပြုချက် ရရှိပြီးနောက် **အိန္ဒိယသံရုံးနှင့် နီပေါသံရုံးသို့ သွားရောက်၍ ပြည်ဝင်ခွင့် (ဗီဇာ)** ရရှိရေးအတွက် လျှောက်လွှာပုံစံ၌ ဖြည့်သွင်း၍ လျှောက်ထားရမည်။ အထူး သတိပြုရန်မှာ အိန္ဒိယဗီဇာ လျှောက်လွှာ၌ နှစ်ကြိမ်ဝင်ခွင့် (**Double Entres**) ဖော်ပြလျှောက်ထားရမည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံတွင်းသို့ ကလကတ္တားမှ ဝင်ရောက်ပြီးလျှင် လုမ္ဗိနီသို့သွားသောအခါ အိန္ဒိယနိုင်ငံအတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်ရန် ရှိပါသည်။ ဗီဇာ ပြုလုပ်နေစဉ် အမြတ်ခွန် ဦးစီးဌာနသို့သွား၍ နိုင်ငံကူးလက်မှတ် ပြပြီးလျှင် ပုံစံ(၁၉)ကို ယူရမည်။ ယင်း ပုံစံ(၁၉) နှင့် နိုင်ငံကူးလက်မှတ်ကိုပြ၍ ဒီ ဖောင်ခေါ် မြန်မာနိုင်ငံမှ ထွက်ခွာခွင့် ပုံစံကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးမှ ယူပြီးလျှင် လေယာဉ်လက်မှတ် ဝယ်ရမည်။ထို့ပြင် ကျန်းမာရေးဦးစီးဌာနမှ ကျောက်ရောဂါနှင့် ဝမ်းရောဂါ ကာကွယ်ဆေး နှစ်မျိုးထိုး၍ ဆေးထိုးပြီးကြောင်း လက်မှတ် ရယူထားရမည်။ ထို့နောက် ပြည်သူ့ဘဏ် နိုင်ငံခြားငွေ လုပ်ငန်းဌာနခွဲသို့ သွားရောက်၍ သတ်မှတ်ထားသည့် အတိုင်း မြန်မာကျပ်ငွေနှင့် အမေရိကန် ဒေါ်လာငွေကို လဲလှယ်ရမည်။

ငွေလဲလှယ်သည့်အခါ၌ ခရီးသွား ချက်လက်မှတ်၊ သို့မဟုတ် ဒေါ်လာငွေသား မိမိ ကြိုက်နှစ်သက်ရာ ယူနိုင်ပါသည်။ ချက်လက်မှတ်မှာ ပျောက်ဆုံးမည်ကို မကြောက်ရ၊ ပျောက်ဆုံးလျှင် ပျောက်ဆုံးသည့် လက်မှတ်နံပါတ်ကို သက်ဆိုင်ရာဘဏ်တိုက်သို့ အကြောင်းကြားပါက ချက်ချင်း အစား ပြန်လည်ထုတ်ပေးပါသည်။ သို့ရာတွင် ချက်လက်မှတ်သုံးစွဲသည့် အလေ့အထမရှိသော ပုဂ္ဂိုလ်များမှာ လက်မှတ်ထိုးရာ၌ အခက်အခဲ တွေ့တတ်ပါသည်။ ခရီးသွား ချက်လက်မှတ်၌ ပထမအကြိမ် ထုတ်ယူခဲ့သည့် ဌာန၌ တကြိမ် လက်မှတ်ထိုးရ၍ အိန္ဒိယနိုင်ငံတွင် ရှုပီးငွေနှင့် ပြန်လည် လဲလှယ်သောအခါ ဒုတိယအကြိမ် လက်မှတ်ထိုးရပါသည်။လက်မှတ်နှစ်ခု မတူညီပါက အခက်အခဲ တွေ့ရ

**တတ်ပါသည်။ ထို့ကြောင့် အချို့သော ပုဂ္ဂိုလ်များက ဒေါ်လာငွေသားကို ပူဆောင်သွားလေ့ ရှိကြသည်။ လမ်းခရီးတလျှောက်၌** နိုင်ငံကူးလက်မှတ်၊ ကျန်းမာရေး ဆေးလက်မှတ်၊ အမျိုးသား မှတ်ပုံတင်ကတ်ပြားနှင့်ချက်လက်မှတ်တို့ကို မေ့မကျန်ရစ်စေရန် မိမိနှင့် တပါတည်း ရှိနေစေရန် ဂရုစိုက်ဖို့ လိုပါသည်။ မင်္ဂလာဒုံလေဆိပ်တွင် လေဆိပ်အခွန် ၁၅-ကျပ် ပေးဆောင်၍ လေယာဉ်တက်ခွင့်ပုံစံ ကတ်ပြား၌ အမည်၊နေရပ် စသည်တို့ကို ဖြည့်သွင်းရမည်။

ထို့နောက် နိုင်ငံခြားသွားသူများသာ ဝင်ခွင့်ရှိသော အခန်းကြီးထဲသို့ မိမိပစ္စည်းများနှင့် အတူတကွ ဝင်သွား၍ ထိုအခန်းအတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာန စသည်တို့မှ လိုအပ်သော ခရီးသွားခွင့် အထောက်အထားများနှင့် ပစ္စည်းများကို စစ်ဆေးမည် ဖြစ်ပါသည်။ ထို့နောက် လေယာဉ်ပေါ်သို့ တက်ရောက်ခွင့်ရမည် ဖြစ်ပါသည်။


အလားတူပင် ကလကတ္တား လေဆိပ်သို့ ရောက်သော အခါ လေယာဉ်မှ ဆင်းသက်ခွင့်ပုံစံကတ်ပြား၌ အမည်နေရပ်နှင့် ပါလာသည့် ပစ္စည်းစာရင်း၊ နိုင်ငံခြား သုံးငွေတို့ကို ဖော်ပြ ရေးသွင်းရပါမည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဌာနက ထုံးစံအတိုင်း ရှာဖွေစစ်ဆေးမည် ဖြစ်ပါသည်။


အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ ကူးပြောင်းဝင်ထွက်သောအခါ၌လည်း အလားတူ စစ်ဆေးခြင်းခံရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ ကလကတ္တား လေဆိပ်မှ ပြန်လည်ထွက်ခွာသွားသောအခါ အလားတူ စစ်ဆေးပြီးမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ပါသည်။ကလကတ္တားလေဆိပ်ခွန် ရူပီးငွေ ၅၀ ပေးဆောင်ရမည် ဖြစ်ပါသည်။

ယခုအခါ ဘုရားဖူးသွားမည့်ပုဂ္ဂိုလ်များ အစစအရာရာ လွယ်ကူမှု ရှိစေရန် သာသနာရေးဦးစီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်းတို့က တိုတောင်းသောအချိန်ကာလအတွင်း အထက်ပါ လုပ်ငန်း အစီအစဉ်များကို ပြီးစီးအောင် ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

ပ-မ-သ-စ- ၄၀၀- ၃၁၊ ၁၀၊ ၇၁- ၅၀၀၀ အုပ်။ (၁)

## ဘုရားဖူး ခရီးစဉ် ( မော်တော်ကားလမ်း ) မြေပုံ





ဧရာဝတီမြစ်
သာဝတ္ထိမြို့တော်ဟောင်း
မြို့ရိုး
အင်္ဂုလိမာလ စေတီ
အနာထပိဏ် အိမ်နေရာ
ရေတွင်း
ကောသလမင်း နန်းတော်ရာ
ဇေတဝန် ကျောင်းတော်ရာ
ဂန္ဓကုဋိ
တရုတ် ဘုရား ကျောင်း
ကောသမ္ဗကုဋိ
မြန်မာဘုန်းကြီး ကျောင်း
အာနန္ဒဗောဓိ
ရှစ်မြှောင့် ရေတွင်း
ဒေါ်ဒွေးတရုတ်
ဒေဝဒတ် ရေကန်
ဗလရာမ်ပုရသို့

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။